# ဘာသာရေး

# ပြဿနာများ

၃

## ရဝေထွန်း

ဒုတိယအကြိမ်

PDF processed with CutePDF evaluation edition www.CutePDF.com

www.dhammaransi.com

ရဝေထွန်း

# ဘာသာရေးပြဿနာများ(၃)

ပါရမီ
စာပေ

www.dhammaransi.com

**ဘာသာရေးပြဿနာများ(၃)**
ဒုတိယအကြိမ်၊ ၂၀၀၃ ခုနှစ် စက်တင်ဘာလ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ  သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၉၀/၂၀၀၃(၅)နှင့် စာမူ ခွင့်ပြုချက်အမှတ် ၂၁၁/၂၀၀၃(၃)တို့အရ ဦးတင်ရှိန် (၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်လင်း (၀၅၈၂၉) သံလွင်ဦး ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

**တန်ဖိုး ၁၂၀၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail: paramibk@myanmar.com.mm

www.dhammaransi.com

## မာတိကာ

| | |
|---|---|
| ကာမေသုမိစ္ဆာစာရ | ၁၁၆ |
| ကာမေသုမိစ္ဆာစာရနှင့် အမျိုးသမီး | ၆၆ |
| ကာရကသံဃာနှင့် ထဘီနေရာထိုင် | ၁၈၅ |
| ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ ဖြစ်ပါသလား | ၁၃၁ |
| ကောမာရဗြဟ္မစရိယသီလ | ၁၉၆ |
| ကောလာဟလ | ၁၇၈ |
| ကောသလမင်းကြီးအကြောင်း | ၁၅၉ |
| ကံ | ၅၁ |
| ကိုးပါးသီလဝိဝါဒ | ၉၆ |
| ကက်ဆက်ခွေ ပရိတ်တော်သံ | ၁၃၀ |
| ကောဋ္ဌာသနှင့် ဝါယောဓာတ် | ၁၉၈ |
| ကန်ကို ဆေးကြောခြင်း | ၁၃၆ |
| ကန်တော့ခြင်းနှင့် အခြင်းအရာ | ၅၆ |
| ကမ္ဘာပျက်ခြင်း | ၂၅ |
| ကမ္ဘာဦးအယူအဆများ | ၂၀ |
| ကမ္မဝါစာကို ကြည့်၍ ဖတ်ခြင်း | ၁၈၂ |

www.dhammaransi.com

| | |
|---|---|
| ကိုယ်စောင့်နတ် | ၁၃၂ |
| ကျိုးပေါက်ပြောက်ကျား | ၉၅ |
| ကျမ်းကိုင်ခြင်း | ၁၂၂ |
| ကွန့်ဆွဲ့တွန့်ပြန့် | ၁၅၇ |
| ကျွန်နွားအလှူ | ၂၁၈ |
| ၇၅ နှစ်တမ်း | ၂၂၁ |
| ဂတိငါးပါးနှင့် အမျှဝေမှု | ၆၅ |
| ဂါထာနှင့် မန္တန် | ၁၂၀ |
| ဂါထာပရိတ်ရွတ်ခြင်း | ၂၃ |
| ဂင်္ဂါဝါဠု သဲစုမက | ၁၁၀ |
| ငရဲ၊ အသာညသတ်နှင့် အရူပဘုံ | ၅၉ |
| ငရဲကြီးလျှင် ငရဲလေးကိုနိုင်သည် | ၈၃ |
| ငါးပါးသီလ ခံယူပုံ | ၁၀၃ |
| ငါးပါးသီလတစ်နေ့တာကိစ္စ | ၁၆၅ |
| ငါးပါးသီလနှင့်ဥပုသ်သီလ | ၁၉၄ |
| ငါးပါးသီလ ရှစ်ပါးသီလတို့ကို တစ်ပါးစီခံယူနည်း | ၂၁၄ |
| စကားမပြောသောအကျင့် | ၁၁၄ |
| စကျင်ကျောက်ဆင်းတု | ၁၈၃ |
| စကြဝဠာတစ်ပါး ဘုရားကြွ မကြွ | ၂၁၇ |
| စတီးသပိတ် | ၁၆၉ |
| စမဂါထာ | ၈၃ |
| စာတစ်လုံးချင်း၏ အဓိပ္ပာယ်များ | ၈၇ |


www.dhammaransi.com

စုပေါင်းဒါန ၁၇
စေတီပုထိုးတည်ခြင်း ၄၉
စိတ်ရိုင်းကို ယဉ်ကျေးစေရန် ၁၆၅
စွယ်တော်လေးဆူ ၉၀

ဆရာမနှင့် တပည့်ကိုရင် ၁၃၅
ဆုတောင်းခြင်း ၁၁၉
ဆေးအရက် ၄၁
ဆွမ်းတော်တင်နှင့် စားခြင်း၊ စွန့်ခြင်း ၂၁၃
ဆွမ်းအကပ်ခံခြင်း ၁၉၃

ဇာလီနှင့် ကဏှာဇိန် ၈၆
ဇိနိနှင့် အဇိနိ ၁၈၁
ဇီဝိတဒါနကုသိုလ် ၁၆၈

တရားမဟောရန်စိတ်အကြံ ၅၇
တရားဟောပလ္လင်ကိစ္စ ၁၀၄
တိရစ္ဆာန်နှင့်နတ် ၁၁၈
တောထွက်ငယ်ဖြူပြဿနာ ၁၃၈

ထေရသင်္ဂလိမာလသ ၁၀၉
ထန်းရည်နည်းဟင်း ၁၁၆
ထွက်သက်ဝင်သက်မဲ့ သတ္တဝါ ၆၁

ဒေဝဒတ်နိုင်ငံဇာတ်ငါးဇာတ် ၁၅၄
ဒေဝဒတ်ရန်ငြိုး ၈၂

ဒက္ခိဏသာခါဘုရား ၁၇၆
ဒေါင်းမြီးဘုရားလှူ ၁၈၀
ဒိဗ္ဗစက္ခုအဘိညာဉ်ရှိခိုးဂါထာ ၁၆
ဒုလ္လဘရဟန်းပြုရာတွင် ၆၉

ဓာတ်တော်စေတီနှင့် ရိုးရိုးစေတီ ၂၁၇

နမောတဿအနက် ၂၀၇
နိဗ္ဗုတကုသိုလ်ရှင် ၂၄
နိယာမတရား ၂၀၁
နတ်ကတော် ၉၃
နတ်ကြီးလေးပါးနှင့် နဂါး၊ ဂဠုန်စသည် ၂၂၀
နတ်ပြည်နှင့် နိဗ္ဗာန် ၇၀
နိဗ္ဗာန်ရောက်နိုင်မည့် အချိန်ကာလ ၆၄
နှလုံးအစားထိုးသော် ၂၀၀

ပဋိသမ္ဘိဒါခေတ်အကြောင်း ၃၅
ပရိတ်တော်များ ဂုဏ်ကျေးဇူး ၁၅၂
ပဟေဠိကဗျာ ၁၆၄
ပါဏာတိပါတ ၈၄
ပါဏာတိပါတကံ ထိုက် မထိုက် ၆၂
ပါရမီ ၁၀ ပါးနှင့် ဓာတ်ကြီး ၁၀ ဖွဲ့ ၁၂၇
ပါရာဇိကကျခဲ့သူ ၁၀၉
ပါရာဇိကရဟန်းနှင့် ဥပမ္ပဒကံ ၆၄
ပါရာဇိကရဟန်း ပေးလှူဒါန်း ၇၁
ပိဋကတ်သုံးပုံ ၁၅၈

ပိလိန္ဒဝစ္ဆဂါထာ ၁၅၉
ပုတီးစိပ် ၁၂၉
ပုထုဇဉ်နှစ်မျိုး ၄၂
ပုဂ္ဂိုလ်လေးမျိုး ၁၈၉
ပင့်ကူမျှင် ၂၁၁
ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် နိဒ္ဒေသ ၇၇
ပုဏ္ဏကနတ်ဘီလူး ၁၃၉
ပန်းစသည်လှူဒါန်းခြင်း ၁၇၀
ပြက္ခဒိန်လှလှလှူဒါန ၁၁၅

ဖားမြွေကိုက် တုတ်နှင့်ရိုက် ၁၈၇
ဖဲကစားခြင်း ၁၄၃
ဖုတ်တစ္ဆေ ဘယ်ဘုံသားလဲ ၃၆

ဗေဒင်ကိစ္စ ၅၂
ဗောဓိပင်များ ၁၉၁
ဗုဒ္ဓပုံတော်ကိုးကွယ်ခြင်းနှင့် မွန်းတည့်ချိန် ၁၅၆
ဗျာဓိနှင့် မီး ၁၁ ပါး ၁၃

ဘာလီဖျော်ရည် ၃၇
ဘုရားပန်းများကို ပြုပြင်ပူဇော်ခြင်း ၄၇
ဘုရားမဟောသောကျမ်းများနှင့် အဟံဘန္တေ ၂၀၂
ဘုရားရဟန္တာ ၇၉
ဘုရားရှိခိုး စိတ်လွင့်သူ ရှိမခိုးသူနှင့် တူမတူ ၂၀၃
ဘုရားရှိခိုး ပရိတ်ရွတ်ခြင်းများ ၄၃
ဘုရားလက်ထက် အက္ခရာစာပေ ၈၀


www.dhammaransi.com

ဘုရားလောင်းကွဲပြားပုံစသည် ၃၂
ဘုရားအလောင်း မယ်တော် ၂၁၅
ဘုန်းကြီးနှင့် အလုပ်အကိုင် ၁၆၃

မဏိမေခလာ နတ်သမီး ၁၇၇
မရှုတ်ဆိုဘဲ ကပ်လျှုခြင်း ၁၅၃
မသာတစ်ခေါက် ကျောင်းဆယ်ခေါက် ၁၅၅
မဟာစေတီနှင့် ကောင်းမှုတော် ၁၈၆
မဟာသရဏဂုံတော်ကြီး ၂၀၇
မဟောသဓောတ်ပေါင်း ၁၃၀
မဟောသမေ့ ဘုရိဒတ္တသို့ ၁၈၈
မာတုဂါမ ၁၆၇
မိရိုးဖလာ ဗုဒ္ဓဘာသာ ၁၅၁
မီးစာကုန်ဆီခန်း ၁၂၅
မီးဖွားအိမ်နှင့် ရဟန်းတော်များ ၁၄
မိုးကြိုး ၉ မျိုး ၁၄၆
မုက္ခပါဠ်-နှုက္ခပါဠ် ၁၈၂
မောက္ကလူ ပါလည်ကွေး ရေးစာအရေး ၉၄
မင်္ဂလာဘုရားအလောင်း၏ အလှူ ၂၂
မေတ္တာပို့ ၈၉
မိန်းမ မတက်ရ ၁၃၃
မြင်းခေါင်းဖမျက် ၇၀
မြတ်စွာဘုရားသီတင်းသုံးခဲ့ရာ မြို့ရွာဒေသများ ၆၀
မြန်မာလူမျိုးနှင့် ဘုရားဆုပန်ကိစ္စ ၆၃

www.dhammaransi.com

ယောက်ျားဘဝနှင့် အဂ္ဂသာဝကဆု ၇၄
ယောင်ယမ်းရွတ်ဆိုခြင်း ၃၈

ရဟန်းခံကိစ္စ ၄၀
ရဟန်းခံနှင့် ပရိက္ခရာ ၈ ပါး ၁၁၃
ရဟန်းဆောင်းထီး ၁၂၆
ရဟန်းဖြစ်လိုသောကြောင့် ၅၈
ရဟန်းလောင်းခွင့်တောင်းခြင်း ၁၇၁
ရောင်တော်ပြန်ဘုရားရှိသေးသည်ဆိုလျှင် ၃၁
ရန်သူမျိုးငါးပါး ၁၄၅
ရန်သူမျိုးငါးပါး ကျမ်းစကား ၁၄၁
ရုပ်ရှင်တော် ၉၁
ရေးကက် ၈၅
ရှင်စူဠပန် ဉာဏ်ကောင်းဂါထာ ၄၆
ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးမြူရာ ၂၇

လူနှင့် သာမဏေဆယ်ပါးသီလအနေ ၂၁၂
လူပုဂ္ဂိုလ်နှင့် ရဟန္တာဘဝ ၁၂၈
လူပုဂ္ဂိုလ်များနှင့် အသံမစဲပဋ္ဌာန်း ၁၂၁
လူလိမ္မာသူတော်ကောင်းဖြစ်ရန် ၁၇၃
လေးသချေင်္နှင့် ကမ္ဘာတစ်သိန်း ၂၀၅
လိပ်ပြာ ၁၃၄
လိပ်ပြာကောင်လား ဝိညာဉ်လား ၁၀၅
လျှာဒါန်းပြီးမှ စားသောက်သုံးဆောင်ခြင်း ၁၆၀

www.dhammaransi.com

ဝါဆိုခြင်း ၂၁၀
ဝိကာလဘောဇနာ ၄၅
ဝိကပ် ၂၀၉
ဝိဒူရဓာတ် ကြွေအန် ၁၉၇
ဝိပဿနာ၊ ပုတီးနှင့် ဝဋ္ဋသုတ်ပါဠိ ၁၁၂
ဝေရမဏိနှင့် ဝေရမဏီ ၂၁၉

သရဏဂုံဆောက်တည်ရာတွင် ၂၀၆
သရဏာနိဥပါသကာ ၂၁၂
သာဓုခေါ်ခြင်း၊ အမျှဝေခြင်း ၄၄
သာသနာငါးထောင် ၁၅၊ ၁၉
သာသနာတော်စောင့်နတ်နှင့် ပဋ္ဌာန်းကျမ်း ၅၅
သာသနာ့ဂေဟ်၏ အံ့ဖွယ်များ ၅၃
သာသနာနှစ်ငါးရာ စကား ၇၈
သာသနာ့အလံ တီထွင်သူ ၁၂၃
သိကြားမင်းနှစ်ဦး ၁၆၂
သိရီ+သီရိ ၁၂၀
သီလခံယူရာဝယ် ၉၂
သီလတစ်ပါးပါး ပျက်ခဲ့သော် ၁၀၀
သီလနှင့်အချိန် ၁၂၄
သီလရှင် သီလပေး ၁၀၇
သီလရှင်အား ရှိခိုးငြားက ၈၈
သုဘဒ္ဒပရိဗိုဇ် ၁၄၇
သေရည်သောက်သူနှင့် ရောင်းသူ ၁၇၅
သောတာပန်နှင့် လူ့ဘဝ ၁၀၂
သံဃာဂိုဏ်းကွဲခြင်း ၂၈

www.dhammaransi.com

သံဃာတော်နှင့် ဖွန်းခက်ရင်း ၂၉
သံဃာဒိသေသ်အာပတ် ၁၆၆
သံတွဲနှင့် စက်တော်ရာ ၉၉
သက္ကရာဇ် ၁၃၉
သေက္ခပုဂ္ဂိုလ်နှင့် အန္ဓပုထုဇဉ် ၁၉၆
သင်္ကာ+မသင်္ကာ ၁၄၀
သင်္ကန်းစိစဉ်ခြင်း ၁၁၁
သစ်သီးများကို ဘုရားစင်၌ ရက်ရှည်ထားခြင်း ၇၃
သတ္တဝါအနန္တ ၁၈
သန္တောသ ၁၂ ပါး ၇၁
သိမ်နှင့်ဓာတ်ကြိုး ၅၄
သိမ်ပျက်ခြင်း၊ မပျက်ခြင်း ၁၇၂
သွားရောဂါရှင်တို့အတွက် ၁၀၀

အကုသိုလ်ကံများ အကျိုးမပေးအောင် ၁၄၉
အကုသိုလ်နှင့် သေခါနီးအာရုံ ၃၀
အကျင့်နှင့် ပါရမီ ၁၇၉
အခြားစကြဝဠာနှင့် မြတ်စွာဘုရား ၉၈
အခြေအနေပေးသလို ၇၆
အပရာဇိတပလ္လင် ၂၁၆
အပါယ်မကြောက် ၇ ယောက် ၁၄၈
အဖျော်ရည် ၁၀၄
အဘိဓမ္မာပိဋကတ် ၁၄၂
အမှုဝေတိုင်း မရ ၃၄
အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူးတွေ့ရန် ၁၀၈
အရက်ကို ဆေးအဖြစ် သောက်သုံးခြင်း ၁၉၄

အရပ်မျက်နှာ ဘုရားစင်ထားစရာ ၄၈
အရိပ်သုံးပါး ၁၉၂
အရှင်ဗာကုလဂါထာ ၄၀
အလှူခံခ ယူခြင်း ၁၈၆
အလှူရေစက်ချခြင်း ၆၈
အသုဘပို့ ၃၃
အသုဘရှုခြင်း ၂၄
အသုဘအိမ်နှင့် တရားတော်များ ၃၉
အသံထွက်၍ ရွတ်ဆိုခြင်း မဆိုခြင်း ၂၀၂
ဥပုသ်နှင့် မြက်နတ်ခြင်း ၁၄၄
ဥပုသ်သည်နှင့် ဒေါသ ၃၆
ဥပုသ်သည်နှင့် ပန်းနံ့သာ ၁၇၃
တေဒင် ၇၂
အံ့သကိုက် ၇၅
အောင်ဂါထာ ၁၇၉
အန္တရာယ်ကင်းဂါထာနှင့်တန်ခိုး ၁၇၄
ဣန္ဒြေခြောက်ပါး မာရ်နတ်သား ၁၁၇

www.dhammaransi.com

## ဗျာဓိနှင့် မီး ၁၁ ပါး

**မေး**။ ။ဆရာတော်ဘုရား၊

အဘိဏှသုတ်ထဲမှာ ဗျာဓိ ဓမ္မောမှိ အစရှိသည့် ပါဠိလည်း ပါပါသည် ဘုရား။ နောက်ပြီး ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း စသည်များကိုလည်း ဘုရားရှိခိုး စာတမ်းတွေထဲမှာ တွေ့နေရပါလျက် ဘယ်အတွက်ကြောင့် ရာဂ စသော မီး ၁၁ ပါးထဲမှာ နာခြင်းဆိုတဲ့ ဗျာဓိမီး မပါရပါသလဲ ဘုရား။

ဦးလှမော်၊

ဖလံခုံရပ်၊ ဝက်လက်

**ဖြေ**။ ။ အဘိဏှသုတ် စသည်များ၌ ဗျာဓိ နာခြင်းကို ထည့်၍ ဟောခြင်းမှာ လူတို့အတွက် ဟောခြင်းဖြစ်သည်။ လူများ၌ ဗျာဓိ ဖျားနာခြင်းဘေး အထင်အရှားရှိနေပါသည်။ ရာဂ စသော မီး ၁၁ ပါးကား နတ်ပြဟ္မာများ အပါအဝင် ၃၁ ဘုံသားတို့အတွက် ဟောတော်မူခြင်း ဖြစ်သည်။ နတ် ပြဟ္မာများ၌ လူတို့ကဲ့သို့ ဖျားနာရခြင်း မရှိ။ စုတေခါနီး၌ နိမိတ်ငါးမျိုးထင်၍ မီးတောက်ငြိမ်းသကဲ့သို့ စုတေသွားသည်ဟု ဆိုပေသည်။

*

www.dhammaransi.com

# မီးဖွားအိမ်နှင့် ရဟန်းတော်များ

**မေး**။ ။အရှင်ဘုရား၊

တပည့်တော်တို့အရပ်တွင် မိန်းမများ မီးဖွားလျှင် မီးမထွက်မချင်း သို့မဟုတ် ရက်ပေါင်း ၄၀ အတွင်း ရဟန်းတော်များအတွက် ဆွမ်းခံကြွရောက်ခြင်း မပြုရပါ။ ထိုကိစ္စသည် မှန်ကန်ပါသလား။ အလှူခံကြွရောက်သော ရဟန်းတော်များမှာ အပြစ်ရှိပါသလား။ ပညတ်ချက် စည်းကမ်းများကော ရှိပါသလား ဘုရား။

ဦးတင်လှိုင်၊

အရှေ့မော်တုန်းကျေးရွာ၊ တနင်္သာရီမြို့နယ်

**ဖြေ**။ ။ မီးဖွားသောအိမ်မှာ အိမ်မသန့်ရှင်းဟု အကြောင်းပြ၍ ရဟန်းတော်များအား ဆွမ်းခံ မကြွရန် ပိတ်ပင်ထားခြင်း၊ အလှူအတန်း မပြုခြင်းတို့ကို အိမ်ရှင်များက ပြုလုပ်လေ့ ရှိပါသည်။ ရဟန်းတော်များဘက်မှ ယင်းအစဉ်အလာ မရှိပါ။ အမှန်အားဖြင့် မင်္ဂလာ ၁၂ ခန်း စသည်တွင် ဂဗ္ဘသေယျမင်္ဂလာ=ကိုယ်ဝန်ရှိစဉ်က လှူဒါန်းခြင်း၊ ဝိဇာတမင်္ဂလာ=ဖွားမြင်စတွင် လှူဒါန်းခြင်းများပင်ရှိသဖြင့် ပိတ်ပင်တားမြစ်ထားခြင်းမှာ သဘာဝ မကျပါ။ မြတ်စွာဘုရား လက်ထက်က ရှင်သီဝလိအလောင်း ဖွားတော်မူစက အရှင်သာရိပုတ္တရာ စသော ရဟန္တာမထေရ်မြတ်ကြီးများအား အိမ်သို့ ပင့်၍ ဆွမ်းကပ်လှူခြင်းပင် ရှိခဲ့သဖြင့် ဖြစ်နိုင်က ဖွားမြင်စရက်အတွင်းမှာပင် ဆွမ်းလှူခြင်း၊ ဒါနပြုခြင်း၊ ပရိတ်တရားနာကြားခြင်း စသည့် ကုသိုလ်မင်္ဂလာတို့ကို မင်္ဂလာတစ်ရပ်အနေဖြင့်ပင် ပြုသင့်ကြောင်း ထင်ရှားလှပါသည်။

*

www.dhammaransi.com

## သာသနာငါးထောင်

**မေး**။ ။ ဘုရားသာသနာတော်သည် နှစ်ပေါင်းငါးထောင် တည်မည်ဟု မှတ်သားရပါသည်။ အနှစ်ငါးထောင်ပြည့်လျှင် အမှန်တကယ်ပင် ကွယ်သွားပါမည်လား ဘုရား။ သာသနာတည်တံ့ရန် မည်သို့ဟောကြား ထားပါသလဲ ဘုရား။

မောင်မောင်ဇော်၊
ဆေးတက္ကသိုလ် (၁)

**ဖြေ**။ ။ သာသနာငါးထောင်ဟူသော စကားသည် ဘုရားဟောစကား၊ အဋ္ဌကထာဆရာရှင်များ၊ သင်္ဂါယနာတင် ရဟန္တာအရှင်များ ရှေးရှေး ဘာဏကဆောင်တို့၏ အလိုအရ အဓိဂမသာသနာတော်၏၊ တစ်နည်း အကျင့်တရား၏ အတက်အကျ ဖြစ်သင့်သမျှ ကြံဆဟောပြော ချက်များသာ ဖြစ်ပါသည်။ ထက်ထက်သန်သန် ကျင့်ကြံအားထုတ်ကြ လျှင် အားထုတ်ကြသလောက် တည်တံ့နိုင်ပါသည်။ ကကုသန်ဘုရား သက်တမ်းလေးသောင်း၊ ကောဏာဂုံဘုရား သက်တမ်းသုံးသောင်း၊ ကဿပဘုရား သက်တမ်း နှစ်သောင်းဖြစ်၍ သက်တမ်းတော်ရှည်သမျှ သာသနာတည်ခဲ့လေသည်။ ဂေါတမ မြတ်စွာဘုရားမှာ သက်တမ်းတော် တစ်ရာတမ်းသာ ဖြစ်၍ သာသနာ အရှည်တည်တံ့ရန် ဝိနည်းသိက္ခာပုဒ် တော်များလည်း ပညတ်၍ တရားတော်မြတ်ကိုလည်း အင်္ဂါကိုးတန်ဖြင့် အကျယ်ဟောကြားတော်မူခဲ့သည်။

ထို့ကြောင့်ပင် ယခု သာသနာ နှစ်ထောင့်ငါးရာကျော်ပြီ။ သာသနာ တော်ဆိုင်ရာ တရားဓမ္မများ တစ်လုံးတစ်ပါဒမျှ မယုတ်လျော့သေး။ ဘုရားရှင်လက်ထက်တော်ကအတိုင်း ကျင့်နိုင်၊ အားထုတ်နိုင်ကြသည်။ ကျင့်ရန်၊ အားထုတ်ရန် လုံ့လ၊ ဝီရိယသာ လိုပါသည်။ သဒ္ဓါ၊ စေတနာ များသာ လိုပါသည်။ သာသနာတော်ဟူသည်မှာ အကျင့်တရားသာ ဖြစ်

သဖြင့် ကျင့်သူ၊ အားထုတ်သူရှိက အနှစ်ငါးထောင်မက၊ ငါးသောင်းမက တည်နိုင်သည်သာဖြစ်ကြောင်း မြင်ထားစေချင်ပါသည်။

*

## ဒိဗ္ဗစက္ခုအဘိညာဉ် ရှိခိုးဂါထာ

**မေး။** ။ရောဂါပျောက်ကင်းစေရန် မျက်စိရောဂါရှင်တို့အတွက် မြတ်စွာဘုရား၏ ဒိဗ္ဗစက္ခုအဘိညာဉ် တန်ခိုးတော်ကို ရှိခိုးသော ဂါထာများ ရှိပါသလားဘုရား။ ရှိပါက ဖော်ထုတ်ရေးသား သနားချီးမြှင့်တော်မူပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ဒေါ်မြမြစိန်၊

၃ ကြီးကြပ်ရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ် (တိုင်းရုံး)၊ ပဲခူးမြို့

**ဖြေ။** ။ **ဒိဗ္ဗစက္ခု အဘိညာဉ် ရှိခိုးဂါထာ**

ဒူရဋ္ဌ သုခုမံ ရူပံ၊ ဒဋ္ဌုံ သမတ္ထ နာယကံ။

တိရောဓာနေ ဌိတံ ရူပံ၊ ဒိဗ္ဗစက္ခုံ နမာမဟံ။

ဘန္တေ၊ ဒိဗ္ဗစက္ခု မြင်မှုထင်ရှား အရှင်မြတ်ဘုရား။ ဒူရံရူပဋ္ဌ၊ စကြဝဠာ လွန်ဝေးကွာသည့် ရူပါရုံများ အစားစားကိုလည်းကောင်း။ သုခုမံ ရူပံ၊ ပရမာဏု ပမာပြု၍ မြင်မှုမလွယ် လွန်သေးငယ်သည့် နနယ်လုံးစုံ သိမ်မွေ့သော ရူပါရုံကိုလည်းကောင်း။ တိရောဓာနေ၊ တောတောင်မြိုင်စွယ် အသွယ်သွယ်တို့ ဖုံးကွယ်နေရာ မမြင်သာသောဌာနၝ။ ဌိတံ၊ မြင်နိုင်ခက်ပေ တည်ရှိနေသော။ ရူပဋ္ဌ၊ ကြီးငယ်အလတ် အရပ်ရပ်သော ရူပါရုံကိုလည်းကောင်း။ ဒဋ္ဌုံ၊ နတ်မျက်စိသွင် ဉာဏ်တော်ရှင်မို့ ထင်မြင်ကြည့်ရှုတော်မူခြင်းငှာ။ သမတ္ထံ၊ စွမ်းနိုင်တော်မူသော။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုမြင်မှုနတ်သွင် မြတ်သခင်ဖြစ်တော်မူသော။ နာယကံ၊ လောကသုံးပါးရှေ့သွားသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ အဟံ ( )ဟု မည်ပြုခေါ်ဝေါ် ဘုရားတပည့်တော်သည်။ နမာမိ၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။ မြတ်စွာဘုရား၊ မြတ်စွာဘုရား။

*



www.dhammaransi.com

## စုပေါင်းဒါန

**မေး**။ ။ အရှင်ဘုရား၊

အလှူခံဌာနတစ်ခုတွင် ပုဂ္ဂိုလ်တစ်ဦးက ဤသို့ အသံချဲ့စက်ဖြင့် ပြောဆိုနေပါသည်။

"လူအများ စုပေါင်းလှူဒါန်းခြင်းကို မြတ်စွာဘုရားက သာဓုခေါ်ပါသည်။ တစ်ဦးတစ်ယောက်တည်း လှူဒါန်းခြင်းကို မြတ်စွာဘုရားက သာဓုအနုမောဒနာ မပြုပါ" ဤစကား မှန်ပါသလား ဘုရား။

မောင်မောင်ခင်၊

ဆရာစံရပ်ကွက်၊ ရန်ကုန်မြို့

**ဖြေ**။ ။ ဤသို့ဟောကြားခြင်းကို မည်သည့်နေရာမှာမျှ မတွေ့ရှိပါ။ အများစုပေါင်း၍ လှူလှူ၊ တစ်ဦးချင်းလှူလှူ၊ လှူသူက စေတနာသုံးတန် ညီညွတ်ခြင်း၊ အလှူခံပုဂ္ဂိုလ်က လောဘ၊ ဒေါသ၊ မောဟ ကင်းခြင်း၊ ကင်းအောင် အားထုတ်နေခြင်း၊ အင်္ဂါခြောက်ဝ (ဆဠင်္ဂသမ္မန္နာဂတ)ဖြစ်လျှင် အကျိုးကြီးကြောင်း ဟောထားချက်များ ရှိပါသည်။ အများစုပေါင်း လှူဒါန်းခြင်းမှာ သဟပုညကာရိကုသိုလ်မျိုးဖြစ်၍ အားလုံး စိတ်ထား ညီညီ ကြည်ကြည်ဖြူဖြူ လှူဒါန်းနိုင်လျှင် ညီညီညွတ်ညွတ် အကျိုးပေး၍ လှူစုဥ်က အစုအပေါင်း အသင်းအပင်းအတိုင်းပင် ဘဝတိုင်း အတူတကွ အကျိုးပေးကြောင်း အပဒါန်တွင် လာရှိသည်။

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်၊ အနောဇာဒေဝီနှင့် အမတ်ကတော်တစ်ထောင်တို့ ရက်ကန်းသည် အိမ်ထောင်စုတစ်ထောင် ဖြစ်စဉ်ဘဝက အတူတကွ ပစ္စေကဗုဒ္ဓါတို့အား ကျောင်းတစ်ထောင်ဆောက်လုပ် လှူဒါန်းခဲ့ကြသည်။ ကဿပမြတ်စွာဘုရား လက်ထက်တွင်လည်း ထိုအတူ လှူဒါန်းခဲ့ကြသည်။ ထိုစုပေါင်းကုသိုလ်ကြောင့် ဘဝပေါင်းများစွာ အတူတကွ ဖြစ်ကြ၍ ဤဘုရားလက်ထက်၌လည်း အတူတကွပင်

ကျွတ်တမ်းဝင်ကာ ရဟန္တာ၊ ရဟန္တာမများ ဖြစ်ကြရကြောင်း အပဒါန်တွင် ထင်ရှားရှိပါသည်။ အများစုပေါင်းလှူဒါန်းပါက အလှူကြီးတစ်လှူ ကျောင်းကြီးတစ်ဆောင် စသည် တာဝန်မကြီး၊ ခဏနှင့် ပြီးစီးနိုင်သဖြင့် အကျိုးကြီးလှကြောင်း ထင်ရှားစေလို၍ ထိုကဲ့သို့ ပြောဆို နှိုးဆော်ခြင်း ဖြစ်နိုင်ပါသည်။

*

## သတ္တဝါ အနန္တ

**မေး**။ ။ အရှင်ဘုရား၊

မြတ်စွာဘုရား တစ်ဆူလျှင် ဝေနေယျသတ္တဝါပေါင်း ၂၄ သင်္ချေ၊ ကုဋေခြောက်ဆယ်၊ ဗိုလ်ခြေတစ်သိန်း ကျွတ်တမ်းဝင်အောင် တရားဓမ္မ ဟောပြခဲ့သည်ဟု ဖတ်ရှု မှတ်သားရပါသည်။ ထိုသို့ဆိုက နောက်လာမည့် ကမ္ဘာအသင်္ချေ၌ ဂဏန်းမျှ သိမ့်မက ပွင့်တော်မူကြမည့် ဘုရားရှင်တို့က ဤမျှ များပြားသော သတ္တဝါတို့ကို ချွတ်သွားကြလျှင် သတ္တဝါများ ကုန်ခန်း၍ သွားစရာသာ ရှိပါသည်။ အကယ်၍ သတ္တဝါများ ကုန်ခန်းသွားလျှင် နောက်ထပ်သတ္တဝါများ မည်သို့ဖြစ်လာနိုင်မည်ကို သိလိုပါသည် ဘုရား။

မောင်လှဝေ၊ ခါးကော့ရွာ၊ မိတ္ထီလာမြို့

**ဖြေ**။ ။ ဗုဒ္ဓစာပေတွင် အနန္တလေးပါးဟု ရှိပါသည်။ အဆုံးအပိုင်းအခြား မရှိ။ မကုန်နိုင်၊ မခန်းနိုင်သောအရာများဟု ဆိုပါသည်။ ၎င်းမှာ (၁) အာကာသ အနန္တ၊ (၂) စကြဝဠာ အနန္တ၊ (၃) သတ္တဝါအနန္တ၊ (၄) ဉာဏ်တော်အနန္တ ဟူ၍ ဖြစ်ပါသည်။ ကောင်းကင်ကြီးကို ဤရွေ့ဤမျှ ကျယ်သည်ဟု တိုင်းတာ၍ မရ။ စကြဝဠာ ဤမျှများသည်ဟု ရေတွက်၍မရ။ သတ္တဝါ ဤမျှအရေအတွက်ရှိသည်ဟု ဂဏန်းချ၍ မရ။ မြတ်စွာဘုရား ဉာဏ်တော် ဤရွေ့ဤမျှ ကြီးကျယ်သည်ဟု နှိုင်းယှဉ်၍ မရ။

ဤ၌တွင် သတ္တဝါအနန္တ ကို ဆိုရသော် သတ္တဝါတို့တွင် လူသတ္တဝါ သည် အနည်းဆုံးပင် ဖြစ်သည်။ ဤကမ္ဘာတွင်ကြည့်လျှင် လူဦးရေသန်းပေါင်း ခြောက်ထောင်ခန့်ဟု ဆိုသည်။ တိရစ္ဆာန်တစ်မျိုး၏ အရေအတွက်မျှပင် မရှိသေး။ ပုရွက် ခြပုန်း စသော တိရစ္ဆာန်များနှင့် နှိုင်းယှဉ်၍ လည်းကောင်း၊ ယူဇနာတစ်သောင်းကျယ်သော အဝိစိငရဲကြီးတွင် အကြား မရှိ တည်နေသော သတ္တဝါတို့နှင့် ယှဉ်၍လည်းကောင်း ကြည့်နိုင်သည်။ ထို့အတူ အသချေ်ပေါင်းများစွာသော နတ်ဗြဟ္မာများလည်း ရှိသေးသည်။ သံသရာ ရှည်လွန်း၍သာ ဘုရားပေါင်း ဂင်္ဂါဝါဠု သဲစုမကဟု ဆိုရသည်။ ဘုရားတစ်ဆူတစ်ဆူ ပွင့်ဖို့ရာကလည်း ကမ္ဘာသချေ် တွက်ရေမှန်းဆ ဂဏန်းချ၍ မပြီးအောင် စောင့်ရပါမည်။ ထို့ကြောင့် သတ္တဝါတွေ ကုန်ခန်း သွားလိမ့်မည်ဟု ကြံစည်မိခြင်းပင် လွန်လှပြီ။ သတ္တလောက၌ သတ္တဝါ များ မည်သည့်အခါမှာမျှ ကုန်ခန်းသွားလိမ့်မည် မဟုတ်ဟု မှတ်သားသင့် ပါသည်။

*

## သာသနာ ငါးထောင်

**မေး**။ ။သာသနာငါးထောင်နှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာ သက်တော် ထင်ရှား ရှိစဉ်အခါကပင် ကိုယ်တော်တိုင် သတ်မှတ်တော်မူခဲ့ပါ သလား ဘုရား။ မည်သည့်ကျမ်းစာများတွင် ဖော်ပြထားပါသလဲ ဘုရား။ သတ်မှတ်ထားခြင်း မရှိပါလျှင် မည်သူက ထွင်ခဲ့ပါသလဲ ဘုရား။ ဖြေ ကြားတော်မူပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

မိုလ်ကြီးတင်ညွန့် (အငြိမ်းစား)

စပေါင်းအိမ်ရာ၊ သာကေတမြို့

**ဖြေ**။ ။ မိထွေးတော် ဂေါတမီအား ဘိက္ခုနီအဖြစ် ခွင့်ပြုပြီးနောက် မြတ်စွာ ဘုရားက အရှင်အာနန္ဒာအား ‘အာနန္ဒာ၊ မာတုဂါမတို့ သာသနာ တွင်း ဝင်လာခြင်းကြောင့် အနှစ်တစ်ထောင်တည်မည့် သာသနာသည်

အနှစ်ငါးရာသာ တည်လတ္တံ့.’ (ယခု ဂရုဓမ္မတရား ရှစ်ပါး ပြဋ္ဌာန်းပေးထား၍ အနှစ်တစ်ထောင် တည်မြဲလတ္တံ့.)ဟု ‘သစေ အာနန္ဒ နာလဘိဿ မာတုဂါမော’ စသည်ဖြင့် စူဠဝါပါဠိတော် (ဝိ ၄၊ ၄၄၆)၌ ဟောတော်မူထားချက် ရှိပါသည်။ မြတ်စွာဘုရား ဟောတော်မူသော အနှစ်တစ်ထောင်ဆိုသည်ကို ယင်း၏ အဖွင့် (ဝိ–ဋ္ဌ၊ ၄၊ ၁၂၇)၌ ဝဿသဟဿန္တိ စေတံ ပဋိသမ္ဘိဒါပဘေဒပ္ပတ္တခီဏာသဝ ဝသေနေဝ ဝုတ္တံ’စသည်ဖြင့် ဗုဒ္ဓမတညူ အဋ္ဌကထာဆရာက ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ်တစ်ထောင်ကိုသာ ဆိုသည်။ သုက္ခဝိပဿက ရဟန္တာခေတ်တစ်ထောင်၊ အနာဂါမ်ခေတ် တစ်ထောင်၊ သကဒါဂါမ်ခေတ်တစ်ထောင်နှင့် သောတာပန်ခေတ် တစ်ထောင် ရှိသေး၍ သာသနာငါးထောင်ရှိကြောင်း” ဖွင့်ပြတော်မူသည် မှစ၍ သာသနာငါးထောင်ဟူသော စကား ထင်ရှားလာခဲ့လေသည်။ ထိုအချက်ကို အကြောင်းပြု၍ သုတ်ပါထေယျ အဋ္ဌကထာ၊ အင်္ဂုတ္တိုရ် အဋ္ဌကထာတို့ကလည်း မြတ်စွာဘုရား ဆိုလိုသော တစ်ထောင်ဆိုသည်မှာ ပဋိသမ္ဘိဒါပတ္တခေတ်ကိုသာ ဆိုလိုကြောင်း၊ ဆဠာဘိည၊ တေဝိဇ္ဇ၊ သုက္ခဝိပဿကနှင့် ပါတိမောက္ခခေတ်တို့ဖြင့် ငါးထောင်ပင်ဖြစ်ကြောင်း ဖွင့်ဆိုတော်မူကြပါသည်။

ထို့ကြောင့် သာသနာငါးထောင်ဆိုသည်မှာ မြတ်စွာဘုရား စကားတော်ကို မူတည်၍ မြတ်စွာဘုရား အလိုတော်ကို သိတော်မူသည့် ဗုဒ္ဓမတ္တညူ အဋ္ဌကထာရှင်တို့၏ စကားဖြစ်သဖြင့် ဗုဒ္ဓဝစန မြတ်စွာဘုရား၏ စကားတော်ပင်ဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

*

## ကမ္ဘာဦး အယူအဆများ

**မေး။** ။ ဆရာတော်ဘုရား၊

မှန်နန်းရာဇဝင်တော်ကြီးတွင် ကမ္ဘာပျက်ပုံ၊ တည်ပုံ၊ ဗြဟ္မာကြီးများ ဥပပါတ်ဖြင့် ပေါ်လာပုံ၊ ထို့နောက် မြေသင်းခဲများ၊ ပဒါလတာနွယ်

www.dhammaransi.com

များ စားသဖြင့် ယောက်ျား၊ မိန်းမဖြစ်လာပုံ၊ အိမ်ထောင်ပြုကြပုံ၊ နေလ နက္ခတ်များ ပေါ်လာပုံများကို ပြဆိုထားပါသည်။ ဤအယူအဆများသည် ထေရဝါဒ အယူအဆများ ဟုတ်မဟုတ်၊ အခြားဝါဒ (ဗြာဟ္မဏဝါဒ)များ ရောယှက် မယှက်၊ ဗုဒ္ဓမြတ်စွာက မည်သို့ ဟောကြားခဲ့သည် အစရှိသည် များကို ရှင်းလင်းဖြေကြားပေးတော်မူပါဘုရား။

ဦးပန်းလှိုင်

မင်းကြီးကုန်းကျေးရွာ၊ ရွှေတောင်မြို့နယ်

**ဖြေ**။ ။ ကမ္ဘာပေါ်ရှိ ကိုးကွယ်မှု အယူဝါဒများတွင် ဗြာဟ္မဏဝါဒသည် ရှေးအကျဆုံးဖြစ်သည်။ ကမ္ဘာဦးအယူအဆနှင့် ပတ်သက်၍လည်း ကျမ်းပေါင်းများစွာပင် ရှိသည်။ အထူးသဖြင့် အတ္တဟူသော ဝိညာဉ်အယူ အဆမှာ ၎င်းဗြာဟ္မဏဘာသာဝါဒ၏ အနှစ်သာရ ဖြစ်လေသည်။ ဗုဒ္ဓ ဝါဒမှာ အတ္တအယူကို အနတ္တလက်နက်ဖြင့် ထိုးနှက်၍ ပေါ်ထွက်လာသော ဘာသာဝါဒ ဖြစ်သည်။ ဗုဒ္ဓဝါဒ စတင်ပေါ်ပေါက်စဉ်က ဗြာဟ္မဏ အယူ ဝါဒမှ မလိုအပ်သည့် အတ္တဒိဋ္ဌိဆိုင်ရာ အစိတ်အပိုင်းများကို ပယ်ဖျက်ခဲ့ ပေသည်။ သို့သော် ဗုဒ္ဓမြတ်စွာသည် အနတ္တဒေသနာတော်နှင့် မဆန့်ကျင် သော၊ နိဗ္ဗာန်ရောက်ကြောင်းတရားကို မထိပါးသော အချို့ဝါဒများကို ပယ်ရှားခြင်း မပြုခဲ့ပေ။ ထို့ဖော်ပြပါ ကမ္ဘာဦးအယူအဆများမှာ ဗြာဟ္မဏ ကျမ်းစာများတွင်လည်းရှိပြီး ဗုဒ္ဓဝါဒကလည်း မပယ်ရှားချေ။ ဗုဒ္ဓမြတ်စွာ က အထူးမဟောကြားခဲ့သည့်တိုင်အောင် ဗုဒ္ဓဘာသာတို့အနေဖြင့်လည်း လက်ခံယုံကြည်ခဲ့သော အယူအဆများပင် ဖြစ်ပါသည်။ ဗုဒ္ဓ အယူဝါဒမှာ နိဗ္ဗာန်ရောက်ကြောင်းတရားကို မထိပါးသော ရှေးဟောင်း အယူဝါဒများ ကို ပယ်ရှားလေ့ မရှိကြောင်း သတိချပ်အပ်ပါသည်။

*

www.dhammaransi.com

## မင်္ဂလာဘုရားအလောင်း၏ အလှူ

**မေး**။ ။ မင်္ဂလာဘုရားအလောင်းတော်သည် သူ့ရင်သွေးကို အလှူခံဘီလူးက သူ့ရှေ့မှာပင် ဝါးစားစဉ် ပါးစောင်နှစ်ဖက်မှ သွေးများ တောက်တောက်ကျသည်ကို ကြည့်၍ 'ငါ့ဒါန အောင်ပြီ' ဟု ပီတိ ဖြစ်ပါသတဲ့။။ ဘုရားအလောင်းတော်၏ ဒါနအောင်သော်လည်း ရင်သွေးငယ်မှာ ဘီလူး၏ခံတွင်း၌ ဆင်းရဲလှစွာ အသေဆိုးနှင့် သေရသဖြင့် အလောင်းတော်၏ ဒါနမှာ သူတစ်ပါးထိခိုက်နစ်နာနေပါပြီလားဟု ဘာသာခြားတို့က မေးလာလျှင် ဘယ်လိုပြန်၍ ရှင်းပြရမည်ဆိုတာ သိချင်ပါသည် ဘုရား။

ကိုဟန်ဝင်း၊ အင်းစိန်မြို့သစ်၊ ရန်ကုန်

**ဖြေ**။ ။ ဗုဒ္ဓဝင် မင်္ဂလာဘုရားအခန်းတွင် "ထိုအခါ ခရဒါဠိက အမည်ရှိသော ဘီလူးသည် ဘုရားအလောင်း၏ လှူဒါန်းမှု၌ အလွန်လိုလားကြောင်း သတင်းစကား ကြားသိရသဖြင့် ပုဏ္ဏားအသွင် ဖန်ဆင်းကာ အလောင်းတော်ထံ ချဉ်းကပ်ပြီးလျှင် သားတော်၊ သမီးတော် မင်းနှစ်ပါးကို တောင်းရမ်းအလှူခံ၏။ ထိုအခါ အလောင်းတော်သည် ပုဏ္ဏားအား ငါ့သားတော်၊ သမီးတော်တို့အား လှူဒါန်းအံ့ဟု ပေးလှူတော်မူ၏" ဟု ပါရှိသည်။ သားသမီးများကို ဘီလူးအား အစာအဖြစ် သတ်၍ စားရန် လှူသည် မဟုတ်။ ပုဏ္ဏားအားသာ လှူခြင်းဖြစ်သည်။ ပုတ္တ ပရိစ္စာဂ အနေဖြင့် ပုဏ္ဏားအားသာ လှူခြင်းဖြစ်ရာ မုဉ္စစေတနာမြောက်ပြီးမှ ပုဏ္ဏားအသွင် ပျောက်၍ ဘီလူးအသွင်ဖြင့် သားသမီးများကို စားခြင်းဖြစ်သဖြင့် ဘုရားအလောင်းအနေဖြင့် ဒါနစေတနာပြောင်းလဲ၍ မသွား၊ မူလ ဒါနစေတနာအား မလျော့ပါးဘဲ ငါ့ဒါနအောင်ပြီဟု လှူခဲ့ပြီးသော ဒါနကို အာရုံပြု၍ ဆံချည်မျှင်ဖျားလောက်မျှ စိတ်နှလုံးတော် မသာယာခြင်းဟူ၍ မရှိတော့ဘဲ ငါယခု လှူရခြင်းသည် ကောင်းမြတ်သော လှူခြင်းဖြစ်သည်ဟုသာ နှလုံးသွင်းနိုင်ခဲ့သည်။ ဘုရားလောင်းတို့၏ စိတ်ဓာတ်ခိုင်မာ၍ စွန့်ခြင်းကြီး

www.dhammaransi.com

ငါးဖြာ ပါရမီတရားတို့၌ စိတ်ထားစွဲမြဲပုံကို ကြည့်ညိုကြရန်ပင် ဖြစ်ပါသည်။

*

## ဂါထာပရိတ်ရွတ်ခြင်း

**မေး။** ။ အရှင်ဘုရား၊ တပည့်တော်မသည် နေ့စဉ် ဘုရားရှိခိုးဝတ်ပြုပြီးတိုင်း ဂါထာ ၆ ပုဒ်လောက်ကို ရွတ်ဆိုလေ့ရှိပါသည်။ နေ့စဉ်အားလပ်ချိန်များတွင်လည်း အမြဲရွတ်ဆိုလေ့ရှိပါသည်။ အချို့က ဂါထာကို မိမိအနှစ်သက်ဆုံး တစ်ပုဒ်သာ ရွေးချယ်ရွတ်ဖတ်သင့်သည်။ သို့မဟုတ်က ဓာတ်တွေရောၡ အစွမ်းမထက်ဟု ဆိုပါသည်။ ထိုစကား မှန် မမှန် ဖြေကြားပေးပါ အရှင်ဘုရား။

နန်းမေဖဲ၊ ကျောက်မဲမြို့၊
ရှမ်းပြည်မြောက်ပိုင်း

**ဖြေ။** ။ ဂါထာတော်၊ ပရိတ်တော်များကို ရလေကောင်းလေ၊ များများရွတ်လေ များများအကျိုးရှိလေဟု မှတ်သင့်ပါသည်။ ပရိတ်တော်အားလုံးပင် အန္တရာယ်ကင်းသည်ချည်း ဖြစ်သော်လည်း ကျက်သရေမင်္ဂလာ တိုးပွားရန်အတွက် မင်္ဂလသုတ်၊ ရောဂါကင်းရန်အတွက် ရတနသုတ်၊ အခြောက်အလှန့်ကင်းရန်အတွက် မေတ္တာသုတ်၊ မြွေဘေးကင်းရန်အတွက် ခန္ဓသုတ်၊ အနှောင်အဖွဲ့ လွတ်ရန်အတွက် မောရသုတ်၊ မီးဘေးကင်းရန်အတွက် ဝဋ္ဋသုတ် စသည်ဖြင့် သူ့ဆိုင်ရာဆိုင်ရာ ပိုမိုအစွမ်းထက်ရာများရှိသကဲ့သို့ ဂါထာများမှာလည်း ထို့အတူ ပိုမိုအစွမ်းထက်ရာ သတ္တိထူးများ ရှိကြပါသည်။ (မောရသုတ်တော်တွင် 'ဗြဟ္မမန္တန္တိ ထူးမြတ်သောမန္တန်တော်' ဟူ၍ပင် ပရိတ်တော်၊ ဂါထာမန္တန်တော်များကို အတူထား၍ ဆိုပါသည်။) ထို့ကြောင့် ရတနာသုံးပါးနှင့်ဆိုင်ရာ ဂါထာများကို ကြိုးစားကျက်မှတ်၍ မပြတ်မစဲ အမြဲ ရွတ်ဖတ်သင့်ကြောင်း ဖြေကြားအပ်ပါသည်။

*

# နိဗဒ္ဓကုသိုလ်ရှင်

**မေး။** ။ ဆရာတော်ဘုရား၊

နိဗဒ္ဓကုသိုလ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် သောတာပန်ကဲ့သို့ပင် အပါယ်သို့ မကျနိုင်ဟု တပည့်တော်နာကြားရဖူးပါသည်။ ၎င်းကုသိုလ်ရှင်များသည် သောတာပန်ကဲ့သို့ပင် ၇ ဘဝပြီးလျှင် နိဗ္ဗာန်ဝင်နိုင်ပါသလား ဘုရား။

ဒေါ်မြသွေး၊
ခြံနံပါတ် ၂၊ ၁၀ ရပ်ကွက်၊ မရမ်းကုန်း၊ ရန်ကုန်မြို့

**ဖြေ။** ။ 'ယေသံ ပန ကုလာနံ တီဏိ သရဏာနိ' စသည်ဖြင့် သရဏဂုံတည်သူမှစ၍ 'ဧကော အာဝါသော' ကျောင်းတစ်ဆောင် ဆောက်လုပ် လှူဒါန်းသူအထိ သူ ၇ ဦးမှာ နိဗဒ္ဓမြဲသော ကုသိုလ်ရှင်များဖြစ်၍ အပါယ် မကျ၊ "အပါယ်မကြောက် ၇ ယောက်"ဟူ၍ အင်္ဂုတ္တရဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၃။ ၂၆၇) တွင်ဆိုသည်မှာ ၎င်းတို့သည် အမြဲမပြတ် ကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်နေသူများ ဖြစ်၍ ဤဘဝမှ ကွယ်လွန်လျှင် တမလွန်ဘဝ၌ အပါယ်မရောက်နိုင်ဟု ဆိုပါသည်။ သောတာပန်ပုဂ္ဂိုလ်သည် ဂတိမြဲသူဖြစ်၍ ဤဘဝမှ ကွယ်လွန်လျှင် တမလွန်ဘဝ၌ သုဂတိသာ လားရာရှိပြီး ဒုဂ္ဂတိသို့ လားစရာအကြောင်းမရှိသည်နှင့် တစ်စိတ်တူသည်ကိုသာ စွဲ၍ သောတာပန်နှင့် အလားတူသည်ဟု ဆိုခြင်း ဖြစ်ပါသည်။ သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ ၇ ဘဝဖြင့် နိဗ္ဗာန်ဝင်နိုင်ခြင်း မရှိနိုင်သေးပါ။

*

# အသုဘ ရှုခြင်း

**မေး။** ။ ဆရာတော်ဘုရား၊

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ အသုဘကမ္မဋ္ဌာန်းရှုသော ယောဂီပုဂ္ဂိုလ်သည် ဝိသဘာဂ ဖြစ်သော လူသေကောင်ကို မရှုမှားရဟု မှတ်သားခဲ့ဖူး

ပါသည်။ လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော ကမ္မဋ္ဌာန်းကျမ်းကြီးစာအုပ်၌မူ ဝိသဘာဂဖြစ်သော လူသေကောင်ကို ရှုပွားရမည်ဟု မှတ်သားရပြန်ပါသည်။ မည်သည့်အယူအဆက မှန်မည်ဆိုသည်ကို ဘုရားရှင် အလိုတော်ကျ ဆုံးဖြတ်ပေးတော်မူပါ ဘုရား။

မောင်ဉာဏ်မော်၊

အရှေ့ငယ်တိုးရွာ၊ ကျောက်ဆည်မြို့နယ်

**ဖြေ**။ ။ မဟာကာဠမထေရ်သည် ရဟန္တာမဖြစ်မီ သုသာန်၌ သေလွန်ခါစဖြစ်သည့် ဝိသဘာဂသူကောင်ကို ကြည့်ရှု၍ အသုဘရှုပွားရာ အသုဘ မထင်နိုင်ဘဲ ရာဂသာပွားနေ၍ အခက်အခဲဖြစ်နေကြောင်း၊ ထို ဝိသဘာဂသူကောင်ကို မီးသဂြိုဟ်နေခိုက် ထပ်မံရှုပွားရာ ရုပ်ဆင်းပျက်၍ နှစ်သက်ဖွယ်မရှိမှ အသုဘထင်ကာ ရဟန္တာဖြစ်ရကြောင်း ဝတ္ထုနှင့် အလွန်လှပသော သီရိမာကွယ်လွန်၍ ၄ ရက်ခန့် မီးမသဂြိုဟ်ရသေးဘဲထားစေ၍ အလွန်ရုပ်ပျက်ပုပ်ပွ အသုဘလုံးလုံးဖြစ်မှ လူအများကို ကြည့်ရှုစေရာ သီရိမာအား စွဲမက်နေသူ ရဟန်းတစ်ပါး ထိုအခါမှ အသုဘထင်၍ တရားရ ရဟန္တာဖြစ်သွားကြောင်း ဝတ္ထုကို နှိုင်းယှဉ်သုံးသပ်၍ အခြေအနေအရ နှစ်မျိုးစလုံးပင် မှန်ကန်ကြောင်း သိနိုင်ပါသည်။

*

## ကမ္မာပျက်ခြင်း

**မေး**။ ။ အရှင်ဘုရား၊

သာသနာကုန်၍ ကမ္ဘာလဲသောအခါ လူနတ်ဗြဟ္မာ သုံးဘုံစလုံး လဲပါသလားဘုရား။ လူဘုံတစ်ခုသာ လဲပြီး ကျန်နတ်ဗြဟ္မာဘုံတို့ မူလအတိုင်း တည်နေပါသလား ဘုရား။

တပည့်တော်မနှင့် အခြားမသိသေးသူများ နားလည်အောင် ရှင်းပြပေးတော်မူပါဘုရား။ တစ်ဆက်တည်း မေးလိုသည်မှာ ‘တော်လဲ’သည်

ဆိုသည်မှာ မည်သည်ကို ခေါ်ပါသနည်း ဘုရား။ လူကြီးသူမများ မေး
ကြည့်ရာ ကောင်းကောင်း မပြောနိုင်ပါ၍ မေးရခြင်းပါဘုရား။

မအေးဝင့်ဖြူ

တန့်ဆည်မြို့၊ စစ်ကိုင်းတိုင်း

**ဖြေ**။ ။ သာသနာကုန်သော်လည်း ကမ္ဘာလဲ (ကမ္ဘာအသစ်လဲ ကမ္ဘာပျက်) ခြင်း မရှိနိုင်သေး။ ကမ္ဘာသက်တမ်းမှာ အန္တရကပ် (တက်ကပ် ဆုတ်ကပ် တစ်စုံ) ပေါင်း ၆၄ ကပ်ရှိရာ ၁ မှ ၇ ကပ်အထိ ဘုရားတစ်ဆူမျှ မပွင့်သေး။ ၈ ကပ်မြောက်ကျမှ ကကုသန် ပထမဆုံး ဘုရားပွင့်၍ ၉ ကပ်တွင် ကောဏာဂုံဘုရား၊ ၁၀ ကပ်တွင် ကဿပဘုရားပွင့်ပြီးနောက် ၁၁ ကပ်မြောက်ကျမှ ဂေါတမမြတ်စွာဘုရားပွင့်ကာ ၁၂ ကပ်မြောက်တွင် အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်တော်မူမည်ဖြစ်သည်။ ၁၃ ကပ်မြောက်မှ ၆၄ ကပ်အထိ ဘုရားတစ်ဆူမျှ ပွင့်တော်မမူတော့ဘဲ ၆၄ ကပ်ကုန်ဆုံးပြီးလျှင် မီးဖျက်သော ကမ္ဘာ၌ ၃၁ ဘုံတွင် ကာမဘုံအားလုံးနှင့် အာဘဿရာ ရူပဘုံအောက်၊ ရေဖျက်သော ကမ္ဘာတွင် သုဘကိဏှာဘုံအောက်၊ လေဖျက်သောကမ္ဘာတွင် ဝေဟပ္ဖိုလ်ဘုံအောက် ရူပဗြဟ္မာဘုံများပါ ပျက်ပါသည်။ ထိုအချိန်တွင် သတ္တဝါအားလုံး ယင်းတို့၏ အထက်အထက်ဘုံများမှာ ဖြစ်ကြရပါသည်။ အကျယ်မရေးသားပါ။ နီးစပ်ရာ ဆရာတော်များကို လျှောက်ထားမှတ်သားစေလိုပါသည်။ 'တော်လဲ (တော်လည်း)' သည်ဟူသည်မှာ မြေကြီးမြည်ဟည်းခြင်းကို ခေါ်သည်။ များသောအားဖြင့် လျှော်ပြင်းစွာလှုပ်လျှင် ကော်လဲခြင်းလည်းဖြစ်တတ်လေသည်။ ရံဖန်ရံခါ လျှင်လှုပ်ခါနီးတွင် မြေကြီးကသာ မဟုတ်၊ ကောင်းကင်ကလည်းမြည် ဟည်းတတ်သည်ဟု ဆိုပါသည်။

*

www.dhammaransi.com

## ရှဥ့်နက်တို့ကို အစာကျွေး၍ မွေးမြူရာ

**မေး**။ ။ အရှင်ဘုရား၊

မြတ်စွာဘုရား သီတင်းသုံးရာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ကို "ရှဥ့်နက်တို့ကို အစာပေး၍ မွေးမြူရာဖြစ်သော"ဟု ဝိသေသနတပ်၍ဆိုသည်မှာ အဘယ်သူသည် အဘယ်အခါက ရှဥ့်နက်တို့ကို အစာပေး၍ မွေးမြူထားခြင်း ဖြစ်ပါသလဲ ဘုရား။

ဦးစိန်ထွန်း
ဆင်တဲ။

**ဖြေ**။ ။ ကလန္ဒ နိဝါပ (ကလန္ဒ၊ ရှဥ့်နက်တို့ကို။ နိဝါပ၊ အစာပေးရာ)

ရှဥ့်နက်တို့ကို အစာပေးရာဌာန။ အဋ္ဌကထာတို့တွင် "ရှေးအခါက မင်းတစ်ပါးသည် ထိုဌာန ဥယျာဉ်၌ ကစားရန်လာသော် သေရည်ယစ်မူး၍ သစ်ပင်ရင်းတစ်ခုဝယ် အိပ်လေ၏။ နောက်လိုက်နောက်ပါတို့သည် ဟိုဟိုသည်သည် သွားကုန်၏။ ထိုအခါ သေနံ့ကိုရ၍ သစ်ခေါင်းတွင်နေသော မြွေဟောက်တစ်ကောင်သည် ထွက်၍လာပြီးသော် အိပ်နေသော မင်းကြီးအထံသို့ သွားလေ၏။ ထိုအခြင်းအရာကို ရုက္ခစိုးနတ်မြင်လျှင် 'မင်းကြီးအား အသက်ကို ပေးအံ့'ဟူ၍ ရှဥ့်နက်အသွင် ဖန်ဆင်းကာ မင်းကြီး၏နားအနီး၌ မြည်လေ၏။ မင်းကြီး နိုးလတ်သော် မြွေဟောက်သည် ဆုတ်ခွာသွားလေ၏။ မင်းကြီးသည် ရှဥ့်နက်ကိုမြင်၍ 'ဤရှဥ့်နက်သည် အသက်ကို ပေးပေ၏'ဟု ကျေးဇူးတင်လျက် ဥယျာဉ်၌ ရှဥ့်နက်တို့ကို အစာကျွေးလျက် ဘေးမဲ့လည်း ပေးလေ၏။ ထိုနေရာ၌ ဝေဠုဝန်ကျောင်းတော်ဖြစ်လာ၍ ကလန္ဒနိဝါပ၊ ရှဥ့်နက်တို့ကို အစာပေးရာဌာနဟု ခေါ်သည်"ဟု ဖွင့်ဆိုထားသည်ကို မှတ်သားနိုင်ပါသည်။

*

www.dhammaransi.com

## သံဃာဂိုဏ်းကွဲခြင်း

**မေး။** ။ စာတစ်အုပ်တွင် မြတ်စွာဘုရားက သံဃာသင်းကွဲခြင်းကို လုံးဝ မနှစ်သက်ဟု ဖတ်ရပါသည်။ ယခုခေတ် ဂိုဏ်းဂဏတွေ ကွဲနေခြင်းကို မြတ်စွာဘုရား နှစ်သက်နိုင်မည်လား ဘုရား။ သံဃာသင်းခွဲတာ သံဃဘေဒကကံထိုက်သည်ဆိုသည်မှာ ဟုတ်ပါသလား ဘုရား။

မောင်စိန်ကျော်
တံငါကျင်း၊ တောင်သာ

**ဖြေ။** ။ သံဃာသင်းခွဲခြင်းမှာ သံဃဘေဒကကံ ဖြစ်၍ အနန္တရိယကံပင် ဖြစ်သဖြင့် လွန်စွာအပြစ်ကြီးလှပါသည်။ ယင်းသံဃဘေဒကကံမှာ ဒေဝဒတ်က သူကိုယ်တိုင် ဘုရားလုပ်၍ သံဃာကို ခွဲပြီး ခေါ်ဆောင်သွားခြင်းမျိုး ဖြစ်ပါသည်။ ယခု ဂိုဏ်းဂဏများမှာ ယင်းကဲ့သို့ သံဃာသင်းကွဲမျိုး မဟုတ်။ မြို့နယ်ဆရာသမား၊ ပဝါရဏာဂိုဏ်း စသည်အမည်နာမ ကွဲခြင်းမျိုးသာဖြစ်၍ တရားဓမ္မ အယူဝါဒ ကွဲပြားမှုမျိုး မဟုတ်ပေ။ ယခုခေတ် သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ၊ ဝေဠုဝန် စသည်တို့မှာ ထိုသဘောမျိုးသာ ဖြစ်သဖြင့် မြတ်ဗုဒ္ဓတရားတော် ဓမ္မက္ခန္ဓာ အယူအဆ သင်ကြားကျင့်ကြံမှု အတူတူသာ ဖြစ်သည်။ မြတ်စွာဘုရား လက်ထက်တော်မှာပင် ဒီဃဘာဏကဆောင်၊ မဇ္ဈိမဘာဏကဆောင် စသည် ကွဲလွဲမှုမျိုးရှိခဲ့ပေသည်။ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာ တစ်ပါးတည်းဖြစ်လျက် တစ်ခါတစ်ရံ ကွဲလွဲ၍ ဖွင့်ဆိုတတ်သည်မှာ ဤသို့ ဘာဏကဆောင်တို့ အယူအဆအလိုက် ဖွင့်ဆိုရခြင်းကြောင့် ဖြစ်ပေသည်။ သို့သော် ယင်းအယူအဆ ကွဲပြားမှုတို့မှာ မြတ်ဗုဒ္ဓ၏ အယူဝါဒ တရားဓမ္မကိုမူ ထိနိုက်ခြင်း မရှိဟု မှတ်သားထားသင့်ပါသည်။

*

## သံဃာတော်နှင့် ဇွန်းခက်ရင်း

**မေး။** ။ ဆရာတော်ဘုရား၊

အချို့ ရဟန်းသံဃာတော်တို့ ဆွမ်းဘုဉ်းပေးရာ၌ ဇွန်းခက်ရင်းဖြင့် ဘုဉ်းပေးကြသည်ကို တွေ့ရပါသည်။ ဇွန်းခက်ရင်းဖြင့် ဆွမ်းဘုဉ်းပေးခြင်းမှာ ဝိနည်းတော်နှင့် ညီမညီ ဖြေကြားတော်မူပါဘုရား။

ကျေးတောသား
ညောင်ပင်သာ

**ဖြေ။** ။ ရဟန်းတော်တို့ ဆွမ်းဘုဉ်းပေးမှုနှင့် စပ်၍ သေခိယ သိက္ခာပုဒ်များတွင် သိက္ခာပုဒ်ပေါင်း ၂၆ ပုဒ်ပါရှိရာတွင် "နာတိ မဟန္တံ ကဗဠံ၊ ပရိမဏ္ဍလံ အာလောပံ၊ န ဘုဥ္စမာနော သဗ္ဗဟတ္ထံ" သိက္ခာပုဒ်များ၌ ဆွမ်းလုတ်ပမာဏ ဆွမ်းလုတ်အနေအထား၊ လက်အနေအထားတို့ အကြောင်းကို ဆိုသဖြင့် ဆွမ်းဘုဉ်းပေးရာ၌ လက်ဖြင့် ကြည်ညိုဖွယ်ရာ ဆွမ်းဘုဉ်းပေးရန်သာ သင့်ကြောင်း အထူးဆိုဖွယ် မလိုပါချေ။

မြန်မာနိုင်ငံ သာသနာတော် တစ်လျှောက်လုံးလည်း လက်ဖြင့်သာ ဘုဉ်းပေးသုံးဆောင်ခဲ့ကြောင်း ထင်ရှားပါသည်။ မင်းတုန်းမင်းတရားကြီးလက်ထက်တွင် သာသနာပိုင်ဆရာတော် ဦးဉေယျသည် ဥပမိသမ္ပတ္တိနှင့်လည်း ပြည့်စုံ၊ အနေအထိုင်လည်း အလွန်ကြည်ညိုဖွယ်ကောင်းလှ၍ ရွှေနန်းတော်၌ ဆွမ်းဘုဉ်းပေးလျှင် မင်းတုန်းမင်းတရားကြီးက မိဖုရားများ၊ သမီးတော်များကို ဖူးတွေ့အတုယူစေကြောင်း စကားစဉ်ရှိသည်။ သာသနာပိုင်ဆရာတော် ဆွမ်းဘုဉ်းပေးပုံကို မိဖုရားများ၊ သမီးတော်များပင် အတုယူရအောင် ယဉ်ကျေးသိမ်မွေ့လှကြောင်းဆိုသဖြင့် မြန်မာပီပီ လက်ဖြင့်ပင် ဘုဉ်းပေးကြောင်း သိသာပါသည်။

သို့သော် ဆိုဖွယ်ရှိသည်မှာ မြတ်စွာဘုရားလက်ထက်တော်က သပိတ်အသုံးသာရှိ၍ ပန်းကန်၊ ဇွန်း စသည် အသုံးမရှိသေးကြောင်း သတိ

www.dhammaransi.com

ပြုသင့်ပါသည်။ မြန်မာနိုင်ငံ သာသနာတစ်လျှောက်တွင် သပိတ်ဖြင့်ပင် တစ်လျှောက်လုံး အသုံးပြုခဲ့သည်ဟု မပြောနိုင်ပေ။ ပန်းကန်၊ ဖွန်းများလည်း အတော်ရှေးကျကျအချိန်ကပင် အသုံးပြုခဲ့ကြောင်း ထင်ရှားခဲ့လေသည်။ ရဟန်းသံဃာများ ဆွမ်းစားရာ၌ ဘုရားလက်ထက်တော်ကလို လက်ဖြင့်သာ စားသင့်ပါသည်ဟုဆိုလျှင် သေခိယနှင့်ညီအောင် သပိတ်ကိုသာ သုံးရမည်။ ပန်းကန်ခွက်ယောက်၊ ဖွန်းယောက်ချို စသည်မသုံးသင့်ဟူ၍လည်း ဆိုရာရောက်ပါသည်။ ခေတ်နှင့်လျော်စွာ ပန်းကန်စသည်ကိုသုံးလျှင် ဖွန်း၊ ခက်ရင်း စသည်ကိုလည်း အလျော်အားဖြင့်ယူသော် ရနိုင်ဖွယ်ပင် ရှိပေသည်။ ထို့ကြောင့် ဖွန်းခက်ရင်းကိစ္စတွင် တစ်ဖက်စွန်းသို့ မရောက်သင့်ဟု ဆိုချင်ပါသည်။

*

## အကုသိုလ်နှင့် သေခါနီးအာရုံ

**မေး**။ ။ ဆရာတော်ဘုရား၊

ယခု လူတွေအများ ပြောဆိုနေကြသည့် စကားမှာ 'အကုသိုလ်ကို ဘယ်လောက်ကြီးပဲလုပ်လုပ် သေခါနီး၌ ဘုရား တရား စသည့် အာရုံကောင်းကောင်းနှင့် သေသွားလျှင် သုဂတိကောင်းရာဘုံဘဝသို့ ဧကန်မုချ ရောက်ရမည်'ဟု ဖြစ်ပါသည်။ ထိုအယူအဆမှန် မမှန်နှင့် အကုသိုလ်ကံသည် ဘယ်အချိန်၌ အကျိုးပေးခွင့် ကြုံမည်ဆိုသည်ကို မိန့်ကြားဖြေဆိုတော်မူပါဘုရား။

မောင်ကျော်ဝင်းအောင်၊ အင်းတော်မြို့

**ဖြေ**။ ။ အကုသိုလ်ကို မပြတ် ပြုလုပ်နေသူအဖို့ သေခါနီး၌ ဘုရား၊ တရား အာရုံကောင်းကောင်း ရရှိရန် လွန်စွာ ခက်လှပါသည်။ ကုသိုလ်များစွာ ပြုလုပ်နေသူပင် အနည်းငယ်သောအကုသိုလ်က သေခါနီး၌ ထင်လာ မြင်လာ ဝင်ရောက်လာတတ်ပါသည်။ ပုထုဇဉ် သတ္တဝါတို့မှာ

www.dhammaransi.com

'ပါပသ္မိံ ရမတိ မနော' ဆိုသည့်အတိုင်း အကုသိုလ်မကောင်းမှု၌သာ စိတ်ပျော် ဝင်စားတတ်သဖြင့် အကုသိုလ်ဝါသနာစွဲနေသူအဖို့ သေခါနီး၌ အကုသိုလ် နိမိတ်အာရုံများသာ ဝင်လာဖို့ များပေသည်။ အကုသိုလ် အကျိုးပေး၍ အပါယ်ငရဲ၌ ဖြစ်နေရလျှင်လည်း ပြုခဲ့သော ကုသိုလ်ကံ ကြားဝင်နိုင်ဖို့ မလွယ်ပါ။ ထို့ကြောင့် အကုသိုလ်နည်းပါး ကုသိုလ်များရန် ကြိုးစားသင့်ကြပါသည်။ ကုသိုလ်ရေး၌ ဒါန၊ သီလ၊ ဘာဝနာ တတ်နိုင်သမျှ ပြုလုပ်ရန် လိုပါသည်။ ဗုဒ္ဓဘာသာပီပီ ဘုရားရှိခိုး၊ ပုတီးစိပ် ခြင်း၊ ငါးပါး သီလမြဲခြင်း စသည့် နိဗဒ္ဓ (မပြတ်) ကုသိုလ်ရေးမှုလောက် အစဉ်ကျင့်သုံးနေကြရန်သင့်ကြောင်း ပြောလိုပါသည်။

*

## ရောင်တော်ပြန်ဘုရား ရှိသေးသည်ဆိုလျှင်

**မေး။** ။ ဆရာတော်ဘုရား၊

သာသနာငါးထောင် ကုန်ပြီးသည့်နောက်၌ ကမ္ဘာပေါ်တွင် ရှိသမျှသော ဂေါတမမြတ်စွာဘုရား ဓာတ်တော် မွေတော်များသည် ကောင်းကင် နတ်ပြည်သို့ ကြွတော်မူပြီးနောက် ရောင်တော်ပြန်ဘုရားပွင့်တော်မူပြီး တရားဟောမည်ဆိုတာ ဟုတ်ပါသလား။ ထိုသို့ဆိုလျှင် ဗုဒ္ဓမြတ်စွာ ဘုရားမှာ ရုပ်နာမ်ချုပ်ငြိမ်းပြီး ပရိနိဗ္ဗာန်စံတော်မူသည့်မှာ မဟုတ်သေးဘဲ ဘုရားရှိနေသေးသည်ဟု ယူဆ၍ရပါမည်လား ဘုရား။

နှင်းဆီမေ (တိုက်ကြီး)

**ဖြေ။** ။ ဓာတ်တော်မွေတော်များ သာသနာတော်ကုန်ဆုံးချိန်တွင် လူ့ပြည်၊ နတ်ပြည် ဒေသအသီးသီးမှ ဗောဓိမဏ္ဍိုင်သို့ကြွ၍ ဘုရားအသွင် တော်ဖြင့် နောက်ဆုံး တေဇောဓာတ်လောင်သွားခြင်းမှာ ဗုဒ္ဓမြတ်စွာဘုရား ရုပ်နာမ်ကျန်ရှိနေ၍ မဟုတ်။ ပရိနိဗ္ဗာန်စံတော်မမူမီကပင် ထိုကဲ့သို့ဖြစ်ရန် အဓိဋ္ဌာန်ထားတော်မူခဲ့သောကြောင့် ဖြစ်ပါသည်။ မြတ်စွာဘုရားသည်

3A

ပရိနိဗ္ဗာန်စံတော်မမူမီက "ငါ ပရိနိဗ္ဗာန်စံလျှင် ငါ့အလောင်းတော်ကို အလိုလို တေဇောဓာတ်လောင်စေ၊ ဓာတ်တော်မွေတော်တို့ အဆင်းအား ဖြင့် သုံးသွယ်၊ အရွယ်အားဖြင့် သုံးစား၊ အခြင့်အားဖြင့် ရှစ်စိတ်ဖြစ်စေ"ဟု အဓိဋ္ဌာန်ထားတော်မူသကဲ့သို့ပင် သာသနာကုန်ဆုံးချိန်၌လည်း မုန်ညင်း စေ့သဏ္ဍာန် ဓာတ်တော်အသေးအမွှားမကျန် တေဇောဓာတ်လောင်ရန် အဓိဋ္ဌာန်တော်မူခဲ့ပါသည်။ ထိုအချိန်၌ လူများ ဖူးတွေ့နိုင်ခြင်း၊ တရား ဟောခြင်း မရှိဟု ဆိုပါသည်။

*

## ဘုရားလောင်း ကွဲပြားပုံ စသည်

**မေး**။ ။ ဆရာတော်အရှင်သူမြတ်ဘုရား၊

(၁) ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက ဘုရားလောင်း ၃ မျိုး ကွဲပြား ရခြင်းအကြောင်း။

(၂) ဘုရားလောင်းများ၏ နောက်ဆုံးဘဝတွင် အဖေတူ၊ အမေတူ၊ ညီအစ်ကို မောင်နှမ ရှိ မရှိ။

(၃) မြတ်စွာဘုရားသည် ပါဠိဘာသာဖြင့် တရားဟောသည်ဟု သိရပါ သည်။ သို့သော် မာဂဓဘာသာကို ပြောဆိုသူများတွင် မြတ်စွာ ဘုရားလည်း ပါနေကြောင်း သိရပါသဖြင့် ရှင်းလင်းပေးပါရန်။

ဤပြဿနာများကို ဖြေကြားပါရန် တောင်းပန်အပ်ပါသည် ဘုရား။

ဦးသန်းညွန့်၊
ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်း

**ဖြေ** ။ ။(၁) ဘုရားလောင်း နိယတဗျာဒိတ်ခံယူစဉ်က ဉာဏ်အထက်မြက် ဆုံးဖြစ်လျှင် ပညာဓိက၊ အလတ် သဒ္ဓါဓိက၊ အနုံ့ ဝီရိယာဓိက ဘုရားဖြစ်ကြောင်း ဆိုပါသည်။ ဥပမာ ထိုစဉ်က ဂါထာတစ်ပုဒ်ကို ကြား

www.dhammaransi.com

နာရုံဖြင့် မဂ်ဖိုလ်ရနိုင်လောက်သော ဉာဏ်ရှိလျှင် ပညာဓိက ဘုရားလောင်းဖြစ်၍ ဂါထာတစ်ပုဒ်ကို အဓိပ္ပာယ်ရှင်းပြမှ မဂ်ဖိုလ်ရလောက်လျှင် သဒ္ဓါဓိက၊ ဂါထာတစ်ပုဒ် လေ့လာကျင့်သုံးပြီးမှ မဂ်ဖိုလ်ရလောက်လျှင် ဝီရိယာဓိက ဖြစ်ကြောင်း ဆိုပါသည်။ ပညာဓိက ဖြစ်ရလိုပါ၏ဟု အထူးဆု မတောင်းရပါ။

(၂) ဘုရားအလောင်းတို့၏ မယ်တော်သည် တတိယအရွယ်ရောက်မှ ဘုရားလောင်းကို ဖွားရမြဲ ဓမ္မတာ ရှိပါသည်။ ဖွားမြင်ပြီးနောက်လည်း ၇ ရက်ကြာလျှင် စုတေမြဲ ဖြစ်၏။ ထို့ကြောင့် အမိတူ ညီအစ်ကို မောင်နှမ မရှိနိုင်ပါ။

(၃) မာဂဓဘာသာကိုပင် မြတ်စွာဘုရား၏ တရားတော်အစဉ်တည်ရာ (ပိဋကတော်တည်ရာ)ဖြစ်သဖြင့် ပါဠိဟုခေါ်ပါသည်။ ထို့ကြောင့် ပါဠိနှင့် မာဂဓ ကွဲပြားမှုမရှိပါ။ (အကျဉ်းချုပ်၍ ဖြေဆိုလိုက်ပါသည်။ အထူးမှာ ပြဿနာမေးသူများအနေဖြင့် တစ်ခါမေး တစ်မျိုးသာ မေးသင့်ပါသည်။ သို့မှသာ သိသာအောင် ဖြေဆိုနိုင်မည် ဖြစ်ပါသည်။)

*

## အသုဘပို့

**မေး။** ။ ကွယ်လွန်သွားသောသူ၏ အလောင်းကို သင်္ချိုင်းသို့ သယ်ယူထမ်းဆောင် ချပို့သူ လူပုဂ္ဂိုလ်တို့ အဘယ်ကဲ့သို့ ကုသိုလ်အကျိုးတရားများကို ရရှိနိုင်ပါသနည်း။ သာဓကဖြင့် ရှင်းလင်းဖြေကြားပေးပါဘုရား။

မောင်ခင်ဇော်။

**ဖြေ။** ။ အသုဘအလောင်းကို သုသာန်သင်္ချိုင်းသို့ ပို့ဆောင်ရာ၌ အသုဘရှုသည်နှင့်အညီ မိမိခန္ဓာကိုယ် အပါအဝင် မည်သည့်ခန္ဓာမဆို အသုဘဖြစ်ပုံကို နှလုံးသွင်းလျက် ထိုအသုဘကို အိမ်တွင်း၊ ရွာတွင်း၊ မြို့နယ်တွင်းမှ ထုတ်ဆောင်ရှင်းလင်း၍ သန့်ရှင်းအောင် ပြုလုပ်ရသည်ဟု

သဘောထားလျှင် ကုသိုလ်ထူးစွာ ဖွံ့ဖြိုး ကြီးကျယ်လှသည်။ ပဥ္စဝဂ္ဂီတို့နောက် တရားထူးရသော ယသ သတို့သားနှင့် သူငယ်ချင်း ၅၅ ဦးတို့ ဦးဦးဖျားဖျား ဧဟိဘိက္ခု ရဟန္တာပုဂ္ဂိုလ်များ ဖြစ်ရသည်မှာ ရှေးဘဝက ဇရပ်တွင် သေနေသော ခရီးသွားတစ်ဦး ပုပ်စပြုနေသော အလောင်းကို စိတ်တူ သဘောတူ သုသာန်သချိုင်းသို့ ပို့ဆောင်ခဲ့ရသော ကုသိုလ်ကြောင့်ပင် ဖြစ်လေသည်။ ထို့ကြောင့် လူမှုရေးအရ မလွှဲသာ၍ အသုဘပို့ဆောင်ရသည့်တိုင်အောင် ကုသိုလ်ဖြစ်အောင် ယောနိသော မနသိကာရ ထားရှိသင့်သည်ဟု ဖြေကြားလိုပေသည်။

*

## အမျှဝေတိုင်း မရ

**မေး**။ ။ အရှင်ဘုရား၊

ကုသိုလ်ကောင်းမှုပြုတိုင်း အမျှဝေကြခြင်းသည် ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံဖြစ်ကြသည့်အတိုင်း မိမိပြုသော ကုသိုလ်ကောင်းမှုကို တစ်ဦးတစ်ယောက်အား အမျှပေးဝေရာ ထိုအမျှပေးဝေခံရသော သူ၌ ကုသိုလ် အကျိုးခံစားခွင့် ကေန်ရှိနိုင်ပါမည်လား။ ရှင်းလင်းဖြေကြားတော်မူပါရန်။

ကျော်မင်းနိုင်
ဆည်မြောင်းဦးစီးဌာနရုံး၊ မင်းပြားမြို့

**ဖြေ**။ ။ ကုသိုလ်ကောင်းမှုပြု၍ အမျှပေးဝေခြင်းသည် ပတ္တိဒါန ပုညကိရိယာဝတ္ထုဖြစ်၍ ကုသိုလ်ရှင်အား လက်ရှိပြုနေသော ကုသိုလ်အပြင် ကုသိုလ်တစ်မျိုး တိုးပါသည်။ တစ်စုံတစ်ယောက်အား၊ (ဝါ) ကွယ်လွန်သူ မိဘဆွေမျိုးတို့အား အမျှဝေရာ ထိုအမျှပေးဝေခံရသော ပုဂ္ဂိုလ်က သာဓုခေါ်နိုင်မှသာ အကျိုးခံစားခွင့် ရှိပါသည်။ သက်ရှိပုဂ္ဂိုလ်ဖြစ်ပါကလည်း အမျှဝေသော ကုသိုလ်ရှင်အပေါ်၌ ဣဿာ မစ္ဆရိယ ငြူစူ

www.dhammaransi.com

ဝန်တိုမှု ကင်းရှင်းစွာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှသာ အကျိုးခံစားခွင့် ကောန်ရှိနိုင်ကြောင်း ဆိုပါသည်။

*

## ပဋိသမ္ဘိဒါခေတ်အကြောင်း

**မေး။** ။ ဆရာတော်ဘုရား၊ အနာဂတဝင်ကျမ်း၌ သာသနာခေတ် ကွယ်ခြင်းကြီး ငါးရပ်တွင် ဘုရားပရိနိဗ္ဗာန်စံပြီး နှစ် ၁၀၀၀ အတွင်း ပဋိသမ္ဘိဒါခေတ် ကွယ်မည်ဟု ပါရှိပါသည်။ ပဋိသမ္ဘိဒါဆိုသည်မှာ မဂ်ဖိုလ်လေးပါးနှင့် ပြည့်စုံသော ရဟန္တာသူမြတ်များဟု ထင်မြင်မိပါသည်။ ထိုအချိန်တွင် ရဟန္တာများကွယ်ပြီဟု ဆိုနိုင်ပါသလား ဘုရား။

မြသွေးခိုင်၊
သဲအင်းယောဂီ

**ဖြေ။** ။ ပဋိသမ္ဘိဒါလေးပါးဆိုသည်မှာ မဂ် ဖိုလ်လေးပါးကို မဆိုလို။ (၁) အတ္ထပဋိသမ္ဘိဒါ၊အနက်အဓိပ္ပာယ်အကျိုးတရားကို သိသောဉာဏ်။ (၂) ဓမ္မပဋိသမ္ဘိဒါ၊ ပါဠိဓမ္မ အကြောင်းကို သိသောဉာဏ်။ (၃) နိရုတ္တိပဋိသမ္ဘိဒါ၊ သဒ္ဒါကို သိသောဉာဏ်။ (၄) ပဋိဘာန ပဋိသမ္ဘိဒါ၊ နက်နဲစွာ ထိုးထွင်း၍ သိတတ်သောဉာဏ် ဟူ၍ ဖြစ်သဖြင့် ထိုဉာဏ်လေးပါးနှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်များ အဆင့်အမြင့်ဆုံး၊ ပညာ အထက်မြက်ဆုံး ရဟန္တာမျိုးပင် ဖြစ်သည်။ ထိုရဟန္တာမျိုးမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး အနှစ် ၁၀၀၀ အတွင်းမှာသာ ရှိ၍ ထို့နောက် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ မရှိတော့ဘဲ ဆဠာဘိည အဘိညာဉ် ၆ ပါးနှင့်ပြည့်စုံသော ရဟန္တာမျိုး။ တေဝိဇ္ဇ၊ ဝိဇ္ဇာသုံးပါးရှင် ရဟန္တာမျိုးနှင့် သုက္ခဝိပဿ က ဈာန်မရသော ရဟန္တာမျိုးများသာ ရှိမည်ဟု ဆိုလိုပါသည်။

*

www.dhammaransi.com

## ဖုတ် တစ္ဆေ ဘယ်ဘုံသားလဲ

**မေး။** ။ ယုတ်ကဝေ၊ ဖုတ်တစ္ဆေ သူယောင်တို့၊ လူ့ဘောင်မှီစား။
ဘယ်ဘုံသားရယ်လို့၊ ယုံမှားစွာ မတွေဝေရအောင်၊ ဖြေပြပါဘုရား။

ဦးတင်မြင့်၊
ရေးမြို့

**ဖြေ။** ။ ယုတ်ကဝေ၊ ဖုတ်တစ္ဆေ သူယောင်တို့၊ လူ့ဘောင်မှီစား။
အပါယာ၊ ပေတ သန္ဓေဟာမို့၊ ပြိတ္တာမှာ သွင်းဆိုရမယ်၊ မြဲစွာ မှတ်သား။

(နေရယိကာ တိရစ္ဆာနာ၊ ပေတာ ဒေဝါ စ မာနုသာ။)
စသည်လာသော ဋီကာစသည်တို့နှင့်အညီ ဤဂတိငါးပါးမှ ထူးပြား၍ ဖုတ်တစ္ဆေမျိုးဟူ၍ ရှိသည်မဟုတ် စသည်ဖြင့် ဆိုသော သတပဒိက ပုစ္ဆာနံပါတ် ၆၆ အဖြေကို မှီးသည်။ ဤ၌ 'ကဝေ'ဟူသော စကားကို သီးခြားဆိုရလျှင် ဇော်ဂနီ၊ စုန်း၊ ဃရဏီ ဖြစ်၍ ပေတမဟုတ်။ မာနုသဟု ဆိုသင့်၏။

*

## ဥပုသ်သည်နှင့် ဒေါသ

**မေး။** ။ အရှင်ဘုရား၊ ၈ ပါးသီလခံယူထားသော ဥပုသ်သည်သည် ဒေါသ ကြီးလျှင် အပြစ်ရှိပါသလား။ ခံယူထားသော ၈ ပါးသီလ ပျက်ပါ သလား။ သိလိုပါသဖြင့် ဖြေကြားပေးတော်မူပါဘုရား။

မမိုးမိုး၊
မန္တလေးမြို့

**ဖြေ။** ။ သီလသည် မည်သည့်သီလမဆို ကာယကံမှု၊ ဝစီကံမှုတို့ကိုသာ ထိန်းသိမ်းရသည်။ မနောကံမှုမှာ သီလ၏ အရာမဟုတ်။ ကိုယ် ဖြင့် ပြစ်မှားကျူးလွန်မှုနှင့် နှုတ်ဖြင့် ပြစ်မှားကျူးလွန်မှုတို့ကိုပြုမှသာ

www.dhammaransi.com

သီလပျက်ပါသည်။ စိတ်ထဲက ဒေါသဖြစ်နေရုံမျှဖြင့်ကား သီလမပျက်ပါ။ ဒေါသအလျောက် ရန့်ရင်းစွာ ပြောဆိုခြင်း၊ ပြုမူခြင်း ဖြစ်လာလျှင်သာ ပျက်နိုင်သည်။ သို့သော် သီလကို စင်ကြယ်အောင် စောင့်ထိန်းနေသူအဖို့ ဒေါသကြီးခြင်း၊ ဒေါသထွက်ခြင်းတို့ နည်းပါးသွားနိုင်သဖြင့် မိမိစောင့် ထိန်းထားသည့် သီလကိုသာ မကျိုးမပေါက် မပြောက်မကျားရအောင် ကြိုးစားကြဖို့ လိုပါသည်။

*

## ဘာလီဖျော်ရည်

**မေး**။ ။ အရှင်ဘုရား၊ ကျောင်းတစ်ကျောင်း ရဟန်းခံ သိမ်ဆင်းတွင် သံဃာတော်များအား ဘာလီဖျော်ရည် ဆက်ကပ်ရာ၌ တစ်ကြိမ်၊ တပည့်မကိုယ်တိုင် သီလရှင်ဝတ်ရာ၌ တစ်ကြိမ်၊ ဘာလီဖျော်ရည်ကို ရဟန်းသံဃာ၊ သီလရှင်၊ ဥပုသ်သည်တို့သည် ညနေပိုင်း၌ မသောက် ကောင်း၊ အခြားဖျော်ရည်များကိုသာ သောက်ကောင်းသည်ဟု ပြောဆို သည်ကို ကြားရပါသည်။ အဘယ်ကြောင့် ဘုန်းတော်ကြီးကျောင်းများမှာ အဆိုပါ (ဘာလီဖျော်ရည်)ကို မသုံးဆောင်ရန် တားမြစ်သည်ကို သိရှိလိုပါ သည် ဘုရား။

တင်မာဝင်း၊

ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။

**ဖြေ**။ ။ ဘာလီဟူသည်မှာ ဘာလီဆန်စပါး၏အမည်တစ်မျိုးဖြစ်၍ ယင်း ဘာလီဖျော်ရည်ကို ဘာလီဆန်စပါးနှင့် ဖော်စပ်ပြုလုပ်သည်ဟု ယူဆလျက် တားမြစ်ဟန်တူပါသည်။ ဘာလီရည်ပုလင်းတွင်လည်း ယင်း စပါးနှံပုံ ပါရှိသည်ကို တွေ့ရပါသည်။ စုံစမ်းကြည့်ရာ ဘာလီရည်ကို ဆန်စပါးတို့ဖြင့် ဖော်စပ်ပြုလုပ်သည် မဟုတ်။ သံပရာရည်၊ သကြား စသည်တို့ဖြင့် ဖော်စပ်ကြောင်း၊ ဘာလီမှာ ဘာလီစပါးနှံပုံကို တံဆိပ်ပြု

လုပ်သဖြင့် အမည်တွင်နေခြင်းသာဖြစ်ကြောင်း၊ သံဃာတော်များ ညနေ၌ သောက်သုံးနိုင်ကြောင်း သိရပါသည်။ ဤခေတ် ဖျော်ရည်များမှာ အသီးစုံကို ပြုလုပ်ကြသဖြင့် အချို့တွင် (စပရိုက် စသည်) သစ္စားရည်ထည့်သွင်း၍ ပြုလုပ်ကြောင်း သိရှိရသဖြင့် "ထန်း အုန်း နှစ်တွဲ၊ ပိန္နဲနှစ်စုံ၊ ဘူး ဖရုံ၊ မှတ်တုံ သုံးသစ္စား"ဟူသော ဖျော်ရည်မအပ်သော အသီးရည်များ ရှိနိုင်၍ သံဃာတော်များ၊ ဥပုသ်သည်များ ညနေပိုင်းသောက်သုံးမှုတို့တွင် စိစစ်နိုင်လေ ကောင်းလေပင် ဖြစ်ပါသည်။

*

## ယောင်ယမ်းရွတ်ဆိုခြင်း

**မေး**။ ။အရှင်ဘုရား၊ သေခါနီးဆဲဆဲတွင် ဘုရားဂုဏ်တော်များကို ယောင်ယမ်း ရွတ်ဆိုပြီး သေဆုံးသွားသူသည် ကောင်းရာသုဂတိသို့ ရောက်နိုင်၊ မရောက်နိုင် ဖြေကြားတော်မူစေလိုပါသည် ဘုရား။

ပျံလွှားမောင်၊
ချောင်းဦး

**ဖြေ**။ ။ သေခါနီးဆဲဆဲ ရောဂါဝေဒနာဒဏ်ကို သည်းသည်းထန်ထန် ခံစားနေရ၍ မိမိရွတ်ဆိုနေကျ ဘုရားဂုဏ်တော်များကို ရွတ်ဆိုရာတွင် မပီမသဖြစ်နေခြင်းသာ ဖြစ်နေဟန်တူပါ၏။ ယောင်ယမ်းရွတ်ဆိုနေခြင်းဟုတ်မည် မထင်။ ဘုရားဂုဏ်တော်များကို ရွတ်ပွားနေကျဖြစ်၍သာ ဤအချိန်အခါမျိုးတွင် အမှတ်ရနိုင်ဖွယ် ရှိပေသည်။ ထို့ကြောင့် ထိုသို့ မပီမသ ရွတ်ဆိုသော်လည်း အားကိုးအားထားပြု၍ ရွတ်ဆိုခြင်းကြောင့် ကုသိုလ်တရားဖြစ်ပွား၍ ကောင်းရာ သုဂတိသို့ လားရောက်နိုင်စရာ ရှိပါသည်။

*

www.dhammaransi.com

## အသုဘအိမ်နှင့် တရားတော်များ

**မေး။** ။ ဆရာတော်အရှင်ဘုရား၊ ယခုအခါ အသုဘအိမ် အချို့တွင် သေဆုံးသွားသူ အတွက်ရော၊ မိမိတို့ အိမ်သားတွေ အတွက်ပါ အကျိုးဖြစ်စေခြင်းငှာ ညဥ့်အချိန်များတွင် ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ ပဋ္ဌာန်းဒေသနာ၊ ပရိတ်တရားတော်များကို ဝတ်အသင်းအဖွဲ့များ ပင့်ဖိတ် ရွတ်ဖတ်ကြသည်။ ဤကဲ့သို့ မင်္ဂလာရှိသော မြင့်မြတ်သည့် ဒေသနာတော်များကို ဘုရားရှင် နှုတ်ခပါဌ်တော်များဖြစ်၍ ရွတ်ဆိုခြင်း သင့် မသင့် ဖြေကြားပေးစေလိုပါသည်။

ဒေါ်ယဉ်မေ (ဆရာမ)
ကညွတ်ကွင်း

**ဖြေ။** ။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့က အသုဘကို အမင်္ဂလာဟုဆိုကာ ကောင်းသော မင်္ဂလာကိစ္စများကို မပြုကြပါ။ အမှန်မှာ အသုဘများတွင် ကောင်းမွန် မြင့်မြတ်သော ဒါနမှု၊ သီလမှု၊ ဘာဝနာမှုများကို အလေးပေး ပြုလုပ်သင့်ပါသည်။ ပြဿနာရှင်၏စာတွင် ပါသကဲ့သို့ သေဆုံးသွားသူအတွက်ရော မိမိတို့ အိမ်သားတွေအတွက်ပါ လှူဒါန်းခြင်း၊ အမှုအတန်းဝေခြင်းကိစ္စများသာမက ဓမ္မစကြာစသော တရားတော်များ ရွတ်ဆိုခြင်းများကို ပြုသင့်ပါသည်။ မြတ်စွာဘုရားကိုယ်တော်တိုင်ပင် သီရိမာ၏အသုဘသို့ ကြွသွား၍ တရားဟောသဖြင့် လူနတ်များတို့ အကျွတ်တရား ရကြပါသည်။ အချို့အရပ်တို့တွင် အသုဘချရာဥ္စ ဝတ်အသင်းများကို ဖိတ်၍ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်များကို ရွတ်ဆိုစေကြသည်ကို တွေ့ရပါသည်။ ကောင်းသော အပြုအမူပင် ဖြစ်ပါသည်။ ပြဿနာရှင်ဖော်ပြသကဲ့သို့ အသုဘအိမ်တွင် ညစဉ်ရွတ်ဆိုစေလျှင် ဗုဒ္ဓဘာသာ သမ္မာန္တယ်ဝင် သူတော်စင်များပီပီ အလွန်ကောင်းမွန်သော အလေ့အထ တစ်ခု ပေါ်ပေါက်လာနိုင်၍ အသုဘအိမ်တွင် အလွန်ဆိုးဝါးသည့် ဖဲဝိုင်းထောင်သောအလေ့ကို တွန်းလှန်ပယ်ရှား၍ ပစ်နိုင်ဖွယ်ရာပင် ဖြစ်ပေလိမ့်မည်။

*

www.dhammaransi.com

## ရဟန်းခံ ကိစ္စ

**မေး**။ ။ အရှင်ဘုရား၊ (၁) ပရိက္ခရာ ၈ ပါး မစုံလျှင် ရဟန်းမဖြစ် ဟူသော စကား။ (၂) ရဟန်းခံရာ၌ ပါရာဇိက ကျနေသော ရဟန်းပါဝင်နေလျှင် ရဟန်းမဖြစ်ဟူသော စကား။ (၃) မွေးကတည်းက ကိုယ်အင်္ဂါ မစုံသူ ရဟန်းခံ၍ ရဟန်းမဖြစ် ဟူသော စကား မှန်မမှန် သိလိုပါသည် ဘုရား။

ထွန်းလင်းအောင်၊
မြောင်းမြမြို့

**ဖြေ**။ ။ (၁) သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည် စုံလင်လျှင် ရဟန်းဖြစ်ပါသည်။ (၂) ပါရာဇိကကျနေသော ရဟန်းသည် ပါရာဇိက ကျနေပါသည်ဟု ဝန်မခံလျှင် ၎င်းမှ တစ်ပါး သံဃာ ၅ ပါး (ထက်မနည်း) ရှိနေပါက ရဟန်းခံသူ ရဟန်းဖြစ်သည်။ (၃) မွေးကတည်းက ကိုယ်အင်္ဂါ မစုံသူ ဖြစ်သော်လည်း ရဟန်းဖြစ်ပါသည်။ သို့သော် မွေးကတည်းဖြစ်စေ၊ နောက်မှဖြစ်စေ ကိုယ်အင်္ဂါ မစုံလင်သူသည် ပရိသဒူသက (ပရိသတ်ကို ဖျက်ဆီးသူ)၌ ပါဝင်၍ ရဟန်းခံမပေးရ။ (ရဟန်းခံပေး၍ ရဟန်းဖြစ်သော်လည်း) ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသူ ဆရာများမှာ အာပတ်သင့်နိုင်ပါသည်။

*

## အရှင်ဗာကုလဂါထာ

**မေး**။ ။ ကျန်းမာရေးအတွက် အရှင်ဗာကုလမထေရ်မြတ်ကြီးအား သစ္စာပြု ဆုတောင်းပူဇော်သော ဂါထာ ရှိပါသလား ဘုရား။ ရှိပါက ဖော်ပြပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားပါသည် ဘုရား။

ကျိုက္ကဘာ စန္ဒ၊
ဖျာပုံ

www.dhammaransi.com

**ဖြေ**။ ။ ဥပ္ပါတသန္တိကျမ်းတွင် တေဒဂ်ရ ရဟန္တာအရှင်မြတ်ကြီးများဆိုင်ရာ ဂါထာများ ရှိရာ အရှင်ဗာကုလ ရဟန္တာကြီးနေရာတွင် အောက်ပါ ဂါထာ ပါရှိပါသည်။

အပ္ပါဗာဓော မဟာထေရော၊
အပ္ပါဗာဓေန မုတ္တမော။
ဗာကုလော အရဟာ ဓာတော၊
သဒါ သောတ္ထိံ ကရောတု နော။

ရဟန္တာအဖြစ်သို့ရောက်သော ဗာကုလမထေရ်မြတ်ကြီးသည် အနာရောဂါကင်းတော်မူသော မထေရ်မြတ်ကြီး ဖြစ်တော်မူ၏။ အနာရောဂါကင်းရှင်းရာ၌ အမြတ်ဆုံး (တေဒဂ်ရပုဂ္ဂိုလ်ကြီး) ဖြစ်ပါပေ၏။ (ထိုဗာကုလမထေရ်မြတ်ကြီးသည်) အကျွန်ုပ်တို့အား အခါခပ်သိမ်း ချမ်းသာခြင်းကို ပြုတော်မူပါစေသတည်း။

*

## ဆေးအရက်

**မေး**။ ။ အရှင်ဘုရား၊ အချို့ဆေးများမှာ အရက်နှင့်ဖျော်၍ လိမ်းရခြင်း၊ သောက်ရခြင်းမျိုးရှိပါသည်။ လိမ်းရခြင်း၌ အကြောင်းမဟုတ် သော်လည်း သောက်ရခြင်း၌ သုရာမေရယ သိက္ခာပုဒ်နှင့် အကျုံးဝင် မဝင်၊ အပြစ်ရှိ မရှိ သိလိုပါသည်။ ဖြေကြားတော်မူပါဘုရား။

ဖိုလ်ဝင်းမောင်၊
မြောက်ပိုင်းတိုင်း

**ဖြေ**။ ။ "အနုဇာနာမိ ဘိက္ခဝေ ယသ္မိံ တေလပါကေ မဇ္ဇဿ နဝဏ္ဏော နဂန္ဓော နရသော ပညာယတိ၊ ဝေရူပံ မဇ္ဇံ ပက္ခိတ္တံ တေလံ ပါတုံ" (ရဟန်းတို့ အကြင်ဆီကျက်၌ သေအရက်၏ အဆင်း၊ အနံ့၊ အရသာ သည် မထင်ရှား။ ဤသို့သဘောရှိသော သေအရက်ထည့်သော ဆီကို

သောက်စိမ့်သောငှာ ခွင့်ပြု၏။) ဤ 'ဝိနည်းမဟာဝါ ပါဠိတော်'ကို ထောက်၍ဆေးမှာလည်း သေအရက်၏အဆင်း၊ အနံ့၊ အရသာ မထင်ရှားလျှင် သောက်အပ်ပါသည်။ ငါးပါးသီလ မပျက်ဟု မှတ်ယူရပါမည်။ ဆေးလိပ်၊ ဆေးစပ်များတွင် အရက်ထည့်၍ စပ်သဖြင့် ထိုဆေးလိပ်များကို သောက်လျှင် ငါးပါးသီလပျက်မပျက် မေးသူများအဖို့လည်း ဤအဖြေ အတိုင်းပင် မှတ်သားစေလိုပါသည်။

*

## ပုထုဇဉ်နှစ်မျိုး

**မေး။** ။ ဆရာတော်ဘုရား၊ ကလျာဏပုထုဇဉ်နှင့် အန္ဓပုထုဇဉ်တို့၏ အကျင့်စရိုက် မည်ကဲ့သို့ ထူးခြားပါသနည်း။ ရှင်းလင်းပေးတော်မူပါဘုရား။

မောင်ချစ်ကိုကို (ကျောက်ဖြူ)၊
အင်ကြင်းရိပ်ငြိမ်၊ သံဖြူဇရပ်မြို့

**ဖြေ။** ။ ခန္ဓာငါးပါး၊ အာယတန တစ်ဆယ့်နှစ်ပါး၊ ဓာတ်တစ်ဆယ့်ရှစ်ပါး၊ သစ္စာလေးပါးတို့ကို သိသောပုထုဇဉ်သည် ကလျာဏပုထုဇဉ်ဖြစ်သည်။ ၎င်းခန္ဓာအာယတန ဓာတ်သစ္စာတို့ကို မသိရှိသောပုထုဇဉ်သည် အန္ဓပုထုဇဉ် ဖြစ်ပါသည်။ ပုထုဇဉ်ဟူသည်မှာ သောတာပန်စသည့် အရိယာ မဖြစ်သေး။ ကိလေသာမြေး ထူပြောသူများဖြစ်သည်။ ကလျာဏပုထုဇဉ်မှာ သေက္ခဘုံသို့ ရှေးရှုနေသော သူတော်ကောင်း သူမြတ်လောင်းများ ဖြစ်နေသူဖြစ်၍ အကုသိုလ် ဒုစရိုက်မှ ကင်းစင်အောင် နေထိုင်တတ်သူ ဖြစ်ပါသည်။ အန္ဓပုထုဇဉ် ဟူသည်မှာ တရားမယှဉ်သော ပုထုဇဉ်မိုက်ဖြစ်သည်။ "မျက်ကန်းဟဋ္ဌေမကြောက်"ဟူသော စကားအတိုင်း အကုသိုလ် အမိုက်ထဲတွင် လူးလဲနေသူဖြစ်သည်ဟု မှတ်သားသင့်ပါသည်။

*

## ဘုရားရှိခိုး ပရိတ်ရွတ်ခြင်းများ

**မေး။** ။ ဆရာတော်ဘုရား၊ ဘုရားရှိခိုးခြင်း၊ ပရိတ်တော်ရွတ်ခြင်း၊ မေတ္တာပို့ခြင်း၊ ပုတီးစိပ်ခြင်းနှင့် တရားထိုင်ခြင်းအားဖြင့် မည်ကဲ့သို့သော အကျိုးကျေးဇူးများ ရရှိပါသနည်း။ ဖြေကြားပေးတော်မူပါဘုရား။

မကေသီ၊ ခတ္တိယရွာ၊ ပန်းတောင်းမြို့

**ဖြေ။** ။ လူ့ဘဝတွင် အိမ်ရာတည်ထောင်၍ သားမယား၊ လင်သား၊ စီးပွား အိုးအိမ်တို့ဖြင့် နေထိုင်ကြသူ ဟူသမျှတို့မှာ အရွယ်ထောက်၍ သေခါနီးအချိန်သို့ ရောက်လာကြသောအခါ မိမိသားမယား၊ လင်သား၊ စီးပွားအိုးအိမ်တို့နှင့် ခွဲခွာရန် အလွန်စိုးရိမ်ပူပန်ကြရသည်။ သေခါနီး၌ ဝိုင်းဝန်းပြုစုနေသော သားသမီး စသည်တို့ကြောင့်လည်း အသေမဖြောင့်နိုင်ဘဲ ရှိကြရသည်။ ထိုစဉ် သေလွန်သွားလျှင် ကောင်းရာသုဂတိသို့ အလွန်ရောက်ခဲပြီး ဒုဂ္ဂတိဖြစ်သော နိရယ ပေတ တိရစ္ဆာန်ဂတိသို့သာ ရောက်သွားကြရကုန်၏။ ဗုဒ္ဓဘာသာ သမ္မာနွယ်ဝင် သူတော်စင်တို့ကား မိမိအသက်အရွယ် ငယ်စဉ်ကာလမှစ၍ ဘုရားရှိခိုးခြင်း၊ ပရိတ်တော်ရွတ်ခြင်း၊ မေတ္တာပို့ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းတို့ကို ထပ်ခါတလဲလဲ အထုံပါရမီစွဲအောင် အမြဲပြုလုပ်လာခဲ့ကြသဖြင့် ထိုသေခါနီးအချိန်ကာလတွင် သားမယား၊ လင်သား၊ စီးပွားအိုးအိမ် စည်းစိမ်ချမ်းသာ စွဲလမ်းစရာများကို ကျော်လွှား၍ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့် တတ်အားသမျှ ပြုလုပ်ခဲ့သော ဒါန၊ သီလ၊ ဘာဝနာတရားများ၊ ဘုရားရှိခိုးမှု၊ ပရိတ်ရွတ်မှု၊ ကုသိုလ်ကောင်းမှုများသာ ထင်မြင်၍ ကောင်းမွန်သော ကံ ကမ္မနိမိတ်၊ ဂတိနိမိတ်များထင်၍ လူ့ရွာနတ်ရပ် ကောင်းမြတ်သည့် သုဂတိဘဝများသို့ ရောက်နိုင်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်မှန်သမျှ နိစ္စဓူဝ ဘုရားရှိခိုးခြင်း စသည်များကို ပြုနေကြခြင်းဖြစ်ကြောင်း အမြင်ရှင်းကြရန်လိုပေသည်။

*

## သာဓုခေါ်ခြင်း အမျှဝေခြင်း

**မေး**။ ။ကောင်းမှုကုသိုလ်ပြုလုပ်သူ ကိုယ်တိုင် အမျှပေးဝေခြင်း မရှိ၊ ကုသိုလ်ပြုနေသည်ကို ကြားသိရရုံဖြင့် သာဓုခေါ်ခြင်းမျိုးမှာ ကုသိုလ်ရ မရ သိလိုပါသည်။ ထို့ပြင် မိမိပြုသော ကုသိုလ်ကို အမျှဝေခြင်း ကကော မည်သို့အကျိုးရကြောင်း ဖြေကြားပေးစေလိုပါသည် ဘုရား။

ဒေါ်မြသွေး၊ ချော်တွင်းကုန်း

**ဖြေ**။ ။ သာဓုခေါ်ခြင်းမှာ ပတ္တာနုမောဒန ပုညကိရိယဝတ္ထု ဖြစ်သည်။ ဒါန အစရှိသော ပုညကိရိယဝတ္ထုကိုးပါး ပြုလုပ်ကြသည်ကို တွေ့မြင် ကြားသိရလျှင် ဣဿာ မစ္ဆရိယ လွတ်ကင်း သန့်ရှင်းသော စေတနာ ကောင်းလှစွာသော စိတ်နှလုံးဖြင့် ရွှင်ပြုံးဝမ်းမြောက်လျက် နှုတ်ဖြင့် မြွက်ဖော်၍ သာဓုခေါ်ခြင်းဖြင့် ဤပတ္တာနုမောဒန ကုသိုလ်ဖြစ်လေသည်။ ကုသိုလ်ရှင်တို့က အမျှဝေသည်ဖြစ်စေ၊ မဝေသည်ဖြစ်စေ မိမိက ဖော်ပြပါအတိုင်း ဝမ်းသာဝမ်းမြောက် ဖြိုးမောက်သောသဒ္ဓါ ဣဿာ မစ္ဆရိယ ကင်းရှင်းစွာ သာဓုခေါ်နိုင်ဖို့ အရေးကြီးပါသည်။ ဤခေတ်တွင် ဒါနကုသိုလ်ပြုရာ၌သာ အများအားဖြင့် အမျှဝေကြသည်။ သီလ၊ ဘာဝနာ စသော ကုသိုလ်များကို ပြုလုပ်ရာ၌ အမျှဝေရန် သတိမရကြပေ။ ပတ္တာနုမောဒန ပုညကိရိယအမှု သာဓုခေါ်ခြင်းကား ပုညကိရိယ ၁၀ ပါးတွင် မိမိမှလွဲ၍ အခြားဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ဓမ္မဿ ဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ ပုညကိရိယ ၉ ပါးလုံးကိုပင် သာဓုခေါ်၍ အကျိုးရှိကြောင်း၊ အမျှဝေ မဝေ သာဓုခေါ် နိုင်ကြောင်း မှတ်သားနိုင်၏။ အမျှဝေ၍ ကုသိုလ်အဆင့်ဆင့် တိုးပွားပုံကို မိမိလက်မှ ဖယောင်းတိုင်မီးကို အခြားဖယောင်းတိုင်များသို့ ကူးညှိထွန်း လင်းစေရာ၌ မိမိလက်ထဲက မီးရောင် မလျော့သည့်ပြင် မီးရောင်တိုး၍ လင်းသည့် ဥပမာဖြင့် မှတ်သားသင့်ပေသည်။

*

## ဝိကာလဘောဇနာ

**မေး။** ။အရှင်ဘုရား၊ တပည့်တော်သည် ဥပုသ်နေ့တိုင်း ဥပုသ်စောင့် ရှစ်ပါးသီလခံယူပါသည်။ ထိုအခါ ဝိကာလဘောဇနာကို မဆိုဘဲ လွတ်၍ ကျောင်းတွင် သီလဆောက်တည်ပါသည်။ တစ်နေကုန်နေ၍ ညနေအိမ်ပြန်လာပြီး ရေမိုးချိုး ထမင်းစားပါသည်။ သို့သော် စိတ်မရှင်းလင်းပါ၍ ရှင်းလင်းအောင် ဖြေကြားပေးတော်မူပါဘုရား။

ဦးဝင်းဆွေ (ကုန်သည်)

အောင်ဇေယျကွက်သစ်၊ မြင်းမူမြို့၊ စစ်ကိုင်းတိုင်း

**ဖြေ။** ။ 'အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ'ဟု စာတွင်ဆိုထားပါသည်။ အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလဟု ခေါ်ဆိုသဖြင့် အင်္ဂါရှစ်ပါး မပြည့်လျှင် ဥပုသ်သီလ မမည်နိုင်။ ဥပုသ်သည် မခေါ်နိုင်။ ဝိကာလဘောဇန သိက္ခာပုဒ်သည် အရေးကြီးသော သိက္ခာပုဒ်ဖြစ်၍ ဂဝေသီဥပါသကာစသည့် သူတော်ကောင်းတို့သည် ရှစ်ပါးသီလဥပုသ် မစောင့်နိုင်သေးမီမှာပင် ငါးပါးသီလတွင် ဝိကာလဘောဇနထည့်၍ ၆ ပါးသီလ စောင့်ကြပါသည်။ မြတ်စွာဘုရား သာသနာတော်ကြီးနှင့် တွေ့ကြုံရခိုက် အလွန်မွန်မြတ်လှစွာသော သရဏဂုံအရင်းခံ အဋ္ဌင်္ဂဥပေါသထ သီလတော်ကြီးကို လက်ရောက်ရနိုင်ပါလျက် ညစာထမင်းတစ်နပ်မျှ မစွန့်ပယ်နိုင်၍ ရှစ်ပါးသီလအပြည့် မခံယူနိုင်သည်မှာ အလွန်ဝမ်းနည်းစရာကောင်းလှပါသည်။ ဝိကာလဘောဇန ညစာစားမှုသည် သီလအားလုံးတွင် ပဓာနအကျဆုံး ဗြဟ္မစရိယ အကျင့်မြတ်ကြီး၏ အနီးကပ်တံတိုင်းကြီးဖြစ်၍ ယင်းဝိကာလဘောဇန ပျက်လျှင် ဗြဟ္မစရိယအကျင့်ကြီးလည်း ယိမ်းယိုင်သွားနိုင်ပေသည်။ 'ဤတစ်ရက်မှာတော့ ထမင်းမစား၍ အူအသည်းများကြွေပြုတ်၍ပင်သွားပါစေ၊ ဤသီလကိုတော့ ငါမဖျက်တော့'ဟူသော အဓိဋ္ဌာန်ဖြင့် ဆာလောင်မွတ်သိပ်မှုကို လိုမ့်၍ ခံနိုင်လေလေ၊ ကုသိုလ်တိုး၍

အကျိုးရှိလေလေဟု အမှတ်ထား၍ ကြိုးစား အားထုတ်ရန်သင့်ပါကြောင်း ဖြေကြားလိုပါသည်။

*

## ရှင်စူဠပန် ဉာဏ်ကောင်းဂါထာ

**မေး။** ။ အရှင်ဘုရား၊

မြတ်စွာဘုရားလက်ထက်က အလွန်ဉာဏ်လေးသော စူဠပန်ထေရ်အား ဉာဏ်ကောင်းစေရန် မြတ်စွာဘုရားက ဂါထာတစ်ပုဒ်ပေးသည်ဟု သိရပါသည်။ အရှင်စူဠပန်ထေရ်သည် ထိုဂါထာကို အကြိမ်ကြိမ်ရွတ်၍ ပုတီးစိပ်သောအခါ ဉာဏ်ကောင်းကာ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်သွားသည်ဟု ဆိုပါသည်။ ထိုမြတ်စွာဘုရားပေးသော ဂါထာကို ကျက်မှတ်လိုပါသဖြင့် ဖော်ထုတ်ရေးသား ချီးမြှင့်တော်မူပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

ကိုထွင့် (ဆေးတက္ကသိုလ်)

**ဖြေ။** ။ စူဠပန္ထကမထေရ်သည် ဝင့်ကြွေးကြောင့် ဂါထာတစ်ပုဒ်ကိုပင် လေးလကျက်၍ မရနိုင်လောက်အောင် ဉာဏ်လေးသဖြင့် နောင်တော် မဟာပန္ထကမထေရ်က ကျောင်းတိုက်မှ နှင်ထုတ်လိုက်ပါသည်။ ရဟန္တာဖြစ်နိုင်သည့်အကြောင်းပါရမီကို မြင်တော်မူ၍ မြတ်စွာဘုရားက ခေါ်တော်မူကာ ဖြူဖွေးသော အဝတ်စတစ်စကို ပေး၍ "ရဇောဟရဏံ ရဇောဟရဏံ"ဟု အကြိမ်ကြိမ်ရွတ်ဆိုစေခဲ့ပြီး အဝတ်ဖြူစကို ပွတ်သပ်စေ၊ ဆုပ်နယ်စေပါသည်။ ရဇောဟရဏံ ဟူသောပါဠိမှာ "မြူအညစ်အကြေးကို ဆောင်သည်"ဟု ဆိုလိုပြီး ဖြူစင်သောအရာဝတ္ထုမှန်သမျှ မမြဲ၊ ညစ်မည်းရမည်သာဟု ထင်မြင်အောင် ကြံဆောင်တရားပြလိုက်ခြင်းပင် ဖြစ်ပါသည်။ ဂါထာပေးခြင်း၊ ပုတီးစိပ်စေခြင်း မဟုတ်ပါ။ သို့သော် ရဇောဟရဏံကို ပုတီးစိပ်သည့်ပမာ အထပ်ထပ် ရွတ်ဆိုနေစဉ်ပင် အဝတ်ဖြူစ

www.dhammaransi.com

ညစ်မည်း၍ "ဤအဝတ်စသည် အလွန်ဖြူစင်၏၊ ဤငါ၏ အတ္တဘော ခန္ဓာကို မှီ၍ ရေးသဘောကို စွန့်ကာ ဤနှယ် ညစ်နွမ်းသွားရပါတကား၊ သင်္ခါရတရားတို့ကား မမြဲပါတကား"ဟု တရားမြင်ကာ ဝိပဿနာပွား များ၍ ပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ ရောက်သွားရပါသည်။ ထိုရဟော ဟရဏ်ကိုပင် ဂါထာအဖြစ် ရွတ်ဆိုလိုပါက အဝတ်ဖြူစငယ်ကို ဆုပ်နယ် သုံးသပ်၍ အထပ်ထပ် ရွတ်ပွားရန်ပင် ဖြစ်ပါသည်။

*

## ဘုရားပန်းများကို ပြုပြင်ပူဇော်ခြင်း

**မေး။** ။ ဆရာတော်ဘုရား၊ ဘုရားတွင် ပန်းများဖြင့် ရှိခိုးပူဇော်၍ ၎င်းပန်း များကို တန်ဆောင်းကြီးအတွင်းက ပြည့်ကျပ်နေသော ပန်းအိုးများ တွင် မထိုးဘဲ မပြည့်မကျပ်သော အခြားတန်ဆောင်းငယ်များရှိ ပန်းအိုး များသို့ သွားရောက်ထိုးသည့် ပူဇော်ခြင်းသည် အပြစ်ဖြစ်ပါသလားဘုရား။

မမာမာ၊ စံရိပ်ငြိမ်၊ ကမာရွတ်။

**ဖြေ။** ။ ပြည့်ကျပ်ရှုပ်ထွေးနေသော ပန်းအိုးများမှ ပန်းများကို (မိမိလှူမည့် ပန်းကိုဖြစ်စေ၊ အခြားသူ လှူထားသည့် ပန်းကိုဖြစ်စေ) ကောင်းမွန် စွာပြုပြင်၍ ပန်းနည်းသော ပန်းအိုးများ၌ မျှ၍ပူဇော်ခြင်း၊ များပြားနေသော တန်ဆောင်းမှပန်းများကို ပန်းနည်းပါးသော တန်ဆောင်းသို့ ရွှေ့ပြောင်း ပြုပြင်၍ ကြည်ညိုဖွယ်ဖြစ်အောင် လှူဒါန်းခြင်းတို့မှာ အပြစ်မဖြစ်သည့် ပြင် ကုသိုလ်ဖြစ်ပါသည်။ ဝိမာနဝတ္ထုပါဠိတော် (သုနိက္ခိတ္တ ဝိမာနဝတ္ထု၊ ခု၊ ၂။ ၁၂၄)၌ ဒါယကာတစ်ဦးသည် ကဿပမြတ်စွာဘုရားစေတီတော် ၌ ပရိသတ်လေးပါးတို့ လှူထားခဲ့၍ ဖရိုဖရဲဖြစ်နေသော ပန်းများကို ကြည်ညိုဖွယ်ဖြစ်အောင် ပြုပြင်လှူဒါန်းခဲ့ဖူးသော ကောင်းမှုကံကြောင့် တာဝတိံသာနတ်ပြည်၌ ရွှေဗိမာန်ဖြင့် အခြံအရံ၊ တန်ခိုးဂုဏ်ကြီးမားသော နတ်သားဖြစ်ရကြောင်း "ဒုန္နိက္ခိတ္တံ မာလံ သုနိက္ခိပိတွာ ပ ဒိဗ္ဗေဟိ ကာမေ

ဟိ သမ်ဂိဘူတော”စသည်ဖြင့် ဟောတော်မူထားချက် ရှိပါသည်။ ထို့ကြောင့် ဘုရားတန်ဆောင်းများအတွင်းရှိ ပန်းအိုးများတွင် ပန်းများ ပြည့်ကျပ်နေခြင်း၊ အနေအထား မလှပခြင်း၊ ဖရိုဖရဲဖြစ်နေခြင်းတို့ကို တွေ့လျှင် ပြင်ဆင်ပူဇော်ခြင်း၊ အခြားနေရာရှိ လွတ်နေသော ပန်းအိုးများတွင် ခွဲ၍ ပူဇော်ခြင်း၊စွန့်တန်က စွန့်ပစ်ခဲ့ခြင်းတို့ကို ပြုလုပ်သင့်သည်သာဖြစ်ကြောင်း ဖြေကြားလိုပါသည်။

*

## အရပ်မျက်နှာ ဘုရားစင်ထားစရာ

**မေး။** ။ဆရာတော်ဘုရား၊ တပည့်တော်မတို့ ဗုဒ္ဓဘာသာအိမ်များတွင် ဘုရားစင်ကို အိမ်၏အရှေ့အရပ်၊ တောင်အရပ်တို့တွင် အများဆုံး ထား၍ ကိုးကွယ်ကြပါသည် ဘုရား။ သို့သော်လည်း တပည့်တော်မတို့ နေသော နေရာမှ အိမ်အချို့သည် ဘုရားစင်ကို မြောက်အရပ်၊ အနောက်အရပ်တို့တွင်ထား၍ ကိုးကွယ်နေကြပါသည် ဘုရား။ (၁) ဤသို့ ဘုရားစင်ကို မည်သည့်အရပ်တွင်မဆို ထား၍ ကိုးကွယ်နိုင်ပါသလားဘုရား။ (၂) မည်သည့်အရပ်တွင် ထား၍ ကိုးကွယ်သင့်ပါသလဲ ဘုရား။ ပြန်လည် ရှင်းလင်း ဖြေကြားပေးစေလိုပါသည် ဘုရား။

သရဖီ၊ သုဝဏ္ဏမြို့။

**ဖြေ။** ။ “...ထိုအခါ မြတ်စွာဘုရားသည် ခြေဆေး၍ မင်းကွန်း (လွှတ်ရုံး အဆောက်အအုံ)သို့ ဝင်ပြီးလျှင် အရှေ့အရပ်သို့ မျက်နှာမူကာ ထိုင်နေတော်မူ၏။ ပါဝါပြည်သား မလ္လာမင်းတို့သည်လည်း ခြေဆေးကုန်၍ မင်းကွန်းသို့ ဝင်ကုန်ပြီးသော် အနောက်အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ ထိုင်ကြကုန်၏။” (ပါထိကမြန်မာပြန်၊ သင်္ဂီတိသုတ် ၁၆၉) ဖော်ပြပါကောက်နုတ်ချက်မှာ ပါဠိတော်လာ မြတ်စွာဘုရားနှင့် မလ္လာမင်းတို့ ထိုင်ပုံကိုပြ၏။ မြတ်စွာဘုရားက အနောက်က၊

လူပုဂ္ဂိုလ်များက အရှေ့ဘက်က နေပုံဖြစ်၏။ ထို့အတူ မြတ်စွာဘုရား ပွင့်တော်မူသည်မှာလည်း ဗောဓိပင်ကို မှီလျက် အရှေ့(ယွန်းယွန်း)သို့ မျက်နှာမူ၍ ပွင့်တော်မူ၏။ ပရိသတ်များက အရှေ့ဘက်မှ အနောက်ဘက် ဘုရားရှိရာသို့ မျက်နှာမူကြရကုန်၏။ ဆိုလိုသည်မှာ အရပ်မျက်နှာသည် ပမာန မဟုတ်။ မြတ်စွာဘုရားရှိရာသည်သာ အထွတ်အမြတ် ပမာန ဖြစ်၏။ အိမ်မှာလည်း အထွတ်အမြတ် အသင့်လျော်ဆုံး နေရာမှာ ဘုရား ဆောင်၊ ဘုရားခန်းထား၍ ယင်းဘုရားရှိရာကိုပင် အထွတ်အမြတ်ပြုထိုက် ပါသည်။ မည်သည့်အရပ်ဟူ၍ မဆိုသာပါ။ သင့်လျော်သလိုပင် ထားနိုင် ပါသည်။ ရန်ကုန်မြို့တွင် အနောက်ဘက်၊ မြောက်ဘက်တို့၌ ဘုရားထား သော ကျောင်း၊ တန်ဆောင်း၊ ဓမ္မာရုံများ များစွာပင် ရှိနေကြပါသည်။

*

## စေတီပုထိုးတည်ခြင်း

**မေး။** ။ အရှင်ဘုရား၊ တပည့်တော်လျှောက်ထားမေးမြန်းလိုသည်မှာ စေတီ ပုထိုး တည်ထားရာတွင် အသစ်တည်ထားရာ၌ဖြစ်စေ၊ အဟောင်း ပြုပြင်ရာ၌ဖြစ်စေ လုပ်ဆောင်ပုံများကို လောကီလောကုတ္တရာ နည်းဥပဒေ ပုံသေရှိ မရှိနှင့် စေတီပုထိုးတည်မှုမှာ 'အချည်းနှီး အကျိုးမရှိ'ဟု အချို့ ဆိုကြသည်မှာ ဟုတ် မဟုတ် ဖြေကြားပေးစေလိုပါသည် ဘုရား။

ကိုအောင်ချို၊ မသန်းနုစ်၊ ဝင်မနားရွာ၊ ကနီမြို့နယ်

**ဖြေ။** ။ စေတီပုထိုး တည်ထားမှုနှင့်စပ်၍ လောကုတ္တရာနည်းဟူ၍ကား မရှိ။ လောကီနည်းအားဖြင့်ကား ကူးခမ်းမြို့ မြောက်မျက်နှာ၊ ရွှေဥမင် ဆရာတော်ဘုရားကြီးစီရင်သော ထုံးကိုမှီ၍ပြုစုထားသော သတ္တု ရူပက ဝိလာသနီကျမ်းတွင် အကျယ်ဖော်ပြပါရှိသည်ကို ဖတ်ရှုရသည်။ လိုရင်းမျှ ထုတ်နုတ်ဖော်ပြရသော "ဓကောဓေယျော ဒွေသိဒ္ဓိ"စသော ဂါထာဖြင့် မိမိတည်လိုသော စေတီ၏ ဉာဏ်တော်အတောင်ကို မိုက်ဖွဲ့၍

www.dhammaransi.com

၇ ဖြင့် စားပါ။ ၁ ကြွင်းလျှင် ဓေယျ၊ ၂ ကြွင်းလျှင် သိဒ္ဓိ၊ ၃ ကြွင်းလျှင် ဒုက္ခ၊ ၄ ကြွင်းလျှင် လာဘ၊ ၅ ကြွင်းလျှင် မရဏ၊ ၆ ကြွင်းလျှင် သုခ သမ္ပတ္တိ၊ ၇ (သုည)ကြွင်းလျှင် သုည (သုဉ်း ပျက်စီး)နှင့် ကလဟဟု ဆိုပါသည်။ ထို့အတူ အဝန်းကို ၈ ဖြင့်စား၍ ၁ ကြွင်းလျှင် တံခွန်၊ ကုန်သည်တို့နှင့်သင့် (ကုန်သည်တို့ ကိုးကွယ်သင့်)၊ ၂ ကြွင်းလျှင် အခိုး ရဟန်း ပုဏ္ဏား၊ ၃ ကြွင်းလျှင် ခြင်္သေ့ပြည့်ရှင်မင်း၊ ၄ ကြွင်းလျှင် ခွေး တောသားမုဆိုး၊ ၅ ကြွင်းလျှင် နွား သူဆင်းရဲ၊ ၆ ကြွင်းလျှင် မြည်း သူဌေးသူကြွယ်၊ ၇ ကြွင်းလျှင် ဆင် အမတ်စစ်သူကြီး၊ ၈(သုည) ကြွင်း လျှင် ကျီး ပြည့်တန်ဆာမတို့နှင့် ဆိုင်ကြောင်း ဖော်ပြထားသည်။ ထို့အတူ ပန်းလည်တိုင် (ပိန္နဲတိုင်)ကိုလည်း မိုက်ဖွဲ့၊ ၇ ဖြင့်စား၍ အကြွင်း ကို ကြည့်ပြီး ဟောပုံ၊ အုတ်မြစ်ချပုံ၊ ဌာပနာပုံများ ပါရှိသေးသည်။ ဤတွင် မဖော်ပြသာပါ။ အဟောင်းကို ပြင်ဆင်ရာ၌ကား မူလဉာဏ်တော်ထက် အနည်းငယ်မြင့်၍ တည်ရကြောင်း အဆိုရှိပါသည်။ ဤသို့ စေတီပုထိုး များ တည်ထားကိုးကွယ်မှုမှာ မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်၊ ဥဒ္ဒိဿစေတီတော်များကို ဌာပနာ၍ ကိုးကွယ်ခြင်းဖြစ်သဖြင့် ဓာတုစေတီ၊ ပရိဘောဂစေတီတော်ကို ပူဇော်ရခြင်းဖြစ်၍ သက်တော်ထင်ရှား မြတ်စွာ ဘုရားအား ပူဇော်ရခြင်းနှင့် ထပ်တူပင်ဖြစ်ကြောင်း ဝိမာနဝတ္ထုပါဠိတော်၊ အပဒါန်ပါဠိတော်များ၌ ဟောတော်မူထားပါသည်။ အချည်းနှီး အကျိုး မရှိဟု မဆိုထိုက်။ လွန်စွာပင် အကျိုးရှိကြောင်း မှတ်သားသင့်ပါသည်။

*

## ကံ

**မေး**။ ။ ဆရာတော်ဘုရား၊ လူတွေဟာ ကံစီမံရာအတိုင်းပဲ တကယ်ဖြစ်ကြ ရတာလားဘုရား။ လူ့ရဲ့လုပ်ဆောင်မှု တစ်ခုခုကြောင့် ကံဟာ ပြောင်းလဲသွားနိုင်ပါသလား ဘုရား။ ဒါမှမဟုတ် မွေးဖွားရာမှစ၍ ယခု

အချိန်အထိ ဒီလိုဖြစ်ရမည့်ကံပါလို့သာ ဖြစ်နေကြရတာပါလား။ လူတွေရဲ့ စိတ်တွေဟာ ကံနှင့်သက်ဆိုင်ပါသလား ဘုရား။ လုပ်ငန်းတစ်ခုဟာ မိမိရဲ့ စိတ်ဓာတ်ပျော့ညံ့မှု၊ ကျဆင်းမှုကြောင့် မအောင်မြင်ဘဲ ဖြစ်လာတဲ့ အခါ ဒီလိုမအောင်မြင်ရမယ့်ကံ ပါနေလို့သာ စိတ်ဓာတ်ပျော့ညံ့မှု၊ ကျဆင်းမှုတွေ ကြဲဖန်ပြီး ဖြစ်ပေါ်လာနေရတာလား ဘုရား။ ဒါမှမဟုတ် မိမိရဲ့ညံ့ဖျင်းမှုကြောင့် အောင်မြင်ရမယ့်ကံဟာ ပြောင်းလဲပြီး မအောင်မမြင် ဖြစ်သွားတာလား။ ဖြေကြားပေးတော်မူပါဘုရား။

သင်းသင်းခိုင်၊ အမှတ် ၂၊ ဘူတာရပ်၊ မတ္တရာမြို့

**ဖြေ**။ ။ ဤသို့ ဘာကိစ္စဖြစ်ဖြစ် “ကံ”ကြောင့်ဖြစ်ရသည်ဟုဆိုလျှင် မမှန် ပါ။ ဤစွဲလမ်းမှုမျိုးကို “ပုဗ္ဗေကတဒိဋ္ဌိ”မျိုးဟု ဒိဋ္ဌိအယူတစ်မျိုး ဟူ၍ ဆိုပါသည်။ ကံကို လုံးဝစွန့်ပစ်ရမည်ကား မဟုတ်။ ကုသိုလ်ကံ ကြောင့် လူ့ဘဝဟူသော သုဂတိဘုံဘဝသို့ ရောက်လာရသည်။ တစ်နည်း ဆိုသော် ကံက ဘဝလမ်းကြောင်းပေါ်သို့ အရောက်ပို့ပေးလိုက်သည်။ ဤဘဝလမ်းကြောင်းပေါ်သို့ ရောက်လာရသည့်အခါ မိမိ၏ဉာဏ်၊ ဝီရိယ တို့ဖြင့် သွားလာလုပ်ကိုင်ရှာဖွေ ပြုလုပ်မှုတို့ဖြင့် လူချင်းတူ၊ သူချင်း မျှအောင် လုပ်ကိုင်ရှာဖွေကြရမည် ဖြစ်ပါသည်။ ဥပမာ မိမိအမိုပြုရာ၊ အားထားရာ ပုဂ္ဂိုလ်ကြီးတစ်ဦးက ရာထူးနေရာ ကစ်ခုရရန် အကူအညီပေး ၍ ရာထူးနေရာရလာခြင်းမှာ ကံ၏စီမံပေးမှုနှင့် တူသည်။ ထိုရာထူးနေရာ ၌ မြဲရန်၊ တိုးတက်ရန်၊ စားဝတ်နေရေး ဖူလုံရန်၊ ရာသက်ပန် လူချင်း သူချင်း တူညီရန်၊ စီးပွားဥစ္စာပြည့်စုံရန် စသည်တို့ကား မိမိ၏ ကြံဖန် ကြိုးစားမှု၊ ဉာဏ်၊ ဝီရိယတို့ပေါ်မှာသာ တည်ပါသည်။

မြတ်စွာဘုရားလက်ထက်တော်က မဟာဓနသူဌေးသည် ပထမ အရွယ်၌ ကြိုးစားလျှင် ပထမတန်းသူဌေးကြီး၊ ရဟန်းဝတ်၍ ကြိုးစားလျှင် ရဟန္တာဖြစ်နိုင်သော ကံပါလာသော်လည်း ငါ့တစ်သက် စားမကုန်ဟုဆို

ကာ ဘာမျှမလုပ်ဘဲ သုံးဖြုန်းပစ်လိုက်သည်။ နောက်ဆုံး တောင်းရမ်းစား သောက်ရကာ ဇရပ်တွင် သေရလေ၏။ ထို့ကြောင့် နေရာတကာ အဖြစ် အပျက်အားလုံးတွင် ကံကို မစွဲလမ်းမိရန် အရေးကြီးလှပေသည်။

*

## ဗေဒင်ကိစ္စ

**မေး။** ။ အရှင်မြတ်ဘုရား၊ မြတ်မင်္ဂလာ (အတွဲ ၁၀၊ အမှတ် ၁)စာစောင် ဆောင်းပါးတစ်ပုဒ်တွင် ဗေဒင်ဟောပြောခြင်း စသောကိစ္စများ သည် အသုံးမကျသော စွဲလမ်းမှုများသာဖြစ်၍ ဗုဒ္ဓ(မြတ်စွာဘုရား)က သူ၏တပည့်များအား ထိုအလေ့အကျင့်များမှ ရှောင်ရှားကြရန် မှာကြား ကြောင်း ရေးသားဖော်ပြထားပါသည်။ တစ်ဖန် မဟာဗုဒ္ဓဝင် (ပထမတွဲ၊ ဒုတိယပိုင်း၊ ၅၃၁)တွင် မြတ်စွာဘုရားအလောင်းတော်သည် ကဿပ မြတ်စွာဘုရား လက်ထက်တော်၌ ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းခတ် တတ်မြောက်ပြီး ကျော်စောထင်ရှားသူဖြစ်ကြောင်း လေ့လာဖတ်ရှုရပါ သည်။ မသိနားမလည်သူများအတွက် လမ်းမှားသို့ ရောက်ရှိသွားနိုင်ပါ သဖြင့် သနားသည်းခံ ဖြေရှင်းပေးတော်မူပါဘုရား။

ဦးစိန်ထွန်း၊ တမာကုန်းရွာသစ်၊ ဆင်တဲ၊ ပြည်

**ဖြေ။** ။ မြတ်စွာဘုရား၏ တပည့်သာဝက (ရဟန်းသံဃာ) များအား သာသနာတော်၌ ပရိယတ်၊ ပဋိပတ်အားထုတ်မှု၊ ဂန္ထဓူရ, ဝိပဿ နာဓူရ နှစ်ပါးတို့မှတစ်ပါး အခြားဗေဒင်စသည်တို့ကို လေ့လာသင်ကြား ဟောပြောခြင်း စသည်တို့မှာ သာသနာပျက်စီးကြောင်းများဖြစ်၍ မြတ်စွာ ဘုရားက အားမပေးရုံမျှမက လုံးဝပြုလုပ်ရန် ခွင့်မပြုခဲ့ပါ။ ဗုဒ္ဓဝင်လာ ဘုရားအလောင်းတော်မှာ ပုဏ္ဏားမျိုးဖြစ်၍ လူ့ဘဝတွင် ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းခတ် တတ်မြောက်ကျော်ကြားပုံမှာ ပုဏ္ဏားတို့အဖို့ ဂုဏ်ယူ ဖွယ်ဖြစ်၍ ရေးသားခြင်းဖြစ်ပါသည်။ ကဿပမြတ်စွာဘုရားလက်ထက်

အလောင်းတော် ဇောတိပါလ ဘဝသာမက လေးအသင်္ချေနှင့် ကမ္ဘာ တစ်သိန်းထက် သုမေဓာ ပုဏ္ဏားလုလင်ဘဝတုန်းကလည်း ထိုကဲ့သို့ပင် တတ်ကျွမ်းခဲ့ကြောင်း၊ အလားတူ ပုဏ္ဏားလုလင် ဘဝများစွာမှာပင် ဘုရား အလောင်းတော်သည် ဗေဒင်သုံးပုံကို တတ်ကျွမ်းကြောင်းဇာတ်တော်များ စွာပင် ရှိပါသည်။ လူ့ဘဝတွင် တတ်သင့်တတ်ထိုက်သော ပညာရပ်များ ကို တတ်ကျွမ်းရကြောင်း ထင်ရှားစေလို၍ ဖော်ပြရခြင်း ဖြစ်သော်လည်း ရဟန်းဘဝစသည်တို့၌ကား ၎င်းတို့မှာ သာသနာတော်၏ အညစ်အကြေး များသာဖြစ်ကြောင်း ဝိနည်းပိဋကတ်စသည်တို့တွင် ဟောကြားတော်မူလေ့ ရှိပါသည်။

*

## သာသနာတော်၏ အံ့ဖွယ်များ

**မေး**။ ။ ဆရာတော်ဘုရား၊ "အံ့ဖွယ်ရှစ်ဖြာ သာသနာ" ဟု တပည့်တော်များ မှတ်သားရဖူးပါသည်။ အပြည့်အစုံ သိလိုပါသည် ဘုရား။ တစ် ဆက်တည်းပင် အသံတော်ရှစ်ပါးဆိုသည်ကိုလည်း ဖြေကြားပေးတော်မူပါ ဘုရား။

ဦးတင့်ဆွေ၊ ဗိုလ်ချုပ်လမ်း၊ ကလေးမြို့

**ဖြေ**။ ။ အင်္ဂုတ္တိုရ်ပါဠိတော် ပဟာရာဒသုတ်တွင် သမုဒ္ဒရာ၏ အံ့ဖွယ် ၈ ပါးနှင့် ဥပမာပြု၍ သာသနာတော်၏ အံ့ဖွယ်ရှစ်ပါးကို ဟောတော် မူထားပါသည်။ အကျဉ်းချုံး၍ ဖော်ပြပါမည်။ (၁) သမုဒ္ဒရာသည် ကမ်းစပ် မှ အလယ်သို့ တစ်စတစ်စ နက်သွားသကဲ့သို့ သာသနာတော်၌ တစ်စ တစ်စ ကျင့်သွားရသော ကျင့်စဉ် ရှိလေသည်။ (၂) သမုဒ္ဒရာရေ ကမ်းကို မလွန်သကဲ့သို့ သာသနာတော်၌ တပည့်သားတို့သည် သိက္ခာပုဒ်များကို လွန်ကျူး၍ မကျင့်။ (၃) အကောင်ပုပ်များကို သမုဒ္ဒရာက လက်မခံ၊ (ကမ်းသို့ပုတ်၍ တင်ပစ်)သကဲ့သို့ ယုတ်မာသူတို့ကို သာသနာတော်က

လက်မခံ၊ သူ့အလိုလိုပင် သာသနာမှ ဝေးရာသို့ ရောက်သွားရသည်။ (၄) မြစ်ချောင်းတို့သည် သမုဒ္ဒရာသို့ ရောက်လျှင် မူလအမည်ပျောက်၍ သမုဒ္ဒရာဟူသော အမည်သာဖြစ်ရသကဲ့သို့ မည်သည့်အမျိုးမှဝင်၍ ရဟန်းပြုပြု သာသနာတော်သို့ရောက်လျှင် ဘုရားသားတော်သာ ဖြစ်ရသည်။ (၅) မိုးမည်မျှပင်ရွာရွာ၊ နေမည်မျှပင်ပူပူ သမုဒ္ဒရာ၌ ရေအတိုးအလျော့မရှိသကဲ့သို့ နိဗ္ဗာန်ဟူသော ငြိမ်းအေးမှုဓာတ်တစ်မျိုးသည် သာသနာတော်၌ အတိုးအလျော့မရှိ။ (၆) သမုဒ္ဒရာသည် ငန်သောအရသာ တစ်မျိုးတည်းသာရှိသကဲ့သို့ သာသနာတော်၌ လွတ်မြောက်မှု ဝိမုတ္တိရသ တစ်မျိုးတည်းသာ ရှိသည်။ (၇) သမုဒ္ဒရာသည် ရတနာအမျိုးမျိုး၏ တည်ရာဖြစ်သကဲ့သို့ သာသနာတော်သည် သတိပဋ္ဌာန်၊ သမ္မပ္ပဓာန် စသော ဗောဓိပက္ခိယတရား ၃၇ ပါးတို့၏ တည်ရာဖြစ်သည်။ (၈) သမုဒ္ဒရာသည် ကြီးမားသော ငါးသတ္တဝါကြီးတို့၏ နေရာဖြစ်သကဲ့သို့ သာသနာတော်သည် သောတာပန်စသော အရိယာတို့၏ နေရာ ကျင့်သုံးရာ ဖြစ်လေသည်။

အသံတော်ရှစ်ပါးမှာ "သန့်ရှင်း သာယာ၊ သိသာအလွယ်၊ နာဖွယ်တစ်နဲ၊ ဖရိုဖရဲကင်းလျက်၊ လုံး နက် ပဲ့တင်၊ ဤရှစ်အင်၊ မြတ်ရှင်အသံတော်" ဟူသော ဆောင်ပုဒ်အတိုင်းပင် မှတ်သားနိုင်ပါသည်။

*

## သိမ်နှင့် ဓာတ်ကြိုး

**မေး**။ ။ ဆရာတော်ဘုရား၊ သိမ်ထဲတွင် ရဟန်းခံခြင်းအစရှိသော ကံဆောင်မှုများ ပြုလုပ်ရာ၌ လျှပ်စစ်ဓာတ်ကြိုးများ ဆက်သွယ်မှု ဖြတ်တောက်ထားရခြင်း၏ အနှစ်သာရ သဘောကို ရှင်းလင်းပေးတော်မူပါဘုရား။

မောင်စန္ဒ၊ ကျိုက္ကဘာ၊ ဖျာပုံမြို့

www.dhammaransi.com

ဖြေ။ ။ ဓာတ်ကြိုးသည် ရဟန်း:ခံ ကံဆောင်နေသော ဗဒ္ဓသိမ်သို့ အခြား သိမ်တစ်ခုမှ ဆက်သွယ်လာသည်။ ထိုလာရာ သိမ်အတွင်း၌လည်း ရဟန်းရှိနေသည်ဆိုက ယင်းဓာတ်ကြိုး ဆက်သွယ်နေမှုကြောင့် သိမ်နှစ်သိမ်မှ သံဃာသည် ဝဂ္ဂဟူသော အစုကွဲပြားသီးခြားဖြစ်နေပေမည်။ ကံပြုနေသော သံဃာမှာ ဓာတ်ကြိုးလာရာသိမ်ရှိ သံဃာကြောင့် ကံပျက်နိုင်ပါသည်။ ထို့ကြောင့် ဆက်သွယ်နေသောဓာတ်ကြိုးကို ဖြုတ်တောက်ထားရပါသည်။

*

## သာသနာတော်စောင့်နတ်နှင့် ပဋ္ဌာန်းကျမ်း

မေး။ ။ ဆရာတော်အရှင်မြတ်ဘုရား၊

(၁) သာသနာတော်စောင့်နတ်ဟု သံဃာတော်များ ရေစက်ချသည့်အခါ ပါပါသည်။ ၎င်းသာသနာတော်စောင့်နတ်ဟူသည်မှာ ဘယ်လိုပုဂ္ဂိုလ်ဖြစ်၍ သာသနာတော်ကို မည်ကဲ့သို့ စောင့်ရှောက်ပါသလဲဘုရား။

(၂) အဘိဓမ္မာ ၇ ကျမ်းရှိသည့်အနက် မြို့တိုင်း၊ ရွာတိုင်းမှာ ပဋ္ဌာန်းကျမ်းကိုသာ 'အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲ' ဟူ၍ ရွတ်ဖတ်ကြပါသည်။ အခြားသော ကျမ်းများကို အဘယ်ကြောင့် ရွတ်ဖတ်မှု မပြုကြပါသလဲဘုရား။

အောင်ဇော်ဝင်း၊ ရွှေပြည်သာမြို့

ဖြေ။ ။ (၁) သာသနာတော်စောင့်နတ်ဟု အသီးအခြားမရှိသော်လည်း မြတ်စွာဘုရားသာသနာတော်ကို ကြည်ညိုကြသည့် သိကြားမင်း၊ စတုလောကပါလနတ်မင်းကြီးနှင့် မြတ်စွာဘုရား တရားတော်များ အရှည်တည်တံ့ရန် လိုလားကြသည့် နတ်ကောင်း နတ်မြတ်များကို သာသနာတော်စောင့်နတ်ဟူ၍ တင်စားခေါ်ဆိုခြင်း ဖြစ်ပါသည်။ ထိုနတ်ကောင်းနတ်မြတ်တို့သည် မဟာသမယသုတ် စသော တရားတော်များကို နာကြား

www.dhammaransi.com

လို၍ လူ့ပြည်တွင် လှည့်လည်၍နေကြသည်ဟု ဆိုပါသည်။ ထို့ကြောင့် ပရိတ်တော်ရွတ်ဆိုသောအခါ ဖိတ်ကြားခြင်း၊ အထူးပြု၍ အမျှဝေခြင်းများ ပြုလုပ်ကြလျှင် ၎င်းတို့ တရားနာခြင်း၊ သာဓုခေါ်ခြင်းများ ပြုကြကြောင်း အဆိုရှိပါသည်။

(၂) ပရိယတ္တိသာသနာကွယ်လျှင် ဦးစွာအဘိဓမ္မာ ၇ ကျမ်းက စ၍ကွယ်မည်။ အဘိဓမ္မာ ၇ ကျမ်းတွင်လည်း အခက်ခဲဆုံး၊ အနက်နဲဆုံး အနန္တနယသမန္တ ပဋ္ဌာန်းကျမ်းကြီးက စ၍ကွယ်မည်ဟုဆိုပါသည်။ ထို့ကြောင့် ပဋ္ဌာန်းကျမ်းကြီး မကွယ်မပျောက်ရန် ပဋ္ဌာန်းကျမ်းကိုသာ ဦးစားပေး၍ ရွတ်ဆိုနေကြရခြင်းဖြစ်သည်။ ပဋ္ဌာန်းကျမ်း မကွယ်မပျောက်လျှင် အခြားအဘိဓမ္မာကျမ်းများလည်း မကွယ်မပျောက်နိုင်သေး ဟူသော အဓိပ္ပာယ်ဖြင့် အသံမစဲ ပဋ္ဌာန်းရွတ်ပွဲများ ပြုလုပ်နေကြခြင်းဖြစ်ပါသည်။

*

## ကန်တော့ခြင်းနှင့် အခြင်းအရာ

**မေး။** ။ ဇဋိလသူဌေးသည် ပန်းထိမ်သည်ဘဝက ဘုရားကို ပြစ်မှားပြောဆိုမိ၍ ရေမျှောခံရသည်ဟု ဆိုပါသည်။ ထိုပြစ်မှားမှုကို ရွှေပန်းခိုင်ပြုလုပ်၍ ကန်တော့သည်ဟုလည်း ဆိုပါသည်။ သို့ပါလျက် ခုနစ်ဘဝတိုင် ရေမျှောခံရသည်မှာ ကန်တော့လျက် မကျေ၊ မပြေ ဖြစ်ခြင်းပါလား ဘုရား။ ကန်တော့ရာ၌ စိုသောအဝတ်၊ ဆံပင်တို့ဖြင့် ကန်တော့သည်ဟု ဆိုခြင်းမှာ အဘယ်ကြောင့်ပါနည်း ဘုရား။ ထို့ပြင် ယခုခေတ်၌ မိဘ၊ ဆရာသမားတို့အား ပြစ်မှားမိက ဓာတ်ပုံများကို ကန်တော့ခြင်းဖြင့် ပျောက်ကင်းနိုင်ပါသလားဘုရား။

မာလာ၊ ရန်ကုန်

**ဖြေ။** ။ ဇဋိလသူဌေးသည် ပန်းထိမ်သည်ဘဝက ကဿပမြတ်စွာဘုရား ဓာတ်တော်စေတီတည်ရာ၌ ဇနီးနှင့် စိတ်ဆိုးခိုက် အလှူခံလာသော

ရဟန္တာမြတ်အား 'သည်ဘုရားကို ရေမှာသာ မျှောပစ်လိုက်ပါ'ဟု ဝစီကံဖြင့် ပြစ်မှားပြောဆိုမိသည်။ ထိုအတွက် သတိရ၍ ရှေ့ပန်းခိုင်ပြုလုပ်၍ ကန်တော့သည်။ ကန်တော့၍ အပါယ် ဒုဂ္ဂတိဘေးမှ လွတ်ကင်းရလေသည်။ သို့သော် မြွက်မိသော ဝစီကံပြစ်ကြောင့် ခုနစ်ဘဝတိုင်အောင် မွေးစဉ်ရေမျှောခံရသည်။

ကန်တော့ရာ၌ စိုသောအဝတ်၊ စိုသောဆံပင်တို့ဖြင့် ကန်တော့သည်ဟုဆိုရာ တန်းတူအနေဖြင့် မဟုတ်ဘဲ အလွန်နှိမ့်ချသော နိဝါတတရားကို သရုပ်ဖော်၍ ကန်တော့ခြင်းမျိုးဖြစ်ကြောင်း မှတ်သားရဖူးပါသည်။ မိဘ ဆရာသမားတို့အား ပြစ်မှားမိလျှင် သက်ရှိထင်ရှားရှိက မိဘဆရာသမားတို့အား သွားရောက် ရှိခိုး၍ မိမိပြုမိ၊ ပြောမိသည်တို့ကို ကျေနပ်ရန် နှုတ်မြွက်ခွင့်ပန် ကန်တော့ရမည်ဖြစ်ပြီး သက်ရှိထင်ရှားမရှိတော့က မြေပုံ၊ သင်္ချိုင်း၊ အရိုးဂူ စသည်တို့၌ ကန်တော့ရမည်ဖြစ်ကြောင်း ဆိုပါသည်။ ခေတ်အားလျော်စွာ ဆရာမိဘဓာတ်ပုံတို့ကို ကန်တော့ခြင်းမှာလည်း အပြစ်ကင်းစင်ကြောင်း ကောင်းသော အပြုအမူပင် ဖြစ်ပါသည်။

*

## တရားမဟောရန် စိတ်အကြံ

**မေး။** ။ဆရာတော်အရှင်ဘုရား၊ ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် သတ္တဝါများအား တရားမဟောရန် စိတ်အကြံဖြစ်ကြောင်း ဖတ်ရဖူးပါသည်။ အဘယ်ကြောင့်ဤသို့ စိတ်အကြံဖြစ်ရပါသနည်းဘုရား။ အတိတ်မှ ပွင့်ပြီးသော ဘုရားရှင်တို့နှင့် နောင်ပွင့်လတ္တံ့သော ဘုရားရှင်တို့လည်း ထိုကဲ့သို့ စိတ်အကြံဖြစ်မဖြစ် သိလိုပါသဖြင့် ဖြေကြားတော်မူပါဘုရား။

နေထွန်းခိုင် (ပြည်)

www.dhammaransi.com

**ဖြေ**။ ။ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူစဉ်၌ တရားတော်ကို ဆင်ခြင်တော်မူရာ တရားတော်၏ အလွန်တရာ သိမ်မွေ့ ခက်ခဲနက်နဲမှုကို မြင်တော်မူပြီး သတ္တဝါတို့ကို ဆင်ခြင်ကြည့်ရှုရာ၌ သတ္တဝါတို့၌ ကိလေသာမြူမွေးများ လွန်စွာထူထဲနေသည်ကို မြင်တော်မူ၍ တရားတော်နှင့် သတ္တဝါတို့ အခြေအနေကို နှိုင်းယှဉ်လျက် ယခုငါ တရားဟောလျှင် ပင်ပန်းရုံသာ ဖြစ်မည်ဟု ကြံတော်မူ၍ လောလောဆယ် တရားမဟောသေးရန် စိတ်ညွတ်တော်မူပါသည်။ ထို့ပြင် ထိုအချိန်၌ လူတို့သည် ဗြဟ္မာ၌လေးစားမှုရှိ၍ သဟမ္ပတိဗြဟ္မာမင်း တရားတောင်းပန်အံ့သည်ကိုလည်း ငံ့လင့်တော်မူခဲ့သည်ဟု ဆိုပါသည်။ ဗြဟ္မာတောင်းပန်မှ တရားဟောတော်မူသည်မှာ ဘုရားရှင်တိုင်း၏ ဓမ္မတာဖြစ်ကြောင်း ဓမ္မတာ ၃၀ ၌ပါဝင်သဖြင့် ဗြဟ္မာတောင်းပန်သည်အထိ ငံ့လင့်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ထိုသို့ ဘုရားတိုင်းပင် ဗြဟ္မာတောင်းပန်မှ တရားဟောတော်မူရသည့် ဓမ္မတာရှိ၍ အတိတ် အနာဂတ် မြတ်စွာဘုရားတို့သည်လည်း ဤကဲ့သို့ ရတ်တရက်ချက်ချင်း အဆောတလျင် တရားမဟောရန် စိတ်အကြံဖြစ်ရမြဲပင်ဖြစ်ကြောင်း သိနိုင်ပါသည်။

*

## ရဟန်းဖြစ်လိုသောကြောင့်

**မေး**။ ။ အရှင်ဘုရား၊ တပည့်တော်သည် ရှင်သာမဏေနှစ်ခါပြုပြီးပါပြီဘုရား။ အသက် ၁၇ နှစ်သာ ရှိသေးသော်လည်း ရဟန်းခံလို၍ ရဟန်းခံလို့ ရပါသလား၊ သိလိုပါသည်ဘုရား။

မောင်ဝင်းလင်းနိုင်၊ ရန်ကုန်မြို့

**ဖြေ**။ ။ အသက် ၂၀ မပြည့်ဘဲ ရဟန်းခံ၍မရပါ။ အသက် ၂၀ ဆိုသည်မှာ ပဋိသန္ဓေနေချိန်မှစ၍ ရေတွက်နိုင်သဖြင့် သာမန်အားဖြင့် ၁၉ နှစ်နှင့် ၅ လလွန်လျှင် ရဟန်းခံနိုင်ပါသည်။ ရဟန်းခံရာ၌ သံဃာ

တော်များက ရဟန်းလောင်းအား "ပရိပုဏ္ဏော် တေ ဝိသတိဝဿော သင် ပဋိသန္ဓေမှစ၍ အသက်နှစ်ဆယ် ပြည့်ဖြိုးကြွယ်သူ ဖြစ်လေသလော"ဟု မေးပါသည်။ ယင်းကို အာမ ဘန္တေဖြင့် ဖြေနိုင်မှသာ ရဟန်းဖြစ်ပါသည်။ (အသက် ၂၀ တွက်ပုံကို အဖြေတစ်ခုတွင် အကျယ်ဖြေဆိုပြခဲ့ဖူးပြီ။)

*

## ငရဲ၊ အသညသတ်နှင့် အရူပဘုံ

**မေး။** ။ ဆရာတော်ဘုရား၊ (၁) လူများ သေလွန်တဲ့အခါ ယမမင်းကြီးက စစ်တယ်ဆိုတာ ဟုတ်ပါသလားဘုရား။ ဟုတ်ပါလျှင် စစ်နေတဲ့ အခိုက်အတန့် ဘဝလေးကို ဘယ်ဘဝရောက်နေတယ်လို့ ခေါ်ဆိုရမှာပါလဲ ဘုရား။ (၂) အရူပလေးဘုံနှင့် အသညသတ်ဘုံသို့ ရောက်နေတဲ့ ဗြဟ္မာများဟာ အဘယ်တရားများ အကျင့်လွန်လို့ ရောက်နေပါသလဲ ဘုရား။

မောင်ပန်းမွှေး၊ ဝက်လက်မြို့

**ဖြေ။** ။ (၁) လူများ သေလွန်တိုင်း ယမမင်းကြီးရှေ့မှောက်သို့ ရောက်ရသည် မဟုတ်။ အကုသိုလ်ကံ နည်းပါး ကုသိုလ်ကံများပြားသူ တစ်ယောက် သေခါနီးတွင် အကုသိုလ် အာသန္နကံကြောင့် ငရဲသို့ ပဋိသန္ဓေအကျိုးပေး၍ ရောက်သွားလျှင် ချက်ချင်း ငရဲမခံရသေးဘဲ ငရဲကြီးများ၏အရန်ငရဲငယ်တစ်ခုခု (ဉဿဒငရဲ)သို့ရောက်၍ ယင်းငရဲရှိ ယမမင်းကြီးထံ ရောက်ရှိ အစစ်ခံရသည်။ ထိုအချိန်တွင် ပြုခဲ့သော ကုသိုလ်တစ်မျိုးမျိုးကို တစ်ဖန်အမှတ်ရခြင်း၊ အာသေဝနသတ္တိ အကူအညီရလျှင် ထိုကုသိုလ်ကောင်းမှု အားကောင်းလာကာ ထိုကုသိုလ်အကျိုးကြောင့် ငရဲမှလွတ်၍ သုဂတိဘဝတစ်ခုခုသို့ ရောက်ရသည်ဟု ဆိုသဖြင့် ယမမင်းကြီးထံ ရောက်သွားရသော ဘဝသည် ငရဲဘုံ ငရဲဘဝပင် ဖြစ်သည်ဟု ဆိုရပါမည်။ အကုသိုလ်အားကြီး ကုသိုလ်အားသေးသူတို့ ယမမင်းကြီး

ရှေ့သို့ပင် မရောက်ရ၊ ငရဲသို့ပင် ချက်ချင်းရောက်သွားရသည်ဟု မှတ်သားသင့်ပါသည်။

(၂) အသညသတ်ဘုံ၊ အရူပဘုံတို့မှာ ရုပ်သက်သက်၊ နာမ်သက်သက်ဘုံများဖြစ်၍ တရားမနာနိုင်၊ ဘုရားမဖူးနိုင်သဖြင့် ရုပ်ပြစ်ရှစ်ပါး၌ ထည့်သွင်းထားသော်လည်း အညံ့စားဘုံများ မဟုတ်ကြ။ အလွန် အဆင့်မြင့်သော သုဂတိဘုံကြီးများ ဖြစ်ပါသည်။ အသညသတ်ဘုံသို့ရောက်ရန် ရူပဈာန်ငါးဆင့် အဘိညာဉ်သမာပတ်များရပြီးမှ နာမ်ကြောင့် ဒုက္ခခံရသည်ဟု နာမ်ကို အပြစ်မြင် အားထုတ်၍ ရုပ်တုံးရုပ်ခဲသက်သက် ဘုံဖြစ်သည့် အသညသတ်ဘုံ၌ ကမ္ဘာပေါင်းများစွာ နာမ်တရား ကင်းမဲ့သော ကိုယ်ဖြင့် ချမ်းသာစွာဖြစ်နေရပေသည်။ အရူပဘုံမှာလည်း ရူပဈာန်အားလုံးရရှိပြီးမှ ပညတ်အာရုံများကို ရှုပွား၍ တစ်ဆင့်တက်ကာ အရူပဈာန်ကို အဆင့်ဆင့်ရယူပြီး ရုပ်တရားကင်းရာ အရူပဘုံသို့ ရောက်ရ၍ ကမ္ဘာပေါင်း မြောက်မြားစွာ နာမ်တရားသက်သက်ဖြင့် ချမ်းသာစွာ နေရပေသည်။ အရူပဈာန် ရရှိထားပြီးသော ဒေဝီလရသေ့ကြီးသည် မုချဘုရားဖြစ်တော့မည့် ဘုရားလောင်း သိဒ္ဓတ္ထမင်းသားအား တွေ့ရသော်လည်း သူ ရထားသော အရူပဈာန်ကို မလျှော့ချနိုင်လောက်အောင် ရှိသည်ကို ထောက်၍ မည်မျှလောက် ရရှိရန် ကြိုးစားထားရသည်ကို သိသာနိုင်ပါ၏။

*

## မြတ်စွာဘုရား သီတင်းသုံးခဲ့ရာ မြို့ရွာဒေသများ

**မေး။** ။ ဆရာတော်ဘုရား၊ ဗုဒ္ဓဂေါတမဘုရား ၄၅ ဝါပတ်လုံး သီတင်းသုံးသွားတဲ့ မြို့ရွာများကို ယခုခေတ် အတိအကျ လတ္တီကျူ၊ လောင်ဂျီကျူဖြင့် ရေးဆွဲထားတဲ့ မြေပုံများ ရှိပါသလားဘုရား။ ယခုခေတ်တွင်

www.dhammaransi.com

မြန်မာသာမက ကမ္ဘာတစ်ဝန်းလုံးက ဗုဒ္ဓဘာသာကို စိတ်ဝင်စားနေချိန်တွင် ထိုဗုဒ္ဓသာသနာ မြေပုံများရှိလျှင် ဘာသာရေးမဂ္ဂဇင်းတွေမှာ ဖော်ပြပေးစေလိုပါသည် ဘုရား။

ဦးမိုးသစ် (အမက၊ ဝါးတော)
မြကန်သာရပ်၊ ဆီဆိုင်မြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

(အလားတူ ပြဿနာကိုလည်း ဦးသြဘာသ၊ အောင်သုခကျောင်း၊ ကျားချောင်းကျေးရွာ၊ ဒဂုံမြို့သစ်တောင်ပိုင်းကလည်း မေးမြန်းထားပါသည်။)

**ဖြေ။** ။ မြတ်စွာဘုရားသည် သက်တော်ထင်ရှား ရှိတော်မူစဉ်က မဇ္ဈိမဒေသ (အိန္ဒိယပြည်၊ အရှေ့မြောက်ပိုင်း)တွင် အနှံ့အပြား သီတင်းသုံးခဲ့ရာ ရာဇဂြိုဟ်ပြည်၊ သာဝတ္ထိပြည်၊ ဗာရာဏသီပြည် စသည့်မြို့များမှာ အများအားဖြင့် ယခုတိုင် ထိုနာမည်များနှင့် တည်ရှိနေကြသည်။ အိန္ဒိယဆိုင်ရာ မြေပုံများတွင်လည်း လတ္တီကျူ၊ လောင်ဂျီကျူများနှင့် ထုတ်ဝေထားကြသည်။ ဗုဒ္ဓသာသနိက မြေပုံများလည်း မြန်မာနိုင်ငံတွင် ရောင်းချနေကြပါသည်။ အချို့ ဘာသာရေးစာရေးဆရာများလည်း စာစောင်အချို့တွင် ရေးသားနေကြပါသည်။ အထူးအားဖြင့် မော်လမြိုင်၊ တောင်ပေါက်ဆရာတော်ဘုရားကြီး ပြုစုတော်မူခဲ့သော ဗုဒ္ဓသာသနာပထဝီဝင်ကျမ်းကြီး၊ မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမာ၏ အိန္ဒိယကြေးမုံကျမ်းကြီးများတွင် ဓာတ်ပုံ၊ မြေပုံများနှင့် စုံစုံလင်လင်ဖော်ပြထားသည်ကို တွေ့ရ ပါသည်။

*

## ထွက်သက်ဝင်သက် မဲ့ သတ္တဝါ

**မေး။** ။ ဆရာတော်ဘုရား၊ မေတ္တသုတ် ပရိတ်တော်တွင် "ယေ ကေစိ ပါဏဘူတတ္ထိ" အစရှိသော အပိုဒ်တွင် မြန်မာအနက်ပြန်ရာ၌ "ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော ထွက်သက်ဝင်သက်ရှိသတ္တဝါ၊ ထွက်

www.dhammaransi.com

သက်ဝင်သက်မဲ့သတ္တဝါ”ဟု မော်ပြထားရာ “ထွက်သက်ဝင်သက်မဲ့ သတ္တဝါ” နှင့် ပတ်သက်၍ မရှင်းလင်းပါသဖြင့် ရှင်းလင်းဖြေကြားပေး တော်မူပါ ဘုရား။

မတင်မြ၊
မော်လမြိုင်မြို့။

**ဖြေ**။ ။ သုံးဆယ့်တစ်ဘုံရှိရာတွင် အပါယ်လေးဘုံနှင့် လူ့ဘုံ၊ နတ်ဘုံဟူသော ကာမ ၁၁ ဘုံသားတို့သည် ထွက်သက်ဝင်သက်ရှိ သတ္တဝါတို့ ဖြစ်ကြသည်။ ရူပ ၁၆ ဘုံနှင့် အရူပ လေးဘုံဟူသော ဗြဟ္မာ ၂၀ တို့သည် ထွက်သက်ဝင်သက်မဲ့ သတ္တဝါတို့ ဖြစ်ကြပါသည်။ (ရူပ ၁၆ ဘုံရှိ သတ္တဝါတို့သည် အဘယ်ကြောင့် ထွက်သက်ဝင်သက်မရှိသနည်း ဆိုသော် ကဗဠီကာရ အာဟာရဟူသော အာဟာရစားသောက်ရခြင်း မရှိသောကြောင့် မရှိဟု ကျမ်းဂန်တို့တွင် ဆို၏။ အရူပလေးဘုံရှိ သတ္တဝါတို့ကား ရုပ်တရားပင် လုံးဝမရှိသဖြင့် ထွက်သက်ဝင်သက်မရှိ ဖြစ်ရလေသည်။)

*

## ပါဏာတိပါတကံ ထိုက်မထိုက်

**မေး**။ ။ ဆရာတော်ဘုရား၊ သတ္တဝါများကို သေစေလိုသောဆန္ဒ မဖြစ်ပေါ်ဘဲ အကြောင်းတစ်စုံတစ်ရာ ပြုလုပ်မှုကြောင့် သေဆုံးသွားသည့်အခါ(ပြုလုပ်သူမှာ) ပါဏာတိပါတကံ ထိုက်ပါသလားဘုရား။ သို့မဟုတ် ပါက မည်သည့်ကံမျိုး ထိုက်ပါသလဲဘုရား။ ဖြေကြားပေးတော်မူပါရန် တောင်းပန်အပ်ပါသည် ဘုရား။

မောင်မိုးလွင် (သဲကောကြီး)၊ လယ်ဝေးမြို့။

**ဖြေ**။ ။ ပါဏာတိပါတကံ ထိုက်ရန် အင်္ဂါ ၅ ပါးရှိပါသည်။(၁)သတ္တဝါလည်းမှန်စေ၊ (၂) သတ္တဝါဟု အမှတ်ရှိ(သိ)သည်လည်းဖြစ်စေ၊

(၃) သေစေလိုသော စေတနာလည်း ရှိစေ၊ (၄) သေရန်လုံ့လပြုသည်လည်း ဖြစ်စေ၊ (၅) သေလည်း သေစေ။ ဤအင်္ဂါ ၅ ရပ်ပြည့်စုံမှ ပါဏာတိပါတကံ ထိုက်ပါသည်။ ပြဿနာရှင်၏ အလိုအရ သေစေလိုသော ဆန္ဒမဖြစ်ပေါ်ဘဲဟု ဆိုသဖြင့် အမှတ် ၃ အင်္ဂါချို့တဲ့၍ ပါဏာတိပါတကံ မထိုက်ပါ။ မြတ်စွာဘုရား လက်ထက်တော်က မျက်စိမမြင်သော ရဟန္တာအရှင် စက္ခုပါလမထေရ် စင်္ကြံလျှောက်ရာတွင် ပိုးပရန်များကို နင်းမိ၍ သေကျေသည်ကို ရဟန်းများက မြတ်စွာဘုရားအား လျှောက်ထားရာ၌ "မနော ပုဗ္ဗင်္ဂမာ ဓမ္မာ"စသောဂါထာကို ဟောတော်မူသည်။ ကံ ၃ ပါးတွင် မနောကံ အရေးကြီးကြောင်း၊ မနောကံပါမှ ကမ္မပထ မြောက်ကြောင်း ဟောကြားထားသည်မှာ ဓမ္မပဒ ပါဠိတော်တွင် ထင်ရှားပါသည်။

*

## မြန်မာလူမျိုးနှင့် ဘုရားဆုပန်ကိစ္စ

**မေး။** ။ ဆရာတော်ဘုရား၊ ခတ္တိယ၊ ဗြာဟ္မဏ အမျိုးတွေသာ ဘုရားဖြစ်နိုင်သည်ဟု ဆရာတော်ဘုရား ဖြေကြားသည်ကို ဖတ်ရှုရသဖြင့် တပည့်တော်တို့ မြန်မာဗုဒ္ဓဘာသာလူမျိုးများ ဘုရားဆုပန်၍ ပါရမီပြည့်စုံပါမည်လား၊ ဘုရားဖြစ်နိုင်ပါမည်လား။ ထပ်မံဖြေကြားပေးပါဘုရား။

ဦးစိုးကြည်၊ သထုံမြို့။

**ဖြေ။** ။ ခတ္တိယ မင်းမျိုး၊ ဗြာဟ္မဏ ပုဏ္ဏားမျိုး၊ ဝဿ ကုန်သည်မျိုး၊ သုဒ္ဒ သူဆင်းရဲမျိုးဟူ၍ အမျိုးလေးပါးရှိသည်။ ဗုဒ္ဓပွင့်တော်မူရာခေတ်တွင် ခတ္တိယမင်းမျိုးကို အမြတ်ထားနေက ခတ္တိယမျိုး၌၊ ဗြာဟ္မဏ ပုဏ္ဏားမျိုးကို အမြတ်ထားနေက ဗြာဟ္မဏမျိုး၌ ဘုရားပွင့်တော်မူခြင်းဖြစ်ပါသည်။ မည်သည့်လူမျိုးမဆို ဘုရားဆုတောင်းနိုင်၍ ပါရမီပြည့်စုံပြီး ဘုရားဖြစ်တော်မူချိန်တန်လျှင် ဖော်ပြပါ ခတ္တိယနှင့် ဗြာဟ္မဏမျိုးတစ်မျိုးမျိုး၌ဖြစ်၍ ဘုရားဖြစ်ရပေသည်။

*

www.dhammaransi.com

## နိဗ္ဗာန်ရောက်နိုင်မည့် အချိန်ကာလ

**မေး။** ။ အရှင်ဘုရား၊ နိဗ္ဗာန်ကို မသေခင် ရောက်ပါသလား၊ သေဆုံးပြီးမှ ရောက်တာလားဆိုတာကို သိလိုပါသဖြင့် ဖြေကြားပေးပါရန် လျှောက်ထားပါသည်ဘုရား။

မောင်ဆန်းဦး၊ သန်လျင်မြို့။

**ဖြေ။** ။ နိဗ္ဗာန်ဟူသည်မှာ (၁) ခန္ဓာအကြွင်းရှိသော သဉပါဒိသေသနိဗ္ဗာန်၊ (၂) ခန္ဓာအကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာန် ဟူ၍ ၂ မျိုးရှိပါသည်။ မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့တွင် ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် ကိလေသာဟူသမျှကို အကြွင်းအကျန် မရှိအောင်ပယ်သတ်၍ ဘုရားအဖြစ်သို့ ရောက်ပါသည်။ ထိုသို့ ကိလေသာဟူသမျှကို ပယ်ရှား၍ ဘုရားဖြစ်တော်မူခြင်းကို ခန္ဓာအကြွင်းရှိသော သဉပါဒိသေသနိဗ္ဗာန်သို့ ရောက်တော်မူခြင်းဟု ဆိုပါသည်။ သက်တော် ၈၀၊ ဝါတော် ၄၅ တွင် ကုသိနာရုံ အင်ကြင်းစုံ၌ မဟာပရိနိဗ္ဗာန်ဝင်စံတော်မူခြင်းကို ခန္ဓာအကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်တော်မူသည်ဟု ဆိုပါသည်။ ရဟန္တာပုဂ္ဂိုလ်များမှာလည်း ရဟန္တာအဖြစ်သို့ ရောက်ခြင်းကို သဉပါဒိသေသ နိဗ္ဗာန်၊ ဘဝဇာတ်သိမ်း၍ အေးငြိမ်းချုပ်ဆုံးသွားခြင်းကို အနုပါဒိသေသနိဗ္ဗာန်ဟု ဆိုရပါသည်။ ထိုနိဗ္ဗာန်နှစ်မျိုးကို မှတ်သား၍ အကြောင်းအားလျော်စွာ နိဗ္ဗာန်အယူအဆ၌ ဉာဏ်အမြင်ရှင်းလင်းစေလိုပါသည်။

*

## ပါရာဇိက ရဟန်းနှင့် ဥပသမ္ပဒကံ

**မေး။** ။ ဆရာတော်ဘုရား၊ ရဟန်းခံရာသိမ်အတွင်း ပါရာဇိကကျပြီးသော ရဟန်းတစ်ပါးပါ ပါနေက ရဟန်းလောင်း ရဟန်းမဖြစ်ဟု အချို့ဆိုကြပါသည်။ အချို့ကလည်း ကျသောရဟန်းနှင့် မကျသောရဟန်း



www.dhammaransi.com

ထက်ဝက်စီညီမျှလျှင် ရဟန်းဖြစ်၏ဟု ဆိုကြပြန်ပါသည်။ ထိုအချက်ကို ရှင်းလင်းဖြေကြားပေးပါ ဘုရား။

ရှင်ဝိစိတ္တ၊ ကြို့ဝန်းရွာ။

**ဖြေ**။ ။ ပါရာဇိက ကျသောရဟန်း၌ သံသယမကင်းသော်လည်း ရဟန်း မဟုတ်ဟု အမှန်မှဆိုနိုင်သောကြောင့်လည်းကောင်း၊ ရဟန်း မဟုတ်သော်လည်း ရဟန်းဟု ဝန်ခံချက်ရှိသောကြောင့် လည်းကောင်း ရဟန်းဟူသော အမှတ်သညာဖြင့် ကံဆောင်နိုင်မှု အာပတ်လည်း မသင့်၊ ကံလည်း မပျက်။ အထူးအားဖြင့် ဥပသမ္ပဒရဟန်းခံ ကံပြုရာ၌ ထိုပါရာဇိကကျပြီးသော ရဟန်းမှတစ်ပါး အခြားရဟန်းသံဃာသည် ငါးပါးထက် ပိုလွန်မှု ပြုလုပ်သောကံကို ထိုတစ်ပါးတည်းသော ပါရာဇိက ရဟန်းက မဖျက်နိုင်ပေ။ ထို့ပြင် ပါရာဇိကကျသော ရဟန်းသည် ရဟန်းအသွင်ကို မစွန့်သေးက ရဟန်းပင်ဖြစ်၍ သံဃာ့ကံများ၌ ပါဝင်ခွင့်ရှိသေးသည်ဟု ဆိုပါသည်။ ထို့ကြောင့် ပါရာဇိက ရဟန်းတစ်ပါးတလေ ပါသော်လည်း ပါရာဇိကမကျသော ရဟန်း ၅ ပါးအထက် အလွန်ရှိလျှင် ရဟန်းလောင်း ရဟန်းဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ရဟန်းခံ ကံဆောင်ရာတွင် ရဟန်း ၁၀ ပါး စသည်ထက်အလွန် ပင့်ဆောင်ကြသည်ကို တွေ့နိုင်ပါသည်။ (ဝိမတိ–ဋီ–၁–၁၅၆–၁၅၇)

*

## ဂတိငါးပါးနှင့် အမျှဝေမှု

**မေး**။ ။ လူတစ်ဦးတစ်ယောက် ဘဝတစ်ပါးသို့ ပြောင်းသွားသည့်အခါ ဂတိငါးပါးရှိသည့်အနက် ပေတဂတိသို့ရောက်မှ ကောင်းမှုကုသိုလ်၏ အဖို့ဘာဂကို အမျှပေးဝေ၍ ရရှိပြီး အခြားဂတိသို့ရောက်လျှင် အမျှပေးဝေ၍ မရဟု သိရပါသည် ဘုရား။ အမျှဝေစာတမ်း ဆိုသည့်အခါ မှာမူ သုံးဆယ့်တစ်ဘုံ အတွင်းမှာရှိသော သတ္တဝါတို့အား အမျှပေးဝေပါ

www.dhammaransi.com

၏ ဟုဆိုပါသည်။ ပေတာဂတိမှတစ်ပါး သုံးဆယ့်တစ်ဘုံသားများလည်း အမျှရနိုင်သည်ဟု သက်ရောက်နေပါသည်။ စကားနှစ်ရပ် ဆန့်ကျင်နေပါသဖြင့် အစဉ်ချောအောင် ဖြေကြားပေးတော်မူပါဘုရား။

စောဖော့ထူး၊ ကရင်ပြည်နယ်။

**ဖြေ**။ ။ သတ္တဝါတစ်ဦး (လူတစ်ဦးတစ်ယောက်) ကွယ်လွန်သည့်အခါ ၎င်းအား ရည်ညွှန်း၍ လှူဒါန်းအမျှဝေရာ၌ ကွယ်လွန်သူပေတာဂတိ (ပရဒတ္တူပဇီဝိတပေတာဘဝ) သို့ ရောက်နေမှသာ အမျှဝေသည်ကို သာဓုခေါ်နိုင်၍ အလှူအဖို့ကို ရနိုင်သည်မှာ မှန်ပါသည်။ သို့သော် အမျှဝေခြင်း (ပတ္တိဒါနကုသိုလ်)ကို မည်သူမဆို သာဓုခေါ်ခြင်း (ပတ္တာနုမောဒနကုသိုလ်)ဖြင့် ထပ်တူရနိုင်ပါသည်။ ဥပမာ ကွယ်လွန်သူအတွက် ဆွမ်းသွတ်၍ အမျှဝေရာ ကွယ်လွန်သူမှာ သာဓုမခေါ်နိုင်သော ဂတိ(နိရယဂတိစသည်)သို့ရောက်နေ၍ သာဓုမခေါ်နိုင်သဖြင့် ကုသိုလ်အဖို့ကို မရနိုင်ပါ။ သို့သော်လည်း သာဓုခေါ်နိုင်သော လူနတ်များ အမျှဝေသံကြား၍ သာဓုခေါ်လျှင် ကုသိုလ်အဖို့ကို ရပါသည်။ ထို့ကြောင့် ကြားကြားသမျှ၊ အမျှ၊ အမျှ ယူတော်မူကြပါကုန်ဟု ဆိုပါသည်။ ကြေးစည်ခေါင်းလောင်းထိုး၍လည်း အဝေးမှကြားသိ၍ သာဓုခေါ်နိုင်ရန် အမျှဝေကြရပါသည်။ အမျှဝေခြင်းမှာ ဘဝတစ်ပါးသို့ ပြောင်းသွားသူ တစ်ဦးအတွက်သာ မဟုတ်၊ သုံးဆယ့်တစ်ဘုံ၌ ရှိသမျှ၊ ကြားသမျှ၊ သတ္တဝါမှန်သမျှအား ရည်ရွယ်ကြောင်း မှတ်သားသင့်ပါသည်။

*

## ကာမေသုမိစ္ဆာစာရနှင့် အမျိုးသမီး

**မေး**။ ။ အရှင်ဘုရား၊ အမျိုးသမီးများ ကာမေသုမိစ္ဆာစာရကံထိုက်လျှင် ငရဲတွင် မည်သို့ခံစားရပါသလဲဘုရား။ နောက်ဘဝတွင် မည်သို့

www.dhammaransi.com

ဖြစ်သည်ကို သိလိုပါသည်ဘုရား။ ဇာတ်နိပါတ်တော်များနှင့် ဥပမာပေး၍ ဖြေကြားတော်မူပါ အရှင်ဘုရား။

ဇော်လင်းထွန်း၊ ရန်ကုန်။

**ဖြေ**။ ။ ကာမေသုမိစ္ဆာစာရကံကြောင့် အမျိုးသမီးများ ငရဲခံရပုံကို နေမိဇာတ် (ဇာတက၊ ၄၊ ၆၊ ၁၄၂)၌ ပါဠိဘာသာဖြင့် ရှိသည်။ ယင်းကို ဦးဩဘာသက နေမိဇာတ်တော်ကြီးဝတ္ထုတွင် "နတ်၏ ရထားမှူးဖြစ်သော မာတလိနတ်သား၊ ကြောက်မက်ဖွယ်ရှိသော ဤငရဲ၌လည်း တကွဲတပြားပင် ယောကျ်ားတစ်ယောက်မျှ မခံရ။ ဤမိန်းမအများတို့သည် နွားသတ်ရာအရပ်တို့၌ ခေါင်းပြတ်၍ သွေးလိမ်းကျံသော နွားတို့ကဲ့သို့ အချို့သော်ကိုယ်လည်းအပြတ်ပြတ် အပိုင်းပိုင်း၊ အချို့လည်း အယွင်းယွင်း အပေါက်ပေါက်၊ ခါးအောက် ကိုယ်အနေလည်း သံမြေထဲသို့ မြုပ်သိပ်လျက် ခြေထိတ်ခတ်သောအတူ ပူပြင်းကျင်နာ ဝေဒနာအဟုန်တို့ကြောင့် လက်စုံထိပ်ပြင်တင်ထား၍ ဟစ်အော်ကာ ကိုးကွယ်ရာမသိရှိစဉ် ကုန်းတွင်ပင် တောင်လုံး၊ ကမ်းလုံးလိမ့်သကဲ့သို့ သိမ့်သိမ့်သဲသဲ ရဲရဲတောက်တောက် သံလုံးကြီးများစွာ လေးဖြာသောအရပ်က အထပ်ထပ် အဖန်ဖန် အလှည်းခံရ၍ သံမြေပြင်သို့ လိမ့်လာလတ်သဖြင့် ခြောက်ထပ်သောမုန်ညင်းစေ့ကို မွှေနင်း၍ကြိတ်သကဲ့သို့ အစိတ်စိတ် အမှုန့်မှုန့် ကြေရာကြေပါပြီ။ မသေဘဲ တစ်ဖန် ရှင်ပြန်တုံတလဲလဲ ခံမြဲကို မစွန့်ရ။ ထိုမိန်းမ ငရဲသူ အပေါင်းတို့၌ မကောင်းသော ဒုက္ခဝေဒနာ ပြင်းလှစွာ၏ တကား" ဟု အမြင်ကို မိန့်ကြား၍ အဘယ်ကြောင့် ဤသို့ ငရဲခံနေရသနည်းဟု နေမိမင်းကြီးက မေး၍ မာတလိနတ်သားက ဤမိန်းမတို့သည် လူ့ဘဝက မိမိလင်မှတစ်ပါး အခြားယောကျ်ားတို့နှင့် မှားယွင်းသောအကျင့်ကို ကျင့်မိခြင်းကြောင့် ဤသို့ ငရဲခံနေရကြောင်းကို လျှောက်ထားသည်။ ထိုငရဲ၌ နှစ်သိန်းပေါင်းများစွာ ငရဲခံရ၍ ငရဲမှလွတ်သော် အရေပြားမရှိ အသားအတိ သွေးသံရဲရဲ

ကိုယ်ဖြင့် ပြိတ္တာမများဖြစ်၍ ဆူးတောထဲတွင်နေရပုံ၊ မှက်ခြင်ရဲတို့ ကိုက်ခဲ၍ လွန်ကဲပြင်းပြစွာ ဒုက္ခခံရပုံ စသည် ရှိသေးသည်။ ထိုထိုစာများ အထူးအားဖြင့် နရသာသနကျမ်း၊ သံဝေဂ ဝတ္ထုဒီပနီနှင့် ပေတဝတ္ထုစသည်တို့ကို ရှာဖွေဖတ်ရှုနိုင်ပါသေးသည်။

*

## အလှူရေစက်ချခြင်း

**မေး။** ။ဆရာတော်ဘုရား၊ အလှူပြုလုပ်ပြီး ရေစက်မချနိုင်ပါက ထိုအလှူအတွက် အထမြောက်သည်ဟု ဆိုနိုင်ပါရဲ့လား ဘုရား။ ကုသိုလ်အပြည့်အဝ ရပါမည်လားဘုရား။ အခြားတစ်ယောက်က ကိုယ်စားရေစက်ချပေးခြင်း ပြုလုပ်၍ရပါမည်လား ဘုရား။ ဖြေကြားတော်မူပါရန် လျှောက်ထားပါသည်ဘုရား။

ဒေါ်သန်းဆွေ၊ စမ်းချောင်း၊ ရန်ကုန်။

**ဖြေ။** ။ ရေစက်ချခြင်းမှာ ဆုတောင်းခြင်း၊ အမျှဝေခြင်းသာ ဖြစ်သည်။

ဒါနမှုကိုပြုရာ၌ အလှူဝတ္ထုသည် အလှူရှင်၏လက်မှ အလှူခံပုဂ္ဂိုလ်၏လက်သို့ ရောက်လျှင်ပင် အလှူအထမြောက်ခဲ့ပြီဖြစ်ပါသည်။ သို့သော် နိဗ္ဗာန်ကိုဆုတောင်း၍ ဒါနပြုမှသာလျှင် မိမိဒါနသည် ပါရမီဒါနဖြစ်နိုင်သဖြင့် အနည်းဆုံး "ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု" ဟူ၍ ဆုတောင်းလျက် အမျှဝေမှသာလျှင် ပတ္တိဒါန ဖြစ်နိုင်သဖြင့် အနည်းဆုံး "ဣဒံ မေ ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ" ဟူ၍ အမျှဝေလျက် ဒါနအလှူကို အဆုံးသတ်ကြစမြဲဖြစ်ပါသည်။ ဆုတောင်းခြင်း၊ အမျှပေးဝေခြင်းတို့မှာ ကိုယ်တိုင်ပြုလုပ်ရမည့် ကိစ္စများဖြစ်၍ အခြားတစ်ယောက်အား ကိုယ်စားပြုလုပ်စေခြင်းမှာ အဆင်မပြေလှပါ။

*

www.dhammaransi.com

## ဒုလ္လဘရဟန်းပြုရာတွင်

**မေး**။ ။ဆရာတော်ဘုရား၊ ပြည်သူ့ဝန်ထမ်းများ ဒုလ္လဘရဟန်းပြုကြရာ တွင်

(၁) ပင်စင်လစာရရှိသည့်ဝန်ထမ်းများ ရဟန်းပြုခြင်း၊

(၂) ရဟန်းပြုရန် ခွင့်အမျိုးမျိုးရယူ၍ ရဟန်းပြုခြင်း၊

(၃) အခြားအကြောင်းပြ၍ ခွင့်ရယူပြီး ရဟန်းပြုခြင်း၊

(၄) အထက်တာဝန်ရှိသူ အကြီးအကဲက ရဟန်းဝတ်ချိန်များကို တာဝန်ချိန်အဖြစ် သတ်မှတ်ပေး၍ ရဟန်းဝတ်စေခြင်း

များတွင် ဝိနည်းတော်အရ မည်သည့်ရဟန်းပြုခြင်းသည် ထိုက်၍ မည် သည့်ရဟန်းပြုခြင်းသည် မထိုက်ကြောင်း ရှင်းလင်းဖြေကြားပါရန် လျှောက်ထားပါသည်ဘုရား။

ဦးသစ်လွင်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။

**ဖြေ**။ ။ ရဟန်းခံရာ၌ ရဟန်းလောင်းအား မေးစစ်ရာတွင် **"မင်းခစား ယောကျ်ား မဟုတ်ဘဲ ရှိပါ၏လော"** ဟူသော အချက်တစ်ချက် ပါ၏။ ယင်းမှာ အချို့မင်းခစားယောကျ်ားတို့သည် မည်သည့်ခွင့်မျှ မယူ ဘဲ ကျောင်းသို့လာရောက်၍ ရဟန်းခံကြ၏။ ထိုအချိန်မှာပင် တာဝန်မှ ထွက်ခွာလာသူ၊ တာဝန်ရှိလျက် လစ်ထွက်လာသူဟူ၍ မင်းမိန့်ဖြင့် ၎င်း ရဟန်းတို့အား ဖမ်းဆီးခေါ်ဆောင်သွားမှုမျိုး ဘုရားလက်ထက်၌ ဖြစ် ပေါ်ဖူး၍ ဤသို့မေးစစ်ပြီး မင်းခစား မဟုတ်၊ ဟုတ်သော်လည်း တာဝန်ခံ မှအခွင့်ခံထွက်လာသူ ဖြစ်မှသာလျှင် ရဟန်းဝတ်ပေးကြပါသည်။ ရဟန်းခံ ပေးကြပါသည်။ ပြဿနာရှင် တင်ပြထားသော အချက်လေးချက်လုံး ပင် တာဝန်မှလွတ်၍ ငြိစွန်းမှုကင်းသဖြင့် ရဟန်းခံနိုင်ခွင့်ရှိကြောင်း၊ ရဟန်းပြုထိုက်ကြောင်း ဖြေကြားပါသည်။

*

## မြင်းခေါင်း ဖမျက်

**မေး**။ ။ ဆရာတော်ဘုရား၊ ရေးကခေါ်ဝေါ်သော ဝေါဟာရအချို့ကို နား မလည်ပါ၍ ရှင်းပြစေလိုပါသည်။ မြတ်စွာဘုရား၏ လက္ခဏာတော်များကို ဆိုရာ၌ ဇာတိမည်သောသား၏ မြင်းခေါင်းကဲ့သို့ မြင်းခေါင်းတော်၊ မြင့်သောဖမျက်တော်ဟုဆိုရာ မြင်းခေါင်း,ဖမျက်ဆိုသည်မှာ မည်သည့်အင်္ဂါအစိတ်အပိုင်းများ ဖြစ်ပါသလဲဘုရား။

နုနုခင်၊ ကရင်ပြည်နယ်။

**ဖြေ**။ ။ မြင်းခေါင်းဟူသည်မှာ ယခု ခြေသလုံးဟူသော အစိတ်အပိုင်းကို ဆိုပါသည်။ ရဟန်းတော်များသည် 'သလုံး မြင်းခေါင်းနှင့်ရင်း၍ ဆွမ်းခံစားခြင်း'ဟု အသုံးတွင်ကျယ်စွာ သုံးနှုန်းလျက်ရှိသည်။ ဖမျက်ဟူသည်မှာ ဖနောင့်၏အထက် ခြေမျက်စိခေါ်သော အင်္ဂါအစိတ်အပိုင်းပင် ဖြစ်သည်။ မြန်မာအဘိဓာန်တွင် "ဖမျက်၊ န၊ ဖနောင့်အထက် ခြေမျက်စိ နှစ်ခုဝန်းကျင်နေရာ"ဟု ဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။

*

## နတ်ပြည်နှင့် နိဗ္ဗာန်

**မေး**။ ။ ဆရာတော်ဘုရား၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်များမှ နိဗ္ဗာန်သို့တိုက်ရိုက် ရောက်နိုင်ပါသလားဘုရား။

ဦးသန်းလွင်၊ ဦးမြင့်ဟန်၊
အထက၊ ပြွန်တန်ဆာ။

**ဖြေ**။ ။ ၁–သောတာပတ္တိမဂ်၊ ၂–သောတာပတ္တိဖိုလ်၊ ၃–သကဒါဂါမိမဂ်၊ ၄–သကဒါဂါမိဖိုလ်၊ ၅–အနာဂါမိမဂ်၊ ၆–အနာဂါမိဖိုလ်၊ ၇–အရဟတ္တမဂ်၊ ၈–အရဟတ္တဖိုလ်ဟု နိဗ္ဗာန်တွင် ၈ ဆင့်ရှိရာ ၁၊ ၂၊ ၃၊ ၄ အဆင့်တို့မှာ နတ်ပြည်အပါအဝင် ကာမဘုံ၌ ဖြစ်နိုင်၍ ယင်း ၄ ဆင့်ဖြင့် နိဗ္ဗာန်မရနိုင်သေးသဖြင့် 'နတ်ပြည်မှ နိဗ္ဗာန်သို့ တိုက်ရိုက်မရောက်နိုင်'

www.dhammaransi.com

ဟု ဆိုရပါမည်။ ၅၊ ၆ အဆင့်သို့ရောက်လျှင် ဗြဟ္မာ့ပြည်၌ ဖြစ်သည်။ အနာဂါမ်ပုဂ္ဂိုလ်ကြီးများ ဖြစ်ပြီးလျှင်ကား သုဒ္ဓါဝါသ ဗြဟ္မာဘုံ၌ ဖြစ်ကာ ထိုဘုံမှ နိဗ္ဗာန်တရားတော်ကို မျက်မှောက်ပြုလျက် ဘဝဇာတ်သိမ်းလေ တော့သည်။ ထို့ကြောင့် ဗြဟ္မာ့ပြည်သည် နိဗ္ဗာန်သို့ တိုက်ရိုက်ရောက် ကြောင်း မှတ်သားသင့်ပါသည်။

*

## ပါရာဇိကရဟန်း ပေးလှူဒါန်း

**မေး။** ။ ဆရာတော်ဘုရား၊

ပါရာဇိကကျလျက် အာပတ်ကို ကုစားခြင်းမပြု (လူဝတ်လဲခြင်း၊ သာမဏေပြုခြင်းမလုပ်)ဘဲ နေသူအား လှူဒါယကာ၊ ဒါယိကာမများက မသိ၍ဖြစ်စေ၊ သိလျက်နှင့်ဖြစ်စေ ပေးကမ်းလှူဒါန်းနေလျှင် အကျိုးရှိ မည်၊ အပြစ်ရှိမည်ဆိုသည်ကို သိလိုပါသည်ဘုရား။

ဦးခင်မောင်မြ(ရေနံချောင်း)

**ဖြေ။** ။ ပါရာဇိက ရဟန်းအား မသိ၍ လှူဒါန်းနေသော လှူဒါယကာ၊

ဒါယိကာမများအဖို့ ဒုသီလရဟန်းအား ပေးကမ်းလှူဒါန်းနေသူ ရရှိသကဲ့သို့သော ကုသိုလ်ကောင်းမှုကျိုးကို ရရှိနိုင်ပါသည်။ ပါရာဇိက ရဟန်းမှန်း သိလျက် ချီးမြှောက်လှူဒါန်းခြင်းကား သာသနာတော်ကို ကူညီ၍ ဖျက်ဆီးနေသကဲ့သို့ ဖြစ်သဖြင့် အဆိပ်ပင် ရေလောင်းသူပမာ အပြစ်များသာ တိုးပွားလာစရာရှိကြောင်း သိထားသင့်ပါသည်။

*

## သင္ကေသ ၁၂ ပါး

**မေး။** ။ အရှင်ဘုရား၊ ပရိတ်ကြီးပါဠိတော်နိဿယ၊ ပရိတ်တော်အချီး

အပိုဒ် ၄ တွင် 'သင်္ခေသဟေတုံ–ယထာလာဘ ယထာဗလ ယထာသာရုပ္ပ သင်္ခေသသုံး ပေါင်းရုံး ဆယ့်နှစ်ရောင့်ရဲခြင်း၏အကြောင်း

www.dhammaransi.com

ဖြစ်သော’ဟု ဆိုထားရာ သန္တောသ ၃ ပါးမှ မည်သို့ ၁၂ ပါး ဖြစ်ပါသနည်း။ ရှင်းလင်းဖြေကြားပေးပါဘုရား။

ဦးဘဆိုင်၊ အင်းစိန်မြို့။

**ဖြေ**။ ။ ယထာလာဘသန္တောသ၊ ရသမျှဖြင့် ရောင့်ရဲခြင်း။ ယထာဗလသန္တောသ၊ မိမိနှင့် တန်ရုံမျှဖြင့် ရောင့်ရဲခြင်း။ ယထာသာရုပ္ပသန္တောသ၊ မိမိအား လျောက်ပတ်ရုံမျှဖြင့် ရောင့်ရဲခြင်းဟူသော သန္တောသ သုံးပါးတွင် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးဖြင့် မြှောက်၍၊ တစ်နည်းပစ္စည်းလေးပါးတွင် တစ်ပါးတစ်ပါး၌ သုံးပါးသော ရောင့်ရဲခြင်းတို့ဖြင့် သုံးဆောင်၍ ရောင့်ရဲခြင်း ၁၂ ပါးရှိသည်ဟု မှတ်သားသင့်၏။ လူတို့အဖို့လည်း အဝတ်၊ အစား၊ ဆေးဝါး၊ နေရာ လေးမျိုးလေးစား၌ ရောင့်ရဲခြင်း သုံးပါးဖြင့် ရောင့်ရဲနိုင်လျှင် ချမ်းသာနိုင်သည်ဟု ယူနိုင်ပါသည်။

*

## တေဒဂ်

**မေး**။ ။ အရှင်ဘုရား၊ မြတ်စွာဘုရားသည် အရှင်ဘဒ္ဒိယအား ဥစ္စာကုလိက တေဒဂ် အမျိုးမြတ်ခြင်းအရာဝယ် အမြတ်ဆုံး။ အရှင်လကုဏ္ဍကဘဒ္ဒိယအား မဉ္ဇုဿရ တေဒဂ် အသံသာခြင်းအရာဝယ် အမြတ်ဆုံး စသည်ဖြင့် ထားခဲ့ရာ ‘မတည်မြဲသော လောကီအရာများကို မြှောက်စားရာ မကျဘူးလား’ဟု မေးစရာဖြစ်နေပါသည်။ ဖြေရှင်းပေးတော်မူပါ ဘုရား။

ဝဏ္ဏအောင်၊ ပေါက်ခေါင်းမြို့။

**ဖြေ**။ ။ မြတ်စွာဘုရားက တပည့်သာဝကများအား တေဒဂ် ပေးတော်မူခြင်းမှာ လောကီ လောကုတ္တရာဟု ရှုငဲ့သည်မဟုတ်။ ၎င်းတို့၏ ပါရမီအလျောက် (၁) အတ္တူပ္ပတ္တိ အရှင်ဘဒ္ဒိယအလောင်းသည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်က အမျိုးမြတ်ရာ၌ တေဒဂ်ရသော သာဝက

တစ်ပါးအား အားကျ၍ ဆုတောင်းခဲ့ခြင်း။ (၂) အာဂမန၊ ဘဝပေါင်းများစွာ၌ ဆုတောင်းခဲ့သည့်အတိုင်း အမျိုးမြတ်ခဲ့ခြင်း။ (၃) စိတ္တဝသီ၊ ဘဝများစွာပင် အမျိုးမြတ်သည့်အဖြစ်မှ တောထွက်တရား အားထုတ်ခဲ့ခြင်းနှင့် (၄) ဂုဏာတိရေက၊ ဤဘဝ၌လည်း အခြားဂုဏ်များထက် အမျိုးမြတ်သည့်အဖြစ်မှ တောထွက်၍ ရဟန်းဖြစ်ခဲ့ခြင်း ဟူသော အင်္ဂါလေးပါးကို ကြည့်တော်မူလျက် ဧတဒဂ် ပေးတော်မူခြင်း ဖြစ်သည်။ ထို့အတူ အရှင်လကုဏ္ဍကဘဒ္ဒိယသည် အသံသာခြင်း၌ ဧတဒဂ်ရတော်မူခြင်းစသည်ကိုလည်း သိသင့်ပါသည်။ ထိုအကြောင်းအရာများကို အင်္ဂုတ္တရ နိကာယ၊ ဧကကနိပါတ၊ ဧတဒဂ္ဂဝဂ်အဖွင့် (အံ ဋ္ဌ၊ ၁။ ၉၇)တွင် အကျယ်လေ့လာနိုင်ပါသည်။

*

## သစ်သီးများကို ဘုရားစင်၌ ရက်ရှည်ထားခြင်း

**မေး**။ ။ ဆရာတော်ဘုရား၊ သစ်သီးများကို မမှည့်သေးမီ ဘုရားစင်၌ တင်ထားပြီး ၃၊ ၄ ရက် စသည်ထား၍ မှည့်သောအခါတွင် စွန့်ပြီးစားခြင်းများ လုပ်ကောင်းပါသလား၊ အဖိတ်နေ့ညတွင် ဘုရားစင်၌ပင် ပြင်ဆင်ထားပြီး ဥပုသ်နေ့ နံနက်တွင် ကပ်လှူ၍ မွန်းမတည့်မီ စွန့်လျှင်ကော ရပါသလား။ ဖြေကြားပေးတော်မူပါဘုရား။

မလှညို၊ ကျားတက်ရွာ၊ သဲကုန်းမြို့။

**ဖြေ**။ ။ မမှည့်သေးသော သစ်သီးများကို ဘုရားရှေ့၌ ရက်ရှည် နေ့ရောညပါ ဆွမ်းတော်တင်သကဲ့သို့ တင်ထားခြင်းမျိုးကို မပြုအပ်ပါ။ မှည့်မှသာ နံနက်ပိုင်းတွင် ခွဲစိတ်လှူဒါန်းပြီး မွန်းမတည့်မီ စွန့်ပစ်ခြင်းသာ သဘောမှန် ဖြစ်ပါသည်။ ဥပုသ်နေ့နံနက် ကပ်လှူရန် အဖိတ်နေ့ ညနေတွင် ဘုရားရှေ့တွင် မဟုတ်ဘဲ မနီးမဝေးတွင် ပြင်ဆင်ထားပြီး ဥပုသ်နေ့ နံနက်ပိုင်းတွင် ခွဲစိတ်ပြုပြင်လျက် လှူဒါန်းခြင်းမျိုးကား လုပ်သင့်ပါသည်။

စွန့်ပြီး စားခြင်း၊ မစားခြင်းမှာ ဘုရားဝေယျာဝစ္စပြုသူအနေဖြင့် ပြောဖွယ် မရှိပါ။ စားလိုက စားနိုင်ပါသည်။

※

## ယောက်ျားဘဝနှင့် အဂ္ဂသာဝကဆု

**မေး။** ။ဘုန်းဘုန်းဘုရား၊

(၁) ယောက်ျားဘဝကို ရလိုသော မိန်းမသည် မိမိလင်ယောက်ျားကို ကျွန်မသဖွယ် ပြုစုလုပ်ကျွေးရသည်ဟု ဆိုပါသည်။ အပျိုဘဝဖြင့် ဆုတောင်း၍ ယောက်ျားဘဝကို မရနိုင်တော့ဘူးလားဘုရား။

(၂) အဂ္ဂသာဝကနှစ်ပါးဖြစ်သော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့သည် အဂ္ဂသာဝကဖြစ်ရန် မည်ကဲ့သို့ ဆုတောင်း၍ ပါရမီဖြည့်ခဲ့ကြရပါသလဲ ဘုရား။

(၃) အရိမေတ္တေယျ ဘုရားရှင်လက်ထက်တွင်လည်း အဂ္ဂသာဝကဖြစ်ရန် ဆုတောင်းထားသည့်ပုဂ္ဂိုလ် ရှိပါသလား၊ အကယ်၍ အဂ္ဂသာဝကဖြစ်ချင်လျှင် မည်ကဲ့သို့ ဆုတောင်းကျင့်ကြံရပါမည်လဲ ဘုရား။

မဌေးဌေးဦး၊ မော်ဘီကျေးရွာ၊ ဖျာပုံမြို့။

**ဖြေ။** ။ (၁)အပျိုဘဝဖြင့် ဒါန သီလ ဘာဝနာ ကုသိုလ်ပြုတိုင်း ယောက်ျားဘဝကို စိတ်ညွတ်ဆုတောင်းလျှင် ယောက်ျား ဖြစ်နိုင်ပါသည်။ မြတ်စွာဘုရားလက်ထက်က ဂေါပိကာမည်သော သာကီဝင်မင်းသမီးသည် အပျိုဘဝဖြင့် ထိုကဲ့သို့ ကုသိုလ်ပြု စိတ်ညွတ်ဆုတောင်း၍ သိကြားမင်း၏သားတော် ဂေါပကနက်သားဟူ၍ ဖြစ်ခဲ့ဖူးသည်။

(၂) လွန်ခဲ့သည့် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော အနောမဒဿီဘုရား လက်ထက်တော်၌ အရှင်သာရိပုတ္တရာအလောင်း ရသေ့နှင့် အရှင်မဟာမောဂ္ဂလာန် အလောင်း သူကြွယ်(သူငယ်ချင်းနှစ်ဦး) အဂ္ဂသာဝကအဖြစ် ဆုတောင်းခဲ့ကြပုံ အပဒါန်တွင် အထင်အရှားရှိပါသည်။

(၃) အရိမေတ္တေယျ မြတ်စွာဘုရား လက်ထက်တွင် လက်ယာတော်ရံ အဂ္ဂသာဝက ဖြစ်မည့်သူမှာ ဤမြတ်စွာဘုရား သာသနာတော်တွင် သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိမင်းဖြစ်၍ လက်ဝဲတော်ရံ အဂ္ဂသာဝက ဖြစ်မည့်သူမှာ ညီတော်အိမ်ရှေ့မင်း တိဿဖြစ်ကြောင်း မဟာဝင်တွင် ပါရှိပါသည်။ အကယ်၍ အဂ္ဂသာဝကဆုကို တောင်းလိုလျှင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတစ်ပါးပါးထံ၌ ဒါနစသည် ပြုလုပ်၍ တောင်းဆိုနိုင်သည်။ ဤကမ္ဘာမှ တောင်း၍ ဆုတောင်းပြည့်ရလျှင်ပင် လာမည့် အနာဂတ်ကာလကမ္ဘာတစ်သင်္ချေနှင့် တစ်သိန်း အလွန်ကျမှ ဖြစ်နိုင်ခွင့်ရှိပေသည်။

*

## အံသကိုက်

**မေး**။ ။ဆရာတော်ဘုရား၊ ယခုခေတ် ကိုရင်၊ ဦးပဉ္ဇင်းများသည်အံသကိုက်ခေါ် ချွေးခံအင်္ကျီများကို ဝတ်ကြပါသည်။ ပရိက္ခရာဆိုင်တိုင်းတွင်လည်း ချုပ်၍ ရောင်းကြပါသည်။ အများအားဖြင့် ဆရာတော်ကြီးများသည် ထိုအံသကိုက် ဝတ်ကြသည်ကို မနှစ်သက်ကြပါ။ ဝိနည်းတော်အရ အပ်မအပ် ဖြေကြားတော်မူပါ ဆရာတော်ဘုရား။

ဦးသုမန၊

ပါဠိဗိမာန်ကျောင်းတိုက်၊ ပဲခူးမြို့။

**ဖြေ**။ ။ အဋ္ဌကထာ၌ အံသကာသာဝ (အံသကိုက်)ကို ချွေးအထွက်လွန်သူတို့ အရံသင်္ကန်းတို့ကို ချွေးစွန်းခြင်း၊ နံစော်ခြင်းမှ ကာကွယ်ရန်ရံခါ ကိုယ်ကိုပတ်၍ ဝတ်ဆင်ရန် ခွင့်ပြုသည်။ အနံတစ်ထွာ၊ အလျားသုံးတောင်မျှ အဓိဋ္ဌာန်မတင်လောက်သော သင်္ကန်းငယ်၊ လက်ဝဲဘက်ပခုံးနှင့် ရင်ဝမ်း လုံရုံပတ်ဝတ်ရသည့်အဝတ်ကို တိစီဝရိက် မှတင်ဆောင်များပင် အပ်သည်ဟု ခွင့်ပြုထားပေသည်။ ယခုခေတ်တွင် ချုပ်၍ ကိုယ်ကျပ်အင်္ကျီပမာ ဝတ်ဆင်ကြသည်ကို ဝိနည်းလေးစားသော ဆရာတော်များ

www.dhammaransi.com

မနှစ်သက်သည်မှာ မှန်ပါသည်။ ဝိနည်းတော်အရ ဝတ်ရန်လည်း မအပ်ပါ။ ဝတ်လိုက ဖော်ပြပါ အလျား၊ အနံရှိသော အံသကာသာဝကို ပြုလုပ်အသုံးပြုသင့်ပါကြောင်း ဖြေကြားအပ်ပါသည်။

*

## အခြေအနေပေးသလို

**မေး**။ ။ ဆရာတော်ဘုရား၊

လမ်းမလျှောက်နိုင်သော အမေအိုကြီးအား မပြတ်ပြုစုနေရသဖြင့် အချိန်ယူ၍ ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ဖတ်ခြင်း၊ ပုတီးစိပ်ခြင်းတို့ကို မပြုနိုင်ဘဲ ဈေးရောင်းရင်း၊ အိမ်မှုကိစ္စတို့ကိုပြုရင်း ရွတ်ဆိုရ၊ ပုတီးစိပ်ရခြင်း၊ အချိန်ရသလို ပရိတ်စာအုပ်များကို ဖတ်၍ရွတ်ဆိုရခြင်းတို့မှာ နည်းလမ်းမှန် မမှန်၊ သင့် မသင့် သိလိုပါသည် အရှင်ဘုရား။

မချစ်ချစ်၊ မြင်းခြံမြို့။

**ဖြေ**။ ။ လုံးဝမရွတ်ဆိုဘဲ၊ ပုတီးမစိပ်ဘဲနေသည်ထက် အခြေအနေအရ ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ဖတ်ခြင်း၊ ပုတီးစိပ်ခြင်းများ ပြုနိုင်သည်မှာ ချီးကျူးဖွယ်ပင် ဖြစ်ပါသည်။ အချိန်မရသည့်တိုင်အောင် ရတနာသုံးပါး ဂုဏ်ရည်တို့ကို မပြတ်မလပ် အမှတ်ရနေနိုင်လျှင်ပင် အကျိုးကြီးလှပါသည်။ ပရိတ်ကြီး ဓဇဂ္ဂသုတ်နိဒါန်းတွင် စေတီယင်္ဂဏဝတ်ပြုနေသော သာမဏေကလေးသည် စေတီပေါ်တက်၍ သန့်ရှင်းရေးပြုနေစဉ် ခြေချော်ကျသည်။ ထိုအခါ ရတနာသုံးပါးဂုဏ်တော်များပါရှိသော ဓဇဂ္ဂသုတ်တော်ကို အာရုံပြု၍ "ဓဇဂ္ဂသုတ္တံ ရက္ခတု ဓဇဂ္ဂသုတ် ပရိတ်တော်သည် စောင့်ရှောက်ပါစေသတည်း"ဟု ဆိုရုံမျှဖြင့် စေတီကိုယ်မှ အုတ်ချပ်များ ထွက်လာ၍ခံပေးသဖြင့် အောက်သို့မကျဘဲ ထောက်ရာ၊ တည်ရာရပြီး ဘေးအန္တရာယ်ကင်းကြောင်း လာရှိပါသည်။ ထို့ကြောင့် အချိန်မပေးနိုင်၍ မရွတ်မဖတ်ဘဲနေသည်ထက် အခြေအနေပေးသလို ရွတ်ခြင်း (စာအုပ်ကို)

ဖတ်ခြင်း၊ ပုတီးစိပ်ခြင်းများကို မပြတ်ပြုလုပ်နိုင်အောင် ကြိုးစားရန်သင့်ပါကြောင်း ဖြေကြားအပ်ပါသည်။

*

## ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် နိဒ္ဒေသ

**မေး။** ။ ဆရာတော်ဘုရား၊

၂၄ ပစ္စည်း ပဋ္ဌာန်းဒေသနာတော် (ပစ္စယုဒ္ဒေသနှင့် နိဒ္ဒေသ)ကို အိမ်တွင် အမြဲရွတ်ဆိုနိုင်ပါသလား။ ၎င်းတို့ကို အမြဲရွတ်ဆိုက သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ လာရောက်နားကြားသဖြင့် အိမ်စောင့်နတ်များ အနေအထိုင်ခက်သည်ဟု ပြောဆိုကြပါသည်။ ထိုစကား ဟုတ်မှန်ပါသလား ဘုရား။

(က) မသီဂီ၊ ပွင့်ဖြူမြို့၊ မကွေးတိုင်း။
(ခ) မမြတ်ဆုနှင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း။
(ဂ) ယုယု၊ သီရိမင်္ဂလာ၊ ရန်ကုန်။

**ဖြေ။** ။ ဤပြဿနာမေးသူ များလှ၏။ ယခင်ကလည်း ဖြေခဲ့ဖူးပေပြီ။

ပဋ္ဌာန်းဒေသနာတော် စသော ဗုဒ္ဓဘာသိတဒေသနာ၊ ပရိတ်ဂါထာတော်များကို ရွတ်ဆိုခြင်းကြောင့် အန္တရာယ်ကင်းရှင်းကြောင်း သာဓကများစွာရှိပေသည်။ နတ်ကောင်း နတ်မြတ်များလည်း လာရောက် နာကြားကြကြောင်း စာပေများတွင် လာရှိပါသည်။ နတ်ကောင်း နတ်မြတ်များ လာရောက်ကြ၍ အန္တရာယ်ကို ပြုတတ်ကြသော နတ်ဆိုး နတ်ဝါးများ၊ တန်ခိုးငယ်သောနတ်များ ရှောင်ခွာသွားခြင်းကြောင့်လည်း အန္တရာယ်ကင်းရှင်းကြခြင်း ဖြစ်သည်။ အကယ်၍ အိမ်စောင့်နတ်သည် နတ်ဆိုး၊ နတ်ဝါးဖြစ်က ၎င်းရှောင်ခွာသွားခြင်းပင်လျှင် အန္တရာယ်ကင်းခြင်းပင်ဖြစ်၍ လိုလားအပ်သည်။ သို့သော် စာပေများတွင် တန်ခိုးကြီးနတ်များ လာရောက်ခြင်းကို တန်ခိုးသေးသော နတ်များက လိုလားကြောင်း၊ သာန

သာမဏေဝတ္ထုတွင် သာမဏေ၏သုံးဘဝမှ မိခင်ဖြစ်ဖူးသော နတ်ဘီလူးမသည် သာမဏေမယ်တော်ဟူသောဂုဏ်ဖြင့် တန်ခိုးကြီးနတ်များက လာတိုင်း နှုတ်ဆက်နေ၍ ဂုဏ်ရှိနေရာ သာမဏေလူထွက်တော့မည် ဆိုသဖြင့် ထိုဂုဏ်ပျက်မည်စိုး၍ သာမဏေ လူမထွက်အောင် ပူးကပ်ပြောဆိုကြောင်း ဝတ္ထုရှိပါသည်။ ထိုကိုထောက်က မိမိရှုတ်ဆို၍ နတ်ကောင်း နတ်မြတ်များလာလျှင် အိမ်စောင့်နတ်များ ပို၍ပင် ဝမ်းမြောက်ဂုဏ်ယူဖွယ် ဖြစ်ပေလိမ့်မည်။ မိမိအိမ်သို့ မင်းစိုးရာဇာများလာလျှင် ဝမ်းသာဂုဏ်ယူကြရသည်ကို သာဓကပြုသင့်ပေသည်။

*

## သာသနာ နှစ်ငါးရာစကား

**မေး**။ ။ အရှင်ဘုရား၊ အတွဲ ၉၊ အမှတ် ၁၂ ပါ သာသနာငါးထောင်အမေးကို ဖြေကြားရာတွင် "အာနန္ဒာ၊ မာတုဂါမတို့ သာသနာတွင်းဝင်လာခြင်းကြောင့် အနှစ်တစ်ထောင်တည်မည့် သာသနာသည် အနှစ်ငါးရာသာတည်လတ္တံ့" ဆိုပါသည်။ ဘာကြောင့်လျော့နည်းသွားရပါသနည်း။ ဘာကြောင့် အလျော့ခံ၍ မာတုဂါမတို့အား ဘိက္ခုနီအဖြစ် ခွင့်ပြုရပါသနည်း။ ရှင်းလင်းဖြေကြားတော်မူပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

မမာပျို၊ နမ္မတူ။

**ဖြေ**။ ။ မာတုဂါမများအား အတားအဆီးမရှိ အလုံးအရင်းဖြင့် သာသနာသို့ ဝင်ခွင့်ပြုလိုက်လျှင် လောကလူ့ဘောင်မှာကဲ့သို့ ကိလေသာအနှောင်အဖွဲ့ဖြင့် ရစ်ပတ်ထုံးဖွဲ့၍ သာသနာတော်ခိုင်ခံ့ဖွယ်မရှိ။ မဂ်ဖိုလ်ရနိုင်ဖွယ်မရှိဖြစ်ပေမည်။ ထို့ကြောင့် မာတုဂါမများ သာသနာဝင်ရောက်ခွင့်ပေးရာ၌ မာတုဂါမမှ ဖြစ်လာသော ဘိက္ခုနီ(ရဟန်းမိန်းမ)သည် ဘိက္ခု(ရဟန်းယောကျ်ား)အား ကြီးငယ်မရွေး ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ အဆုံးအမ

ခံခြင်း၊ ဝတ်အကျင့်ပြုလုပ်ခြင်း၊ ပြစ်တင်ရေရွတ်တိုင်းထွာမှု မပြုရခြင်း စသည်များပါသော ဂရုဓမ်တရားရှစ်ပါးကို ပဋိညာဉ်မှု ခံဝန်ပြုစေ၍ သာသနာဝင်ခွင့်ပေးခဲ့သည်။ ဤဂရုဓမ်တရား ရှစ်ပါးသည် ကန်ပေါင် ကန်ရိုးကြီးပမာ သာသနာခိုင်ခံ့ကြောင်း၊ တည်တံ့ကြောင်းဖြစ်သည်။ မာတုဂါမများ သာသနာသို့ ဝင်ရောက်လာသော်လည်း အနှစ်တစ်ထောင်မှ နှစ်ငါးရာသို့ ယုတ်လျော့၍ မသွားတော့ပေ။ ဂရုဓမ်တရားရှစ်ပါးကို မပညတ်ခဲ့လျှင်သာ ယုတ်လျော့သွားစရာရှိပေသည်။ ဘိက္ခုနီအဖြစ် ခွင့်ပြုလက်ခံရခြင်းမှာလည်း မာတုဂါမတို့ အရဟတ္တဖိုလ်ကို ရနိုင်ခြင်း၊ ရှေးဘုရားရှင်များလက်ထက်က ပါရမီဖြည့်ကျင့်လာခဲ့သော ရဟန္တာမလောင်းတို့ ရှိနေခြင်း၊ အမျိုးသမီးတို့လည်း အမျိုးသားတို့နှင့် တန်းတူ ဘုရားရှင်သာသနာတော်ကို ထမ်းဆောင်နိုင်ခွင့်ရှိခြင်းတို့ကြောင့် ခွင့်ပြုတော်မူခဲ့ရပါသည်။

*

## ဘုရား ရဟန္တာ

**မေး။** ။ အရှင်ဘုရား၊ ရည်မှန်းချက်ကြီးလွန်းပြီး ဖွဲကောင်းစွာ ထားရှိနိုင်သူတို့အဖို့ (က) ယခုဘဝတွင် ရဟန္တာဖြစ်အောင် ကြိုးပမ်းခြင်းနှင့် (ခ) သမ္မာသမ္ဗောဓိ ဘုရားဆုပန်ခြင်းနှစ်ခုတွင် မည်သည့်ကို လုပ်ဆောင်သင့်ပါသနည်း ဘုရား။

မောင်နေထွန်းခိုင်၊
ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်း။

**ဖြေ။** ။ (က) မှာ သံသရာဘဝများစွာ ခန္ဓာဒုက္ခတို့ ခံစားမနေလိုသော ရဟန္တာသာဝကတို့ စိတ်ဓာတ်ဖြစ်သောကြောင့် မိမိတစ်ဦးတည်း အတ္တဟိတ အနေဖြင့် အကောင်းဆုံးပင်ဖြစ်၍ ကဲ့ရဲ့စရာမရှိပေ။ (ခ)မှာ မိမိတစ်ဦးတည်း နိဗ္ဗာန်သို့ကူး၍ ချမ်းသာသုခကို အရယူသည်ထက်

6A

www.dhammaransi.com

သတ္တဝါအားလုံးကိုပါ ခေါ်ဆောင်လိုသော ဘုရားလောင်းတို့၏ အတ္တပရနှစ်ဝ အကျိုးပြုသော စိတ်ဓာတ်ဖြစ်သဖြင့် ပိုမို၍ကောင်းသည်ဟု ဆိုစရာပင် ဖြစ်ပါသည်။ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ရဟန္တာဘာဝဖြင့် နိဗ္ဗာန်ကူးနိုင်သော်လည်း "ကိံ မေ ဧကေန တိဏ္ဏေန ပုရိသေန ထာမဒဿိနာ" စသည်ဖြင့် 'ငါတစ်ဦးတည်း နိဗ္ဗာန်ကို ကူးမြောက်သဖြင့် အဘယ်အကျိုးရှိအံ့နည်း။ မိမိအားအစွမ်းကို သိမြင်သူပီပီ ဘုရားဖြစ်၍ သတ္တဝါအပေါင်းကို ကယ်တင်ပေအံ့' ဟု အဓိဋ္ဌာန်၍ ဘုရားဆုပန်ခဲ့ပါသည်။ ယခု ပြဿနာရှင်၏ စာတွင်လည်း ရည်မှန်းချက် ကြီးလွန်းပြီး ဖွဲကောင်းစွာ ထားရှိနိုင်သူတို့အဖို့' ဟုဆိုပေရာ ဖော်ပြပါ သုမေဓာစိတ်ဓာတ်မျိုးပင် ဖြစ်သည့်အားလျော်စွာ ဘုရားဆုပန်ခြင်းကို လုပ်ဆောင်သင့်ကြောင်း အကြံပေးလိုပါသည်။

*

## ဘုရားလက်ထက် အက္ခရာစာပေ

**မေး။** ။ လျှောက်ထားအပ်ပါသည် ဘုရား။

(၁) ဃောသက သူဌေးသားဝတ္ထုတွင် သူဌေးကြီးက မွေးစားသားအား သတ်ရန် မိတ်ဆွေသူကြွယ်ထံ စာရေးပေးသည်ဟု ဖတ်ရပါသည်။ မြတ်စွာဘုရားလက်ထက်တွင်အက္ခရာစာပေ ပေါ်ပေါက်ပြီး ဖြစ်ပါသလား ဘုရား။

(၂) အက္ခရာစာပေ ပေါ်ပေါက်ပြီး ဖြစ်ပါလျှင် မြတ်စွာဘုရား၏ တရားတော်များကို အဘယ်ကြောင့် ကျောက်ထက်အက္ခရာ၊ ပေထက်အက္ခရာ မတင်ထားခဲ့ဘဲ သံဃာတော်များက နှုတ်ငုံမှတ်သားလာခဲ့ရသည်ကို သိလိုပါသည်ဘုရား။

ဒေါ်သင်းသင်း၊ ရန်ကုန်။

www.dhammaransi.com

ဖြေ။ ။ (၁) မြတ်စွာဘုရား လက်ထက်တော်၌ အက္ခရာစာပေ ရေးသား ဖတ်ကြားမှုများ ရှိနေကြောင်း၊ ၎င်းဃောသက ဝတ္ထုအပြင် ဥတ္တရာ သူဌေးသမီးဝတ္ထု၊ ပုက္ကုသာတိဝတ္ထု စသည်တို့တွင်လည်း ထင်ရှားရှိပါ သည်။ အထူးအားဖြင့် ပုက္ကုသာတိ ဝတ္ထုပြရာ ဓာတုဝိဘင်္ဂသုတ်အဖွင့် (မ ဋ္ဌ ၄၊ ၂၀၁)၌ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းထံမှ တက္ကသိုလ်ပြည် ပုက္ကုသာတိမင်းထံသို့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ပေါ်ပေါက် နေကြောင်းကို ရွှေပြားတွင် အက္ခရာစာပေ ရေးသား၍ ပေးပို့ကြောင်း ၎င်းအက္ခရာစာပေတို့မှာ "သမသီသာနိ၊ အက္ခရာအပေါ်ထိပ်(ခေါင်း) ညီညာ၍။ သာမပန္တိ နိ၊ လက်ဝဲမှလက်ယာသို့ ညီညီညာညာစီတန်းနေ ကြောင်း။ စတုရဿာနိ၊ လေးထောင့်သဏ္ဍာန်ရှိကြောင်း" ဖော်ပြပါရှိသည်။ ဗြာဟ္မီအက္ခရာပုံ ဖြစ်ဟန်ရှိကြောင်း သိရပါသည်။

(၂) ရဟန်းသံဃာတော်များသည် တရားတော်များကို လေးစား ရှိသေသောအားဖြင့် အက္ခရာစာပေဖြင့် ရေးသားဖတ်ကြားခြင်းထက် အဆင့်ဆင့် နှုတ်တက်အာဂုံဆောင်၍ ရွတ်ဆိုလေ့ရှိကြောင်း၊ ထို့ပြင် သဒ္ဓါပညာထက်သန်သော ခေတ်ဖြစ်၍ တစ်ပါးက နှုတ်ဖြင့် ရှေ့ကရွတ်ဆို သွားလျှင် တစ်ပါးက နောက်မှလိုက်၍ ရွတ်ဆိုခြင်းဖြင့် နှုတ်တက်ရရှိသွား ကာ ဤနည်းဖြင့် အဆင့်ဆင့် သင်ကြားဆောင်ရွက်ခဲ့ကြောင်း၊ ဤခေတ် ဂိုဏ်းဂဏများပမာ ဒီဃဘာဏကဂိုဏ်းမှ ဒီဃနိကာယ်ကိုလည်းကောင်း၊ မဇ္ဈိမဘာဏကဂိုဏ်းမှ မဇ္ဈိမနိကာယ်ကို လည်းကောင်း၊ ထို့အတူ အင်္ဂုတ္တရ နိကာယ်၊ သံယုတ္တနိကာယ် စသည် ဂိုဏ်းအသီးသီးခွဲ၍ သူ့တာ ကိုယ့်တာ ခြားပြီး ဆောင်ပြီး၊ ရွတ်ခြင်းတို့ဖြင့် ပိဋကတ်သုံးပုံကို ဆောင်ခဲ့ကြရာ သာသနာ ၄၅၀ အထိ ဖြစ်သည်။ ထိုသာသနာ ၄၅၀ သီရိလင်္ကာ သီဟိုဠ်ခေတ်တွင်မှ ဒုဗ္ဘိက္ခန္တရကပ်ဘေးကြီးများ တွေ့ရသဖြင့် ကြာလျှင် သဒ္ဓါပညာခေါင်းပါးပြီး ပိဋကတ်တော်များ ဆောင်ခြင်း၊ ရွတ်ခြင်းတတ်

www.dhammaransi.com

နိုင်တော့မည်မဟုတ်ဟုဆိုကာ ပေထက် အက္ခရာတင်ခဲ့သည်ဟု ဆိုပါသည်။

*

## ဒေဝဒတ်ရန်ငြိုး

**မေး။** ။ အရှင်ဘုရား၊ ရှင်ဒေဝဒတ်သည် မြတ်စွာဘုရားအား အဘယ်ဆုတောင်းကြောင့် ဘဝပေါင်းများစွာ ဖျက်ဆီးခဲ့သည်ကို သိလိုပါသည်။ ရှင်းလင်းဖြေကြားပေးပါဘုရား။

ကိုအောင်မြတ်သူ၊ ဒဂုံမြောက်မြို့နယ်။

**ဖြေ။** ။ ဘုရားလောင်းနှင့်ဒေဝဒတ်အလောင်းတို့သည် ဘဝပေါင်းများစွာ တွေ့ကြုံခဲ့ကြရာ မိတ်ဆွေ၊ ညီအစ်ကို၊ သားအဖ စသည်ဖြင့် ရင်းနှီးခင်မင်ခဲ့ကြပေသည်။ သို့သော် ဤကမ္ဘာမှ ပြန်၍ရေတွက်သော် လွန်ခဲ့သော ငါးကမ္ဘာထက်၌ သေရိဝမည်သော တိုင်းပြည်တွင် ရွှံကုန်သည်များဖြစ်ခဲ့ကြသည်။ ခင်မင်ရင်းနှီးစွာပင် အတူတကွ ရွှံရောင်းထွက်ခဲ့သည်။ သူဌေးဟောင်း မြေးအဘွားအိမ်မှ တစ်သိန်းတန် ရွှေခွက်ကို ဒေဝဒတ်လောင်းက ကောက်ကျစ်စဉ်းလဲမှုကြောင့် ရသင့်လျက်မရဘဲ ဘုရားလောင်းက ဖြောင့်မှန်မှုကြောင့် ရရှိခဲ့သည်။ ထိုရွှေခွက်ကို မရမှုကြောင့် ဒေဝဒတ်အလောင်းရွှံကုန်သည် နလုံးကွဲ သွေးအန်၍ ရန်ငြိုးဖွဲ့ကာ သေလွန်ခဲ့သည်။ ထိုအခါ (သေရိဝ ရွှံကုန်သည်ဘဝ)မှစ၍ ဘဝအဆက်ဆက် အကျိုးမဲ့သာ ပြုလုပ်ခဲ့လေတော့သည်။ အကျိုးမဲ့ပြုရန် ဆုတောင်းခဲ့သည်မဟုတ်။ ရန်ငြိုးဖွဲ့ခဲ့၍ဖြစ်ကြောင်း မှတ်သားလျက် မိတ်ဆွေအချင်းချင်း အာဃာတထားခြင်း၊ ရန်ငြိုးဖွဲ့ခြင်းများကို မပြုမိရန် အရေးကြီးလှကြောင်း မှာကြားလိုပေသည်။

(သေရိဝဇာတ်၊ ဇာတက ၄=၁၊ ၁၂၆)

*

www.dhammaransi.com

## စမဂါထာ

**မေး။** ။ ဆရာတော်ဘုရား၊

အများသိနေကြသော စဓဗဝဂါထာသည် ဘုရားဟော ဟုတ်ပါသလားဘုရား၊ မည်သည့်ကျမ်း၌ ပါရှိပါသလဲ၊ မည်သည့်အကျိုးကျေးဇူးများကို ပြီးစေနိုင်ပါသလဲဘုရား။

ကိုကျော်မင်းဦး၊ ပလိပ်စက်ရုံ။

**ဖြေ။** ။ စ ဓ ဗ ဝ ဂါထာသည် ဘုရားဟောမဟုတ်။ မည်သည့် ဗုဒ္ဓဘာသာကျမ်းကြီး ကျမ်းခိုင်များတွင်မျှ မပါ။ လောကီကျမ်းများက လာသော စမလေးလုံးအက္ခရာဖြစ်သည်။ ငါးရံ့၏အမြီးတွင် စလုံးအက္ခရာ၊ ဥဒေါင်း၏အမြီး (ဒေါင်းမြီးကွက်များ)တွင် ဓအောက်ချိုင့်အက္ခရာ၊ ပုစွန်၏ကိုယ်တွင် ဗထက်ချိုင့် အက္ခရာနှင့် ဝံသတ္တဝါ၏ချက်တွင် ဝ အက္ခရာများပါရှိကြောင်း၊ ၎င်းတို့မှာ ကမ္ဘာဦးသတ္တဝါများဖြစ်၍ ၎င်းတို့၌ပါသော အက္ခရာလေးလုံး စ၊ ဓ၊ ဗ၊ ဝ တို့မှာ ကမ္ဘာတည်သရွေ့ မပျောက်မပျက်နိုင်သော အက္ခရာများဖြစ်သဖြင့် ယင်းအက္ခရာလေးလုံးကို ဆေးအင်းမန္တန် စီရင်၍သုံးလျှင် သိဒ္ဓိပေါက်နိုင်ကြောင်း စကားစဉ်ရှိသည်။ ထိုကိုပင် ပါဠိပညာရှင်များက စာတစ်လုံး တစ်ပါဒပြု၍ ဘုရားရှိခိုးဂါထာ စီကုံးထားခဲ့ကြသည်။ ရှေးစာတစ်ပုဒ်တွင် "ဥဒေါင်း၊ ဝံ၊ ပုစွန်နှင့် ငါး။ မြီး ကိုယ်မှာ၊ ပေါ် စမ ကို၊ သုံးကြလူများ" ဟု ဆိုထားလေသည်။

*

## ရေကြီးလျှင် ရေလေးကို နိုင်သည်

**မေး။** ။ ဆရာတော်ဘုရား၊

'ငရဲကြီးလျှင် ငရဲလေးကိုနိုင်သည်'ဟု ကြားဖူးပါသည်ဘုရား၊ ဘယ်လိုကံမျိုးကို ငရဲကြီးသည့်ကံခေါ်၍ ဘယ်လိုကံမျိုးကို ငရဲလေးကံဟု ခေါ်ပါသလဲဘုရား၊ ဖြေကြားတော်မူပါရန်။

မောင်သောင်းဦး၊ ဝါကောက်ရွာ၊ ကျိုက်လတ်မြို့နယ်။

www.dhammaransi.com

**ဖြေ**။ ။ ငရဲကြီးလျှင် ငရဲလေးကို နိုင်သည်ဆိုသော စကားမှာ မူလက အပြက်အချော်စကား ဖြစ်ဟန်တူပါသည်။ သို့သော် ယင်းစကား အတွက် ဆရာတော်ကြီးတစ်ပါးကို လျှောက်ထားရာ ဤသို့ ဖြေကြားဖူး ကြောင်း 'ဥပမာသမူဟဂီရက္ကမကျမ်း' တွင် ပါသည်။ 'ငရဲကြီးသည်'ဟူ သည်မှာ အမိသတ်ခြင်း၊ အဖသတ်ခြင်း၊ ရဟန္တာသတ်ခြင်း၊ မြတ်စွာဘုရား အား သွေးစိမ်းတည်အောင်ပြုခြင်းနှင့် သံဃာသင်းခွဲခြင်းဟူသော ပဉ္စာနန္တ ရိယ ဂရုကံကြီးများကို ပြုသူသည် တစ်ကမ္ဘာပတ်လုံး အဝီစိငရဲ၌ ခံရခြင်း ဟူသော ငရဲကြီးလေသည်။ ရိုးရိုး သူ့အသက်သတ်ခြင်း၊ ခိုးခြင်း စသော ကံများကို ပြုသူအား သာမန် ဥဿဒ (အရံ)ငရဲနှင့် သိဉ္ဇိုဝ်း၊ ကာလသုတ် စသော ငရဲများ၌သာ ကျသဖြင့် 'ငရဲကလေး ရောက်ရသည်'ဟု ဆိုရ သည်။ ပုဂ္ဂိုလ်တစ်ဦးသည် သူ့အသက်သတ်ခြင်း စသော အကုသိုလ်များ ကိုလည်းပြုသည်။ ပဉ္စာနန္တရိယကံများမှ တစ်ခုခုကိုလည်း ကျူးလွန်သည် ဆိုလျှင် ပဉ္စာနန္တရိယကံကိုပြုသော အပြစ်ကြီးက အကျိုးပေး၍ ရိုးရိုး သူ့အသက်သတ်မှုကို ပြုသောအပြစ်က အကျိုးမပေးတော့ပေ။ ဥပမာ ပဉ္စာနန္တရိယ ကံချင်းတူလျှင်ပင် အမိရော၊ အဖရော သတ်သူအား အမိ သတ်သောကံက အကျိုးပေးသွား၍ အဖသတ်သောကံက အကျိုးမပေးနိုင် တော့ပေ။ အားကြီးရာ၌ ပါဝင်သွားပေတော့သည်။ ဤသည်ပင် ငရဲကြီးက ငရဲလေးကို နိုင်သည်ဆိုသော အဓိပ္ပာယ်ပင် ဖြစ်လေတော့သည်။

*

## ပါဏာတိပါတ

**မေး**။ ။ အရှင်သူမြတ်ဘုရား၊

"ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိ"ဟူသော သိက္ခာပုဒ်၌ ပါသော 'ပါဏ'ဟူသော ပုဒ်အရ ထွက်သက်ဝင်သက်ရှိသော

သတ္တဝါကိုသာ ဆိုလိုပါသလား ဘုရား၊ "ပါဏာ" "တိ"နှင့် "ပါတာ"တို့၏ အဓိပ္ပာယ်ကိုလည်း သိလိုပါသည်ဘုရား။

မောင်စန်းလွင်၊ ကော့မှူးမြို့နယ်။

**ဖြေ**။ ။ ပါဏဟူသည်မှာ ထွက်သက်၊ ဝင်သက် သို့မဟုတ် ထွက်သက် ဝင်သက်ရှိသော သတ္တဝါ၊ သို့မဟုတ် အသက်၊ သို့မဟုတ် ဇီဝိတိန္ဒြေကို ယူနိုင်ပါသည်။ ပါဏာတိပါတ ပုဒ်ကို ပုဒ်ခွဲလျှင် "ပါဏ+အတိပါတ"ဖြစ်၍ သူ့အသက်ကို လျင်စွာချခြင်းဟု တိုက်ရိုက်အနက်ဆိုနိုင်ပါသည်။ အဓိပ္ပာယ်အနက်မှာ သူ့အသက်ကို သတ်ခြင်းပင် ဖြစ်ပါသည်။

*

## ရှေးက ကံ

**မေး**။ ။ ရှေးလူ့ဘဝက ပရဒါရကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခဲ့ပြီးနောက် ရဟန်းဖြစ်ခဲ့ပြီး တရားအားထုတ်ရာ အသင့်အတင့် ပေါက်ရောက်ခဲ့ပါသည်။ မတိုးတက်ခဲ့ပါ။ ထိုကျူးလွန်ခဲ့ဖူးသောကံကြောင့်ဟု ထင်ခဲ့ပါသည်။ သည်အပြစ် သည်ဘဝမှာမှ ကျေပါဦးမည်လား ဘုရား။ တပည့်တော်အား သနားသဖြင့် ဖြေကြားရှင်းလင်းပေးပါရန် လျှောက်ထားပါသည်။

တပည့်တော် ဘိက္ခု၊ မဒေါက်။

**ဖြေ**။ ။ ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါးဟူသော အကုသလ ကမ္မပထတရား ၁၀ ပါးမှာ နတ်ရွာ၊ မဂ်၊ ဖိုလ်ကို တားနိုင်သော ကံများမဟုတ်။ အမိသတ်ခြင်း၊ အဖသတ်ခြင်း စသည့် ပဉ္စာနန္တရိယကံကြီးများသာ နတ်ရွာမဂ်ဖိုလ်ကို တားနိုင်ပါသည်။ လူတစ်ထောင်ကျော်သတ်ခဲ့သော အင်္ဂုလိမာလ ရဟန္တာဖြစ်နိုင်သည်ကို ထောက်ပါ။ ထို့ပြင် သာဝတ္ထိပြည် အနာထပိဏ်သူဌေးကြီး၏ တူ ခေမက သူဌေးသား ဝတ္ထု

ကိုလည်း ထောက်ဆနိုင်သည်။ ခေမက သူဌေးသားသည် ရုပ်အဆင်း အလွန်လှပသည်။ မြင်တွေ့ရသမျှ မိန်းမတို့ကို ဆွဲဆောင်နိုင်သည်။ ထို့ကြောင့်ပင် ပရဒါရကာမေသုမိစ္ဆာစာရအမှုကို အမြဲကျူးလွန်ပြုလုပ်သည်။ မြို့သူ မြို့သားတို့ မခံမရပ်နိုင်ရှိ၍ ကောသလမင်းကြီးထံ ဖမ်း၍ ပို့သည်။ မင်းကြီးကလည်း အနာထပိဏ်သူဌေးကြီး မျက်နှာထောက်၍ ၃ ကြိမ်တိုင်တိုင်ပင် အပြစ်မပေးဘဲ ပြန်၍ လွှတ်သည်။ နောင်တွင် သူဌေးကြီးကိုယ်တိုင် ခေမကအား မြတ်စွာဘုရားထံ ခေါ်သွားရာ မြတ်စွာဘုရားက တရားဟော၍ သောတာပန်ပုဂ္ဂိုလ်ဖြစ်သွား၏။ နောင်တွင် ရဟန်းဝတ်ရာ ခေမက ရဟန္တာဟူ၍ ထင်ရှားကျော်ကြားသွားလေသည်။

(ဓမ္မပဒ ဋ္ဌ၊ ၁ ၃၀၀)

သို့ဖြစ်၍ ဖြစ်ခဲ့သော အကုသလ ကမ္မညစ်ထေး အပြစ်ဘေးကို ဆေးလျှော်နိုင်သော ကုသိုလ်တရားတို့ကို နေ့ညမအား ပွားများအားထုတ်၍ ယုတ်ညံ့သော ကံမှား ကံဟောင်းတို့ ခေါင်းထောင်မလာနိုင်အောင် ကြိုးစား၍ နေစေလိုပါသည်။

*

## ဇာလီနှင့် ကဏှာဇိန်

**မေး။** ။ ဆရာတော်ဘုရား၊

ဝေဿန္တရာမင်းကြီး၏ သား ဇာလီနှင့် သမီး ကဏှာဇိန်တို့ နှစ်ယောက် ရှိပါသည်။ ဝေဿန္တရာမင်းကြီး သိဒ္ဓတ္ထမင်းဘဝဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါတွင် သားနှင့်သမီး (ဇာလီနှင့် ကဏှာဇိန်) တို့သည် မည်သည့်ဘဝရောက်သွားကြောင်းကို သိလိုပါ၍ ဖြေကြားပေးပါရန် လျှောက်ထားပါသည် ဘုရား။

ဦးတင့်ဆွေ၊
ညောင်ပင်သာရပ်ကွက်၊ ကလေးမြို့။

www.dhammaransi.com

ဖြေ။ ။ ဝေဿန္တရာဇာတ် ဇာတ်ပေါင်းခန်းတွင် "ဇာလိ ကုမာရော ရာဟု လော၊ ကဏှာဇိနာ ဥပ္ပလဝဏ္ဏာ"ဟု (ဇာတက ၄၊ ၇၊ ၃၈၇)၌ ပါရှိသဖြင့် ဇာလိမင်းသားသည် သားတော် ရာဟုလာ (အရှင်ရာဟုလာ မထေရ်) ဖြစ်၍ ကဏှာဇိန် မင်းသမီးမှာ ဥပ္ပလဝဏ် (လက်ဝဲရံ အဂ္ဂ သာဝိကာ ရဟန္တာမ ဥပ္ပလဝဏ္ဏာထေရီ)ဖြစ်ကြောင်း မှတ်သားနိုင်ပါသည်။

*

## စာတစ်လုံးချင်း၏ အဓိပ္ပာယ်များ

**မေး**။ ။ ဆုတောင်းလင်္ကာတစ်ပုဒ်မှ မရှင်းလင်းသည့်အချက်များ တွေ့ရှိပါ၍ တပည့်တော်အား ဖြေကြားပေးပါရန် ရိုသေစွာ လျှောက်ထား အပ်ပါသည် ဘုရား။

"ဤကောင်းမှုကြောင့်၊ လေးစုအပါယ်၊ ကပ်သုံးသွယ်နှင့်၊ ပြစ်ပယ် ရှစ်ရပ်၊ ငါးထပ်ရန်သူ၊ လုယူနှိပ်စက်၊ နှောင့်ယှက်ခြင်းမှ၊ ကင်းလွတ်ရ၍။ အာ ဩ ဂယ၊ ပေါင်းသောဋ္ဌနှင့်၊ က သ ဆယ်လီ၊ အာကိုးလီတို့၊ မမှီနိုင် ဆုံး၊ မရှစ်လုံးနှင့်၊ ခြောက်လုံးနငယ်၊ မငြိတွယ်သား၊ တစ်ဆယ်သောလ၊ ဆယ့်နှစ်လဟု၊ ဘ သ ဟ မျိုး၊ ငုပ်ပျောက်လျှိုးလျက်၊ ငြိမ်းမျိုးအမှန်၊ပြည် နိဗ္ဗာန်သို့၊ အမှန်မချို့ ရောက်စေသောဝ်။

အထက်ပါ ဆုတောင်းလင်္ကာမှ

(၁) အာ ဩ ဂ ယ၊ ပေါင်းသောဋ္ဌ၊ (၂) က သ ဆယ်လီ၊ (၃) အာကိုးလီ၊ (၄) မရှစ်လုံး၊ (၅) ခြောက်လုံးနငယ်၊ (၆) တစ်ဆယ်သော လ၊ ဆယ့်နှစ်လ၊ (၇) ဘ သ ဟ မျိုး၊ ၎င်းတို့၏ အဓိပ္ပာယ်ကို ဖြေကြားပေး တော်မူပါ ဘုရား။

ဦးကျော်မြင့်၊
ကျွန်းစုရပ်၊ တမူးမြို့။

www.dhammaransi.com

**ဖြေ**။ ။ ယင်းလင်္ကာမှ အာသြဂယ ပေါင်းသော၌ ဟူသည်မှာ=အာသဝ

လေးပါး၊ ဩဃလေးပါး၊ ဂန္ထလေးပါး၊ ယောဂလေးပါး၊ လေးပါး လေးလီ, တစ်ဆယ့်ခြောက်ပါး။ ပေါင်းသော၌ ဟူသည် လေးမျိုးပေါင်း သော၌သ တစ်ဆယ့်ခြောက်ဟု ဆိုလိုသည်။ (ပေးပို့သောမူတွင် ဃယ ဟု ဖြစ်၏။ ဂယ ဖြစ်သင့်သည်။) က သံ ဆယ်လီကား=ကိလေသာ ဆယ်ပါးနှင့် သံယောဇဉ်ဆယ်ပါး ဖြစ်ပါသည်။ အာကိုးလီကား အာဃာ တ ဝတ္ထု (ရန်ငြိုးဖွဲ့ခြင်း၊ အကြောင်းမဲ့ အမျက်ထွက်ခြင်း) ကိုးပါးဟု ယူပါ။ မ ရှစ်လုံးမှာ=မိစ္ဆာဒိဋ္ဌိ စသော မိစ္ဆာမဂ္ဂင်ရှစ်ပါး ဖြစ်သင့်၏။ ခြောက်လုံးနငယ်ကား=နီဝရဏတရား ခြောက်ပါး ဖြစ်သည်။ တစ်ဆယ် သောလ၊ ဆယ့်နှစ်လမှာ=အကုသလ ကမ္မပထဆယ်ပါးနှင့် ယင်း၏ တရားကိုယ် အကုသလ စိတ္တတစ်ဆယ့်နှစ်ပါး ဖြစ်ပါလိမ့်မည်။ ဘသဟ ကား=လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်သုံးမျိုးပင် ဖြစ်လေသည်။ ထိုတရားများမှ ကင်း၍ နိဗ္ဗာန်သို့ ရောက်ပါစေဟု ဆိုလိုရင်းဖြစ်ကြောင်း နားလည်ရပါသည်။ အမည်မှုသာ အကျဉ်းချုံး၍ ဖြေလိုက်သည်။ ယင်း တို့၏ သရုပ်သချာများကို စာစောင်၌ အကျယ်မဖော်ပြသာပါ။ နီးစပ်ရာ ဆရာတော် သံဃာတော်များထံ လျှောက်ထား မှတ်သားစေလိုပါသည်။

*

## သီလရှင်အား ရှိခိုးငြားက

**မေး**။ ။ ဆရာတော်ဘုရား၊

(၁) "သီလရှင်အား၊ လူယောက်ျားတို့ ဝပ်တွားရိုကျိုး၊ ကောင်း အဆိုး၊ ကြောင်းကျိုး မည်သို့ ရှိသနည်း။

(၂) မိန်းမအများ၊ ရှိခိုးငြား၊ ကျိုးကား ဘယ်သို့ ရှိသနည်း။

သာဓကသွင်း၊ ယုံမှားကင်း၊ ဖြေရှင်းပေးပါဘုရား။

ရှင်သိဒ္ဓိဗလ၊ မြောင်းမြမြို့။

www.dhammaransi.com

**ဖြေ။ ။** "မဟောသဓာ၊ ဇာတ်တော်မှာလျှင်၊ မဟောသဓာ၊ လောင်းအလျာ
က၊ ပရိဗ္ဗာဇိက၊ ဘေရီမအား၊ ညွှတ်ခဝပ်လျှိုး၊ ရှိလျှင်ခိုးခဲ့။ စံထိုး
သမှု၊ ထိုဝတ္ထုကို၊ စွဲရှုကြည့်က၊ ကျင့်သီလကို၊ ပဓာနထား၊ ရှိဝပ်တွားဓေါ်။
ကျားမ မရွေး၊ ရှိခိုးရေးကို၊ ဆတွေးကြံကာ၊ ကင်းသက်္ကာသည်၊ မြဲစွာ
မှတ်သားဖွယ်ပင်တည်း။"

*

## မေတ္တာပို့

**မေး။ ။** ဆရာတော်ဘုရား၊

တပည့်တော်တို့ မေတ္တာပို့သရာ၌ အနက်အဓိပ္ပာယ် မသိဘဲ ပါဠိကို
သာ ရွတ်ဆို၍ မေတ္တာပို့သပါက ၎င်းပို့သသော မေတ္တာသည် အစွမ်းတန်ခိုး
ထက်မထက် ဖြေကြားပေးပါရန်နှင့် အစွမ်းတန်ခိုးထက်အောင် မည်ကဲ့သို့
ပို့သရမည်ကို ဆရာတော်ဘုရားက စေတနာ၊ မေတ္တာ ရှေ့ထား၍ ဖြေကြား
ပေးပါရန် လျှောက်ထားအပ်ပါသည်။

မောင်မြတ်နိုး (မြောင်းမြ)

**ဖြေ။ ။** မေတ္တာပို့သရာတွင် ပါဠိဘာသာ မတတ်ကျွမ်းသူတို့အဖို့ မိမိတို့
မိခင်ဘာသာဖြင့်သာ ပို့သသင့်ပါသည်။ မေတ္တာပို့ရာတွင် အနောဓိသ (မရည်ရွယ်ဘဲ ပို့သအပ်သူ) ငါးမျိုး၊ ဩဓိသ (ရည်ရွယ်ပို့သအပ်သူ)
ခုနစ်မျိုးကို မူတည်၍ တု (ပါစေ) လေးမျိုးနှင့် စနစ်တကျ ပို့သရန်
အရေးကြီးပါသည်။

(က) သတ္တဝါအားလုံး၊ သက်ရှိအားလုံး၊ ထင်ရှားရှိအားလုံး၊ ပုဂ္ဂိုလ်
အားလုံး၊ ခန္ဓာကိုယ်ရှိသူအားလုံး (အနောဓိသ ငါးမျိုး)။ (ခ) အမအားလုံး၊
အဖိုအားလုံး၊ အရိယာအားလုံး၊ ပုထုဇဉ် အားလုံး၊ နတ်ဗြဟ္မာအားလုံး၊
လူအားလုံး၊ အပါယ်ဘုံသားအားလုံး၊ (ဩဓိသ ၇ မျိုး)တို့သည် (ဂ)
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊

ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေ (တု လေးမျိုး)ဟု ရိုးရိုးအရပ် ၁၀ မျက်နှာမပါ မေတ္တာ ၄၈ ပါး။ ထို့နောက် (ဃ) အရှေ့ မျက်နှာအရပ်၊ အနောက် မျက်နှာအရပ်၊ မြောက်မျက်နှာအရပ်၊ တောင်မျက်နှာအရပ်၊ အရှေ့တောင် မျက်နှာအရပ်၊ အရှေ့မြောက်မျက်နှာအရပ်၊ အနောက်မြောက်မျက်နှာ အရပ်၊ အနောက်တောင်မျက်နှာအရပ်၊ အောက်မျက်နှာအရပ်၊ အထက်မျက်နှာအရပ်၊ ဤအရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ် ဆယ်မျက်နှာ ဤစကြဝဠာနှင့်တကွ စကြဝဠာအနန္တ၌ ရှိကြကုန်သော သတ္တဝါ အားလုံး အထက်ပါအတိုင်း ဆိုပါ။

ဩဓိသ၊ အနောဓိသ သတ္တဝါ ၁၂ မျိုး၊ မေတ္တာလေးပါးနှင့် မြောက် ၄၈ မေတ္တာ၊ အရပ် ၁၀ မျက်နှာနှင့် မြောက် ၄၈၀ မေတ္တာ၊ အရပ်မျက်နှာမရည်ရွယ်သော မူလ ၄၈ ပါးနှင့် ထပ်ပေါင်း ၅၂၈ မေတ္တာ။ ဤသို့ ပါဠိမတတ်သူတို့အဖို့ မြန်မာဘာသာဖြင့် မေတ္တာပို့လျှင် အကောင်းဆုံးပင် ဖြစ်ကြောင်း လမ်းညွှန်အပ်ပါသည်။

*

## စွယ်တော်လေးဆူ

**မေး**။ ။ အရှင်ဘုရား၊

စွယ်တော်လေးဆူအကြောင်း ဖတ်ရ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူမှ ရယူကြရကြောင်း ကြည်ညိုရပါသည်။ ပရိနိဗ္ဗာန်စံတော်မမူမီ အခြား အံတော်သွားတော်များ ရနိုင်၊ မရနိုင် သိလိုပါသည် ဘုရား။ သက်တော် ၈၀ မှ ပရိနိဗ္ဗာန်ပြုသဖြင့် ရမည်ဆိုက ရနိုင်ရန်ရှိကြောင်း ကြံစည်မိ၍ မေးရပါသည်ဘုရား။

ဦးစောဖြူ၊ စစ်တွေ။

www.dhammaransi.com

**ဖြေ**။ ။ မြတ်စွာဘုရားတို့သည် ပါရမီ ၁၀ ပါး၊ အပြား ၃၀ တို့ကို ကမ္ဘာပေါင်းများစွာ ဖြည့်ဆည်းပူးခဲ့သဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူသည် အထိ အသားအရေတွန့်လိပ်ခြင်း၊ ဆံတော်ဖြူခြင်း၊ သွားတော်ကျိုးခြင်း မရှိ၊ သက်တမ်း၏ ငါးပုံလေးပုံအရောက် လူအပေါင်းတို့ ချစ်ခင်မြတ်နိုးနေစဉ်မှာပင် ပရိနိဗ္ဗာန်စံဝင်တော်မူကြောင်း "ဗုဒ္ဓါ နာမ ခဏ္ဍိစ္စာဒိဘာဝံ အပ္ပတွာဝ ပဉ္စမေ အာယုကောဋ္ဌာသေ ဗဟုဇနဿ ပိယမနာပကာလေ ယေဝ ပရိနိဗ္ဗာယန္တိ" (သံ ဋ္ဌ– ၃၊ ၂၈၃)ဟု အဋ္ဌကထာ ဆရာတို့ မိန့်ကြားတော်မူခဲ့ပါသည်။ (အင်္ဂုတ္တရ–ဋ္ဌ၊ ဒီဃ–ဋ္ဌတို့တွင်လည်း အလားတူ ဆိုပါသည်။)

*

## ရုပ်ရှင်တော်

**မေး**။ ။ ဆရာတော် အရှင်မြတ်ဘုရား၊

အချို့ဗုဒ္ဓရုပ်ပွားတော်များကို 'ရုပ်ရှင်တော်မြတ်'ဟူသော ဝေါဟာရဖြင့် ဖော်ပြထားသည်ကို တွေ့ရပါသည်။ 'ရုပ်ရှင်တော်'၏အဓိပ္ပာယ်ကို သိလိုပါသည် ဘုရား။

သန်းလွင်၊ ပြွန်တန်ဆာမြို့။

**ဖြေ**။ ။ အလွန်သပ္ပာယ်တော်မူသော ရုပ်ပွားတော်များသည် မျက်နှာတော်က လှုပ်ရှားနေသယောင်၊ ဖူးမြော်သူတို့အမြင်တွင် အမျိုးမျိုး ထင်မြင်ကြရပါသည်။ ဥပမာ ခြောက်ထပ်ကြီးလျောင်းတော်မူကြီးသည် မျက်လုံးတော်ကြည်လင်လှသဖြင့် မျက်တောင်ပင်ခတ်နေသကဲ့သို့ ထင်ရသည်။ ရခိုင်ပြည်၊ ကျောက်တော်မြို့ မဟာမုနိရုပ်ပွားတော်မှာ မျက်နှာတော်ပုံ အမျိုးမျိုးပြောင်းနေသကဲ့သို့ ထင်ရသည်။ မဟာဿွံသာရ ရုပ်ပွားတော်သည်လည်း တစ်ခါဖူး တစ်မျိုး၊ တစ်ပုံတော် ဖြစ်နေတတ်သည်ဟု ဆိုပါသည်။ ကျိုက်ထိုမြို့၊ ကျိုက်ပေါလော ရုပ်ပွားတော်၏

ဉာဘက်နားထင်တော်ရှိ မှည့်ရှင်တော်မှာ နေရာရွှေ့ပြောင်းနေတတ်သည်ဟု ကြားသိရပါသည်။

ထိုကဲ့သို့ ထူးထူးခြားခြား သဏ္ဌာယ်တော်မူသော ရုပ်ပွားတော်များကို 'ရုပ်ရှင်တော်'ဟု ဝေါဟာရပြုကြပါသည်။ ထိုကဲ့သို့ ရုပ်ရှင်တော်ဟု အမည်တော်ရသော ရုပ်ပွားဆင်းတု ဥဒ္ဒိဿစေတီတော်များ မြန်မာနိုင်ငံတွင် တော်တော်များများ ရှိနေကြကြောင်း သိရပါသည်။

*

## သီလခံယူရာဝယ်

**မေး**။ ။ ဆရာတော် ဖြေစေသွန်းပါလို့၊ ဒကာတော်တွေ ဝေလွန်းသည်မို့၊ ရွှေပေခွန်းမြွက်စေလို။

အများအကျိုးပေမို့၊ ပွားတိုးစေတနာဖြင့်၊ အဖြေလွှာ ဖြေကာရေးပါလို့၊ စာစောင်မှာ ပါအောင်ပေးကာပ။ မေးနှင့် ဖြေကို။

ညီမျှမှန်စွာ ဆရာတပည့်တွေတို့၊ သီလခံရာ မကွာအရှိပါပဲ။ ပါဠိလိုတဲ့ ရှေးကဆို၊ နောက်ကထိုသို့ လိုက်စေခြင်း။ ။ ပါဠိဉာဏ်ရှင်၊ စာရှိပန်ဆင်လျက်၊ အမှန်ပင် ကုသိုလ်ပွားပေလိမ့်၊ အများပါဠိဝေးတို့မှာ၊ ကြက်တူရွေးစာပေသင်သို့၊ နက်မမြင် ကျိုးမှာနည်းကာပ၊ ချည်းနှီးဖြစ်မည်လားရယ်လို့၊ ကြံများ တွေဝေမိတာမို့၊ အဖြေလွှာ ဖွေရှာမိသူသို့၊ ထေရ်ဆရာ ပြည့်ရှာသိအောင်၊ ညှိ၍ ဖြေရှင်း။

ဦးမြင့်ဆွေ၊ ညောင်ဦး။

**ဖြေ**။ ။ ထုတ်ပြစရာ သုံးရန်မများစေဖို့၊ ဗုဒ္ဓဘာသာ ထုံးစံများကိုလ၊ ချုံးပြန်ကြားပါရ အဖြေလွှာ။ ။

သေချာပြုရလျှင်၊ စေတနာ ဓမ္မပေမို့၊ သရဏ သီလာဉ်၊ ဤအခါခံယူမပရယ်လို့၊ ညီအညာ သံတူဟကာပ၊ အကြံယူ ကံဟူသမျှကိုလ၊ လုံးဝရှောင်ကြဉ်မည်ဟု၊ သံကြည်ကြည် ဆရာဆိုသို့၊ ပါဠိလိုနှုတ်ဆိုညွှန်း၊ ခွန်းဟသေချာ။ ။

သမာဒိယာမိဟု၊ ပါဠိကို ဆိုပါကြသော်လဲ၊ စိတ်က ပဋ္ဌသိ ကိုလ၊ မိမိခံယူတယ်လို့၊ အသိဝယ် ငြိတွယ်ထွန်းတာမို့၊ ပတ်ဝန်းကျင် ပြည့်စုံစွာ၊ တည်ပါ၏ သီလများ။

သီလဟူသည်၊ ကြည်မြဖြူစင်တည်၍၊ စိတ်တည်ကြည် ခံယူရေး ပေမို့၊ နက်ပေးဓိပ္ပာယ်မသိပေမယ့်၊ သမာဒိယာမိသာ ပဓာနပေမို့၊ ဒကာတော် အာဘော်မှုအောင်၊ သဘောကျ မမှားစေဖို့၊ ဟောပြတရား။ ။

*

## နတ်ကတော်

**မေး**။ ။ ဆရာတော် အရှင်သူမြတ်ဘုရား၊

တပည့်တော်၏ ဇနီးမှာ တပည့်တော်က စားဝတ်နေမှု ဖူလုံအောင် ရှာဖွေပေးနိုင်ပါလျက် နတ်ကတော်အလုပ်ကို လုပ်ကိုင်လျက် ရှိပါသည်။ 'ဘာကြောင့် သည်အလုပ်ကို လုပ်နေရသလဲ'ဟု မေးမြန်းသည့်အခါတွင် 'ဘဝကံအကြောင်းတရားပေါ့'ဟု ဖြေပါသည်။ အတင်းအကြပ် မပြော လိုသဖြင့် 'သူတစ်ပါးအပေါ် လိမ်လည်လှည့်ဖြား၍ မစားရန်နှင့် ဆင်းရဲသားများအပေါ် ညှာတာရန်သာ' ဆုံးမမှုပေးနိုင်ပါသည်။ ၎င်းအလုပ်သည် အကုသိုလ်ဖြစ်စေ၍ အပါယ်ငရဲသို့ ကျနိုင်ပါသလား ဘုရား။ မလုပ်အပ်သော အလုပ်ဖြစ်ပါသလား ဘုရား။ ဖြေကြားပေးတော်မူပါရန် တောင်းပန် ပါသည် ဘုရား။

ဦးခင်မောင်စိုး၊ တောင်ဥက္ကလာပ။

**ဖြေ**။ ။ နတ်ကတော်အလုပ်သည် မြတ်စွာဘုရားလက်ထက်ကပင် ရှိပါ သည်။ နတ်ပူးဝင်လေ့ရှိသော မိန်းမကို 'ဝရဏီ'ဟု ခေါ်သည်။ ဗြဟ္မဇာလသုတ်တွင် ကုမာရိပဉှာခေါ် မိန်းကလေးတို့ ကိုယ်တွင်းသို့ နတ်ကို ပူးဝင်စေ၍ မေးမြန်းသော အတတ်တစ်မျိုး ရှိကြောင်း ဆိုပါသည်။ (ဒီ၊ ၌၊ ၁ ၉၁)။ သို့သော် နတ်ကောင်းနတ်မြတ်များ ဝင်လာလေ့ မရှိ၊

နတ်ညှံ့များသာ ဝင်လေ့ရှိကြောင်း၊ နတ်ကတော်တို့ကလည်း နတ်မဝင်သော်လည်း နတ်ဝင်ဟန်ပြုလေ့ရှိကြောင်း ဆိုပါသည်။ သံယုတ္တနိကာယ် နိဒါနဝဂ္ဂ အဋ္ဌကထာတွင် "ဤမည်သော၊ ဤမည်သော ပူဇော်မှုကိုပြုလျှင် သင်တို့အား ဤသို့ဤသို့ ကြီးပွားချမ်းသာခြင်း ဖြစ်လတ္တံ့."ဟု လူ အပေါင်းကို လှည့်ပတ်၍ ပန်းနံ့သာ စသည်ကိုယူကာ မဟုတ်မမှန်သည်ကို သိစေ၊ ကြားစေ၍ လိမ်လည်ခဲ့သဖြင့် အရုပ်ဆိုး၊ အနံ့မကောင်း၊ ကြောက်မက်ဖွယ်ရာ ပြိတ္တာဖြစ်တတ်ကြောင်း ဆိုပါသည်။ (သံ၊ ဋ္ဌ၊ ၂ ၂၀၄) ထို့ကြောင့် နတ်ကတော်အလုပ်မှာ မှန်ကန်မှုနည်းပါး လည်ဆယ်မှု များပြား၍ အပါယ်ငရဲနှင့် နီးစပ်နေသဖြင့် အထူးသတိထား၍ လုပ်သင့်သော အလုပ်ဖြစ်ကြောင်း သတိပေးလိုပါသည်။

*

## မောဂ္ဂလူ ပါလည် ကွေး ရှေးစာအရေး

**မေး။** ။ ဆရာတော်ဘုရား၊

တပည့်တော်တို့ အရပ်တွင် မွေးစကလေးများ ရောဂါဘယကင်းရန် ကလေးပုခက်တွင် "ဘုရားဟူက မောဂ္ဂလူ ၂၄၊ တရားဟူက ပါလည်ကွေး ၄၅၊ သံဃာဟူက သံချပ်ဝတ် ၆၇၊ မုတင်တေရသကို ကျင့်ဆောင်တော်မူသော အရှင်မဟာကဿပ ကိန်းဝပ်တော်မူပါသည်။ ဘေးရန်ဟူသမျှ လွဲစေ၊ ရှောင်စေ"ဟု ရေး၍ ဆွဲချိတ်လေ့ရှိပါသည်။ ယင်းစာပါ မောဂ္ဂလူ၊ ပါလည်ကွေး၊ သံချပ်ဝတ်တို့နှင့် သင်္ချာဂဏန်းတို့ အဓိပ္ပာယ်ကို ရှင်းပြပေးတော်မူပါဘုရား။

သန်းထက်၊ ချင်းတွင်း။

**ဖြေ။** ။ မောဂ္ဂလူ ဟူသည်မှာ မောက်လူဟု ဆိုသင့်လျက် က ထည့်၍ ဆိုသည်။ မောက်လူမှာ ရှေးမြန်မာ စစ်သူကြီးတို့ ဆောင်းရသော စစ်ခမောက် ဖြစ်သည်။ ၂၄ မှာ ဒီပင်္ကရာ မြတ်စွာဘုရားမှ ကဿပ

မြတ်စွာဘုရားအထိ ဂေါတမမြတ်စွာဘုရား တွေ့ကြုံဆုပန်ခဲ့သော ဘုရား ၂၄ ဆူ ဖြစ်ပါသည်။ ပါလည်ကွေးဆိုသည်မှာ စစ်သူကြီးတို့ ပခုံးနှစ်ဖက်ကို အုပ်၍ လည်ကို ကွေးဝိုက်ဆင်သထားသော အဆင်တန်ဆာဖြစ်၍ ၄၅ မှာ ပထမ ဗောဓိ ၁၅ ဝါ၊ ဒုတိယဗောဓိ ၁၅ ဝါနှင့် တတိယဗောဓိ ၁၅ ဝါပေါင်း ၄၅ ဝါတွင် ဟောတော်မူသော တရားတော်များဟု ဆိုလိုပါသည်။ သံချပ်ဝတ်မှာ ယင်းစစ်သူကြီးတို့ကိုယ်တွင် ဝတ်ဆင်ထားသော သံချပ်အင်္ကျီကို ဆိုလို၍ ၆၇ မှာ မြတ်စွာဘုရား ပထမဝါတွင် အတူဝါဆိုကြသော ပဉ္စဝဂ္ဂီ ငါးဦးနှင့် အရှင်ယသ စသော ရဟန္တာ ၅၅ ပါး၊ ပေါင်း ရဟန္တာ ၆၀၊ ထို့နောက် ဘုရားကိုးဆူကပ်ရာတွင် ပါသော ရဟန္တာ ၈ ပါးတွင် ပဉ္စဝဂ္ဂီ၌ ပါပြီး ရှင်ကောဏ္ဍညကို နုတ်၍ ၇ ပါးထည့်ကာ ၆၇ ပါးကို ဆိုပါသည်။ အိမ်တွင်လည်း အန္တရာယ်ကင်းအောင်၊ နတ်ဆိုး၊ စုန်း၊ သရဲတို့ မဝင်ဝံ့အောင် ထန်းရွက်ကို သန်လျက်ပုံလှီးကာ ၎င်းစာများကို ရေး၍ ဆွဲချိတ်ရုံမက ခရီးသွားရာတွင်လည်း ရှင်မဟာကဿပ ကြွတော်မူလာသည်”ဟု ပြင်၍ဆိုရသည်ဟု ‘ဝေါဟာရဝိပလ္လာသလက္ခဏာ ဒီပကကျမ်း’တွင် ဆိုပါသည်။

*

## ကျိုး ပေါက် ပြောက် ကျား

**မေး။** ။ အရှင်ဘုရား၊ တပည့်တော်တို့ သီလခံယူရာ၌ မကျိုး၊ မပေါက်၊ မပြောက်၊ မကျားရအောင် အထူးသတိထား၍ စောင့်ရှောက်ကြပါကုန်လော့ဟု သတိပေးကြပါသည်။ ထိုသီလ ကျိုး၊ ပေါက်၊ ပြောက်၊ ကျား၏ အဓိပ္ပာယ်ကို ရှင်းလင်းမိန့်ကြားတော်မူပါ ဘုရား။

ဦးထွန်းရွှေ၊ သထုံ။

**ဖြေ။** ။ ကျိုး၊ ပေါက်၊ ပြောက်၊ ကျားကို ပါဠိလို ခဏ္ဍ၊ ဆိဒ္ဒ၊ သဗလ၊ ကမ္မာသံဟု ပြဆိုပါသည်။ ဝိသုဒ္ဓိမဂ် (ဝိသုဒ္ဓိ ၁ ၄၈)တွင် ယင်း

အစိပ္ပာယ်များကို အကျယ်ရှင်းပြထားပါသည်။ ၈ ပါးသီလ ဆိုကြပါစို့၊ အစ သီလ (ပါဏာတိပါတ) ဖြစ်စေ၊ အဆုံးသီလ (ဥစ္စာသယန မဟာသယနံ) ဖြစ်စေ သိက္ခာပုဒ် တစ်ပါးပါး ပျက်သွားက တုတ်တောင်ဝှေးတွင် အဖျားပိုင်းကလည်းကောင်း၊ အဆုံးပိုင်းကလည်းကောင်း ကျိုးသွားသကဲ့သို့ ဖြစ်၍ ကျိုးသည်ဟုဆိုပါသည်။ အလယ်မှ သိက္ခာပုဒ်တစ်ပါး ပျက်သွားက (ဥပမာ အဒိန္နာဒါန)ဝတ်ထားသော ပုဆိုး၌ အပေါက်တစ်ပေါက် ပေါက်သွားသကဲ့သို့ ဖြစ်၍ ပေါက်သည်ဟု ဆိုပါသည်။ အလယ်မှပင် တစ်ပါးကျော်၊ နှစ်ပါးကျော်နှစ်ခု၊ သုံးခု (ဥပမာ အဒိန္နာဒါန၊ မုသာဝါဒ၊ ဝိကာလဘောဇနေ)ပျက်သွားလျှင် နွားမပြောက်၏ ခန္ဓာကိုယ်မှ အပြောက်အပြောက်များကဲ့သို့ ဖြစ်၍ ပြောက်သည်ဟု ဆိုပါသည်။ အလယ်မှပင် နှစ်ပါးစီ၊ သုံးပါးစီ ဆက်တိုက် (ဥပမာ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ သုရာမေရယ၊ ဝိကာလဘောဇနေ) ပျက်လျှင် ကျား၏ ခန္ဓာကိုယ်၌ အစင်းကြောင်းကြီးပမာဖြစ်၍ ကျားသည်ဟု ဆိုပါသည်။ ဤသို့လျှင် ကျိုး၊ ပေါက်၊ ပြောက်၊ ကျား၏ အစိပ္ပာယ်ကို မှတ်သား၍ သီလကို မကျိုး၊ မပေါက်၊ မပြောက်၊ မကျားအောင်၊ (ဝါ) တစ်ပါးမှ ညှိုးနွမ်းကျိုးပျက်ခြင်း မရှိအောင် စောင့်ရှောက်ရန် သတိပြုရပါမည်။

*

## ကိုးပါးသီလ ဝိဝါဒ

**မေး။** ။ ကျမ်းဂန်များ၌ လူတို့ ခံယူဆောက်တည်အပ်သော သီလသည် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလသာရှိသည်ဟု သိရပါသည် အရှင်ဘုရား။ ယခု ကိုးပါးသီလဟု ထင်ရှားလျက် ရှိပါသည်။ နဝင်္ဂုပေါသထသုတ်တော်၌ ကိုးခုမြောက် 'မေတ္တာသဟဂတေန စေတသာ'စသော အဆုံးအင်္ဂါကို ခံယူဆောက်တည်ရမည် မဟုတ်၊ ပွားများ၍

မည်ဟုသာ ဆိုပါသည်။ ထို့ကြောင့် တပည့်တော်တို့ မှတ်သားနိုင်အောင် ရှင်းလင်းဖြေကြားတော်မူပါသည် ဘုရား။

ဖေမောင်တင်၊ အောင်သိဒ္ဓိ၊ သမိုင်း။

**ဖြေ။** ။ "ဤနဝင်္ဂဥပုသ်သည် 'ရဟန်းတို့၊ အင်္ဂါကိုးပါးနှင့်ပြည့်စုံသည်ဖြစ်၍ ကျင့်သုံးအပ်သော ဥပုသ်သည် ကြီးမြတ်သော အကျိုးရှိ၏' စသည်ဖြင့် အင်္ဂုတ္တရနိကာယ နဝကနိပါတ်၌ လာ၏။ အဋ္ဌကထာ၌လည်း ဝေနေယျတို့ အလိုဆန္ဒ၏ အစွမ်းဖြင့် မေတ္တာဘာဝနာကို ထည့်၍ အင်္ဂါကိုးပါးနှင့်ပြည့်စုံသည်ဟူ၍ ဟောတော်မူ၏'ဟူ၍ လာသည်။ ထိုမေတ္တာဘာဝနာကို အသီးအခြား ဆောက်တည်ရခြင်း မရှိ။ ထိုမေတ္တာဘာဝနာကို တစ်ခုသော အစိတ်အင်္ဂါပြု၍ ဝေနေယျတို့ အလိုဆန္ဒ၏ အစွမ်းဖြင့် နဝင်္ဂဥပုသ် ဟူ၍ ဟောတော်မူသကဲ့သို့ ဗုဒ္ဓါနုဿတိ စသည်တို့တွင်လည်း တစ်ပါးပါးကို အစိတ်အင်္ဂါပြု၍ ဗုဒ္ဓါနုဿတိဖြင့် မှတ်သားအပ်သော နဝင် ဥပုသ် စသည်ကိုလည်း ဆိုသင့်၏။ ထိုကိုပင် ရည်ရွယ်၍ အဋ္ဌကထာ၌ 'ဝေနေယျတို့ အလိုဆန္ဒ၏အစွမ်းဖြင့် မေတ္တာဘာဝနာကို ထည့်၍'ဟု မိန့်ဆို၏။ မေတ္တာသည် အဗျာပါဒ မနောကံဖြစ်သည့် ဝိရတိ မဟုတ်သော (စေတသိက)သီလတည်း။ ထို့ကြောင့် ဆောက်တည်ခြင်းကို မပြုမူ၍လည်း မေတ္တာဘာဝနာဖြင့် တန်ဆာဆင်အပ်သော ဥပုသ်ကို နဝင်္ဂဥပုသ် ဟူ၍ ဆိုသင့်သည်သာဟု မှတ်အပ်၏။ အကယ်၍ ရှိသေလေးစားခြင်းငှာ အလေးအမြတ်ပြုအပ်သောသူ၏ အထံ၌ နှုတ်ဖြင့် ဝန်ခံလိုသည်ဖြစ်အံ့ 'သဗ္ဗသတ္တေသု ယထာဗလံ မေတ္တာသဟဂတေန စေတသာ ဖရိတွာ ဝိဟရာမိ=အလုံးစုံသော သတ္တဝါတို့၌ အစွမ်းသတ္တိအားလျော်စွာ မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် ဖြန့်၍ နေပါအံ့'ဟုဆိုလျှင် အပြစ်တစ်စုံတစ်ရာ မရှိ။ စင်စစ်သော်ကား ချီးမွမ်းသင့်သည်သာတည်း"။ (အဘယာရာမ ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ် လိုရင်းကောက်နုတ်ဖော်ပြချက်)။

*

## အခြားစကြဝဠာနှင့် မြတ်စွာဘုရား

**မေး။** ။(၁) ဤစကြဝဠာမှတစ်ပါး အခြားစကြဝဠာတွင် ဘုရားရှင်များ မပွင့်ဟူ၍ ကြားသိရဖူးပါသည်။ ကျမ်းအထောက်အထား သိလိုပါသည် ဘုရား။

(၂) ဂေါတမဘုရားရှင်သည် အခြားစကြဝဠာသို့ ကြွရောက်၍ တရားဟောတော်မူခြင်း ရှိ မရှိနှင့် ရှိလျှင် ကျမ်းစာအထောက်အထား သိလိုပါသည်ဘုရား။

ကိုအေးတင်၊

စစ်တွေမြို့။

**ဖြေ။** ။(၁) ဤစကြဝဠာမှတစ်ပါး အခြားမည်သည့် စကြဝဠာတွင်မှ ဘုရားမပွင့်ပါ။ ထိုအကြောင်းကို ဝိဘင်းပါဠိတော် (အဘိ ၂၊ ၃၄၉) ၎င်းအဖွင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ (အဘိ–ဋ္ဌ ၂၊ ၄၁၈) တို့နှင့် မိလိန္ဒပဉှာပါဠိတော် (မိလိန္ဒ ၁၁၊ ၂၃)တို့တွင် ပါဠိအထောက်အထားများကို အကျယ် သိနိုင်ပါသည်။

(၂) အခြားစကြဝဠာသို့ ဂေါတမမြတ်စွာဘုရား ကြွ၍ တရားဟောတော်မူလေ့ရှိကြောင်း၊ သို့သော် အကျွတ်တရားကား မရနိုင်။ ဝါသနာမျှသာ ဖြစ်၍ နောင်ဘဝတွင် ဤစကြဝဠာ၌ဖြစ်၍ အကျွတ်တရားရနိုင်ကြောင်း စာများတွင် ဆိုပါသည်။ ၎င်းအကြောင်းအရာများကို ဒီဃနိကာယ် မဟာဝဂ္ဂပါဠိ (ဒီ ၂၊ ၉၂)။ ၎င်းအဖွင့် (ဒီ–ဋ္ဌ ၂၊ ၁၅၀)။ မူလပဏ္ဏာသပါဠိ(မာ၊ ၁၀၄)။ ၎င်းအဖွင့်(မ ၂၊ ၁ ၃၃၉)။ အင်္ဂုတ္တရပါဠိ(အံ ၃ ၁၂၇)။ ၎င်းအဖွင့် (အံ ဋ္ဌ ၃၊ ၂၄၆) တို့၌ ကြည့်ရှုပါ။ ဤစာစောင်တွင် အကျယ်ဖော်ပြရန် နေရာ မရှိပါ။

*

www.dhammaransi.com

# သံတွဲနှင့် စက်တော်ရာ

**မေး။** ။ (က) မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်တောင်ပိုင်း ယခင်အခေါ် ဒွါရာဝတီ၊ ယခု သံတွဲမြို့သည် ဃဋပဏ္ဍိတ ဇာတ်တော်လာ ဒွါရာဝတီ ဟုတ်မဟုတ်၊ (ခ) မြန်မာနိုင်ငံ မင်းဘူးနယ်တွင်ရှိသော စက်တော်ရာ နှစ်ဆူသည် သစ္စဗန္ဓမုဆိုး တောင်းပန်၍ ချပေးသော ဗုဒ္ဓစက်တော်ရာနှင့် နမ္မဒါနဂါးမင်း တောင်းပန်၍ ချပေးသော ဗုဒ္ဓစက်တော်ရာများ ဟုတ်၊ မဟုတ် ဖြေကြားပေးပါရန် တောင်းပန်ပါသည် ဘုရား။

အေးဖေ၊ သံတွဲ။

**ဖြေ။** ။ (၁) "သူ့ရန်သူကြဲ၊ မိုးသို့ပျံ၊ နာမံဘယ်မြို့၊ ဘယ်ကြောင့်နည်း" ဟူသော စွယ်စုံကျော်ထင် ပုစ္ဆာကို ကျီးသဲလေးထပ်ဆရာတော် ဖြေဆိုရာ ဃဋပဏ္ဍိတဇာတ်ကို ဖော်ပြ၍ ယခု သံတွဲမြို့ပင် ဖြစ်ကြောင်း ဖြေဆိုထားပါသည်။

(၂) စက်တော်ရာနှစ်ဆူနှင့် ပတ်သက်၍ မြန်မာသာသနာဝင်ကျမ်းများ၊ ရာဇဝင်ကျမ်းများ၊ သမိုင်းကျမ်းများတွင် မင်းဘူးနယ်ရှိ မန်းစက်တော်ရာကိုပင် အညီအညွတ်ပြဆိုထား၍ မြန်မာလူမျိုးများစွာပင် ထို အတိုင်း မှတ်ယူထားကြပါသည်။ သို့သော် သုတေသနကျမ်းများတွင်မူ "တိုင်းအမည် အပရန္တ၊ သို့မဟုတ် သုနာပရန္တတိုင်း၊ ရှေးမြို့တော်ဟောင်း အမည် သုပ္ပါရက၊ ရှေးအရံမြို့အမည် ဝါဏိဇဂါမ၊ တည်ရာဌာနကား နမ္မဒါမြစ်နှင့် ပစ္စမဃာဋ်တောင်အတွင်း ဘုံဘေမြို့ မြောက်ထာနာ (သာန) စီရင်စုနှင့် သုရထ(စုရတ်) စီရင်စု နယ်ပယ်များ၌ တည်သည်"ဟု (ဗုဒ္ဓ သာသနာ ပထဝီဝင်ကျမ်း၌) ဆိုလေသည်။

*

## သီလတစ်ပါးပါး ပျက်ခဲ့သော်

**မေး။** ။ အရှင်ဘုရား၊

ငါးပါးသီလနှင့်အခြားသီလများ ဆောက်တည်ရာတွင် သီလတစ်ပါးပါး ပျက်ခဲ့သော် ယင်းသီလတစ်ပါးသာလျှင် ပျက်ပါသလား။ သို့မဟုတ် အားလုံးပျက်ပါသလား သိလိုပါသည်အရှင်ဘုရား။

ဦးစောထွန်း၊ ဇီဇဝါရပ်၊ ကျိုက္ခမီ။

**ဖြေ။** ။ ငါးပါးသီလ၊ ရှစ်ပါးသီလတို့ကို ခံယူရာ၌ တစ်ပါးစီ မခံယူဘဲ ပေါင်း၍ "ပဉ္စသီလံ သမာဒိယာမိ" "အဋ္ဌင်္ဂသီလံ သမာဒိယာမိ" ဟူ၍ တစ်ပေါင်းတည်း ခံယူဆောက်တည်လျှင် သိက္ခာပုဒ်တစ်ပါး ပျက်ပြားခဲ့သည်ရှိသော် အားလုံးပင် ပျက်ကုန်တော့သည်။ အဘယ်ကြောင့် ဆိုသော် ဆောက်တည်ခြင်း မပြားသောကြောင့်ပင်။ သို့သော် ထိုသို့ တစ်ပါးကို လွန်ကျူး၍ အကုန်လုံးပင် ပျက်သော်လည်း လွန်ကျူးရာ သိက္ခာပုဒ်တစ်ပါးသာလျှင် ကမ္မပထသို့ ရောက်၍ ကံထိုက်၏။ တခြား သိက္ခာပုဒ်များ ကံမထိုက်ဟု မှတ်သင့်သည်။ ဥပမာ ငါပါးသီလကို တစ်ပေါင်းတည်း ဆောက်တည်ထားပြီး သူ့အသက်ကို သတ်မိရာ၌ ငါးပါးလုံး ပျက်သော်လည်း ပါဏာတိပါတသာ ကမ္မပထ မြောက်၍ အသက်သတ်မှုအတွက်သာ ငရဲကြီးနိုင်၏။ ကျန်လေးပါး ကမ္မပထ မမြောက်။ (ခုဒ္ဒကပါဌ-ဋ္ဌ ၁၊ ၁၉)။ ထို့ကြောင့် ငါးပါးသီလ ဖြစ်စေ၊ ရှစ်ပါးသီလဖြစ်စေ ယခုခေတ်အသုံးအတိုင်း တစ်ပါးစီဆို၍ ခံယူ ဆောက်တည်ခြင်းသာ အကောင်းဆုံး ဖြစ်ပါသည်။

*

## သွားရောဂါရှင်တို့အတွက်

**မေး။** ။ ဆရာတော်ဘုရား၊

မြတ်မင်္ဂလာစာစောင်တွင် မျက်စိရောဂါရှင်တို့ ဘုရားရှိခိုးရန် စက္ခုတော်ငါးပါး ဘုရားရှိခိုးဂါထာ၊ နားရောဂါရှင်တို့ ဘုရားရှိခိုးရန်

ဒိဗ္ဗသောတ အဘိညာဉ် ရှိခိုးဂါထာများကို ချီးမြှင့်ထားပါသည်။ တပည့်တော်မသည် သွားရောဂါကို အမြဲခံစားနေရ၍ 'သွားတော်လေးဆယ် ရှိခိုးသော ဂါထာတစ်ပုဒ်'ဤစာစောင်မှ ဖော်ပြချီးမြှင့်ပေးတော်မူပါ ဆရာတော်ဘုရား။

(က) မဇင်သူ၊ မော်လမြိုင်။

(ခ) မစန်းစန်းဝင်း၊ တနင်္သာရီတိုင်း။

**ဖြေ။** ။ ရှေးဆရာကြီးတို့ ပြုစုထားသော သွားတော်လေးဆယ် ဘုရားရှိခိုး ဂါထာကို ဖော်ပြလိုက်ပါသည်။ နံနက်အိပ်ရာထနှင့် ညအိပ်ရာဝင် တစ်ခေါက်စီ ဘုရားရှိခိုးပါ။

သတိ ဂတိ ဓိတိမန္တံ၊
သန္တံ ဒန္တံ သုခါဝဟံ။
စတ္တာလီသ သမဒန္တံ၊
ဗုဒ္ဓံ ဝန္ဒာမိ သာဒရံ။

သတိဂတိ ဓိတိမန္တံ=သတိမြဲအင်၊ ဉာဏ်ထူးလျှင်၍၊ ကြည်လင်စွာဘိ တည်ကြည်သော သမာဓိတော်လည်း ရှိတော်မူထသော။ သန္တံ=ငြိမ်သက်အေးချမ်း၊ စိတ်ဝမ်းကြည်လင်တော်မူသော။ ဒန္တံ=ယဉ်ကျေးသိမ်မွေ့၊ ပြကတေ့ နူးညံ့သော စိတ်တော်ရှိတော်မူသော။ သုခါဝဟံ=လူနတ်ဗြဟ္မာ၊ သတ္တဝါတို့၊ ချမ်းသာလေအောင်၊ အစဉ်ရွက်ဆောင်တော်မူတတ်သော။ စတ္တာလီသ သမဒန္တံ=စွယ်တော်လေးဆူ၊ ပါဝင်မူ၍၊ စင်ဖြူတင့်တယ်၊ အမျှလေးဆယ်သော၊ ပြည့်ကြွယ်ကြံ့ခိုင်၊ ပုလဲဆိုင် ပုလဲသွေးကဲ့သို့ ဖြူဖွေးသော သွားတော်မြတ်နှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓံ=သစ္စာလေးပါး၊ တရားသိမြင်၊ ဘုရားရှင်၊ ကိုယ်တော်မြတ်ကြီးကို။ အဟံ=(သွားဝေဒနာခံရပါ၍ ကျင်နာခံခက် ဆင်းရဲဖက်၍ နေရပါသော) ဘုရားတပည့်တော်သည်။ သာဒရံ=ရိုသေလေးစား ဦးညွတ်တွားကာ၊ စိတ်ထားကြည်လင်၊

ဦးတော်တင်လျက်။ ဝန္ဒာမိ= လက်ဆယ်စုံမိုး၊ ပျပ်ဝပ်ကျိုးလျက်၊ ရှိခိုးပါ၏ မြတ်စွာဘုရား။

*

## သောတာပန်နှင့် လူ့ဘဝ

**မေး။** ။ ဆရာတော်ဘုရား၊

ဤဘဝတွင် သောတာပန်ဖြစ်၍ စုတေခဲ့ပြီး နောက်ဘဝတွင် လူ့ဘဝသို့ ပြန်ရောက်နိုင်ပါသေးသလား။ ယခင်ဘဝက သောတာပန်ဖြစ်ပြီး သူသည် ယခုဘဝတွင် မည်သည့်တရားမျှ မကျင့်ကြံရသေးမီ မိမိကိုယ်ကို သောတာပန်ဟု သိရှိနိုင်ပါသလား။ နတ်၊ ဗြဟ္မာဘဝတွင် အရိယာအဖြစ် ကျင့်ကြံ၍ ရနိုင်ပါသလား။ ဖြေကြားပေးတော်မူပါ ဘုရား။

မသန်းရွှေ၊ မြို့သစ်ရပ်၊ စစ်ကိုင်းမြို့။

**ဖြေ။** ။ သောတာပန်ပုဂ္ဂိုလ်သည် အများဆုံး ၇ ဘဝ ကာမဘုံတွင် ဖြစ်နိုင်ရာ လူ့ဘဝတွင် ၃ ဘဝထက်မနည်း ဖြစ်နိုင်ခွင့် ရှိကြောင်း ဆိုပါသည်။ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိဂတသမ္ပယုတ် ၄ နှင့် ဝိစိကိစ္ဆာဟူသော အကြမ်းစား ကိလေသာတို့ကို ပယ်ခဲ့ပြီးဖြစ်သည်။ လူ့ဘဝ၌ ဖြစ်လျှင်လည်း ၎င်းဒိဋ္ဌိ၊ ဝိစိကိစ္ဆာတရားတို့ မဖြစ်ခဲ့သဖြင့် အလွန်ယဉ်ကျေးသိမ်မွေ့သည့် ဗုဒ္ဓသာဝက အရိယာဖြစ်နေ၍ သူကိုယ်တိုင် သောတာပန်ပုဂ္ဂိုလ်ဖြစ်ကြောင်း မသိနိုင်စရာ အကြောင်းမရှိပါ။

လူ့ပြည်က ကုသိုလ်ကောင်းမှုပြု၍ နတ်ပြည်၊ ဗြဟ္မာပြည်သို့ ရောက်လျှင် ဘုရားလောင်းနတ်သားများ၊ သောတာပန် စသော အရိယာနတ်များက တရားဟော၍ ထိုနတ်သားများထံမှ တရားနာယူပြီး မဂ်ဖိုလ်ရနိုင်ကြပါသည်။ နာမ်သာ ရှိသော အရူပဗြဟ္မာဘုံတွင် သောတာပတ္တိမဂ်မှတစ်ပါး အခြား မဂ်ဖိုလ်တရားများကို အားထုတ်၍ ရနိုင်ခွင့်ရှိကြောင်း အဘိဓမ္မာတွင် ဆိုပါသည်။

*

www.dhammaransi.com

## ငါးပါးသီလ ခံယူပုံ

**မေး**။ ။ ဆရာတော်ဘုရား၊

ငါးပါးသီလကို ခံယူဆောက်တည်ရာတွင် ဘုရားရှေ့၌ အာမ ဘန္တေ ခံပြီး ရွတ်ဆိုမှ ရပါသလားဘုရား။ ထိုသို့ အာမဘန္တေ ခံ၍ မရွတ်ဘဲ မိမိဘာသာ ငါးပါးသီလနှင့်အညီ လိုက်နာနေထိုင်လျှင်လည်း ရပါသလား။ ရရှိသည့် အကျိုးကျေးဇူးများ မည်ကဲ့သို့ ခြားနားကြောင်းသိလိုပါသည် အရှင်ဘုရား။

မမင်းမင်းမြတ်သူ၊ ဗိုလ်တထောင်။

**ဖြေ**။ ။ အကုသိုလ်မှကြဉ်ခြင်း ဝိရတီ ၃ ပါးရှိသည်။ (၁) သမ္ပတ္တဝိရတီ၊

သိက္ခာပုဒ်ကို မဆောက်တည်ဘဲ ကြုံတွေ့သောအခါ ရှောင်ကြဉ်ခြင်း၊ ဥပမာ ငါးပါးသီလကို ခံယူထားသည် မဟုတ်။ သို့သော် သွားရင်းလာရင်း မြွေဆိုး စသည်ကို တွေ့ရသော်လည်း မသတ်ဘဲ ရှောင်သည်။ (၂) သမာဒါနဝိရတီ၊ ငါးပါးသီလကို ခံယူထားသည်။ သို့ဖြစ်၍ မြွေဆိုး စသည်ကို မသတ်ဘဲ ရှောင်ကြဉ်သည်။ (၃) သမုစ္ဆေဒ ဝိရတီ၊ မဂ်တရား ဖိုလ်တရား ရရှိပြီးဖြစ်၍ သူ့အသက်သတ်မှု စသည်ကို လုံးဝရှောင်ကြဉ်သည်။ ဤ ၃ ပါးတွင် ပြဿနာရှင်၏ အမေး၌ ရှေ့ ၂ ပါးနှင့် သက်ဆိုင်ရာ သီလမခံယူဘဲ မိမိဘာသာ ငါးပါးသီလနှင့်အညီ လိုက်နာနေထိုင်ပါသည် ဆိုလျှင် သမ္ပတ္တဝိရတီသာဖြစ်၍ မိမိသန္တာန်၌ အမြဲသီလ တည်နေခြင်း မရှိ။ မသတ်ဘဲ ရှောင်၍ ကုသိုလ် အခိုက်အတန့် ရမှုလောက်သာ ဖြစ်သည်။ အမှတ် ၂ သမာဒါနဝိရတီဖြစ်အောင် သီလဆောက်တည်ခံယူကာ အာမ ဘန္တေ ဟု ဝန်ခံ၍နေလျှင် သတ်အပ်သော မြွေဆိုး စသည် ဝတ္ထုကို တွေ့၍ ရှောင်သည်ဖြစ်စေ၊ မတွေ့ဘဲ အိမ်မှာနေနေဆဲမှာဖြစ်စေ ငါးပါး သီလ အမြဲတည်နေပါသည်။ ထို့ကြောင့် သီလဟူသည် နှုတ်မြွက်ခံယူ

www.dhammaransi.com

ဆောက်တည်ရပါသည်။ သို့မှ သမာဒါနဝိရတီဖြစ်၍ အမြဲနိစ္စသီလတည်နေသူ ဖြစ်နိုင်ပါသည်။

*

## အဖျော်ရည်

**မေး။** ။ ဆရာတော်ဘုရား၊

ရဟန်းတော်များသည် ရေနှင့် ဒန်ပူကို အကပ်မခံဘဲ သုံးဆောင်ကောင်းသည်ဟု သိရပါသည်။ ဆီးဖျော်ရည် စသော ဖျော်ရည်များကို မကပ်ဘဲ သုံးဆောင်နိုင်ပါသလား။ သာဓကသွင်း၍ ရှင်းလင်းဖြေကြားတော်မူပါ ဘုရား။

ဝင်းနိုင်၊ တောင်ငူမြို့။

**ဖြေ။** ။ ဆီးဖျော်ရည် စသော အရည်တို့မှာ ရေမဟုတ်။ ယာမကာလိက အဖျော်ရည်မျိုးထဲတွင် ပါဝင်၍ အကပ်ခံ၍ သုံးဆောင်ရရုံသာမက တစ်နေ့မျှသာအပ်သော အဖျော်ရည်မျိုး၏ အနုလောမမျိုးအဝင်အပါဖြစ်သည်။ ၎င်း၏ သာဓကမှာ "သပြေ သရက်၊ မုဒရက်၊ ဖက်သက် သစ်မည်စည်။ တောအိမ် ငှက်ပျော၊ ကြာစွယ်နှော၊ မှတ်လောရှစ်ဖျော်ရည်။ ရှောက်မန်ကျည်းစ၊ နုလောမ၊ လျော်လှ အဖျော်ရည်။ ဆီး သံပရာ၊ ဥသျှစ်ပါ၊ ဖျော်ကာသုံးနိုင်သည်"ဟုသုံးနိုင်သော ဖျော်ရည်များကို ဆိုသည်။ မသုံးနိုင်သော ဖျော်ရည်အဖြစ် "ထန်း၊ အုန်းနှစ်တွဲ၊ ပိန္နဲနှစ်စုံ၊ ဘူးဖရုံ၊ မှတ်တုံ သုံးသခွား" ဟု ဆိုပါသည်။ ပါဠိဖြင့် လိုပါမူ "ယာမကာလိကေသုပန"စသည်ဖြင့် အကျယ်ပြသော ဝိနယသင်္ဂဟအဋ္ဌကထာ(ဝိသင်္ဂ ၉၉) တွင်ကြည့်နိုင်ပါသည်။

*

## တရားဟော ပလ္လင်ကိစ္စ

**မေး။** ။ ဆရာတော်ဘုရား၊ တပည့်တော်၏ မိတ်ဆွေတစ်ဦးသည် ကမ္မဋ္ဌာန်းဌာနတစ်ခု၌ ခြေတွင် နရားရပ်ပါသော တရားဟောပလ္လင် လှူပါ

www.dhammaransi.com

သည်။ ဆရာတော်တစ်ပါးက နရားရုပ်ပါသော ပလ္လင်တွင် တက်ထိုင်ပြီး တရားမချီးမြှင့်ကောင်း၊ တရားချီးမြှင့်လျှင် အာပတ်သင့်သည်ဟု ဟောပါသည်။ ထိုစကား မှန်၊ မမှန် ရှင်းလင်းတော်မူပါဘုရား။

ဦးလှအောင်၊ ကချင်ပြည်နယ်။

**ဖြေ။** ။ ဥစ္စာသယန မဟာသယနဆိုင်ရာ၌ အခြေတွင် သားရဲရုပ် (နရားရုပ်၊ ခြင်္သေ့ရုပ် စသည်) ရှိသော ညောင်စောင်း၊ အင်းပျဉ်၊ ခုတင်၊ ပလ္လင်တို့တွင် မအိပ်ကောင်း၊ မထိုင်ကောင်း စသည့် ဆုံးဖြတ်ချက်များ ဝိနည်း အဋ္ဌကထာ ဋီကာတို့တွင် များစွာ ရှိပါသည်။ လယ်တီဆရာတော်ဘုရားကြီးသည် မဟာသယနဒီပနီဟူသော အမည်ဖြင့် ကျမ်းတစ်စောင် ပြုစုထားခဲ့သေးသည်။ ထိုကိစ္စမှာ လွန်စွာ ကျယ်ဝန်းသဖြင့် စုံလင်အောင် မတင်ပြနိုင်ပါ။ အမှန်အားဖြင့် ခုတင်၊ ညောင်စောင်းတို့တွင် အခြေ၌ အရုပ်ပါသော မဟာသယနများ၌ အိပ်စက်နေထိုင်ခြင်း ပြုသော်သာ အာပတ်သင့်ခြင်း ဖြစ်သည်။ သို့သော်လည်း ဝေနေယျများစွာ ဒကာ၊ ဒကာမ၊ သာဝကယောဂီ အလီလီတို့အား ကမ္မဋ္ဌာန်းပြခြင်း၊ တရားဓမ္မဟောခြင်း စသည်တို့၌ကား အပြစ်မရှိနိုင်ပါ။ အရှင်အာနန္ဒာ၊ အရှင်ကစ္စာယနတို့ ရွှေငွေစိန်ကျောက် ထိန်ထိန်တောက်နေသော ရာဇပလ္လင်ပေါ်မှ ကောသလမင်းကြီး၊ ဥတေနမင်းကြီးတို့အား တရားဟောခြင်း၊ နိဂြောဓသာမဏေတို့၊ ပုဂံ ရှင်အရဟံတို့ ထိုက်တန်သော နေရာမှာနေပါဆိုလျှင် ရာဇပလ္လင်ပေါ်သို့တက်၍ ထိုင်ကာ အသောကမင်းကြီး၊ အနော်ရထာမင်းကြီးတို့အား သာသနာပြုခြင်း၊ တရားဟောခြင်းတို့ကို သာဓကမူနိုင်ပါသည်။

*

## လိပ်ပြာကောင်လား၊ ဝိညာဉ်လား

**မေး။** ။ ဆရာတော်ဘုရား၊ အချို့စာအုပ်များတွင် တပည့်တော်ဖတ်ရသည်မှာ မိမိကိုယ်ခွဲဖြင့် သွားလိုရာသို့ သွားနိုင်ခြင်း၊ သတိမေ့မြောနေစဉ်

www.dhammaransi.com

မိမိကိုယ်ကို မိမိအပေါ်စီးမှ မြင်နေရပြီး အခြားသူများကိုလည်း မိမိခန္ဓာကိုယ်အနီး၌ မြင်နေရခြင်း စသည်တို့ဖြစ်ပါသည်။ ဗုဒ္ဓဘာသာအရ ဝိညာဉ်ခန္ဓာ မရှိ၊ လိပ်ပြာကောင် မရှိ၊ ရုပ်သက်သက်၊ နာမ်သက်သက် မရှိဟုဆိုသဖြင့် (အထက်ပါတို့ကို) ဗုဒ္ဓဘာသာဝင် တစ်ဦးအနေဖြင့် မည်သို့ဆင်ခြင်သုံးသပ်ရမည်ကို ဖြေကြားပေးပါဘုရား။

နေထွန်းခိုင်၊ ပြည်မြို့။

**ဖြေ။** ။ လူသတ္တဝါတို့ သေခါနီးထွင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟူ၍ နိမိတ်သုံးမျိုး ထင်မြဲဖြစ်သည်။ ကျောင်းလှူဖူးသူဆိုလျှင် ကျောင်းလှူရန် ဖြစ်ပေါ်သောစေတနာ သေခါနီးတွင် ပေါ်သည်။ ၎င်းမှာ ကံနိမိတ်ဖြစ်သည်။ ကျောင်းအဆောက်အအုံ လှူဒါန်းနေပုံ စသည်တို့မှာ ကမ္မနိမိတ်ဖြစ်သည်။ ထို့ကြောင့် လားရမည့် ဂတိနိမိတ် ပေါ်သည်။ ဂတိနိမိတ်မှာသွားလိုရာ သွားလာနေပုံ၊ မိမိကိုယ်ကိုလည်းကောင်း၊ အခြားသူများကိုလည်းကောင်း မြင်ရပုံ၊ လားရောက်ရမည့် ဂတိသို့ သွားလာရပုံ၊ တွေ့ရှိရပုံများကို မြင်ရသည်။ သောဏရဟန္တာ၏ဖခင်မုဆိုးကြီးကို သားရဟန္တာက ရဟန်းဝတ်ပေးထားသည်။ ထိုမုဆိုး တောထွက်ရဟန်းကြီးသေခါနီးတွင် တစ်သက်လုံး မုဆိုးလုပ်လာခဲ့၍ ငရဲဂတိနိမိတ်များ ထင်သည်။ ငရဲခွေးကြီးများ ဝိုင်းလိုက်ကိုက်ခဲနေ၍ အော်ဟစ်နေသည်ကိုသားရဟန္တာက သူ့ဖခင်ရဟန်းကြီး ငရဲဂတိနိမိတ် ထင်နေပြီးဖြစ်ကြောင်းသိသည်။ ခုတင်၊ ညောင်စောင်းနှင့်တကွ စေတီတော်ရှိရာသို့ ယူဆောင်လာစေပြီး သာမဏေတို့အား ပန်းများစွာ စုဆောင်းစေ၍ ရဟန်းကြီးအား "စေတီတော်ကို ပန်းပူဇော်လော့၊ ဘုရားရှိခိုးလော့"စသည့် ကုသိုလ်အာရုံသို့ပြောင်းပေးလိုက်သည်။ ထိုအခါက ငရဲဂတိနိမိတ်များပျောက်ကာဒေဝဂတိနိမိတ်များ ဖြစ်သည့် နတ်ဗိမာန်၊ နတ်သမီး၊ နတ်သားများကိုမြင်ရကြောင်း ပြောလေသည်။ ဂတိနိမိတ်ထင်ပြီး မကွယ်လွန်သေးဘဲ

အတန်ကြာနေနိုင်သေးခြင်း၊ ငရဲနိမိတ်မှ သုဂတိနိမိတ်သို့ ပြောင်းလဲဖြစ်ပေါ်စေနိုင်ခြင်းတို့ကို စဉ်းစား၍ အသက်ဝိညာဉ်၊ လိပ်ပြာကောင်ထွက်ဝင်နေသယောင်ကိစ္စမှာ ဂတိနိမိတ်ဖြစ်ကြောင်း မှတ်သားထားစေလိုပါသည်။

*

## သီလရှင် သီလပေး

**မေး**။ ။ ဆရာတော်ဘုရား

ကိုးပါးသီလ စောင့်ထိန်းထားသော သီလရှင် ဆရာလေးများက ရှစ်ပါးသီလ ခံယူရန် တောင်းခံလာသည့် ဒကာ၊ ဒကာမများကို သီလပေးကောင်းပါသလား ဘုရား။

မင်းမင်း၊

ဒဂုံတောင်ပိုင်း (၂၁)။

**ဖြေ**။ ။ ဥပုသ်သီလ (ရှစ်ပါးသီလ) ခံယူဆောက်တည်သူတို့အဖို့ "ဥပုသ်နေ့များတွင် နံနက်ပိုင်းတွင် ရဟန်းတော်ထံ၌ ဖြစ်စေ၊ ရဟန်းမိန်းမ (ဘိက္ခုနီ)တို့ထံမှာ ဖြစ်စေ၊ သီလပေးနိုင်စွမ်းရှိသူ၊ သီလ၏ လက္ခဏာ၌ သိကျွမ်းနားလည်သူ၊ လူယောကျ်ား၊ လူမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမ တို့ထံမှာ ဖြစ်စေ ခံယူနိုင်သည်"ဟု အင်္ဂုတ္တိုရ် အဋ္ဌကထာတွင် ဖွင့်ဆိုသဖြင့် သီလကို မည်သူ့ထံမှာမဆို ခံယူနိုင်သည်။ သီလပေးမည့်သူ မရှိလျှင်လည်း ကိုယ့်အိမ်ရှိ ဘုရားခန်း၊ ဘုရားရှေ့တော်တွင် နှုတ်မြွက်ရွတ်ဆို၍ သီလခံယူနိုင်ပါသည်။ ဗုဒ္ဓဘာသာဝင် သူတော်ကောင်းတို့သည် ဥပုသ်နေ့များ၌ ကျောင်းသို့သွား၍ ဥပုသ်စောင့်ကြရာ အများစုံညီအောင် စောင့်ရ၍ နံနက် ၉ နာရီခန့်မှ သီလခံယူကြရသည်။ နံနက်ပိုင်းတွင် သီလမရှိဘဲ လစ်ဟာနေသဖြင့် နံနက်အိပ်ရာထ မျက်နှာသစ်ပြီးစကတည်းက ဘုရားရှေ့တွင် မိမိဘာသာ သီလခံယူထားကြသည်။ ကျောင်း၌ အများနှင့်လည်းအတူ

ထပ်မံခံယူကြသေးသည်။ ဘုရားလက်ထက်ကလည်း အနာထပိဏ်သူဌေးကြီး စသည့် ဥပါသကာတို့သည် နံနက်စောစော အိမ်၌ မိမိဘာသာ သီလခံယူလေ့ရှိကြကြောင်း စာများတွင် တွေ့ရသည်။ ထို့ကြောင့် ဥပုသ်သီလကို မည်သူ့ထံတွင်မဆို ခံယူနိုင်ကြောင်း ဖြေကြားလိုက်ပါသည်။

*

## အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူးတွေ့ရန်

**မေး**။ ။ အရှင်ဘုရား၊

နောင်ပွင့်မည့် အရိမေတ္တေယျ ဘုရားရှင်အား ဖူးတွေ့ခွင့်ရရန် ယခု ဘဝက ဆုတောင်းထား၍ ရနိုင်ပါသလား ဘုရား။

မအေးအေးမြင့်၊ ပေါင်းတလည်မြို့။

**ဖြေ**။ ။ အရိမေတ္တေယျ မြတ်စွာဘုရားသည် ဤကမ္ဘာ၌ပွင့်မည်ဆိုသော်လည်း အန္တရကပ် တစ်ကပ်ကျော်မျှ အချိန်ဝေးလှသေး၏။ ယခု အနှစ်ရာတမ်းမှ ၁၀ နှစ်တမ်းအထိ လူတို့အသက် ကျဆင်းသွားဦးမည်။ ထို ၁၀ နှစ်တမ်းရောက်အောင်ပင် နှစ်အသိန်းအသန်းမက ကြာဦးမည်။ ထို ၁၀ နှစ်တမ်းမှ တစ်စတစ်စတက်၍ အသင်္ချေယျတမ်းအထိ တက်ဦးမည်။ ယင်း ၁၀ နှစ်မှ အသင်္ချေယျအထိကို အန္တရကပ်တစ်ကပ်ဟု ဆို၏။ ထိုအသက်တမ်း ယုတ်လျော့လာပြီး အသက်တစ်သိန်းတမ်းအောက်ရောက်မှ အရိမေတ္တေယျ ဘုရားပွင့်မည်ဖြစ်ရာ မည်မျှကြာဦးမည်ကို ခန့်မှန်းကြည့်ပါလေ။ ထိုမျှ 'သံသရာရှည်မျော၍ နှစ်ပေါင်းကြာအောင် စောင့်၍ အရိမေတ္တေယျဘုရားကို ဖူးတွေ့လိုပါသည်'ဟုဆိုသည်မှာ ဤစကြဝဠာမှ အခြားစကြဝဠာတစ်ခုသို့ သွား၍ 'မင်းအဖြစ်ကို ရလိုပါသည် ဆိုသူနှင့်မခြား'ဟု ရှေးဆရာတို့ ဆိုကြပါသည်။ ထို့ကြောင့် သံသရာကို ငြီးငွေ့ကြသော သမ္မာန္တယ်ဝင် သူတော်စင်တို့အဖို့ လက်ရှိဘဝတွင်ပင် ကျွတ်တမ်းဝင်နိုင်အောင် ကြိုးစားသင့်ကြပါသည်။ ဆုတောင်းခြင်းဟူ

www.dhammaransi.com

သည့်မှာလည်း မိမိ၌ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဤငါးဖြာနှင့် ပြည့်စုံလျှင် ပြည့်နိုင်သည်ဟု ဆိုသဖြင့် ဆုမတောင်းမီ ထိုတရားငါးပါး ပြည့်စုံအောင် ကြိုးစားသင့်ကြောင်း ပြောလိုပါသည်။

*

## ပါရာဇိက ကျခဲ့သူ

**မေး။** ။အရှင်ဘုရား၊

လူငယ်တစ်ယောက် ရဟန်းဘောင် တက်ပြီး ပါရာဇိကကျ၍ အိမ်ထောင်ကျခဲ့ပါသည်။ လူငယ်ဟာ နောင်တရပြီး ပုတီးစိပ်၊ တရားထိုင် လုပ်ငန်းများကို အမြဲမပြတ် လုပ်နေပါသည်။ ၎င်းလူငယ် တရားထူးရနိုင်၊ မရနိုင်၊ ငရဲလွတ်၊ မလွတ် ဖြေကြားပေးတော်မူပါဘုရား။

မောင်ကိုကိုအောင်၊ မင်္ဂလာဒုံမြို့နယ်။

**ဖြေ။** ။ ပါရာဇိကကျပြီး ရဟန်းဘောင်မှာ မနေဘဲ လူပြုလိုက်လျှင် ပါရာဇိကအပြစ် မရှိတော့ပေ။ ၎င်းမှာနောက်တစ်ဖန် ရဟန်းဘဝကို ပြန်မရနိုင်ခြင်းသာ အပြစ်ဟူ၍ ပြောစရာရှိတော့သည်။ ပါရာဇိကကျသော ရဟန်းများ၏ ထွက်ရပ်လမ်း (အပြစ်ဖြေဖျောက်မှု)မှာ လူဘဝသို့ ပြောင်းရွှေ့ ထွက်ခွာသွားရခြင်းပင် ဖြစ်ပါသည်။ လူ့အဖြစ်နှင့် တရားအားထုတ်၍ တရားထူးများလည်း ရနိုင်ပါသည်။ ကုသိုလ်ကောင်းမှုများ ပြု၍လည်း ကုသိုလ်ရနိုင်ပါသည်။

*

## ထေရဿဂုံလိမာလဿ

**မေး။** ။အရှင်ဘုရား၊

အင်္ဂုလိမာလသုတ်၏ ဒုတိယစာပိုဒ်၊ စာကြောင်းရေ ၃ တွင် ထေရဿင်္ဂုလိမာလဿတွင် အချို့က သအက္ခရာ အသံထွက်ပြီး ထေရဿ အင်္ဂုလိမာလဿဟု ရွတ်ဆိုပြီး အချို့က စာအတိုင်း ထေရဿင်္ဂုလိမာလ

www.dhammaransi.com

ဿဟု ရွတ်ဆိုကြပါသည်။ မည်သို့ ရွတ်ဆိုခြင်းက မှန်ကန်ကြောင်း ဖြေကြားပေးတော်မူပါဘုရား။

မောင်လှဌေး၊ အင်းလေး၊ ခေါင်တိုင်။

**ဖြေ။** ။ ထေရဿ အင်္ဂုလိမာလဿ ပါဠိပုဒ်ကို ဂါထာဖြစ်၍ အက္ခရာ ဂလုံးဖြစ်စေရန် ထေရဿင်္ဂုလိမာလဿဟု သန္ဓိပုဒ်စပ်၍ စီကုံးထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ပရိတ်စာမူတိုင်းမှာပင် ထေရဿင်္ဂုလိမာလဿ ဟု ရှိပါသည်။ ထိုသို့သန္ဓိစပ်ရသည်မှာ ပါဠိတော်များ၌ အစဉ်တွေ့ရသည့် သဒ္ဒါထုံးစံများပင် ဖြစ်ပါသည်။ အာဋာနာဋိယသုတ်တွင် ဝိပဿိဿ စ နမော အတ္ထု ဟု ဆိုရမည်ဖြစ်သော်လည်း နမတ္ထုဟု ဆိုသည်ကို သတိပြုရန် ဖြစ်ပါသည်။ ထို့အတူ သိခိဿပိ စ နမတ္ထု၊ ဝေဿ ဘုဿ စ နမတ္ထု စသည့် သန္ဓိစပ်၍ ရွတ်ဆိုရပါသည်။ ထို့ကြောင့် 'ထေရဿင်္ဂုလိ မာလဿ'ဟု ရွတ်ဆိုလျှင် ပိုမို သင့်မြတ်ပါသည်။

*

## ဂင်္ဂါဝါဠု သဲစုမက

**မေး။** ။ အရှင်ဘုရား၊

'ဗုဒ္ဓမြတ်စွာတို့သည် ဂင်္ဂါမြစ်အတွင်းရှိ သဲပွင့်အရေအတွက်မျှ ရှိသည်'ဟု အချို့က ပြောကြပါသည်။ အချို့ကမူ ဘုရားများမှာ ၂၈ ဆူသာ ရှိကြောင်း၊ ဂင်္ဂါမြစ်ထဲရှိ သဲပွင့်တို့သည် ရဟန္တာများ၏ အရေအတွက်သာဖြစ်ကြောင်း ပြောပါသည်။ အဘယ်စကားကို မှတ်သားရမည်နည်း။ ဖြေကြားပေးတော်မူပါ ဘုရား။

မောင်တိုး၊ မြောက်ဥက္ကလာပမြို့။

**ဖြေ။** ။ ၂၈ (နှစ်ကျိပ်ရှစ်ဆူ)မှာ ဂေါတမမြတ်စွာဘုရား အလောင်းတော် နိယတ ဗျာဒိတ်ရသည့် ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တစ်သိန်း အတွင်း၌ ပွင့်တော်မူသော မြတ်စွာဘုရားအရေအတွက်ကို ဆိုခြင်းဖြစ်ပါ

www.dhammaransi.com

သည်။ သံသရာသည် အစမထင် ရှည်လျားခဲ့သဖြင့် ထိုရှည်လျားခဲ့သော အတိတ်သံသရာအတွင်း၌ ပွင့်တော်မူခဲ့သော ဘုရားများမှာ လွန်စွာများပြားလှပြီဖြစ်ကြောင်း၊ မည်မျှများပြားခဲ့သည်ကို ဥပမာပြဆိုရလျှင် ဂင်္ဂါမြစ်အတွင်း၌ရှိသော သဲပွင့်များပမာ အသေချာ အသချာ မရေမတွက်နိုင်စရာပင်ဖြစ်ကြောင်း ပြောဆိုလိုရင်းပင် ဖြစ်ပါသည်။ သမ္ဗုဒ္ဓေဂါထာလာ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာဆိုသည်မှာ ယင်းအဓိပ္ပာယ်ပင် ဖြစ်ပါသည်။

*

## သင်္ကန်းစီစဉ်ခြင်း

**မေး**။ ။ ဆရာတော်ဘုရား၊

အချို့သော ဓမ္မရိပ်သာကျောင်းများတွင် ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်း၊ ဝတ္ထုပစ္စည်းကပ်လှူရာတွင် ထိုဓမ္မရိပ်သာကျောင်းမှာပင် သင်္ကန်း၊ ထီး၊ ဖိနပ်များကို ဆရာတော်ကြီးများနှင့် အကျိုးဆောင်အဖွဲ့များ၏ အစီအစဉ်နှင့် ခွင့်ပြုချက်အရ ကျသင့်သော အဖိုးနှုန်းများဖြင့် ဝယ်ယူပြီး ထိုကျောင်းများပင် ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်း ကပ်လှူရပါသည်။ ထိုကျောင်းမှ ဝယ်ယူသော ဝတ္ထုပစ္စည်းများ ကပ်လှူခြင်းနှင့် အခြားအပြင်ဆိုင်မှ ဝယ်ယူကပ်လှူသော ဝတ္ထုပစ္စည်းတို့သည် အတူတူပင် ဖြစ်ပါသလား။ ကုသိုလ်အကျိုးပြု ခြားနားမှု၊ တူညီမှု ရှိ မရှိ သိလိုပါသည်။ ဖြေကြားပေးတော်မူပါဘုရား။

နိုင်ကျော်လှိုင် (အငြိမ်းစား)၊
မင်္ဂလာဒုံ။

**ဖြေ**။ ။ အချို့သံဃာများသော ရိပ်သာကျောင်းတိုက်များ၌ လှူဒါန်းသူများ သက်သာမှုရှိအောင် ဂေါပကအကျိုးဆောင်အဖွဲ့များက သင်္ကန်းများကို စုပေါင်း၍ ဝယ်ယူခြင်း၊ ဆိုင်ရာမှ ထုတ်ခြင်း၊ ပိတ်အုပ်ဝယ်၍



www.dhammaransi.com

ဆိုးခြင်း၊ ချုပ်ခြင်းများကို ပြုလုပ်လေ့ရှိပါသည်။ ထိုသို့ပြုလုပ်သဖြင့် တစ်စုံချင်းအပြင် ဆိုင်မှ ဝယ်ယူသည်ထက် များစွာ သက်သာပါသည်။ ထီး၊ ဖိနပ် စသည်များကိုလည်း သံဃာဦးရေနှင့် ကိုက်၍ ကြိုတင်မှာထား ခြင်းလည်း ပြုလုပ်ကြပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းကို သံဃာများက လုပ်လေ့မရှိ။ လုပ်လည်း မလုပ်အပ်ပါ။ ဝေယျာဝစ္စအဖွဲ့၊ ဂေါပကအဖွဲ့ အကျိုးဆောင်သူများကသာ အလှူထမြောက်ရန်၊ လှူဒါန်းလိုသူများ သက်သက်သာသာဖြင့် စိတ်အေးချမ်းသာစွာ လှူဒါန်းနိုင်ရန် ပြုလုပ်ခြင်း ဖြစ်ပါသည်။ သံဃာတော်များ၊ ဝေယျာဝစ္စအဖွဲ့နှင့် ကုသိုလ်ရှင်များ အားလုံး အကျိုးရှိသော လုပ်ဆောင်မှု ဖြစ်၍ ကုသိုလ်ရရန် ချမ်းသာစွာ လှူဒါန်းနိုင်သောကြောင့် ကောင်းသော လုပ်ဆောင်ခြင်းပင် ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

*

## ဝိပဿနာ၊ ပုတီးနှင့် ဝဋ္ဋသုတ်ပါဠိ

**မေး**။ ။(က) ဝိပဿနာတရားအလုပ်ကို အားထုတ်နေသူသည် ပုတီးစိပ်ခြင်း၊ ပရိတ်တရားတော်များ၊ ဂါထာတော်များ ရွတ်ဖတ်ခြင်း စသည် ပြုလုပ်နိုင်ပါသလား ဘုရား။ (ခ) ဝဋ္ဋသုတ်အပိုဒ် ၃ ပါ 'သစ္စကိရိယမနုတ္တရံ' ၌ 'သစ္စကိရိယ မုတ္တမံ'ဟူ၍လည်း ရှိရာ မည်သည်က မှန်ပါသလဲဘုရား။

ဦးထွန်းအောင်တင်၊
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း။

**ဖြေ**။ ။(က) ဝိပဿနာတရားအလုပ်ကို အားထုတ်နေသူသည် ကမ္မဋ္ဌာနာစရိယ ဆရာတော် ညွှန်ကြားပြသသော ဝိပဿနာအလုပ်မှ ဘစ်ပါး အခြားသော ပုတီးစိပ်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဆိုခြင်း၊ ဂါထာတော်များ ရွတ်ဆိုခြင်းတို့ကို ပြုလုပ်နေရန် မသင့်ပါ။ အချိန်ရှိသမျှ

www.dhammaransi.com

ဝိပဿနာတရားကိုသာ မပြတ်မလပ် အားထုတ်နေရပါမည်။ ထိုပုတီးစိပ်ခြင်း စသည်တို့သည် ကောင်းသောအလုပ်များဖြစ်သော်လည်း ဝိပဿနာအားထုတ်ရာ၌ သမာဓိပျက်ပြားစရာ အာရုံများဖြစ်၍ ရှောင်ကြဉ်ရပါမည်။

(ခ) အနုတ္တရံနှင့်ဥတ္တမံပုဒ်တို့မှာ အလွန်မြတ်သော၊ မြတ်သောအနက်များဖြစ်၍ မထူးခြားလှ၊ ပါဠိဂါထာ ၈ လုံးဖွဲ့၌ အနုတ္တရံဆိုလျှင် ၉ လုံး ဖြစ်၍ ဥတ္တမံ ၈ လုံးက သဘာဝကျပါသည်။ မူရင်း စရိယာပိဋကပါဠိတော် (၄၁၅)၌လည်း 'သစ္စကိရိယမုတ္တမံ' ဟူ၍ပင် ရှိပါသည်။ ဆဋ္ဌမူ ပရိတ္တပါဠိတွင်လည်း ထိုအတိုင်းပင် မူတင်ထားသည်ကို တွေ့နိုင်ပါသည်။

*

## ရဟန်းခံနှင့် ပရိက္ခရာ ၈ ပါး

**မေး**။ ။ဆရာတော်ဘုရား၊

တပည့်တော်တို့သည် အချို့သော မြို့ရွာဒေသများတွင် ရဟန်းခံသိမ်ဝင်ရာ၌ ရဟန်းလောင်းအဖို့ ပရိက္ခရာ ၈ ပါးတို့တွင် 'အပ်' သည် 'ယခုခေတ်၌ ချုပ်စရာ မလိုသောကြောင့်' ဟုဆိုကာ အပ်မပါပါ။ ထို့နောက် 'ရေစစ်' လည်း မပါကြတော့ပါ။ ရဟန်းဖြစ်ဖို့ရာ အင်္ဂါ ၅ ပါးတို့တွင် ဝတ္ထု၏ ပြည့်စုံခြင်းအင်္ဂါ၌ ပရိက္ခရာ ၈ ပါး ပါ မပါ။ ထိုတွင် အပ်၊ ရေစစ်မပါက ရဟန်းဖြစ် မဖြစ် ရှင်းပြပေးတော်မူပါဘုရား။

ရှင်ဝေရောစန၊ သန်လျင်မြို့။

**ဖြေ**။ ။ ရဟန်းခံရာ၌ သာမန်အားဖြင့် ပရိက္ခရာ ၈ ပါး ပြည့်စုံရမည်ဟုဆိုသော်လည်း မရှိမဖြစ်၊ မပါမပြီးကား မဟုတ်ပါ။ မေးစိစစ်ရာ၌ 'ပရိပုဏ္ဏံ တေ ပတ္တစီဝရံ=သင့်မှာ သပိတ်၊ သင်္ကန်းပြည့်စုံပြီလား' ဟုသာ မေးစိစစ်၍ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်သာ လိုရင်းဖြစ်ပါသည်။ ကိုယ်ပိုင်သပိတ်သင်္ကန်းဖြစ်ရန် လိုအပ်ပါသည်။ အငှားသပိတ်၊ သင်္ကန်းဖြင့် ရဟန်းမခံအပ်ပါ။ ပြဿနာရှင်၏ စာတွင်ပါသော ဝတ္ထု၏ ပြည့်စုံ

ခြင်း ဝတ္တုသမုတ္တိဟူသည်မှာလည်း ပရိက္ခာရာရှစ်ပါးကို မဆို၊ ပဋ္ဌာဂ်ဟူသော ပြည့်စုံခြင်းငါးမျိုး၌ ဝတ္တုသမုတ္တိကား ရဟန်းလောင်းသည် နပုံးပဏ္ဍက်၊ မာတုဃာတက၊ ပိတုဃာတက အစရှိသည်မှ ကင်းသော၊ သန့်ရှင်း စင်ကြယ်သော အသက်နှစ်ဆယ်ရှိ ရဟန်းလောင်းဖြစ်ရမည်ကို ဆိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အပ်၊ ရေစစ် မပါသော်လည်း ရဟန်းဖြစ်ပါ ကြောင်း ဖြေဆိုအပ်ပါသည်။

*

## စကားမပြောသော အကျင့်

**မေး။** ။ ဆရာတော်ဘုရား၊

တပည့်တော်၏ ဦးကြီးသည် တစ်ခါတစ်ရံ စကားမပြောဘဲ နေ တတ်ပါသည်။ စကားမပြောဘဲ နေသော အဓိဋ္ဌာန်အကျင့်သည် မည်ကဲ့သို့ သော အဓိဋ္ဌာန်အကျင့်မျိုး ဖြစ်ပါသလဲဘုရား။ မည်ကဲ့သို့သော အကျိုး ကျေးဇူးများ ရနိုင်ပါသလဲ ဘုရား။

မဇာဇာဝင်း၊ ဘီလူးကျွန်း။

**ဖြေ။** ။ ဤခေတ်တွင် စကားမပြောဘဲနေသော ဝစီပိတ်ကျင့်စဉ်ဟုဆိုသော ကျင့်စဉ်များရှိကြောင်း ကြားရပါသည်။ ခေတ်အားလျော်စွာ အဆန်းထွင်၍ ကျင့်ကြခြင်းများ ဖြစ်သည်။ မြတ်စွာဘုရားလက်ထက်က ထိုကဲ့သို့ ကျင့်သူများရှိရာ မြတ်စွာဘုရားက ပသုသံဝါသ သားကောင် (ကျွဲ၊ နွား)တို့၏ ပေါင်းဖော်နေထိုင်ခြင်း၊ မူဂဗ္ဗတ သူအတို့၏ အကျင့်၊ တိတ္ထိယသမာဒါန တိတ္ထိဂိုဏ်းဝင်တို့၏ ကျင့်သုံးခြင်းဟု ပြောဆိုရှုတ်ချ တော်မူကာ ရဟန်းတို့သည် အညမညာနုလောမတာ အချင်းချင်း ပြောဆို ဆက်ဆံကျင့်သုံးကြခြင်းကိုသာ အလိုရှိတော်မူပါသည်။ (ဝိ–၄ ၃၊ ၃၅၆)။ ထို့ကြောင့် ထိုသို့ စကားမပြောသော ဝစီပိတ်အကျင့်များကို အထင်ကြီး ကာ အတုယူ ကျင့်သုံးခြင်း မပြုရန်လိုကြောင်း ဖြေကြားလိုပါသည်။

*

www.dhammaransi.com

## ပြက္ခဒိန်လှလှ လှူဒါန

**မေး**။ ။ ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ဘုန်းတော်ကြီးကျောင်းအချို့တွင် မင်းသား၊ မင်းသမီးရုပ်ပုံ လှလှ ကလေးများပါသော ပြက္ခဒိန်များ ချိတ်ဆွဲထားသည်ကို တွေ့ရပါသည်။ အချို့ပုဂ္ဂိုလ်များက 'ဤသို့သော ရုပ်ပုံမျိုးပါသော ပြက္ခဒိန်မျိုးကို သံဃာတော်များအား မလှူအပ်'ဟု ဆိုကြပါသည်။ လှူအပ်၊ မလှူအပ် ရှင်းလင်းပေးတော်မူပါဘုရား။

ဇေယျာနိုင် (မာန်အောင်)၊
ရခိုင်ပြည်နယ်။

**ဖြေ**။ ။ အဒါနဝတ္ထုခေါ် မပေးလှူကောင်းသော အလှူ ၁၀ ပါး။ ပေးလှူသော် ကုသိုလ်မရ။ အပါယ်ကျတတ်သောအလှူ ၁၀ ပါးမှာ (၁) သမဇ္ဇဒါန=ကချေအလှူ (အငြိမ့်ဇာတ်ပွဲ)၊ (၂) မဇ္ဇဒါန=သေရည်သေရက်အလှူ။ (၃) ဣတ္ထိဒါန=မိန်းမအလှူ၊ (၄) ဥသဘဒါန=နွားလား၊ မြင်းလားအလှူ၊ (၅) စိတ္တကမ္မဒါန=ကာမဂုဏ်ကို နိုးကြွစေသော ပန်းချီဆေးရေးအလှူ၊ (၆) သတ္ထဒါန=လက်နက်ခဲယမ်းမီးကျောက်အလှူ၊ (၇) ဝိသဒါန=အဆိပ်အလှူ၊ (၈) သင်္ခလိကဒါန=လက်ထိတ်သံခြေချင်းနှောင်ကြိုးအလှူ၊ (၉) ကုက္ကုဋသူကရဒါန=ကြက်၊ ဝက်၊ သားကောင်အလှူ၊ (၁၀) တုလာကူဋ မာနကူဋ=ချိန်စဉ်းလဲ၊ တင်းစဉ်လဲ အလှူ။ ဤမပေးလှူကောင်းသော အလှူ ၁၀ ပါးတွင် အမှတ် ၅ စိတ္တကမ္မဒါနဌ် ရိုးရိုးဘုရားကျောင်းကန်ပန်းမန် တောတောင် ဆေးရောင်စုံ ရုပ်ပုံကားချပ်များထက် ကာမဂုဏ်ကို နိုးကြွ စေသည့် လှပသော ဝိသဘာဂ မိန်းမ ယောက်ျားနှစ်ပါးသွားစုံတွဲ အနဲ့နဲ့ သော ရုပ်ပုံကားချပ်များ လှူဒါန်းမှုမျိုးကို ဆင်ခြင်ရန် သင့်ပေသည်။

*

## ကာမေသုမိစ္ဆာစာရ

**မေး။** ။ဆရာတော်ဘုရား၊

လင်ရှိမယားအား အမှောင်ခန်းထဲတွင် မိမိမယား ထင်မှတ်၍ လွန်ကျူးမိသူအား ကာမေသုမိစ္ဆာစာရကံ ထိုက်ပါသလား ဘုရား။ သို့ မဟုတ်ပါက မည်သည့်ကံမျိုးထိုက်ပါသလဲ ဘုရား။ ဖြေကြားပေးတော်မူပါရန် တောင်းပန်အပ်ပါသည် ဘုရား။

မောင်ဇော်မင်းထိုက်၊
တောင်သာမြို့နယ်။

**ဖြေ။** ။ ကာမေသုမိစ္ဆာစာရကံ ဆိုင်ရာ၌ ကံအထမြောက်ကြောင်း အင်္ဂါ လေးပါးရှိရာ

၁။ မသွားအပ်သော အဂမနိယဝတ္ထုဖြစ်ခြင်း၊

၂။ သွားလာလိုသော စိတ်ရှိခြင်း၊

၃။ လုံ့လပြုလုပ်ခြင်း၊

၄။ သွားလာခြင်း ဟူ၍ အင်္ဂါ ၄ ပါး ပြည့်ညီလျှင် ကာမေသု မိစ္ဆာစာရကံ ထိုက်သဖြင့် မောင်ဇော်မင်းထိုက် မေးလျှောက်သော ပြဿနာ၌ အင်္ဂါ ၄ ပါးလုံး ပြည့်ညီနေသဖြင့် ကာမေသုမိစ္ဆာစာရကံထိုက်ကြောင်း မှတ်သားသင့်ပါသည်။

*

## ထန်းရည်နည်ဟင်း

**မေး။** ။ဆရာတော်ဘုရား၊

ထန်းရည်သောက်သူများသည် ထန်းရည်ကို သောက်၍ ထန်းရည် မှ ထိုင်ကျလာသော ထန်းရည်နည်များကို ကြော်၍လည်းကောင်း၊ ချက်၍ လည်းကောင်း စားသုံးကြပါသည်။ သံဃာတော်များကိုလည်း ဆွမ်းဟင်း အဖြစ် လောင်းလှူကြပါသည်။ ထိုလောင်းလှူသည့် ထန်းရည်နည်များကို

www.dhammaransi.com

သံဃာတော်များ စားသုံးလျှင် အပြစ်ဖြစ်၊ မဖြစ် ဖြေကြားတော်မူပါအရှင်ဘုရား။

ရှင်ပညာစက္က၊ ကျောက်ပန်းတောင်းမြို့။

**ဖြေ**။ ။ ထန်းရည်ဖြစ်စေ၊ အရက်ဖြစ်စေ ဆေးဖော်စပ်ရာ၌လည်းကောင်း၊ ဟင်း၌ ထည့်သွင်းချက်ပြုရာ၌လည်းကောင်း ထန်းရည်အရက် (သေရည်)၏ အဆင်း၊ အနံ့မရှိလျှင် စားသုံးသော ရဟန်းတော်၌ အပြစ်မရှိပါ။ "တေလံ ပန ဝါတဘေသဇ္ဇတ္ထံ မဇ္ဇေန သဒ္ဓိံ ပစန္တိ၊ တသ္မိံပိ အနတိက္ခိတ္တမဇ္ဇေယေဝ အနာပတ္တိ" (ဝိ ဋ ၃၊ ၁၂၇)

*

## ဣန္ဒြေခြောက်ပါး မာရ်နတ်သား

**မေး**။ ။ အရှင်ဘုရား၊

(၁) ကျမ်းဂန်များတွင် ဖော်ပြထားသည့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဣန္ဒြေခြောက်ပါး စောင့်ခြင်းဆိုသည်မှာ အဘယ်ပါနည်း။ မျက်စိဣန္ဒြေစောင့်ခြင်းဆိုသည်မှာ မည်သူ့ကိုမျှ မကြည့်ခြင်းကို ဆိုလိုပါသလားဘုရား။ (၂) မြတ်မင်္ဂလာစာစောင်တွင် ဖော်ပြခဲ့သည့် ဘုရားလောင်းတို့မည်သည် မာရ်နတ်မင်း မဖြစ်ဟု သိရပါသည်။ ဓိနတ္ထ ပကာသနီကျမ်းတွင် ရှင်ဥပဂုတ်ရဟန္တာအရှင်မြတ်နှင့် မာရ်နတ်မင်းတို့ ပြောစကားအရ အဆိုပါ မာရ်နတ်မင်းသည် ဘုရားလောင်းဟု သိရပါသည်။ ထိုစကားအဓိပ္ပာယ်ကို ရှင်းလင်းအောင် ဖြေကြားတော်မူပါဘုရား။

မောင်ထွန်းနိုင်၊ ရန်ကုန်မြို့။

**ဖြေ**။ ။ (၁) ဣန္ဒြေခြောက်ပါးကို စောင့်စည်းခြင်းဟူသည်မှာ စက္ခုစသော ဒွါရခြောက်ပါး၌ ထင်လာမြင်လာသည့် အာရုံတို့နောက်သို့ မလိုက်ဘဲ ယင်းအာရုံတို့ကို စွဲလမ်းတပ်မက်မှု မဖြစ်အောင် ချုပ်တည်းသိမ်းဆည်းနိုင်ခြင်းကို ဆိုလိုပါသည် (၂) ဘုရားအလောင်းတို့ မာရ်နတ်

မင်း မဖြစ်ဆိုသည်မှာ နိယတဗျာဒိတ်ပန်း ဆင်မြန်းပြီးသည့်နောက် မဖြစ်ခြင်းကိုသာ ဆိုပါသည်။ မာရ်နတ် ဘုရားအလောင်းဟု ဖိနတ္ထ ပကာသနိဠ ဖော်ပြခြင်းမှာ ဘုရားအဖြစ် စိတ်ညွတ်ရုံ မြတ်စွာဘုရားအပေါ် ကြည်ညိုစိတ်ပွားရုံသာ ဖြစ်သေးရာ ဘုရားလောင်းအစစ် မဖြစ်သေးကြောင်း သတိပြုသင့်ပါသည်။

*

## တိရစ္ဆာန်နှင့် နတ်

**မေး။** ။ အရှင်ဘုရား၊

"နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ နတ်သား၊ သိကြား၊ ဗြဟ္မာတွေဟာ တိရစ္ဆာန်တွေ ဖြစ်တယ်။ ငါဘုရား၏ သာသနာတော်နှင့် မတန်ဘူး။ ဒါကြောင့် သူတို့ကို သာသနာတော်တွင်းမှာ ရှင်ရဟန်း ပြုလုပ်မပေးရဘူး။ တကယ်လို့ ပြုလုပ်ပေးခဲ့ရင် ဦးဆောင်ပြုလုပ်ပေးတဲ့ အဲဒီရဟန်းများဟာ ဒုက္ကဋ်အာပတ်သင့်စေလို့ ပညတ်တော်မူခဲ့တယ်"ဟု စာစောင်တစ်ခုမှာ ပါရှိသည်ကို ဖတ်ရပါသည်။ ထို့ကြောင့် နတ်သား၊ သိကြား၊ ဗြဟ္မာတွေသည် တိရစ္ဆာန်များဖြစ်ကြပါသလားဘုရား။ မရှင်းလင်း၍ ရှင်းပြပေးပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည်။

ဦးကျော်သန်း၊ ကျိုက်ထိုမြို့။

**ဖြေ။** ။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က သာသနာတော်ကို ကြည်ညိုသော နတ်နဂါးတစ်ဦး လူ့အသွင်ပြုလျက် ရဟန်းများထံ တောင်းပန်၍ ရဟန်းခံခဲ့ဖူးသည်။ အတန်ကြာလျှင် နဂါးအသွင်ပေါ်၍ နှင်ထုတ်ခဲ့ရသည်။ ယင်းကို အကြောင်းပြု၍ လူဇာတ်၊ လူသားစင်စစ် ဖြစ်သူမှသာ ရဟန်းခံနိုင်ရန် ပညတ်ခဲ့ရပြီး ရဟန်းခံရာ၌ "မနုဿောသိ" လူသားစင်စစ် ဟုတ်မှန်ပါ၏လောဟူသော မေးခွန်းကို ထည့်သွင်းမေးစေရ၏။ နဂါး၊ ဂဠုန်တို့သည် တိရစ္ဆာန်ဇာတ်ရှိသူများဖြစ်၍ အထူးပြော

စရာမလိုပါ။ သို့သော် နတ်၊ သိကြား၊ ဗြဟ္မာတို့သည်လည်း လူသား မဟုတ်၍ ရဟန်းခံခွင့်မရ။ နဂါး၊ ဂဠုန်တို့နှင့် အလားတူပင် အပယ်ခံများ ဖြစ်သည်။ သာသနာတော်အလိုအရ တိရစ္ဆာန်များပင် ဖြစ်သည်ဟု ဆိုရပါ သည်။ ထို့ကြောင့် ဗြဟ္မာ၊ နတ်၊ သိကြား၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗနှင့် ရက္ခ၊ ဘုမ္မာ၊ အာကာသစိုး၊ တန်ခိုးကြီး၊ မကြီး အသီးသီးတို့ သည် တိရစ္ဆာန်နှင့်အလားတူဟူ၍ မှတ်သားသင့်ပါသည်။

*

## ဆုတောင်းခြင်း

**မေး။** ။ ဆရာတော်ဘုရား၊

ဆုတောင်းသောအခါ မဃဒေဝ၌ "ထိုထိုများစွာ၊ သတ္တဝါ၌၊ သဒ္ဓါ သီလ၊ သုတစာဂါ၊ ပညာတရား၊ ဤငါးပါးနှင့်၊ ပြည့်ငြားသူသာ"ဟု ဆိုပါသည်။ သရုပ်ပြ အဘိဓာန်ကျမ်း၌ "ဂတိမြဲရန်၊ ပုထုဇန်၊ ခြောက်တန် ဂုဏ်အင်္ဂါ၊ ၎င်း၌ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ပတ္ထနာ"ဟုဆိုကာ ခြောက်မျိုးပြပါသည်။ ငါးမျိုးက မှန်ပါသလား၊ ခြောက်မျိုးက မှန်ပါ သလား၊ ကရုဏာရှေ့ထား၍ ဖြေကြားပေးပါဘုရား။

စန္ဒိမာ(အိုင်)၊ မုံရွာ။

**ဖြေ။** ။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ တရားငါးပါးနှင့် ပြည့်စုံသူသည်

မည်သည့်ဆုကို တောင်းသည်ဖြစ်စေ ဆုတောင်း၍ ရနိုင်ကြောင်း ဥပရိပဏ္ဏာသပါဠိတော် သင်္ခါရုပပတ္တိသုတ် (မ ၃၊ ၁၄၀) တွင် "ဣဓ ဘိက္ခဝေ ဘိက္ခု သဒ္ဓါယ သမန္နာဂတော။ ပ။ တတြူပပတ္တိယာ သံဝတ္တန္တိ" စသည်ဖြင့် ဟောပါသည်။ သရုပ်ပြ အဘိဓာန်၌ 'ပတ္ထနာ'ဟု ထည့်၍ ပြသည်မှာ ရှေးငါးပါးနှင့် ပြည့်စုံသူသည် ဆုတောင်းရန်လိုအပ်ကြောင်း သိစေလို၍ ပတ္ထနာ၊ ဆုတောင်းခြင်းကို အင်္ဂါတစ်ပါးပြု၍ ခြောက်ပါးပြ လိုက်ခြင်း ဖြစ်ပါသည်။ သဘောမကွဲကြောင်း သိစေလိုပါသည်။

*

## သိရီ+သီရိ

**မေး**။ ။အရှင်ဘုရား၊

ရဟန်းတော်များနှင့် သီလရှင်များ ဘွဲ့အမည်၌ အချို့က သိရီ၊ အချို့က သီရိဟု ရေးသားလျက် ရှိနေကြပါသည်။ ယင်း သိရီနှင့် သီရိမှာ မည်သည်က မှန်ကန်ကြောင်း ဖြေကြားပေးတော်မူပါဘုရား။

မောင်မြင့်ကြည်၊ မိတ္ထီလာမြို့။

**ဖြေ**။ ။ အဘိဓာနပဒီပိကာ (အဘိဓာန်ပါဠိ)တွင် "လက္ခီ သိရီတ္ထိယံ"ဟု (ဂါထာ ၈၂)တွင် ဖော်ပြလျက် "သိရီဟူသောပုဒ်ကား ရတ္တိ စသော သဒ္ဒါမျိုးကဲ့သို့ ဣကာရန္တ ဣတ္ထိလိင်သာတည်း။ မြန်မာဆရာတို့ မှတ်ထင်ဆုံးဖြတ်ကြသည့်အတိုင်း နဒီ စသော သဒ္ဒါမျိုးကဲ့သို့ ဤကာရန္တ ဣတ္ထိလိင် မဟုတ်"ဟု အဘိဓာန်နိဿယသစ်၌ တောင်ပေါက်ဆရာတော် မှာ၏။ သို့သော် ကတပုညေဟိ သေဝိယတေ ဝါ သေဝတီတိ သိရီ၊ သိ သေဝါ ယံ ရော၊ ဤ စ။ သိနိဿယေ ဝါ–ဟု အဘိဓာန်ဋီကာဆိုသဖြင့် သီရိဟုလည်း ရေးသားနိုင်ပါသည်။ သိရီ၊ သီရိနှစ်ချက်သင့်ပင် ဆိုပါ၏။ သို့သော် မြန်မာဘာသာအနေဖြင့်ကား သီရိဟု ရေးထုံးပြုသဖြင့် သီရိ မင်္ဂလာ၊ သီရိဝေဟာ စသည် ရေးသားနေကြပါသည်။

*

## ဂါထာနှင့် မန္တန်

**မေး**။ ။အရှင်ဘုရား၊ ဂါထာမန္တန်ဆိုသည်မှာ အဓိပ္ပာယ်တူညီမှု ရှိပါ သလား။ ဂါထာမန္တန် အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် ၎င်းတို့ကို နှုတ်ဖြင့် ဖြစ်စေ၊ စိတ်ထဲမှဖြစ်စေ ရွတ်ဖတ်ရာတွင် မည်သည့်နည်းစနစ်သည် မှန်ကန်သည်။ အကျိုးသက်ရောက်မှုရှိသည်ဆိုသည်ကို ဖြေကြားပေးပါ ဘုရား။

ညီညီ (နမ့်စန်)။

**ဖြေ**။ ။ ဂါထာဟူသည်မှာ ဆန်းတွင် ပြဆိုထားသည့် စည်းကမ်းနှင့်အညီ ရေးစပ်သီကုံးထားသော ပါဠိအစီအကုံး၊ ပါဠိကဗျာများ ဖြစ်ပါသည်။ သမ္ဗုဒ္ဓေဂါထာ၊ ဒီဝါတပတိ စသော ဂါထာများကို ဆိုပါသည်။ မန္တန်ဟူသည်မှာ မန္တြ ဟူသော သက္ကတ အမည်ဖြစ်၍ လောကီကျမ်း၊ ဗေဒင်ကျမ်းတို့မှ လာသော မန်းမှုတ်ရသော မန္တန် (မန္တရားလည်းဟူ) ဖြစ်သည်။ ဘုရားဟောနှင့် ဗုဒ္ဓဘာသာဆိုင်ရာ ရွတ်ပွားစရာများမှာ မန္တန် မဟုတ်ပါ။ ဂါထာများ ဖြစ်သည်။ လောကီကျမ်းဆိုင်ရာတို့မှာကား မန္တန်များ ဖြစ်ပါသည်။ ဂါထာမန္တန်နှစ်မျိုးလုံးပင် နှုတ်ဖြင့် အသံထွက်၍ အက္ခရာမှန်ကန် ဌာန်ကရိုဏ်း ကျနစွာ ရွတ်ဆိုရပါသည်။

*

## လူပုဂ္ဂိုလ်များနှင့် အသံမစဲပဋ္ဌာန်း

**မေး**။ ။ ဆရာတော်ဘုရား၊

အသံမစဲ ပဋ္ဌာန်းဒေသနာတော်များကို အိမ်များတွင် ရဟန်းသံဃာများမပါ လူပုဂ္ဂိုလ်များသာ ရွတ်ဆိုပူဇော်ခွင့်ရှိပါသလား ဘုရား။ မည်ကဲ့သို့ အကျိုးရှိသည်ကို ဖြေကြားတော်မူပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

မကြူကြူသင်း၊ မအူပင်မြို့နယ်။

**ဖြေ**။ ။ ပဋ္ဌာန်းဒေသနာတော်များကို မည်သူမဆို ရွတ်ဆိုပူဇော်နိုင်ပါသည်။

"အသံမစဲ"ဝေါဟာရအတိုင်း နေ့ရောညပါ အဆက်မပြတ် ရွတ်ဆိုရသဖြင့် ကိစ္စများပြားသော လူပုဂ္ဂိုလ်များထက် ရဟန်းတော်များသာ အရွတ်အဆို များကြရခြင်း ဖြစ်ပါသည်။ ရွတ်ဖတ်တတ်သော လူပုဂ္ဂိုလ် (ကျားမ မရွေး) နာရီဝက်စီ၊ တစ်နာရီစီ အချိန်ဝေ၍ ရွတ်ဆိုနိုင်လျှင် ပို၍ပင် နေရာများစွာ၌ အချိန်အခါမရွေး ပူဇော်နိုင်ပါလိမ့်မည်။ ပရိယတ္တိ သာသနာကွယ်လျှင် အဘိဓမ္မာဒေသနာတော်သည် ပဋ္ဌာန်းပါဠိတော်ကြီးမှ

စ၍ ကွယ်လိမ့်မည်ဟူသောစကားအရ ပရိယတ္တိသာသနာတော် မကွယ်ရန် ရှင်ရော လူပါ ဗုဒ္ဓဘာသာမှန်သမျှ အားထုတ်ကြရမည့် တာဝန်ရှိ၍ တတ်နိုင်သမျှ ကြိုးစားရွတ်ဖတ်ရန် လိုအပ်ပါသည်။ သို့သော် အသံချဲ့စက် ဟွန်းကြီးများကို တပ်ဆင်၍ နေ့ညမပြတ် ရွတ်ဖတ်ခြင်းထက် "ရွတ်ဖတ်ပူဇော်မှုသာ ပဓာန"စိတ်ထားဖြင့် ရိုးရိုးသံပြိုင် ရွတ်ဖတ်ကြလျှင် ပို၍ ကောင်းမွန်ပါသည်။ ပဋ္ဌာန်းပစ္စယုဒ္ဒေသ၊ ပစ္စယ နိဒ္ဒေသမျှ ရွတ်ဆိုခြင်းသည်ပင်လျှင် အန္တရာယ်ကင်းနိုင်သဖြင့် အသံမစဲ ပဋ္ဌာန်းကျမ်းတော်ကြီးကို အစအဆုံး ရွတ်ဆိုနိုင်က အထူးဆိုဖွယ် မရှိတော့ပါ။

*

## ကျမ်းကိုင်ခြင်း

**မေး။** ။ အရှင်ဘုရား၊ တရားရုံးများတွင် တရားလို တရားခံတို့ ကျမ်းကိုင်အစ ခံရခြင်းရှိရာ ၎င်းကျမ်းကိုင်ခြင်းမှာ မမှန်မကန် အစစ်ခံပါက ကျမ်းစူးသည်ဟု ဆိုပါသည်။ ၎င်းကျမ်းတွင် ဘာတွေပါ၍ ဗုဒ္ဓဘာသာနှင့် မည်သို့ သက်ဆိုင်သည်ကို သိလိုပါသည်ဘုရား။ (အမေးကို သိသာရုံမျှ ဖော်ပြထားပါသည်။)

ဒေါ်အေးကြည်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ဖြေ။** ။ ကျမ်းထဲတွင် ကုန်းဘေး၊ ရေဘေး စသည့် ဘေးအမျိုးမျိုးကို ဖော်ပြ၍ မမှန်မကန် အစစ်ခံက ထိုဘေးများနှင့် တွေ့ကြုံရပါစေဟု အကျယ်တဝင့် ပါရှိပါသည်။ အမှန်အားဖြင့် ကျိန်ဆိုခြင်းပင် ဖြစ်ပါသည်။ ကျိန်ဆိုခြင်းမှာ ဗုဒ္ဓအလိုတော်နှင့် ဆန့်ကျင်သော်လည်း အိန္ဒိယပြည်၌ ရှေးရှေးဗြာဟ္မဏဝါဒီအစဉ်အလာအားဖြင့် အလွန်ရှေးကျသောအချိန်ကပင် ရှိခဲ့ပါသည်။ ကာလိဒါသ၏ သကုန္တလာပြဇာတ်တွင် ဒုဗ္ဗာသရသေ့ကြီး၏ ကျိန်စာကြောင့် သကုန္တလာ ဒုက္ခတွေ့ရပုံ စသည်များ ရှိခဲ့ပါသည်။

(ယခုခေတ်တွင်လည်း ဟိန္ဒူ ဆာဒူးကြီးများ ကျိန်စာဆိုတတ်ကြပုံ၊ ယင်း ကျိန်စာအတိုင်း ဖြစ်တတ်ကြသဖြင့် ၎င်းဘာသာဝင်များကြောက်လန့်ကြ ပုံ၊ ၎င်းတို့စာများတွင် ဖတ်ရပါသည်။) ဗြာဟ္မဏဝါဒတို့မှ ကူးစက်၍ ရှေးမြန်မာတို့သည်လည်း ကျိန်စာများကို ဆိုလေ့ရှိကြပုံကို ပုဂံကျောက်စာ များတွင် တွေ့နိုင်ပါသည်။ ကျိန်စာများအတိုင်း ဖြစ်သည်ဟု ယူဆလျက် ဆိုင်ရာပုဂ္ဂိုလ်များ ကြောက်လန့်၍ မမှန်မကန်မဆိုဝံ့ဘဲ ရှိသဖြင့် အကျိုးပြီး သည်လည်း ရှိနိုင်ပါသည်။ စိတ်ဓာတ်စစ်ဆင်မှုတစ်ရပ်လည်း ဖြစ်နိုင် ပါသည်။ ဗုဒ္ဓဝါဒအရ တကယ်ဖြစ်မဖြစ်ကား ပုဂ္ဂိုလ်၏ ကုသိုလ်ကံ၊ အကုသိုလ်ကံအတိုင်းပင်ဟု ဆိုရမည်။ ကဿပမြတ်စွာဘုရားလက်ထက် က ကျိန်စာအရ ပြိတ္တာဖြစ်၍ ခွေးစားခံနေရသော ကဏ္ဏမုဏ္ဍပေတိဝတ္ထု ကို ပေတဝတ္ထုတွင် ဖတ်ရှုနိုင်ပါသည်။

*

## သာသနာ့အလံ တီထွင်သူ

**မေး**။ ။ ဆရာတော်အရှင်မြတ်ဘုရား၊

ရောင်ခြည်တော်ခြောက်သွယ်အထိမ်းအမှတ်ဖြင့် ပြုလုပ်ထားသော ဗုဒ္ဓသာသနာ့အလံသည် မည်သည့်ပုဂ္ဂိုလ် စတင်ကြံစည် ပြုလုပ်ထား ခြင်း ဖြစ်ပါသလဲဘုရား။ ဖြေကြားပေးတော်မူပါ။

ဦးအဂ္ဂသီရိ၊ သုဝဏ္ဏ။

**ဖြေ**။ ။ ရောင်ခြည်တော်ခြောက်သွယ် အထိမ်းအမှတ် သာသနာ့အလံတော် ကို စတင်ကြံစည်ပြုလုပ်သူမှာ အမေရိကန်လူမျိုး အငြိမ်းစား ဗိုလ်မှူးကြီး ဟင်နရီစတီးလ်အော်လကော့ ဖြစ်သည်။ သူ့ကို ၁၈၃၂ ခုနှစ် တွင် အမေရိကန်ပြည်၊ နယူးဂျာစီနယ်၊ အောရိန်းမြို့၌ ဖွားမြင်သည်။ အသက် ၂၉ နှစ်အရွယ်တွင် အမေရိကန်ပြည်တွင်းစစ်၌ အမေရိကန် တပ်မတော်မှ ပါဝင်တိုက်ခိုက်ခဲ့၍ ဗိုလ်မှူးကြီး ဖြစ်ခဲ့သည်။ စစ်ပြီးဆုံးချိန်

တွင် အငြိမ်းစားယူခဲ့သည်။ ထို့နောက် သီအိုဆိုဖီ ပညာများကို လိုက်စား၍ တစ်စတစ်စ ဗုဒ္ဓဝါဒကို လေ့လာကာ ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့သည်။ ၁၈၈၅ ခုနှစ်တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ဗုဒ္ဓနေ့တွင် လွှင့်ထူရန် ဗုဒ္ဓ၏ ရောင်ခြည်တော်ခြောက်ပါးပါသော အရောင်တို့ကို ဗုဒ္ဓအလံတော် အဖြစ် အသုံးပြုရန် အော်လကော့က အကြံပေးတင်ပြ၍ အားလုံးသဘော တူကာ ထိုနှစ်မှစ၍ လွှင့်ထူခဲ့ပါသည်။ ၁၉၅၀ ပြည့်နှစ် သီရိလင်္ကာဗုဒ္ဓ ဘာသာ ညီလာခံကြီးတွင် ရောင်ခြည်တော်ခြောက်ပါး အထိမ်းအမှတ် အလံတော်ကို တစ်ကမ္ဘာလုံးကပင် ဗုဒ္ဓအလံတော်အဖြစ် အတည်ပြုခဲ့ သည်။ မြန်မာနိုင်ငံတော်တွင် ၁၉၅၆ ခုနှစ်၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်မှ စ၍ ဤအလံတော်ကို သာသနာ့အလံတော်အဖြစ် အတည်ပြု လွှင့်ထူခဲ့ပါ သည်။ (အရောင်ခြောက်မျိုးတွင် နီလ အညိုရောင်နှင့် မဥ္ဇိဋ္ဌ မောင်းရောင် တို့မှာ မြန်မာတို့သိသော အညိုအမောင်းတို့နှင့် ကွဲပြားနေ၍ မကြာမကြာ မေးမြန်းကြပါသည်။ ၎င်းတို့မှာ နီလ အညိုမှာ အဋ္ဌကထာများတွင် ဥမာ ပုပ္ဖ မိုးမွှေပန်းရောင်၊ နီလုပ္ပလ ကြာညိုပန်းရောင်ဟုပြသဖြင့် အပြာရောင် ကို အသိအမှတ်ပြုထားပြီး မဥ္ဇိဋ္ဌ မောင်းသောအရောင်မှာ မန္ဒရတ္တဝဏ္ဏာ နသောအနီရောင်၊ အနီနုဟုဆိုသဖြင့် ပန်းရောင်၊ လိမ္မော်ရောင်ကို ကမ္ဘာ့ ဗုဒ္ဓဘာသာအားလုံးကပင် အသိအမှတ်ပြုထားပါသည်။ (ပဋိသံ-ဋ္ဌ ၂၊ ၁၅)။

*

## သီလနှင့် အချိန်

**မေး။** ။ အရှင်ဘုရား၊

ရှစ်ပါးသီလ စောင့်ထိန်းဆောက်တည်ရာတွင် တစ်နေ့လုံး ဆောက် တည်၍ ညအိပ်ရာဝင်သည့်အခါ အလိုအလျောက် ပျက်ပြယ်သွားသည်ဟု ပြောပါသည်။ နောက်တစ်နေ့ နံနက်ပြန်လည်၍ သီလမခံယူမီ အချိန်အထိ

www.dhammaransi.com

ယမန်နေ့က ဆောက်တည်ခဲ့သော သီလသည် မြဲ၊ မမြဲ သိလိုပါသည်။ ရှင်းလင်းဖြေကြားတော်မူပါဘုရား။

ကိုကြီး၊ တောင်ကြီး။

**ဖြေ။** ။ ယနေ့နံနက်က ခံယူဆောက်တည်ထားသော ရှစ်ပါးသီလ (ဥပုသ်သီလ)သည် ယနေ့ ကုန်ဆုံးသွားသည့်တိုင်အောင် (သာသနာတော်အလို နောက်တစ်နေ့အကူး၊ အရုဏ်တက်ချိန်အထိ) တည်ရှိပါသည်။ နောက်တစ်နေ့ ငါးပါးသီလကို ပြန်လည်ခံယူရန် မလိုပါ။ ရှစ်ပါးသီလသည် ခံယူစဉ်ကပင် တစ်နေ့တာအတွက်သာ ခံယူထားသဖြင့် ထိုနေ့ကုန်ဆုံးရုံသာတည်၍ နောက်နေ့တွင် မူလရှိနေသည့် ငါးပါးသီလသည်သာ အလိုလို ကျန်ရှိနေပါသည်။ သို့သော် ဆယ့်ငါးရက်၊ တစ်လ စသည် အဓိဋ္ဌာန်၍ ဆောက်တည်ထားလျှင် နေ့စဉ် ဆောက်တည်နေစရာမလိုဘဲ အဓိဋ္ဌာန်အတိုင်း ဆယ့်ငါးရက်၊ တစ်လ တည်နေပါသည်။

*

## မီးစာကုန် ဆီခန်း

**မေး။** ။ ဆရာတော်ဘုရား၊

သတ္တဝါတစ်ဦး ကွယ်လွန်တဲ့အခါ မီးစာကုန် ဆီခန်းတယ်လို့ ဆိုလေ့ရှိကြပါတယ်။ ဘယ်အရာကို မီးစာကုန်တယ်။ ဘယ်အရာကို ဆီခန်းတယ်ဆိုတာ သဘောပေါက်နားလည်အောင် ရှင်းလင်းစွာ ဖြေကြားပေးပါ ဘုရား။

ခင်မိုးဝေ၊ တန့်ဆည်မြို့နယ်။

**ဖြေ။** ။ သေခြင်းလေးမျိုးရှိကြောင်း အဘိဓမ္မာသင်္ဂြိုဟ်ကျမ်းတွင် (၁) အာယုက္ခယ အသက်တမ်းကုန်၍ သေခြင်း၊ (၂) ကမ္မက္ခယ ကံကုန်၍သေခြင်း၊ (၃) ဥဘယက္ခယ အသက်တမ်းရော၊ ကံရောကုန်၍ သေခြင်း၊ (၄) ဥပစ္ဆေဒက အသက် ကံ နှစ်ပါး မကုန်သေးသော်လည်း

www.dhammaransi.com

ကပ်၍ဖြတ်သော ကံကြောင့် သေခြင်းဟု လေးမျိုးထုတ်ပြထားပါသည်။ အသက်တမ်းသည် ဆီမီးခွက်၌ ထည့်ထားသော မီးစာနှင့်တူ၍ ကံသည် ဆီနှင့်တူကြောင်း၊ အသက်ရာတမ်းတွင် ၈၀ ကျော်၊ ၁၀၀ ကျော်အတွင်း သေလျှင် မီးစာကုန်သည်နှင့် တူ၍ ကံကလည်း ထိုမျှလောက် နေရမည် ဖြစ်လျှင် ဆီခန်းသည်နှင့်တူ၍ မီးစာကုန် ဆီခန်းဟု ဆိုကြရသည်။ အသက်တမ်းရော၊ ကံပါ မကုန်သေးသော်လည်း အသတ်ခံရခြင်း စသည့် ဥပစ္ဆေဒကဖြင့် သေရလျှင် မီးစာ၊ ဆီမကုန်ခန်းသေးသော်လည်း လေကြမ်း တိုက်၍ သေရခြင်းမျိုးနှင့်တူကြောင်း ဥပမာပေးကြပါသည်။

*

## ရဟန်းဆောင်းထီး

**မေး။** ။ ဆရာတော်ဘုရား၊

အချို့သော ရဟန်းတော်များသည် ရဟန်းဆောင်းထီးများ ခိုင်ခံ့မှု မရှိဟုဆိုကာ ခေတ်ပေါ်နိုင်ငံခြား (လူသုံး)ထီးများ ဆောင်းနေကြပါသည်။ ဝိနည်းတော်အရ အပြစ်ရှိပါသလား ဘုရား။

အောင်အောင် (ရပ်စောက်)

**ဖြေ။** ။ ထီးနှင့် ပတ်သက်၍ "န ဘိက္ခဝေ ဆတ္တံ ဓာရေတဗ္ဗံ၊ ယော ဓာရေ- ယျ အာပတ္တိ ဒုက္ကဋဿ"ဟု ဝိနည်းပါဠိတော် (ဝိ၊ ၄၊ ၂၆၇)တွင် ထီးဆောင်းလျှင်ပင် အာပတ်သင့်ကြောင်း ပညတ်ထားပါသည်။ ခြွင်းချက် အနေဖြင့် ဂိလာန၊ မျက်စိရောဂါ စသည်တို့ဖြစ်မှု ဆောင်းခွင့်ပြုထားပါ သည်။ သို့သော် ထီးမှာ "တာလပဏ္ဏစ္ဆတ္တံ"စသည်ဖြင့် ထန်းရွက်၊ ပေရွက် ထီး၊ အပ်ကြိုးတစ်ရောင်မျှသာ ချုပ်ရမည်။ အပ်ကြိုးကို အနီ၊ အဝါ စသည် ရောင်စုံမချုပ်ရ၊ ထီးရိုး ဝါးလုပ်ရမည်။ သစ်သားပွတ်လုံး မအပ် စသည့် ပညတ်ချက်များ ပါသည်။ (ဝိနယသင်္ဂဟ ၄)။ ထိုသို့ဖြစ်၍ ယခုခေတ် ရဟန်းဆောင်း ထီးများပင် ဝိနည်းတော်အရ အာပတ်သင့်နေ

သည့် အခြေအနေသို့ ရောက်နေရာ ခေတ်ပေါ် လူသုံးထီးများ၊ နိုင်ငံခြား ထီးများဆိုက ဝိနည်းတော်အရ လုံးဝ မသုံးဆောင်သင့်သော အနေအထား တွင် ရှိနေပါသည်။

*

## ပါရမီ ၁၀ ပါးနှင့် ဇာတ်ကြီး ၁၀ ဖွဲ့

**မေး**။ ။အရှင်ဘုရား၊

ဇာတ်တော်ကြီး ၁၀ ဖွဲ့အား အကြောင်းပြု၍ ပါရမီ ၁၀ ပါးရှိကြောင်း သိရပါသော်လည်း မဟောသဓာဇာတ်၊ မဟာဇနကဇာတ်၊ ဝေဿန္တရာဇာတ်တို့သည် ပညာပါရမီ၊ ဝီရိယပါရမီနှင့် ဒါနပါရမီတို့ကို ဖြည့်ကျင့်ကြောင်းမှလွဲ၍ ကျန်ဇာတ်တော်များနှင့် ပါရမီများကို အံဝင်ခွင်ကျ တွဲမိအောင် မသိရှိပါသဖြင့် ဖြေကြားပေးတော်မူပါရန် လျှောက်ထား အပ်ပါသည်။

ခင်မာသီ၊ ပုသိမ်မြို့။

**ဖြေ**။ ။ဇာတ်တော်ကြီး ၁၀ ဖွဲ့နှင့် ပါရမီ ၁၀ ပါးမှာ ၁၀ ပါးချင်း တိုက်ဆိုင် တူညီနေခြင်းသာ ဖြစ်သည်။ ဇာတ်တော်ကြီး ၁၀ ဖွဲ့နှင့် ပါရမီ ၁၀ ပါးမှာ သက်ဆိုင်မှု မရှိပါ။ ဇာတ်အဋ္ဌကထာကိုကြည့်၍ ဟောတော်မူခြင်းအကြောင်းကို လေ့လာလျှင် တေမိယဇာတ်မှာ မဟာဘိနိက္ခမ တောထွက်တော်မူခြင်းကို အကြောင်းပြုပါသည်။ ထို့အတူ မဟာဇနက ဇာတ်မှာလည်း မဟာဘိနိက္ခမ တောထွက်တော်မူခြင်းကိုပင် အကြောင်းပြုပါသည်။ သုဝဏ္ဏသာမဇာတ်မှာ မာတုပေါသက ဘိက္ခု အမိ(မိဘ) လုပ်ကျွေးသော ရဟန်းကို အကြောင်းပြု၍ ဘုရားလောင်းဘဝက မိဘ လုပ်ကျွေးပုံကို ဟောပါသည်။ နေမိဇာတ်မှာ မိတ္ထိလာပြည် ဥယျာဉ်တော်၌ ပြုံးတော်မူသည်ကို အရှင်အာနန္ဒာ မေးလျှောက်၍ ဟောပါသည်။ မဟောသဓာဇာတ်မှာ ပညာပါရမီအကြောင်းပြု၍ ဘူရိဒတ်ဇာတ်မှာ ဥပုသ်နေ့၌ ဥပုသ်စောင့်

သူများကို အကြောင်းပြုပါသည်။ သီလပါရမီဆိုလျှင်လည်း ဖြစ်ပါသည်။ စန္ဒကုမာရဇာတ်မှာ မြတ်စွာဘုရားအား သတ်ရန်ကြံသော ဒေဝဒတ်ကို အကြောင်းပြုပါသည်။ နာရဒဇာတ်မှာ ဥရုဝေဠကဿပ ရသေ့ညီနောင်တို့အား ဆုံးမခြင်းနှင့်စပ်၍ ဟောတော်မူ၍ ဝိဓူရဇာတ်မှာ ပညာပါရမီနှင့် ဝေဿန္တရာဇာတ်မှာ ပေါက္ခရဝဿမိုး ရွာစေခြင်းနှင့်စပ်၍ ဟောတော်မူပါသည်။ ပါရမီ ၁၀ ပါးနှင့်စပ်၍ ၅၅၀ တွင် အကြောင်းအားလျော် ဟောတော်မူချက်များ ရှိပါသည်။

*

## လူပုဂ္ဂိုလ်နှင့် ရဟန္တာဘဝ

**မေး**။ ။ ဆရာတော်ဘုရား၊

လူပုဂ္ဂိုလ်သည် ရဟန္တာဖြစ်သည်ရှိသော် လူ့ဘဝနှင့် ၁ ရက်သာ နေရသည်။ ၇ ရက်သာ နေရသည်။ ထို့နောက် ပရိနိဗ္ဗာန်စံရသည်ဟု ကြားဖူးပါသည်။ ၎င်း ၂ မျိုးအနက် မည်သည်က မှန်ပါသနည်းဘုရား။ ကျမ်းနှင့်ညှိ၍ ဖြေဆိုပေးသနားတော်မူပါသည် ဘုရား။

သောတဇနေ၊ သုဝဏ္ဏမြို့။

**ဖြေ**။ ။ လူ့အသွင်ဖြင့် ရဟန္တာဖြစ်ခဲ့သော် လူ၏အဝတ်မှာ ယုတ်ညံ့သောကြောင့် ၎င်းလူ့အဝတ်ဖြင့် မတည်နိုင်ကြောင်း နေ့ချင်း ရဟန်းပြုလျှင်ပြု၊ မပြုလျှင် ပရိနိဗ္ဗာန်စံရကြောင်း "တံ ဒိဝသမေဝ ပဗ္ဗဇတိ ဝါ ပရိနိဗ္ဗာယိ ဝါ" စသည်ဖြင့် မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊ တေဝိဇ္ဇဝစ္ဆသုတ်အဖွင့် (မ-ဋ္ဌ ၃၊ ၁၃၆)၌ ဖွင့်ဆိုပါသည်။ လူ့အသွင်က နိမ့်ကျ၍ အရဟတ္တဖိုလ်၏ဂုဏ်ကို မဆောင်နိုင်ကြောင်း၊ ထို့ကြောင့် နေ့ချင်းပင် ပရိနိဗ္ဗာန်စံရကြောင်း၊ ရဟန်းအသွင်၊ ရဟန်းအဖြစ်သည်သာ အရဟတ္တဖိုလ်၏ဂုဏ်နှင့် လျော်ကြောင်း အကျယ်ဆိုထားပါသည်။ ၇ ရက် မဟုတ်၊ နေ့ချင်း (သို့မဟုတ်) တစ်ရက်အတွင်း ဖြစ်ပါသည်။

*



www.dhammaransi.com

# ပုတီးစိပ်

**မေး**။ ။ဆရာတော်ဘုရား၊

ဗုဒ္ဓဘာသာဝင် အများစုတို့သည် ဘုရားရှိခိုးတိုင်း ပုတီးစိပ်ကြပါသည်။ ထိုပုတီးစိပ်ခြင်း အလေ့အလာသည် အဘယ်ခေတ်လောက်ကစ၍ ပေါ်ပေါက်လာသည်။ မည်သည့်ပုဂ္ဂိုလ်တို့က စတင်ကိုင်ဆောင်အသုံးပြုခဲ့သည်ကို သိလိုမှတ်သားလိုပါသည်။ တပည့်တော်မကို သနားသောအားဖြင့် ဖြေကြားပေးပါရန် လျှောက်ထားပါသည် ဘုရား။

မသီတာနွယ်ဦး၊ သံဖြူဇရပ်မြို့။

**ဖြေ**။ ။ ပုတီးစိပ်ခြင်း အလေ့အလာသည် ဗြာဟ္မဏဘာသာ မန္တန်စိပ်ခြင်းတို့မှ စတင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ထို့နောက် မြောက်ပိုင်း ဗုဒ္ဓဘာသာဝင်တို့ အတုယူ၍ စိပ်ကြသည် ဆိုပါသည်။ ထို့နောက်မှ ထေရဝါဒ ဗုဒ္ဓဘာသာတို့ကလည်း ဗုဒ္ဓဂုဏ်တော် ပွားများရာတွင် ကိုးခေါက်၊ တစ်ရာ့ရှစ်ခေါက် စသည့် ရေတွက်မှတ်သားနိုင်ရန် အတုယူ၍ ပုတီးစိပ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ရှေးသရေခေတ္တရာခေတ်မှစ၍ ပုတီးစိပ်ခြင်း ရှိခဲ့ကြောင်း အထောက်အထား ရှိပါသည်။ အာနာပါနဘာဝနာပွားများရာ၌ ဂဏနာနည်း အခေါက်ခေါက် အခါခါ ပွားများသကဲ့သို့ ဘုရားဂုဏ်တော်ကို အနုလုံ၊ ပဋိလုံ ပွားများရာ၌ ဂုဏ်တော်အစဉ်မှန်ကန်ရန် လိုအပ်၍ လက်ချိုးမှတ်သားသလို ကိုးခေါက်၊ လေးဆယ့်ငါးခေါက် စသည် အဓိဋ္ဌာန်၍ ပွားများနိုင်ရန် လိုအပ်သည့်အားလျော်စွာ ပုတီးကို အသုံးပြုခဲ့ခြင်းဖြစ်သဖြင့် ရှေးရှေးဗုဒ္ဓဘာသာဝင်တို့ ပုတီးစိပ်ခြင်းကို လက်ခံခဲ့ဟန်တူပါသည်။ ပုတီးစိပ်ခြင်းဖြင့် အပြစ်မရှိ၊ အကျိုးသာရှိသဖြင့် အဓိပတိ ဆရာတော်ကြီးများပင် မပစ်ပယ်ခဲ့၍ ယခုအထိ အသုံးပြု၍ နေခဲ့ပါသည်။

*

www.dhammaransi.com

## ကက်ဆက်ခွေ ပရိတ်တော်သံ

**မေး**။ ။အရှင်ဘုရား၊

နေအိမ်များတွင် ကက်ဆက်ခွေဖြင့် ပရိတ်တရားတော်များ ဖွင့်၍ နားထောင်လျှင် အိမ်စောင့်နတ်မှအစ အခြားရှိနိုင်သော မကောင်းဆိုဝါး သတ္တဝါများအပေါ်တွင် အကျိုးသက်ရောက်မှု ရှိ မရှိ သံဃာတော်များ ကိုယ်တိုင် ရွတ်ဖတ်သလောက် အစွမ်းထက်မထက် သိလိုပါသည် ဘုရား။

မောင်ဟိန်းဆက်၊ မော်လမြိုင်မြို့။

**ဖြေ**။ ။ ပရိတ်တော် တရားတော်တို့ကို မည်သည့်နည်းနှင့် ဖြစ်စေ နာကြားနိုင်ခြင်းသည် ကောင်းမွန်၍ အန္တရာယ်ခပ်သိမ်း ပြီးငြိမ်းစေနိုင်ခြင်း အကျိုးရှိပါသည်။ ကိုယ်တိုင် ပရိတ်တရားတော်ကို မနာယူနိုင်၍ သားငယ်အား သံဃာတော်များအထံသို့ စေလွှတ်လျက် ပရိတ်တော်ကို နာယူမှတ်သားစေပြီး တစ်ဖန် ပြန်လည်ရွတ်ဖတ်စေကာ ကြားနာခြင်းသည်ပင် အန္တရာယ်ကင်းကြောင်း ထုံးရှိပါသည်။ သို့သော် ပရိတ်ရွတ်သူက "သဒ္ဓါအနက်၊ မှန်လျက်ရှိစေ၊ ကျေအောင်လေ့လာ၊ မေတ္တာရှေ့ထား၊ ရွတ်သူအား၊ ကျိုးများ ပရိတ်မြတ်"ဟူသော အင်္ဂါ ၃ ပါး ရှိသလို နာသူကလည်း "ကြည်ညိုလေးစား၊ ယုံမှားကင်းကွာ၊ စွဲမြဲစွာ၊ မှတ်နာအင်္ဂါရပ်"ဟူသော အင်္ဂါ ၃ ပါးနှင့် ပြည့်စုံဖို့ လိုအပ်လှပါသည်။ ကက်ဆက်ခွေမှ ပရိတ်တော်ကို ဤသို့သံဃာတော်များ ရွတ်ဆိုနေသည်ဟု သဘောထားကာ လေးလေးစားစား နာကြားကြလျှင် အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။

*

## မဟောသဓာ ဇာတ်ပေါင်း

**မေး**။ ။ဆရာတော်ဘုရား၊

မြတ်စွာဘုရားသည် ဘဝအဆက်ဆက်တွင် ပါရမီဖြည့်ဖက်များနှင့်အတူ ဖြတ်ကျော်လာခဲ့ပါသည်။ သို့ဖြစ်၍ မဟောသဓ သုခမိန်ဘဝ

တွင် ရောက်ရှိနေစဉ် ကေဝဋ္ဋပုဏ္ဏား၊ သိန်း၊ ဒေဝိန်၊ ကာမိန်း၊ ပဏ္ဏသည် အမတ်တို့နှင့် ဝိဒေဟရာဇ်မင်းကြီး စသည်တို့သည် မြတ်စွာဘုရား လက်ထက်တွင် မည်သူများ ဖြစ်နေကြကြောင်း ဖြေကြားတော်မူပါရန် တောင်းပန်လျှောက်ထားအပ်ပါသည် ဘုရား။

မောင်ဇင်နောင်ထွန်း (ဒိုက်ဦး)

**ဖြေ။** ။ မဟောသဓဇာတ်ခေါ် မဟာဥမင်ဇာတ်တွင် ဇာတ်ပေါင်းဂါထာဖြင့် ပြဆိုထားရာ အကျဉ်းအားဖြင့် ထိုစဉ်က ကေဝဋ္ဋပုဏ္ဏားသည် ယခုအခါ ဒေဝဒတ် ဖြစ်လာသည်။ ထို့အတူ သိန်းအမတ်သည် ကဿပ၊ ဒေဝိန်းသည် ပိလောတိက (ရဟန်း)၊ ကာမိန်းသည် အမ္ဗဋ္ဌ (လုလင်)၊ ပဏ္ဏသည်သည် ပေါဋ္ဌပါဒ၊ ဝိဒေဟရာဇ်မင်းကြီးသည် ကာဠုဒါယီဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့အတူ ထိုဇာတ်၌ပါသော ဘေရီပရိဗိုဇ်မသည် ဥပ္ပလဝဏ္ဏာထေရီ၊ အဖ သူဌေးကြီးသည် သုဒ္ဓေါဒနမင်းကြီး၊ မယ်တော်သည် မယ်တော်မာယာ၊ အမရာဒေဝီသည် ယသောဓရာ၊ ကျေးသားသည် အာနန္ဒာ၊ သာလိကာမသည် မလ္လိကာမိဖုရား၊ စူဠနီဗြဟ္မဒတ်မင်းသည် သာရိပုတ္တရာ၊ စူဠနီ ဗြဟ္မဒတ်မင်း၏ မယ်တော် စလာကဒေဝီသည် ထုလ္လနန္ဒာ၊ ဥဒုမ္ဗရဒေဝီသည် မင်္ဂလိကာဖြစ်၍ မဟောသဓသည် ဘုရား ဖြစ်လာကြောင်း ဆိုထားပေသည်။

*

## ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ ဖြစ်ပါသလား

**မေး။** ။ အရှင်သူမြတ်ဘုရား၊

တပည့်တော်မသည် ဘုရားဆွမ်းတော်ကပ်ရန် ခူးခပ်နေစဉ် နေ့စဉ် လောင်းလှူနေကျ သံဃာတော်အရှင်မြတ် အိမ်ရှေ့တွင် ဆွမ်းခံရပ်တန့်လာသဖြင့် ဘုရားဆွမ်းတော်ကပ်ရန် ခူးခပ်နေသောဆွမ်းကို သံဃာတော်အား လောင်းလှူလိုက်ပါသည်။ မြတ်စွာဘုရားအတွက် ရည်ရွယ်ခူးခပ်နေသော

ဆွမ်းကို မြတ်စွာဘုရား၏ တပည့်သား သံဃာတော်အား အလျင်စလို လောင်းလှူလိုက်မိ၍ ဒါနကုသိုလ်မရဘဲ အပြစ်ရ၊ ငရဲကျနိုင်ပါသလား အရှင်ဘုရား။

မခင်အုန်းမြင့်၊ ဗိုလ်တထောင်မြို့နယ်။

**ဖြေ။** ။ ဗုဒ္ဓဘာသာဝင်တိုင်းပင် မိမိ၏စားဦးစားဖျားများကို ရတနာသုံးပါးအား လှူဒါန်းလေ့ရှိပါသည်။ ဤသို့ လှူဒါန်းရာ၌ ကြွရောက်လာသော သံဃာတော်အရှင်သည် ရတနာသုံးပါး၏ ကိုယ်စားပင်ဖြစ်သည်ဟု စိတ်က ခံယူ၍ ဘုရား၊ တရား၊ သံဃာ သုံးပါးအားလုံးအတွက် သံဃာတော်အရှင်၏ သပိတ်ထဲသို့ လောင်းလှူသည်ဟု သဘောထားမိရန် လိုအပ်ပါသည်။ မိမိအိမ်သို့ ကြွနေကျ ဦးတိဿအား လောင်းလှူသည်ဟု သဘောထားလျှင် ဦးတိဿ ပုဂ္ဂလိက ဖြစ်၍ သံဃာတော်အား လောင်းလှူသလောက် အကျိုးမရပါ။ သံဃာတော်အားလှူလျှင် သံဃာတော်ဟူသော အမည်အသိုင်းအဝိုင်း၌ မြတ်စွာဘုရားပါ ပါပါသည်။ သံဃာတော်တို့ လေ့ကျက်အားထုတ်နေသော တရားတော်လည်း ပါပါသည်။ ထို့ကြောင့် သံဃာတော်အား လှူဒါန်းခြင်းသည် ဘုရား တရား သံဃာ ရတနာသုံးပါးအား လှူဒါန်းခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့်လည်း သံဃာတော်များသည် ခံယူရရှိလာသော ဆွမ်းများကို ဘုရားအား ရှေးဦးစွာ လှူဒါန်းတင်ကပ်ပြီးမှ ဘုဉ်းပေးသုံးဆောင်ကြသဖြင့် ဘုရားအားလှူသည်လည်း မည်ပါသည်။ ထိုကဲ့သို့ သဘောထား၍ ဆွမ်းခံသံဃာတော်အား လှူဒါန်းခြင်းမှာ မွန်မြတ်သော ဒါနကုသိုလ်အမြဲဖြစ်၍ အစဉ် ကုသိုလ်တရားများသာ ပွားများ၍ နေပါသည်။

*

## ကိုယ်စောင့်နတ်

**မေး။** ။ ဆရာတော်ဘုရား၊

ရေစက်ချ အမျှဝေရာ၌ 'ကိုယ်မှာစောင့်ကြပ် ကိုယ်စောင့်နတ်'ဟု ပါရှိပါသည်။ ၎င်းကိုယ်စောင့်နတ် အမှန်တကယ် ရှိပါသလား ဘုရား။

www.dhammaransi.com

ရှိလျှင် မည်သည့်ဘုံ၌ နေပါသလဲ ဘုရား။ အမျှဝေက ရကြပါသလား ဘုရား။ လူပုဂ္ဂိုလ်များနှင့် မည်သို့ သက်ဆိုင်ပါသလဲဘုရား။ သုခဒုက္ခ အဖုံဖုံကို ပေးစွမ်းနိုင်ကြပါသလား ဘုရား။

မောင်ဖိုးဇော်၊ ကျိုက္ကော်။

**ဖြေ**။ ။ အာရက္ခဒေဝတာ ကိုယ်မှာစောင့်ကြပ် ကိုယ်စောင့်နတ်ဟုဆိုသော နတ်များရှိကြောင်း စာလာ ပေလာရှိသော်လည်း နတ်ဒေဝတာ အမျိုးမျိုးတွင် ကိုယ်စောင့်နတ်ဟု တသီးတခြား ဘုံအနေအားဖြင့် ထင်ထင်ရှားရှား ရှိသည် မဟုတ်။ လူသူတော်ကောင်းများအား နတ်ကောင်းနတ်မြတ်များက ကြည့်ရှုစောင့်ရှောက်ခြင်းသဘောမျိုးသာဖြစ်၍ ကိုယ်စောင့်နတ်ဆိုတာ ကိုယ်မှာ ကပ်မှီ၍ သွားရာလာရာ လိုက်ပါစောင့်ရှောက်နေခြင်းမျိုး မဟုတ်ပါ။ လူတိုင်းမှာလည်း ကိုယ်စောင့်နတ် မရှိ။ ဘုန်းကံကြီးမားသူများမှာသာ ရှိ၍ သူ့ဘုံဗိမာန်နှင့်သူနေသော ဘုမ္မဋ္ဌနတ်တစ်မျိုးတည်းသာ ဖြစ်ပါသည်။ သူတော်ကောင်းများက ကုသိုလ်ကောင်းမှုများကို မကြာခဏ ပြုလုပ်၍ ပြုလုပ်တိုင်း အမျှအတန်းဝေကာ နတ်ဒေဝတာ နတ်ဒေဝါများအား မေတ္တာပို့နေသူတို့အား နတ်များက ပြန်လည်စောင့်ရှောက်ခြင်းမျိုးဟု အမှတ်အသားပြု၍ ကိုယ်စောင့်နတ်များအား အမျှဝေခြင်း၊ မေတ္တာပို့ခြင်းများ ပြုလုပ်ရကြောင်း မှတ်သားသင့်ပါသည်။

*

## မိန်းမ မတက်ရ

**မေး**။ ။ အရှင်ဘုရား၊

တပည့်တော်သည် မွန်ပြည်နယ်၊ မြို့တစ်မြို့မှ တန်ခိုးကြီး ဘုရားတစ်ဆူအား သွားရောက်ဖူးမြော်ခဲ့ပါသည်။ မတ်စောက်သော တောင်ကို ခဲယဉ်းစွာ တက်ခဲ့ရ၍ တောင်ပေါ်ရောက်သောအခါ မောမောနှင့် ထိုင်လိုက်ပြီး အားရပါးရ ဖူးမြော်လိုက်ပါသည်။ ညီမဖြစ်သူက မိန်းမ မတက်ရ

www.dhammaransi.com

လို့ စာရေးထားတယ်ပြောမှ ကြည့်မိပြီး ဝမ်းနည်းရပါသည်။ တမင်္ဂလာ ထိုင်ခြင်းမဟုတ်ဘဲ မသိ၍ ထိုင်ခဲ့မိသော်လည်း အပြစ်ကျရောက်မည်ကို လွန်စွာ စိုးရိမ်မိပါသည်။ ထို့အတွက် တပည့်တော် အပြစ်ဖြစ်ပါသလား ဘုရား။ အမြန်ဆုံး ဖြေကြားပါရန် လျှောက်ထားပါသည် ဘုရား။

စံစံထား၊ မော်လမြိုင်မြို့။

**ဖြေ**။ ။ နိုင်ငံတိုင်းတွင် လူမျိုးဓလေ့အရ တားမြစ်ထားချက်များ ရှိကြပါသည်။ ဘာသာရေးဆိုင်ရာတို့တွင်လည်း တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို တားမြစ်ချက်၊ ပညတ်ချက်များ ရှိတတ်ကြပါသည်။ မြန်မာနိုင်ငံတွင်လည်း ထို့အတူ ရှိကြရာ သိမ်အတွင်း၊ ဘုရားခန်းဆောင်အတွင်း၊ ဘုရားဝတ်ကျောင်း၊ ပရိဝုဏ်အပေါ် စသည် မိန်းမ မဝင်ရ၊ မတက်ရဟူသော တားမြစ်ချက်များကို တွေ့ရတတ်ပါသည်။ အထူးအားဖြင့် မွန်ပြည်နယ်တွင် ထိုအလေ့အထများကို နေရာများစွာ၌ တွေ့ရလေ့ ရှိပါသည်။ လူမျိုးဓလေ့အယူအဆမျိုးသာဖြစ်ရာ ဘာသာရေးပညတ်ချက်များ မဟုတ်ပါ။ ထိုမဝင်ရဆိုသော သိမ်ကျောင်း တန်ဆောင်းများအတွင်းသို့ မိန်းမများ ဝင်ရောက်၍ ပန်း၊ ဆီမီး၊ ရေကပ်လှူခြင်း၊ ဘုရားရှိခိုး၊ တရားထိုင်ခြင်း စသည်တို့အတွက် ဘာသာရေး တားမြစ်ချက်မရှိ၍ အပြစ်ဖြစ်သည်ဟုကား မဆိုနိုင်ပါ။ ဆိုစရာလည်း အကြောင်းမရှိပါ။ သို့သော် ရပ်ရွာဓလေ့၊ လူမျိုးအယူအဆပိုင်းဆိုင်ရာ တားမြစ်ချက်များဖြစ်၍ လိုက်နာ ရှောင်ကြဉ်ခြင်းဖြင့် အပန်းမကြီး၊ အများနှင့် မဆန့်ကျင်သဖြင့် ယောနိသော မနသိကာရ ထား၍ အကြောင်းအားလျော်စွာ လိုက်နာသင့်သည်ဟုသာ အဖြေပေးလိုပါသည်။

*

## လိပ်ပြာ

**မေး**။ ။ ဆရာတော်ဘုရား၊

ဓမ္မစာစောင်များတွင် ပါရှိသော ဆောင်းပါးများ၌ ဖတ်ရသော အသက်လိပ်ပြာများအကြောင်းမှာ အချို့ လူမမာများ ၂ ရက်၊ ၃ ရက်

www.dhammaransi.com

မေ့မြောနေပြီး လိပ်ပြာကလေးက နတ်ပြည်ရောက်လိုက်၊ ငရဲရောက်လိုက်နှင့် နောက်ဆုံး လူ့ကိုယ်ထဲပြန်ဝင်ပြီး မသေဘဲ ထလာသည်ဆိုသည်မှာ ဗုဒ္ဓဘာသာ အဘိဓမ္မာသဘောအရ မှန်ပါသလား ဘုရား။

မောင်ဘုန်းဝေ၊ သမ္မာရိုး (ဝက်လက်)။

**ဖြေ။** ။ ဗုဒ္ဓအဘိဓမ္မာတွင် အသက်လိပ်ပြာဟူ၍ မရှိ။ သေခါနီး သို့မဟုတ် သေလုမြောပါး ရောဂါဝေဒနာခံစား၍ နေရသူ၌ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်များ ထင်မြင်လေ့ရှိပါသည်။ ဂတိနိမိတ်မှာ ရောက်ရှိမည့် ဘုံဘဝကို မြင်ခြင်းဖြစ်၍ ရံခါ ငရဲနိမိတ်ထင်ရာမှ ကုသိုလ်ပြုလုပ်မှုကို သတိရ၍ ဒေဝနိမိတ် ပြန်လည်ထင်သဖြင့် ငရဲကိုမြင်လိုက်၊ နတ်ပြည်လောကကို မြင်လိုက်နှင့် ပြောင်းလဲဖြစ်ပေါ်နေခြင်းမျိုး ဖြစ်ဟန်တူပါသည်။ သောဏထေရ်(ရဟန္တာအရှင်)၏ ခမည်းတော် မုဆိုးကြီးသည် ရဟန်းဝတ်၍ သားမထေရ်ထံနေစဉ် ရောဂါရ၍ ငရဲနိမိတ် (ခွေးကြီးများ ကိုက်ခဲနေဟန်)ထင်၍ အော်ဟစ်နေရာ သား မထေရ်က ဘုရားရှေ့တွင် ပန်းများလှူ၍ ကုသိုလ်ပြုစေသဖြင့် ငရဲနိမိတ်ပျောက်၍ နတ်ပြည်၊ နတ်သမီးများ ထင်လာကြောင်း စာဆိုရှိပါသည်။ ထို့ကြောင့် လိပ်ပြာဟု လူများပြောနေသော စကားမှာ စာပေအရ ဂတိနိမိတ်ထင်ခြင်းသာ ဖြစ်နိုင်ကြောင်း၊ နိမိတ်ထင်ပြီးမှ မသေဘဲ ကျန်းမာလာသူများလည်း ရှိကြောင်း၊ အချို့ သေပြီးတစ်ဖြစ်လဲ လူဝင်စားဖြစ်၍ သေပြီး လိပ်ပြာက ပျံဝဲ နေရာရှာနေပုံကို ပြန်ပြောသဖြင့် လိပ်ပြာအယူအဆ ပြန့်ပွားနေခြင်းသာဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

*

## ဆရာမနှင့် တပည့်ကိုရင်

**မေး။** ။ ဆရာတော်ဘုရား၊

တပည့်တော်မသည် ကျောင်းဆရာမတစ်ဦးဖြစ်၍ တပည့်တော်မ သင်ကြားသည့် အတန်းတွင် ကိုရင်ဝတ်တပည့်များ ရှိပါသည်။ တစ်ခါ

တစ်ရံ ကိုရင်ဝတ်တပည့်များကို ဆိုမိ၊ ရိုက်မိ၊ ပြစ်မှားမိပါသည်။ သို့ဖြစ်၍ တပည့်တော်မမှာ အပြစ်ကြီးပါသလား အရှင်ဘုရား။

လှလှမြင့် (ဆရာမ)၊ သနပ်ကုန်း။

**ဖြေ**။ ။ ဤခေတ်၌ ဘုန်းတော်ကြီးကျောင်းနှင့်တွဲနေ နီးကပ်နေသော မူလတန်းကျောင်းများ၌ ကိုရင်ငယ်များလည်း ၃ တန်း၊ ၄ တန်း စသည် တက်ရောက်သင်ကြားကြသည်များ ရှိသည်။ ဘုန်းတော်ကြီးသင်မူလတန်းကျောင်းများမှာလည်း ဆရာ၊ ဆရာမများ ဝင်ရောက် သင်ကြားကြသည်။ ထို့ကြောင့် ကိုရင်ငယ်တပည့်များနှင့် ဆရာ၊ ဆရာမတို့ မကင်းလွတ်နိုင်ကြသဖြင့် အထက်ဖော်ပြပါ ပြဿနာမျိုးများ ပေါ်ထွက်ခဲ့ရပါသည်။ ထို့ကြောင့် ဆရာ၊ ဆရာမတို့သည် တပည့်ကိုရင်များအပေါ်၌ ပြစ်မှားစိတ်မထားဘဲ တတ်စေလို၊ သိစေလိုသော သဘောဖြင့် သာယာဖျောင်းဖျစွာ သင်ကြားလျက် ကုသိုလ်စိတ် ပွားများကြစေလိုသည်။ ကိုရင်ငယ်ကလေးများမှာ ကျောင်းသားမှ ဖြစ်လာသဖြင့် ကျောင်းသားစိတ်၊ ကလေးစိတ် မပျောက်၍ မလောက်လေး မလောက်လားသဘောမထားဘဲ လေးလေးစားစား ဖြေကြားသင်ပြရန် သတိပြုအပ်ပါသည်။ အပြစ်ကြီးပါသလားဆိုရာ၌ ရိုသေလေးစားစိတ် အစဉ်ထား၍ သတိတရား မလွတ်စေလိုပါ။ သာမဏေသည်လည်း သံဃာတော်စာရင်း၌ ဝင်သဖြင့် "မြွေပွေးကလေးဖြစ်သော်လည်း အဆိပ်ရှိသည်"ဟု သဘောထားကာ လေးစားရိုသေမှု အစဉ်ရှိလျှင် "အပြစ်ကြီးဖွယ် မရှိပါ"ဟု ဖြေကြားလိုပါသည်။

*

## ကန်ကို ဆေးကြောခြင်း

**မေး**။ ။ ဆရာတော်ဘုရား၊

တပည့်တော်မတို့ အိမ်အနီးတွင် အများသုံးရေကန်တစ်ခု ရှိပါသည်။ ထိုကန် (အုတ်ကန်)မှ ပိုက်သွယ်ပြီး ရေကိုခံ၍ ချိုးကြ၊ အဝတ်ဖွပ်

www.dhammaransi.com

ကြပါသည်။ ဤကန်မှ ရေကိုပင် သုံးရေ ခပ်ကြပါသည်။ ရေနည်း၍ ကန်ညစ်ပတ်တိုင်း သန့်ရှင်းအောင် တပည့်တော်မ ကန်ကျင်းလေ့ ရှိပါသည်။ ကန်ထဲ၌ ရေအနည်းငယ်မျှ ကျန်လျှင် ရေမှော်များကို ပြောင်စင်ရန် ကန်အတွင်းသို့ ဆင်း၍ တိုက်ချွတ်ဆေးကြောပါသည်။ တစ်နေ့တွင် ဤကဲ့သို့ပြုလုပ်နေသည်ကို သုံးစွဲနေသူတစ်ဦးက "ယောကျ်ားတွေ ရေချိုး၊ သုံးရေ၊ သောက်ရေ ရေခပ်သည့်ကန်ကို မိန်းမ ဆင်းကျင်းလို့ ယောကျ်ားတွေ ဘုန်းနိမ့်ကုန်ပြီ၊ ကုသိုလ်လိုချင်လို့ လုပ်ပေမဲ့ မရဘူး။ အဝီစိတောင် ချိုးကပ်ဦးမယ်"ဟု ပြောပါသည်။ တပည့်တော်မ ဆက်ပြီး လုပ်သင့်၊ မလုပ်သင့် ဖြေကြားတော်မူပါ ဆရာတော်ဘုရား။

ခင်ထွေးရီ၊ ရွှေတောင်။

**ဖြေ**။ ။ အလုပ်တစ်ခုလုပ်ရာ၌ ထားရှိသော စေတနာကောင်း၊ မကောင်းက အရေးကြီးပါသည်။ ဘုရားစေတီပေါ်သို့ မိန်းမတစ်ဦးအနေအားဖြင့် မတက်ရောက်သင့်သော်လည်း ဘုရားစေတီ၌ ပေါက်ရောက်ငြိစွဲနေသော သစ်ပင်မှော်ပင်များကို စင်ကြယ်သပ္ပာယ်အောင် တက်ရောက်သုတ်သင်ခြင်းကို လုပ်သင့်ပါသည်။ ဘဒ္ဒကာပိလာနီ အလောင်း အမျိုးသမီးသည် မိမိလက်ဝတ်လက်စားတို့ကို ရွှေပြားပြုလုပ်၍ ကဿပမြတ်စွာဘုရား ဓာတုစေတီတော်တွင် ကိုယ်တိုင်တက်ရောက် ကပ်လှူခဲ့သဖြင့် ဘဒ္ဒကာပိလာနီဘဝတွင် ရွှေရောင်ဝင်း၍ အဆင်းလှခဲ့ပါသည်။ ညစ်ပတ်နေသော ရေကန်ကို ဆင်းသက်၍ သန့်ရှင်းအောင် တိုက်ချွတ်ဆေးကြောခြင်းမှာ ကျား၊ မ မရွေး လုပ်သင့်သော ပြည်သူ့နီတိ ကျင့်စဉ်ဖြစ်၍ စေတနာရှင်တိုင်း မဖြစ်မနေ လုပ်သင့်သည်သာ ဖြစ်ပါသည်။ ဘုန်းနိမ့်သည်ဆိုခြင်းမှာ ကုသိုလ်နည်းပါးသူ တွေ့ကြုံရမည်ဖြစ်ရာ ဘုန်းမနိမ့်လိုသူတိုင်းလည်း ကုသိုလ်ပြုသင့်ပါသည်။ ထို့ကြောင့် ကန်ကျင်းခြင်း၊ သန့်ရှင်းအောင် တိုက်ချွတ်ဆေးကြောခြင်း၊ စေတနာကောင်းထား

၍ စင်ကြယ်စေခြင်းတို့ကြောင့် ကုသိုလ်ကောင်းမှု တိုးပွားနေသဖြင့် အဝိစိ စသော ငရဲဘေးတို့မှ ဝေးကွာခြင်းသာ ဖြစ်နိုင်သဖြင့် အစဉ်သဖြင့် လုပ်ဆောင်သင့်ကြောင်း ဖြေကြားလိုပါသည်။

*

## တောထွက် ငယ်ဖြူပြဿနာ

**မေး**။ ။ ဆရာတော်ဘုရား၊ သာသနာတော် (ရဟန်းများအား) ငယ်ဖြူ၊ တောထွက်၊ တောင်ပြန်ဟု အမျိုးမျိုး သတ်မှတ်ခေါ်ဝေါ်ကြရာ တောထွက်နှင့် ငယ်ဖြူ ဤရဟန်းနှစ်မျိုးတွင် မည်သည့်ရဟန်းက ပို၍ မြတ်ပါသလဲ ဘုရား၊ တပည့်တော်တို့ ဤကိစ္စနှင့် ပတ်သက်၍ အမြဲ ပြဿနာဖြစ်နေပါသဖြင့် ဆရာတော်အနေနှင့် ဆုံးဖြတ်ဖြေကြားပေးပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

အရှင်ဧယျ၊ ဟားခါးမြို့၊ ချင်းပြည်နယ်။

**ဖြေ**။ ။ မျက်မှောက် ကျင့်သုံးမှုအနေအားဖြင့် ငယ်ဖြူဟူ၍လည်းကောင်း၊ တောထွက်ဟူ၍လည်းကောင်း ပြောဖွယ်မရှိ။ ရဟန်းတော်များမှာ သိက္ခာဝါကြီးသော ပုဂ္ဂိုလ်ကသာ မြတ်၍ ရှိခိုးဦးချခံရသည်။ သိက္ခာဝါကြီးသည်နှင့်အမျှ ကျင့်သုံးမှုကာလ ကြာမြင့်သဖြင့် မြတ်သည်ဟု ဆိုနိုင်ပါသည်။ ဝေါဟာရကို ထည့်သွင်းတွက်ချက်ရန် မလိုပါ။ သို့သော် ရှေးဆရာတော်ကြီးတစ်ပါး ဆုံးဖြတ်ခဲ့သည့် ထုံးတစ်ခုကို ဖော်ပြပါမည်။ လောကတွင် ဗြဟ္မစရိယကို ကျင့်သုံးခဲ့သူ၊ မကျင့်သုံးခဲ့သူ နှစ်ဦးတွင် ကျင့်သုံးခဲ့သူက မြတ်သည်ဟု ဆုံးဖြတ်ခဲ့ဖူးကြောင်း ကြားသိဖူးပါသည်။ ထိုဆုံးဖြတ်ချက်အရဆိုလျှင် ငယ်ဖြူရဟန်းသည် ဗြဟ္မစရိယကို အစဉ်ကျင့်သုံးခဲ့သည်ဖြစ်၍ တောထွက် ရဟန်းထက် ငယ်ဖြူရဟန်းက မြတ်သည်ဟု ဆုံးဖြတ်ရန် ရှိပေသည်။

*

www.dhammaransi.com

## ပုဏ္ဏက နတ်ဘီလူး

**မေး**။ ။ဆရာတော်ဘုရား၊

ပုဏ္ဏက နတ်ဘီလူးသည် ဝေဿဝဏ်နတ်မင်းကြီးနှင့် တူတော်သည်ဟုဇာတ်တော်တွင် ဆိုပါသည်။(၁) မည်ကဲ့သို့ တူတော်စပ်ပါသနည်း။ (၂) ပုဏ္ဏကသည် အင်္ဂုလိမာလမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံသွားပြီးဖြစ်၍ ဆေးသမားများအလို ပုဏ္ဏက၊ ပေါရိသာဒ၊ စေးနဲဘီလူးတို့ ယခုရှိနိုင်၊ မရှိနိုင် ဖော်ပြပေးတော်မူစေလိုပါသည် ဘုရား။

ဦးညိုဝင်း၊ ကသာမြို့။

**ဖြေ**။ ။ ဝိဓုရဇာတ်တော်တွင် ပုဏ္ဏကသည် ဝေဿဝဏ်နတ်မင်းကြီး၏ ဘာဂိနေယျ တူတော်သူဟု ဆိုပါသည်။ ဘာဂိနေယျဟူသည် ဘဂိနိယာ အာပစ္စံ ဘာဂိနေယျောဟု အဘိဓာန်ဋီကာက ဖွင့်ဆိုပြသဖြင့် နှမ၏ သား၊ တူဟု မှတ်သားရပါသည်။ ပုဏ္ဏကတို့သည် ဤ မြတ်စွာဘုရား လက်ထက်၌ အင်္ဂုလိမာလ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံတော်မူကြပြီ ဖြစ်သဖြင့် ဤခေတ်ဆေးလောကရှိ ပုဏ္ဏက စသည်တို့မှာ ယခင် ပုဏ္ဏကတို့၏ အဆက်အနွယ် ပုဏ္ဏကများသာ ဖြစ်ဖွယ်ရှိပါသည်။

*

## သက္ကရာဇ်

**မေး**။ ။ဆရာတော်ဘုရား၊

တပည့်တော်တို့ မြန်မာနိုင်ငံတွင် သုံးနေသော မြန်မာသက္ကရာဇ်၊ ကောဇာသက္ကရာဇ်၊မဟာသက္ကရာဇ်နှင့် သာသနာသက္ကရာဇ်များအကြောင်းကို သိလိုပါသဖြင့် ဖြေကြားပေးတော်မူပါ အရှင်ဘုရား

ကျော်ကျော်ဦး၊ ပြည်မြို့။

**ဖြေ**။ ။ မဟာသက္ကရာဇ်ဟူသည်မှာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က သုံးသော သက္ကရာဇ်ဖြစ်ပါသည်။ ၎င်းမှာ မြတ်စွာဘုရား၏

ဘိုးတော် အဥ္ဇနမင်းကြီးက ဒိဗ္ဗစက္ခုအဘိညာဉ်ရ ဒေဝိလရသေ့နှင့် တိုင်ပင်၍ ရှေးရှေးသက္ကရာဇ် ၈၆၄၇ နှစ်မှ ၈၆၄၅ ကို ဖြို၍ ၂ ခု ကြွင်းထားခဲ့သော သက္ကရာဇ် ၆၈ တွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားကို ဖွားတော်မူ၍ ဘုရားဖြစ်ပြီးနောက် မဟာသက္ကရာဇ် ၁၄၈ နှစ်တွင် ပရိနိဗ္ဗာန်စံတော်မူသည်။ ယင်းမဟာသက္ကရာဇ်က မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ပထမသံဂါယနာတင်၍ သာသနာနှစ်အဖြစ်ပြုရန် မဟာသက္ကရာဇ်ကို ပယ်ဖျက်(ဖြို)၍ သာသနာနှစ် တစ်နှစ်မှစ၍ အသုံးပြုခဲ့သည်။ ၎င်းသာသနာနှစ် ၆၂၄ သို့ ရောက်သောအခါ မြန်မာနိုင်ငံ သရေခေတ္တရာပြည် သုမုန္ဒရီမင်းလက်ထက် ဒေါဒေါရသ ၆၂၂ ကို ဖြို ၂ ခု ကြွင်းထားခဲ့သည်။ ယင်းကို ကောဇာသက္ကရာဇ်ဟု ဆိုသည်။

ယင်းမှ တိုးပွားလာသောနှစ် ၅၆၂ သို့ရောက်သော အခါ ပုဂံပြည် ပုပ္ပားစောရဟန်းမင်းလက်ထက် ခန်းဆပဥ္စ(၅၆၀)ကို ဖြို၍ ၂ ခုကြွင်းထားလျက် သုံးစွဲခဲ့လေသည်။ ထိုခေတ် ၂ ခုမှ တိုးတက်လာသော ဤယနေ့ ၁၃၅၇ ခုနှစ်အထိ သက္ကရာဇ်မှာ ကျော်ကျော်ဦး သိလိုသော မြန်မာသက္ကရာဇ်ပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ နှစ်ကြိမ်ဖြို ၆၂၂ နှင့် ၅၆၀ ကို ပေါင်းကြည့်လျှင် ၁၁၈၂ ဖြစ်သည်။ ၎င်းနှင့် ယခုရောက်ဆဲ ၁၃၅၇ ကို ပေါင်းသော် ၂၅၃၉ ဖြစ်သည်။ သာသနာနှစ်ဖြစ်၏။ ထို့ကြောင့် တစ်တစ်ရှစ်နှစ်၊ သက္ကရာဇ်၊ ပေါင်းလစ်သာသနာ ဟူသော ဆောင်ပုဒ်ဖြင့် သာသနာတော်နှစ်ကို အလွယ်တကူ သိနိုင်ပေသည်။

*

## သကော်+မသကော်

**မေး။** ။ဆရာတော်ဘုရား၊

ဘာသာရေးပြဿနာဟူ၍ကား မဆိုနိုင်ပါ။ သို့သော်လည်း ပါဠိစာအသုံးအနှုန်း၊ ပါဠိဗုဒ္ဓစာပေဖြစ်၍ မေးလိုပါသည်။ သတင်းစာများတွင်

မသင်္ကာဖွယ် လူတစ်ယောက်ယောက်၊ မသင်္ကာဖွယ် တွေ့ရ၍ စသည် ရေးပါသည်။ တပည့်တော်မ သိသည်မှာ သင်္ကာ ပါဠိကပင် တွေးတော ယုံမှားဖွယ်ဖြစ်၍ မသင်္ကာဆိုလျှင် တွေးတောယုံမှားဖွယ် မရှိဟု ဆန့်ကျင်ဘက် အဓိပ္ပာယ် ထွက်ပါလိမ့်မည်။ ဖြေရှင်းပြတော်မူပါ ဘုရား။

အငယ်လေး ဒေါ်ခင်မြမြလွင် (မြန်မာစာ)
ရန်ကုန်တက္ကသိုလ်။

**ဖြေ**။ ။ သင်္ကာပါဠိကပင် ယုံမှားခြင်းအနက်ရှိသဖြင့် မသင်္ကာဟု သုံးစွဲရေးသားခြင်းမှာ အမှားပင်ဖြစ်ပါသည်။ ပို့ကဗျာတို့တွင် "နောင်မင်းမသိ၊ သင်္ကာရှိဟု၊ ဒိဋ္ဌိဝါဒ (ဘူပေါင်း ၅၁)၊ မရွံ့မရှာ၊ ခဲရာရာ၌၊ သင်္ကာလည်းကင်း (ဆု ၂၆)၊ သူ့မယားနှင့်၊ ဝိုးဝါးသင်္ကာ၊ ရှိဖူးပါလျက်၊ (အိမ်မှူ၊ ၂၊ ၁၃) ကထံကထိ၊ သင်္ကာရှိသည်၊ စွန်းညိညှိစော် (ပါရမီ၊ ၉၅) စသည် အများအပြား သင်္ကာဟု ယုံမှားခြင်း၌ မှန်ကန်စွာ သုံးနှုန်းကြပါသည်။ ထို့ကြောင့် သင်္ကာမကင်းဖွယ်၊ သင်္ကာရှိဖွယ်၊ ယုံမှားသင်္ကာရှိစရာ စသည် မှန်ကန်စွာ သုံးနှုန်းရန် လိုအပ်ပါသည်။ ရန်ကုန်တက္ကသိုလ်များ စာအုပ်ပြုစုထုတ်ဝေရေးကော်မတီက စာစဉ် ၃၁ ဖြင့် ထုတ်ဝေထားသည့် ဦးထွန်းမြတ်၏ ပါဠိသက်ဝေါဟာရ အဘိဓာန် (စာမျက်နှာ ၃၄၃)တွင် ဤအကြောင်းကို အကျယ်ဆွေးနွေးထားသည်ကို ဖတ်ရှုသင့်ပါသည်။

*

## ရန်သူမျိုးငါးပါး ကျမ်းစကား

**မေး**။ ။ ဆရာတော် အရှင်သူမြတ် ဘုရား၊

ဩကာသ အစချီကန်တော့ခန်းတွင် ပယ်ဆုအဖြစ် ရန်သူမျိုးငါးပါး ပါဝင်ပါသည်။ ယင်းပယ်ဆုခြောက်ပါးတွင် ရန်သူမျိုးငါးပါးမှ အပ အခြားပယ်ဆုများကို ပါဠိနှင့်တကွ အနက်ပါ ကျမ်းလာနှင့်တကွ

သိရပါသော်လည်း ရန်သူမျိုးငါးပါး၊ ပါဠိတွဲ၍ မသိရပါ။ ၎င်း ရန်သူမျိုးငါးပါးပါဠိတော်ကို ကျမ်းရင်းလာအတိုင်း သိလိုပါသည် ဘုရား။

အောင်သန်း၊ အောင်လံမြို့။

**ဖြေ**။ ။ ရန်သူမျိုးငါးပါးမှာ ရေ၊ မီး၊ မင်း၊ ခိုးသူနှင့် အမွေခံဆိုး စသော မချစ်မနှစ်သက်သူတို့ ဖြစ်ပါသည်။ ပါဠိတော်အနေဖြင့် ထေရာပဒါနပါဠိ "ရာဇဂ္ဂိစောရ ဥဒကပ္ပိယေဟိ သာဓာရဏာ ကာမာ ဗဟုသပတ္တာ"(ခု၊ ၂၊ ၄၃၃) ဖြစ်၍ ၎င်းအဋ္ဌကထာ "ရာဇူဟိစ အဂ္ဂိ စ စောရေဟိ စ ဥဒကေန စ ဒါယာဒါဒိအပ္ပိယေဟိ စ ရာဇဂ္ဂိ စောရ ဥဒကပ္ပိယေဟိ သာဓာရဏာတော တေသွေ ဝေါပမာ ဝုတ္တာ" (ထေရီ အဋ္ဌကထာ ၂၉၆) ဖြစ်ပါသည်။

အထူးမှတ်ရန်မှာ မချစ်မနှစ်သက်သူ၊ မုန်းသူဟုသာ မဆိုဘဲ အမွေခံဆိုး စသည်ဟူသော ဒါယာဒါဒိ ပါဠိကို ထည့်သွင်းထားရသည်မှာ အခြား မချစ်မနှစ်သက်သူ မုန်းသူများကား အဝေးနေများဖြစ်၍ ရန်သူစာရင်းတွင် ပါဝင်သော်လည်း မိမိအား အခါခပ်သိမ်း မနှိပ်စက်နိုင်။ အမွေခံဆိုးများကား သားသမီး မောင်နှမ စသည် အနီးကပ်နေကြသူများဖြစ်၍ အမြဲ အကျိုးမဲ့ကိုသာ ပြုနေကြသူများဖြစ်ကြောင်း မှတ်သားသင့်ကြပါသည်။

*

## အဘိဓမ္မာပိဋကတ်

**မေး**။ ။ ဆရာတော်အရှင်ဘုရား၊

အဘိဓမ္မာ ပိဋကတ်သည် တတိယသင်္ဂါယနာတင်သောအခါမှ ထည့်သွင်းခဲ့သည်ဟု သိရပါသည်ဘုရား။ ထို့ကြောင့် အဘိဓမ္မာပိဋကတ်သည် ဘုရားဟော ဟုတ်မဟုတ် ဖြေကြားပေးတော်မူပါ အရှင်ဘုရား။

ပညာသိရိ (မိတ္ထီလာ)။

www.dhammaransi.com

**ဖြေ**။ ။ အဘိဓမ္မာ ပိဋကတ်၌ လာရှိသော ပဋ္ဌမကျမ်းစာ ဖြစ်သည့် ကထာဝတ္ထုကျမ်းကို တတိယသင်္ဂါယနာတွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာမထေရ်မြတ်က မူလ မြတ်စွာဘုရား ဟောတော်မူသည့် ကထာဝတ္ထုအကျဉ်းကို မူတည်၍ အကျယ်ဟောတော်မူခဲ့သည်။ ထိုအရှင်မဟာမောဂ္ဂလိပုတ္တတိဿ၏ ကထာဝတ္ထုကျမ်း အကျယ်ကို အဘိဓမ္မာ ၇ ကျမ်း၌ ပဥ္စမမြောက်ကျမ်းစာအဖြစ် ထည့်သွင်းခဲ့သည်ကို စွဲ၍ 'အဘိဓမ္မာကို တတိယသင်္ဂါယနာကျမှ ထည့်သွင်းသည်' ဟု ဆိုကြဟန်တူပါသည်။ အမှန်မှာ အဘိဓမ္မာကို မြတ်စွာဘုရား တာဝတိံသာနတ်ပြည်၌ ဟောတော်မူ၍ ပထမသင်္ဂါယနာတွင် အရှင်သာရိပုတ္တရာ၏ တပည့်အဆက်ဆက် ဆောင့်ရွက်ခဲ့ကြောင်း "သာရိပုတ္တတ္ထေရော၊ ဘဒ္ဒဇိ၊ သောဘိတော၊ ပိယဇာလီ၊ ပိယပါလော။ ပ။ သောဏကော ရေဝတော" စသည်ဖြင့် တတိယသင်္ဂါယနာအထိ ဆရာစဉ်ဆက် အမည်များကို အဋ္ဌကထာ (အဘိ ဋ္ဌ၊ ၁၊ ၃၂) တွင် ပါရှိပါသည်။ ထို့ကြောင့် အဘိဓမ္မာသည် ဘုရားဟောအစစ်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချ မှတ်သားသင့်ပါသည်။

※

## ဖဲကစားခြင်း

**မေး**။ ။ ဆရာတော်အရှင်သူမြတ်ဘုရား၊ တပည့်တော်တို့မြို့မှ ကျောင်းဆရာတစ်ဦးမှာ ဖဲရိုက်အလွန်ဝါသနာပါ ပါသည်။ 'ဖဲကစားခြင်းသည် ဒုစရိုက် ၁၀ ပါးတွင် မပါ၊ ငါးပါးသီလတွင်လည်း မပါဘဲ ကံပြိုင်ခြင်းသာ ဖြစ်သည်' ဟု ပြောလေ့ရှိပါသည်။ ထိုအယူအဆ ဟုတ်မဟုတ် ဖြေရှင်းပေးတော်မူပါဘုရား။

ဖြိုး၊ ဒါးကမြို့၊ ပုသိမ်အရှေ့မြို့နယ်။

**ဖြေ**။ ။ 'လောင်းကစားခြင်းမှာ ဒုစရိုက်တွင် မပါ၊ ငါးပါးသီလတွင် မပါ' ဟု ဆိုသော်လည်း မြတ်စွာဘုရား ဟောကြားတော်မူသော ပရာ

ဘဝ သုတ်လာပျက်စီးကြောင်းတရား အပါအဝင် ဖြစ်ပါသည်။ ပရာဘဝ ဂါထာ ၈ တွင် 'ကာမဂုဏ်အပျော်အပါးလိုက်စားခြင်း၊ အရက်သေစာ၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းနှင့် လောင်းကစားခြင်းသည် ဆုတ်ယုတ် ပျက်စီးခြင်း အကြောင်းဖြစ်သည်'ဟု ဟောတော်မူပါသည်။ သိင်္ဂါလသုတ်တွင် လောင်းကစားမှု၏ အပြစ်များကို "အောင်သူရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား၊ ပျော်ပါးကြွေအန် အပြစ်တည်း (လောင်းကစားသူ၏ အပြစ်တည်း)"ဟု ရှေးဆရာများ ဆောင်ပုဒ်ပြုခဲ့ပါသည်။

မြတ်စွာဘုရားလက်ထက်က မဟာဓနသူဌေးသားသည် ၁၆ ကုဋေကြွယ်ဝသည်။ မိဘများ ကွယ်လွန်သွားပြီးနောက် ဤစည်းစိမ်သည် မိမိတစ်သက် မကုန်ခန်းနိုင်ဟု သဘောထားကာ အပေါင်းအဖော်များနှင့် မူးယစ်သောက်စားလောင်းကစား၍ ပျော်ပါးနေလေရာ ပစ္စည်းအားလုံးကုန်ခန်း၍ တောင်းရမ်းစားရသည့်အထိ ကြုံရပြီး ဇရပ်တွင် သေရကြောင်း၊ လူ့ဘဝဖြင့် အရောင်းအဝယ်ပြုလျှင် ပထမတန်း သူဌေးကြီး ဖြစ်နိုင်ပြီး ရဟန်းဘဝဖြင့် တရားအားထုတ်လျှင် ရဟန္တာဖြစ်နိုင်သော ကံပါရမီရှိသော်လည်း အလောင်းအစား အပျော်အပါးနှင့် အချိန်ကုန်၍ ဘဝပျက်ရကြောင်း ထင်ရှားရှိပေသည်။ ထို့ကြောင့် မိမိက လမ်းညွှန်ရှေ့သွား ဆရာသမား ဖြစ်နေကြသူများအဖို့ အလောင်းအစား အပျော်အပါးကို ရှေ့သွားစံပြပြုကာ ရှောင်ကြဉ်ကြရာသည်။

*

## ဥပုသ်နှင့် မြက်နုတ်ခြင်း

**မေး။** ။ အရှင်ဘုရား၊

တပည့်တော်သည် စိုက်ပျိုးရေးလုပ်ကိုင်သူတစ်ဦး ဖြစ်ပါသည်။ တပည့်တော်ဥပုသ်နေ့များ၌ ဘုရားရှေ့တွင် ရှစ်ပါးသီလ ခံယူပါသည်။

ဤသို့ပြု၍ ရ၊ မရ သိလိုပါသည်။ ရှစ်ပါးသီလခံယူပြီးလျှင် မြက်နုတ်ပါသည်။ မြက်နုတ်၍ ရ၊ မရလည်း သိလိုပါသည်။ မြက်နုတ်၍ မရပါက ရှစ်ပါးသီလခံယူရာတွင် ၇ ပါးသီလ ဘယ်လိုခံယူရမည်လဲ သိလိုပါသည် ဘုရား။ တပည့်တော်အား စိတ်ရှည်စွာဖြင့် ဖြေကြားပေးပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်။

ခင်ခင်၊ ကုန်းတလပေါင်ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်။

**ဖြေ**။ ။ ရဟန်းသံဃာနှင့် သီလပေးသူမရှိက ဘုရားရှေ့တွင် မိမိဘာသာ ရှစ်ပါးသီလ ခံယူ၍ ရပါသည်။ မိမိခြံတွင် မြက်နုတ်အလုပ်လုပ်၍ မပျက်ပါ။ သို့သော် သီလခံယူထားသောနေ့၌ အိမ်အလုပ်များကို မလုပ်ကိုင်ဘဲ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်များကို ပွားများ၍ ဆိတ်ငြိမ်ရာတွင် ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းများကိုပြုလုပ်နေထိုင်သင့်ပါသည်။ ဥပုသ်သီလ၌ ၇ ပါးသီလဟု မရှိပါ။ အချို့ညစာစားလို၍ ဝိကာလဘောဇန ထည့်မဆိုဟု ကြားဖူးပါသည်။ အလွန်ဆိုးရွား၍ တရားတော်များကိုပင် ဖျက်ဆီးမည့်သူများ ဖြစ်ပါသည်။ ရှစ်ပါးသီလ ဥပုသ် မစောင့်နိုင်လျှင် မစောင့်ဘဲနေခြင်းကပင် ကောင်းပါသေးသည်။ ဘုရားမဟော၊ စာပေ ကျမ်းဂန် မလာသော ၇ ပါးသီလစောင့်ခြင်းမျိုးကိုကား မလုပ်သင့်ပါကြောင်း သတိပေးလိုပါသည်။

*

## ရန်သူမျိုးငါးပါး

**မေး**။ ။ အရှင်ဘုရား၊

ရန်သူမျိုးငါးပါးတွင် နောက်ဆုံးရန်သူမျိုးကို မချစ်မနှစ်သက်သော သူဟူ၍ သင်ကြားခဲ့ဖူးပါသည်။ အခြေပြု မင်္ဂလာလက်စွဲ စာအုပ်တွင် အမွေခံဆိုးဟူ၍ ပါပါသည်။ အဘယ်က မှန်ကန်ကြောင်း ဖြေကြားပေးတော်မူပါ ဘုရား။

မောင်အောင်မင်း၊ မြောင်းမြမြို့နယ်။

www.dhammaransi.com

**ဖြေ**။ ။ နှစ်မျိုးလုံးပင် စာရှိပါသည်။ သို့သော် မချစ်မနှစ်သက်သောသူ၊ တစ်နည်း မုန်းတီးရွံရှာသူ၊ မိမိ၏မကောင်းကျိုးကိုသာ လိုလားသူမှာ ရန်သူဖြစ်သော်လည်း တစ်ရပ်တစ်ရွာဝေးကွာနေပါမူ မိမိ၏ အကျိုးမဲ့ကို အခါခပ်သိမ်း မပြုနိုင်ပေ။ ဤရန်သူမျိုးမှာ လူတိုင်းမှာပင် မကင်းနိုင်သဖြင့် အထူးမှတ်သားထားစရာပင် မလို။ အမွေခံဆိုးဟူသော သားဆိုး၊ သမီးဆိုးများကား အနီးကပ်၍ မပြတ်ဒုက္ခပေးနေသဖြင့် အလွန်ကြောက်စရာကောင်းလှသည်။ အမွေခံဆိုး ရန်သူသည် မိဘ၏ အသက်အိုးအိမ်စည်းစိမ်ကို အကြိမ်ကြိမ် ဒုက္ခပေးလေ့ရှိ၍ သာမန်မချစ်မနှစ်သက်သူထက်ဆိုးသဖြင့် ရန်သူမျိုးငါးပါးတွင် ဆိုးရွားဆုံး နောက်ဆုံးစာရင်း၌ သွင်းထားရကြောင်း မှတ်သားနိုင်ပါသည်။

*

## မိုးကြိုး ၉ မျိုး

**မေး**။ ။အရှင်ဘုရား၊

မိုးကြိုး ၉ မျိုးရှိသည်ဟု တပည့်တော် မှတ်သားရဖူးပါသည်။ အပြည့်အစုံ သိလိုပါသည်ဘုရား၊ တစ်ဆက်တည်းပင် မိုးကြိုးပစ်သော်လည်း မတုန်မလှုပ်သူများကိုလည်း ဖြေကြားပေးတော်မူပါဘုရား။

မောင်အောင်သူရ (ရန်ကုန်)

**ဖြေ**။ ။ မိုးကြိုးမျိုး ၉ မျိုးဟူသည်မှာ မိုးကြိုးပစ်ခြင်းမျိုး ၉ မျိုးကိုပင်ဆိုသည်။ သုတ်မဟာဝါအဋ္ဌကထာ မဟာ ပရိနိဗ္ဗာနသုတ်အဖွင့်၌ (၁) အသံမပြည်ဘဲ ကျနေသော မိုးကြိုး၊ (၂) ပုဆိန်၊ ပဲခွပ်များကဲ့သို့ အသွားတစ်ဖက်သာရှိသော မိုးကြိုး၊ (၃) ရယ်သကဲ့သို့ ကျသော လျှပ်စစ်မိုးကြိုး၊ (၄) ဂျက်ဂျက်မြည်လျက် ကျသော မိုးကြိုး၊ (၅) မျောက်မျက်နှာမျှော်သကဲ့သို့ ကျသော မိုးကြိုး၊ (၆) ငါးမြူးသကဲ့သို့သော မိုးကြိုး၊ (၇) ကြက်တောင်ဖြန့်သကဲ့သို့ ကျသော မိုးကြိုး (၈) ထွန်တုံးကဲ့သို့သော

မိုးကြိုး၊ (၉) မိုးပင်ရွာသော်လည်း အလျှံနှင့်တကွဖြစ်၍ ရေမစွတ်သော လောင်မီးမိုးကြိုးဟူ၍ ၉ မျိုးပြဆိုထားသည်။ ပါဠိအမည်များကို မထည့်လိုက်ပါ။ မိုးကြိုးအနီးတွင် ကျသော်လည်း မထိတ်လန့် မကြောက်ရွံ့ တတ်သော အာဇာနည်များမှာ (၁) သီဟ ခြင်္သေ့ အာဇာနည်မျိုး၊ (၂) ဟတ္ထိဇာနေယျ ဆင်အာဇာနည်မျိုး၊ (၃)အဿာဇာနေယျ မြင်းအာဇာနည်မျိုး၊ (၄) ဥသဘာဇာနေယျ နွားလားအာဇာနည်မျိုး(၅) ပုရိသာဇာနေယျ ယောကျ်ားအာဇာနည်မျိုးနှင့် (၆) ခီဏာသဝ ရဟန္တာပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

*

## သုဘဒ္ဒပရိဗိုဇ်

**မေး**။ ။အရှင်ဘုရား၊

နောက်ဆုံးသာဝက သုဘဒ္ဒဟူသည် ဥပက၊ ဆာပါတို့၏သား သုဘဒ္ဒလည်း မဟုတ်၊ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးသည့်နောက် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးဖြစ်၍ ငါတို့ပြုလုပ်လိုရာ လွတ်လပ်စွာ ပြုလုပ်ကြတော့မည်' ဟု ရိုင်းပျရင့်သီးသည့်စကား ပြောကြားသော တောထွက်ရဟန်းကြီး သုဘဒ္ဒလည်း မဟုတ်ဟု ဆိုပါသည်။ သို့ဖြစ်လျှင် နောက်ဆုံးသာဝက သုဘဒ္ဒသည် အဘယ်သုဘဒ္ဒဖြစ်သည်ကို ဖြေကြားတော်မူပါဘုရား။

မောင်နေမျိုးထွန်း၊ မအူပင်မြို့နယ်။

**ဖြေ**။ ။ သုဘဒ္ဒသည် (၁) ဥပက၊ ဆာပါတို့သား မုဆိုးမျိုးနွယ် သုဘဒ္ဒ၊

(၂) တောထွက်ရဟန်းကြီး သုဘဒ္ဒနှင့် (၃) ဥဒိစ္စဇာတ်မြင့် ပုဏ္ဏားမျိုး သုဘဒ္ဒဟု ဘုရားလက်ထက်တော်က သုဘဒ္ဒ ၃ ဦးရှိခဲ့ရာ နောက်ဆုံးသာဝက သုဘဒ္ဒမှာ အမှတ် ၃ ဥဒိစ္စ ဇာတ်မြင့်ပုဏ္ဏားမျိုး သုဘဒ္ဒဖြစ်ပါသည်။ ထိုနောက်ဆုံး သာဝက သုဘဒ္ဒမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ခါနီးတွင်မှ ရောက်လာသူ အသက်ငယ်ရွယ်သူ ပရိဗိုဇ်ဝတ်ဖြစ်သည်ဟု

www.dhammaransi.com

ဆိုသည်။ ဥပက ဆာပါတို့သား သုဘဒ္ဒမှာ ထိုအချိန်၌ (ဥပက ပရိဗိုဇ်ရဟန်းကြီးသည် ဘုရားဖြစ်တော်မူစတွေ့၍ မကြာမီ လူထွက်ပြီး မုဆိုးသမီး ဆာပါနှင့်ရကာ သုဘဒ္ဒကို ဖွားမြင်သည်ကိုထောက်လျှင် သုဘဒ္ဒသည်) အသက်လေးဆယ်အောက် ငယ်မည်မဟုတ်သည် တစ်ကြောင်း၊ ဇာတ်မြင့်အမျိုးအနွယ်မဟုတ်သည်တစ်ကြောင်း၊ ပရိဗိုဇ်မဝတ်၊ ရဟန်းအဖြစ်သို့ ရောက်သွားသည်ဆိုသဖြင့် တစ်ကြောင်းတို့ကြောင့် နောက်ဆုံးသာဝက သုဘဒ္ဒ မဟုတ်နိုင်ကြောင်း ထင်ရှားလှပါသည်။

*

## အပါယ်မကြောက် ၇ ယောက်

**မေး။ ။** အရှင်ဘုရား၊

(၁) သရဏဂုံ ၃ ပါးတည်သူ၊ (၂) ငါးပါးသီလတည်သူ၊ (၃) စာရေးတံဆွမ်းလှူသူ၊ (၄) ပက္ခိကဆွမ်းလှူသူ၊ (၅) ဝါဆိုသင်္ကန်းလှူသူ၊ (၆) ရေကန်လှူသူနှင့် (၇) နေရာကျောင်းလှူသူ၊ ဤ ၇ ဦးတို့သည် အပါယ်တံခါးပိတ်သည်ဟု ဟောခြင်းသည် မှားယွင်းသည်ဟု အချို့ပုဂ္ဂိုလ်များက ပြောဆိုကြပါသည်။ သေခါနီး၌ ဤသူ ၇ ဦးတို့သည် မိမိတို့၏ ကုသိုလ်ကို အောက်မေ့ဆင်ခြင်ကာ အာသန္နကံကုသိုလ်ဖြစ်စေနိုင်မှသာ ဤဘဝအတွက် အပါယ်မရောက်နိုင်သော အကုသိုလ်ကို ဖယ်ရှားပေးနိုင်ပါသည်။ ထို့ကြောင့် အပါယ်မကြောက် ၇ ယောက်ဆိုသော အဋ္ဌကထာစကားသည် မှားသည်ဟု တပည့်တော်ကြားသိရပါသည် ဘုရား။ ဘုရားတပည့်တော် မရှင်းလင်း၍ သနားသဖြင့် ဖြေကြားရှင်းလင်းပေးပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

ကိုကြည်စန်းလှိုင်၊ သာကေတမြို့။

**ဖြေ။ ။** အပါယ်မကြောက် ၇ ယောက်စကားမှာ အင်္ဂုတ္တရ အဋ္ဌကထာ (အံ ဋ ၃ ၂၆၅)လာ စကားဖြစ်ပါသည်။ ယင်းမှာ "ယေသံ ပန

ကုလာနံ (ပ) ဝေရူပါနိ နိဗဒ္ဓပုညာနိ အတ္ထိ၊ တေသမ္ပိ ဂတိ နိဗဒ္ဓါ၊ သောတာပန္နသဒိသာနေဝ တာနိ ပုညာနိ"ဟု ဆိုပါသည်။ ၎င်းကုသိုလ် ၇ မျိုးရှိသူတို့မှာ နိဗဒ္ဓကုသိုလ်ရှင်များဖြစ်၍ သေသည့်နောက် အပါယ် မရောက်။ သောတာပန်နှင့် အလားတူသည်ဟု ဥပမာပြသည်။ စဉ်းစားနိုင်ရန် သရဏဂုံအမြဲတည်သူ၊ ငါးပါးသီလတည်သူတို့ကို ကြည့်ပါ။ နိဗဒ္ဓ ဆိုသည်မှာ တစ်သက်ပန်လုံး မလစ်မလပ် တည်ရှိနေသူတို့ပင် ဖြစ်သည်။ ထိုသရဏဂုံ၊ ငါးပါးသီလ နိဗဒ္ဓတည်နေသူအဖို့ သေသည့်နောက် အပါယ်ရောက်စရာအကြောင်း မရှိတော့ပါ။ ထို့အတူ စာရေးတံ၊ ပက္ခိကဆွမ်း၊ ဝါဆိုသင်္ကန်း၊ ရေကန်၊ ကျောင်းအလှူတို့မှာလည်း နိဗဒ္ဓကုသိုလ်များပင် ဖြစ်ပါသည်။ နိဗဒ္ဓဖြစ်ပါကလည်း အာစိဏ္ဏကံ ကုသိုလ်များပင်ဖြစ်၍ အာသန္နကံထက် အားကောင်းပါသည်။ ထို့ကြောင့် ထို ၇ မျိုးသော ကုသိုလ်ရှင်များမှာ အပါယ်ကြောက်စရာ မလိုတော့ဟု ဆိုရကြောင်း မှတ်သားသင့်ပါသည်။

*

## အကုသိုလ်ကံများ အကျိုးမပေးအောင်

**မေး**။ ။အရှင်ဘုရား၊

တပည့်တော်မ အသက် ယခု ၃၁ နှစ်ရှိပါပြီ။ တပည့်တော်မသည် မွေးသည့်အချိန်မှစ၍ ယခုအချိန်အထိ အမေ့ကို ကာယကံဖြင့် စော်ကားသောကံတစ်ခု၊ အဒိန္နာဒါနကံ (သူတစ်ပါးပစ္စည်းဥစ္စာခိုးယူမှုကံ)သုံးခု၊ ကာမေသုမိစ္ဆာစာရကံ လေးခု၊ မုသာဝါဒကံ ခြောက်ခု ကျူးလွန်မိပါသည်။ ထိုသို့သော ကံများကို ကျူးလွန်ခြင်းသည် နောက်ဘဝတွင် ငရဲခံရသည်ဟု သိရပါသည်။ တပည့်တော်မ ကျူးလွန်မိသော ထိုကံများ နောက်ဘဝတွင် အကျိုးမပေးအောင် (တစ်နည်းအားဖြင့် ငရဲမခံရအောင် ယခုဘဝမှာ ဘာလုပ်ရပါမည်နည်း ဘုရား။ သီလ သမာဓိ ပညာနှင့်ပြည့်စုံသော

ရဟန်းတော်များအား ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်းလျှင် သင့်ပါ မည်လား ဘုရား။

မသီတာချို (ဟသ်ာတမြို့)

**ဖြေ။** ။ ပြဿနာရှင် ဖော်ပြသော အကုသိုလ်ပြစ်မှုများသည် ဖြေမရသော မုချငရဲကျနိုင်သည့် ဂရုကံမျိုးမဟုတ်၊ မိမိစိတ်ကိုပြုပြင်၍ ဖြေနိုင် သောကံများဖြစ်သဖြင့် ယင်းပြစ်မှုများ နောက်ထပ်မဖြစ်ရအောင် အဓိဋ္ဌာန် ပြု၍ ကုသိုလ်ကောင်းမှုများကို ပြုပေးရမည်ဖြစ်ပါသည်။ မိမိကာယကံဖြင့် ပြစ်မှားမိသော မိခင်အား သက်ရှိထင်ရှားရှိလျှင် ကန်တော့တောင်းပန်၍ နောက်ထပ်မပြစ်မှားမိအောင် ကြိုးစားရပါမည်။ သက်ရှိထင်ရှား မရှိလျှင် လည်း သုသာန်မီးသဂြိုဟ်သောနေရာ၊ မြှုပ်နှံထားသောနေရာ စသည်တို့ သို့ သွားရောက်ကန်တော့ရပါမည်။ အခြားကာယကံ၊ ဝစီကံများအတွက် နောင်တွင် မကျူးလွန်မိအောင် စောင့်ထိန်းပါမည်ဟု အဓိဋ္ဌာန်ပြု၍ နေ့စဉ် ဘုရားရှေ့၌ ငါးပါးသီလကို အကြိမ်ကြိမ်ခံယူကာ အထူးအားဖြင့် အဒိန္နာ ဒါန၊ ကာမေသုမိစ္ဆာစာရနှင့် မုသာဝါဒါတို့ကို ထပ်ခါထပ်ခါ ခံယူပြီး လျှင် မိမိစိတ်က ဤအမှုများ ဘယ်တော့မှ မဖြစ်စေရဟု နောင်တကြီး စွာဖြင့် ရဲရဲဝံ့ဝံ့ ကတိကဝတ်ပြုလျက် ကုသိုလ်ကောင်းမှုများကို မပြတ်ပြု ပေးရပါမည်။ ထိုအကုသိုလ်ကံများသည် ပျောက်ပျက်၍ မသွားသည့်တိုင် အောင် ကုသိုလ်တရားများကြားသို့ ဝင်ရောက်အကျိုးမပေးနိုင်ဘဲ ကုသိုလ် များသာ ဆက်ကာဆက်ကာ အကျိုးပေးသွားနိုင်ပါသည်။ သို့မဟုတ် ထိုပြစ်မှုကံများ အားသေး၍သွားကာ မိမိက တရားအားထုတ်၍မဂ်တရား၊ ဖိုလ်တရားများ ရရှိသွားလျှင်လည်း အဟောသိကံဖြစ်ကာ မကောင်းကျိုး များ ပျောက်ကင်း ပျက်ပြယ်သွားနိုင်သဖြင့် ကြိုးစား၍ အားထုတ်သွား စေလိုကြောင်း ဖြေကြားအပ်ပါသည်။

*

www.dhammaransi.com

## မိရိုးဖလာ ဗုဒ္ဓဘာသာ

**မေး**။ ။အရှင်ဘုရား၊

ဗုဒ္ဓဘာသာကို မိရိုးဖလာ သဘောထက် သာလွန်၍ သက်ဝင်ယုံကြည် ကိုးကွယ်သည်ဆိုရာ၌

(၁) မိရိုးဖလာသဘောသက်ဝင်ယုံကြည် ကိုးကွယ်ဆည်းကပ်မှုဟူသည် အဘယ်ပါနည်း။

(၂) မိရိုးဖလာသဘော သက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်မှုသည် အဆင့်အတန်း နိမ့်ကျပါသလား။

(၃) သာလွန်၍ သက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်မှုဟူသည် အဘယ်ပါနည်း။ ဖြေကြားတော်မူပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည် ဘုရား။

မောင်တန်ဆောင် (ယောနယ်)

**ဖြေ**။ ။(၁) ရိုးရိုးမိဘတို့ ကိုးကွယ်မှု ထုံးစံအတိုင်း သရဏဂုံသီလခံယူ၍ ကျောင်းကန်ဘုရား သွားလာလှူဒါန်းခြင်း၊ ဥပုသ်စောင့်ခြင်း၊ ရှင်ပြု၊ ရဟန်းခံခြင်းတို့ထက် မပိုသော ကိုးကွယ်မှုကို မိရိုးဖလာကိုးကွယ်မှုဟု ဆိုပါသည်။

(၂) ယင်းမိရိုးဖလာ ကိုးကွယ်မှုကို မပျက်မကွက် မှန်မှန်ကန်ကန် အသိဉာဏ်ရှိရှိဖြင့် ကိုးကွယ်သူအဖို့ အပါယ်လေးပါး မလားရေးတို့၌ အတော်အတန် စိတ်ချရ၍ အဆင့်အတန်း နိမ့်ကျသည်ဟု မဆိုနိုင်ပါ။

(၃) ယင်းမိရိုးဖလာကိုးကွယ်မှုကို အားမရ၍ ပညာရှင်ဆရာတော်၊ သံဃာတော်များထံ ချဉ်းကပ်၍ နက်နဲသော ဘာသာရေး တရားများကို လေ့လာခြင်း၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာများကို အားထုတ်ခြင်း၊ မဂ်တရား၊ ဖိုလ်တရားများ

ကို ရအောင်ကြိုးစားခြင်း စသည်ပြုလုပ်မှုကို မိရိုးဖလာထက် သာလွန်၍ သက်ဝင်ယုံကြည်ကိုးကွယ်ဆည်းကပ်သူဟု ဆိုရပါသည်။

*

## ပရိတ်တော်များ ဂုဏ်ကျေးဇူး

**မေး။** ။အရှင်ဘုရား၊

ပရိတ်တော် ၁၁ သုတ်၏ အကျိုးကျေးဇူးများကို သိလိုပါသည်။ ဖြေကြားပေးတော်မူပါဘုရား။

အောင်သူဆင့်၊ ရန်ကုန်တက္ကသိုလ်ဝင်း။

**ဖြေ။** ။(၁) ကျက်သရေမင်္ဂလာရှိသော အလှူမင်္ဂလာ စသည်ကို ပြုလုပ်သောအခါ၊ အိမ်တက်မင်္ဂလာ စသည်ကိုပြုလုပ်သောအခါတို့၌ မင်္ဂလသုတ်၊ မေတ္တသုတ်ကို ရွတ်အပ်၏။

(၂) ရောဂန္တရကပ် စသည်ဖြစ်သောအခါ ရတနသုတ်ကို ရွတ်အပ်၏။

(၃) နတ်များ၊ မကောင်းဆိုးဝါးများ ခြောက်လှန့်ခြင်းရှိသောအခါ မေတ္တသုတ်ကို ရွတ်အပ်၏။

(၄) မြွေ၊ ကင်း၊ ကြွက်စသည် ထူထပ်ပေါများသောအခါ ခန္ဓသုတ်ကို ရွတ်အပ်၏။

(၅) ရာဇဝတ်ဘေးသင့်ရောက်သောအခါ မောရသုတ်ကို ရွတ်အပ်၏။

(၆) မီးဘေးသင့်ရောက်သောအခါ ဝဋ္ဋသုတ်ကို ရွတ်အပ်၏။

(၇) စစ်သည်ဘေး ရောက်သောအခါ ဓဇဂ္ဂသုတ်ကို ရွတ်အပ်၏။

(၈) ဘီလူးသဘက် နှောင့်ယှက်ဖျက်ဆီးသောအခါ အာဋာနာဋိယသုတ်ကို ရွတ်အပ်၏။

(၉) မိန်းမတို့ ကိုယ်ဝန်ရှိသောအခါ၊ မီးဖွားခက်သောအခါ အင်္ဂုလိမာလသုတ်ကို ရွတ်အပ်၏။

(၁၀) ၉၆ ပါးရောဂါဝေဒနာ ကပ်ရောက်သောအခါ ဗောဇ္ဈင်္ဂသုတ်ကို ရွတ်အပ်၏။

(၁၁) အတိတ်နိမိတ် ဂြိုဟ်စီးဂြိုဟ်နင်း ကံကြမ္မာဇာတာ မကောင်းသော် ပုဗ္ဗဏှသုတ်ကို ရွတ်အပ်၏။

ပရိတ်ကြီး ၁၁ သုတ်ကို နေ့စဉ် ရွတ်ဆိုနေသူအား ဖော်ပြပါ ဘေးဥပဒ်တို့မှ ကာကွယ်တာဆီးနိုင်လေသည်။ ရောဂါဖြစ်မှ ဆေးကိုစားသည်ထက် ရောဂါမဖြစ်မီက ဆေးကိုစား၍ အကာအကွယ်ပြုထားခြင်းက ပို၍ ကောင်းမွန်သကဲ့သို့ ပရိတ် ၁၁ သုတ်ကို နေ့စဉ် ရွတ်ဆိုနေလျှင် ပို၍ ကောင်းပါသည်။ ထို့ကြောင့် ရှေးဆရာတော်များက

(၁) တနင်္ဂနွေနေ့ မင်္ဂလသုတ်၊
(၂) တနင်္လာနေ့ ရတနသုတ်၊
(၃) အင်္ဂါနေ့ မေတ္တသုတ်၊ ခန္ဓသုတ်၊
(၄) ဗုဒ္ဓဟူးနေ့ မောရသုတ်၊ ဝဋ္ဋသုတ်၊
(၅) ကြာသပတေးနေ့ ဓဇဂ္ဂသုတ်၊
(၆) သောကြာနေ့ အာဋာနာဋိယသုတ်၊
(၇) စနေ့နေ့ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်တို့ကို ၇ ရက်လှည့်၍ ရွတ်ဆိုပြုလေ့ရှိကြပါသည်။

*

## မရွတ်ဆိုဘဲ ကပ်လှူခြင်း

**မေး**။ ။အရှင်ဘုရား

မိမိနေအိမ်ဘုရားတွင် ဆွမ်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ရာ၌ ဘာမျှ ရွတ်ဆိုခြင်း မပြုဘဲ တင်ထားပူဇော်ခြင်းမှာ ကုသိုလ်ဖြစ်၊ မဖြစ် သိလိုပါသည် အရှင်ဘုရား။

ဦးစောမောင်၊ မကွေးမြို့။

www.dhammaransi.com

**ဖြေ**။ ။ ဘုရား၌ ဆွမ်းစသည် ကပ်လှူပူဇော်ရာ၌ ဆွမ်းကပ်ပူဇော်စရာ စသည်များကို မရရှိ၍ မရွတ်ဆိုနိုင်သည့်တိုင်အောင် "ဤဆွမ်းစသော လှူဖွယ်ဝတ္ထုအစုစုကို ဆွမ်းဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား လှူဒါန်းပူဇော်ပါ၏ ဘုရား။ ဤကောင်းမှုကြောင့် ဒုက္ခခပ်သိမ်းကင်းငြိမ်းရာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏ ဘုရား"ဟူ၍ ဖြစ်စေ၊ ဤအဓိပ္ပာယ်မျိုးပါဝင်သော အနက်အဓိပ္ပာယ်တစ်မျိုးမျိုးကိုဖြစ်စေ စိတ်ထဲ၊ နှလုံးထဲမှ ရွတ်ဆိုစဉ်းစား၍ တင်လှူပူဇော်သင့်ပါသည်။ မည်သို့မျှဆိုလည်း မဆို အာရုံလည်းမပြုဘဲ တင်လှူပူဇော်ထားခြင်းထက် မိမိတတ်သလို လှူဒါန်းမှုသဘောပေါ်အောင် ပြုမူခြင်းသာ သင့်လျော်ပါကြောင်း ဖြေကြားလိုပါသည်။

*

## ဒေဝဒတ်နိုင် ဇာတ်ငါးဇာတ်

**မေး**။ ။ အရှင်ဘုရား၊

ဇာတ်တို့တွင် ဘုရားလောင်းကို ဒေဝဒတ်က သတ်နိုင်ခဲ့သော ဇာတ်ငါးဇာတ်ဟူ၍ စူဠဓမ္မပါလဇာတ်၊ ဒဒ္ဒရဇာတ်၊ ခန္တီဝါဒီဇာတ်၊ စူဠနန္ဒိယဇာတ်နှင့် မဟာကပိဇာတ်တို့ကို ဖော်ပြထားပါသည်။ ဆဒ္ဒန္တဇာတ်မှာလည်း ဆဒ္ဒန်ဆင်မင်းကို ဒေဝဒတ်အလောင်း သောနုတ္တိုရ်မုဆိုးသတ်ခဲ့သည် မဟုတ်ပါလား။ အဘယ်ကြောင့် ၆ ဇာတ်ဟု မဆိုပါသနည်း ဘုရား။

သန်းထွန်း (ဓမ္မာစရိယ)၊ မော်လမြိုင်။

**ဖြေ**။ ။ ဆဒ္ဒန္တဇာတ်၌ ဒေဝဒတ်အလောင်း သောနုတ္တိုရ်မုဆိုးသည် ဆင်မင်းအား သူ့အလိုအလျောက် သတ်လို၍ သတ်ရခြင်း မဟုတ်၊ ရှေးဘဝက အငြိုးရှိခဲ့သော စူဠသုဘဒ္ဒါမိဖုရားက စေခိုင်း၍ မသတ်ချင်ဘဲ သတ်ရခြင်း ဖြစ်သည်။ ရာဇဝတ်သင့်သူများအား မင်းမိန့်ဖြင့် သူသတ်

www.dhammaransi.com

သမားတို့က သတ်ရခြင်း ဖြစ်သော်လည်း မင်းက သတ်သည်ဟုသာ ဆိုရသကဲ့သို့ ဆဒ္ဒန်ဆင်မင်းအား စူဠသုဘဒ္ဒါက သတ်ခြင်းသာဖြစ်၍ သူတစ်ပါး ပယောဂနှင့်စပ်သဖြင့် ဒေဝဒတ်အလောင်း သောနုတ္တိုရ်သတ်သည် မမည်သောကြောင့် ဖော်ပြပါ ဘုရားလောင်းကို ဒေဝဒတ်အလောင်း သတ်နိုင်သော ဇာတ်စာရင်းတွင် မပါဝင်ပါ။ ဆဒ္ဒန်ဆင်မင်းသည် စူဠသုဘဒ္ဒါက ရန်ငြိုးရှိ၍ သတ်သည်ဟူ၍သာ သမိုင်းတွင်ခဲ့ကြောင်း မှတ်သားသင့်ပါသည်။

*

## မသာတစ်ခေါက် ကျောင်းဆယ်ခေါက်

**မေး**။ ။ အရှင်ဘုရား၊

ဘုန်းကြီးကျောင်း ဆယ်ခေါက်သွားရတာထက် အသုဘ တစ်ခေါက် ပို့ရတာက မြတ်တယ်ဆိုတာ မှန်ပါသလား ဘုရား။ အသုဘ ပို့ပြီး သရဏဂုံသီလ မယူဘဲ ပြန်လာခဲ့လျှင် ကုသိုလ် ရ၊ မရ သိလိုပါသည် ဘုရား။

မောင်နေမင်းထွန်း (အညာကျေး)

**ဖြေ**။ ။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ဘုန်းကြီးကျောင်းသို့ သွားသော အခါ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းကိစ္စတို့ဖြင့်သာ ပြီးသည်။ ထို့ကြောင့် ဒါနအကျိုး၊ သီလအကျိုးတို့ကိုသာ ရရှိဖို့ဖြစ်သည်။ မသာပို့သွားသူသည် အနည်းဆုံး သေဆုံးသူအား ကြည့်ရှု၍ ငါလည်း ဤကဲ့သို့ မုချသေဆုံးရချေအံ့ဟု မရဏာနုဿတိ ကမ္မဋ္ဌာန်းတရားကို တစ်ခဏမျှပင် ဖြစ်စေ နှလုံးသွင်းမိနိုင်၏။ မရဏာနုဿတိအာရုံဖြစ်မိသူအား သေခြင်းတရား၌ မေ့လျော့မှုမရှိခြင်း၊ ဘုံသုံးပါး၌ မွေ့လျော်မှုကင်းခြင်း၊ အသက်၌ တွယ်တာမှုနည်းခြင်း၊ မကောင်းမှုကို ရှုတ်ချနိုင်ခြင်း၊ ဥစ္စာစည်းစိမ်၌ တွယ်တာမှုနည်းခြင်း၊ ဝန်တိုမှုနည်းခြင်း၊ အနိစ္စ၊ ဒုက္ခ၊

www.dhammaransi.com

အနတ္တ သညာကို အလိုလိုရခြင်းတို့ကြောင့် ရဲရဲဝံ့ဝံ့ မတွေမဝေသေးရ၍ ဉာဏ်ဘဝ မဂ်ဖိုလ်ကို မရသည့်တိုင်အောင် သုဂတိဘဝသို့ရောက်၍ ဘဝ တိုတိုနှင့် မဂ်တရား၊ ဖိုလ်တရားတို့ကို ရရှိနိုင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓ ဘာသာဝင် သူတော်စင်တို့သည် ကျောင်းသို့ ဆယ်ခေါက်သွား၍ ဒါန၊ သီလပြုရ၊ ဆောက်တည်ရသည်ထက် မသာတစ်ခေါက်ပို့၍ အသုဘ ဘာဝနာ၊ မရဏာနုဿတိဘာဝနာ ကောင်းစွာ နှလုံးသွင်းရခြင်းက မြတ် သည်ဟု အမှတ်အသား ပြုထားကြခြင်း ဖြစ်ပါသည်။

*

## ဗုဒ္ဓပုံတော် ကိုးကွယ်ခြင်းနှင့် မွန်းတည့်ချိန်

**မေး။** ။ အရှင်ဘုရား၊

၁။ မြတ်စွာဘုရားလက်ထက်က ဗုဒ္ဓဘာသာဝင်အိမ်တိုင်းတွင် ယခုကဲ့သို့ မြတ်စွာဘုရား ပုံတော်များကို ကိုးကွယ်ပါသလား။

၂။ မြတ်စွာဘုရားသည် ရဟန်းတို့အား နေ့လယ် ၁၂ နာရီကျော် လျှင် ဆွမ်းမစားရန် တားမြစ်ခဲ့ပါသလား။ အချို့နေ့ (လ) များတွင် ၁၂ နာရီပင် ထိုးသော်လည်း မွန်းမတည့်သေးပါ။ ထိုအခါမျိုးတွင် ဆွမ်း တော်တင်၍ ရပါသလား ဘုရား။

မသက်နွယ်နွယ်ဝင်း၊ ပဲခူးတိုင်း။

**ဖြေ။** ။ သမိုင်းကြောင်းအရ ဗုဒ္ဓပုံတော်များမှာ သာသနာနှစ်ငါးရာ ပတ် ဝန်းကျင်မှာ ပေါ်ပေါက်လာပါသည်။ သာသနာနှစ်နှစ်ရာကျော် ခေတ်က အသောကမင်းကြီး လက်ထက်မှာပင် ဗုဒ္ဓပုံတော်များ မရှိသေး။ ဗုဒ္ဓကိုယ်စား ခြေတော်ရာ၊ ဗောဓိပင်ပုံ စသည်များကို ကိုးကွယ်ခဲ့ပါသည်။ မိလိန္ဒမင်းကြီးတို့ ခေတ်ကျမှ ဗုဒ္ဓပုံတော်များ ပေါ်စပြုလာကြောင်း သိရ၍ မြတ်စွာဘုရားလက်ထက်က ဗုဒ္ဓဘာသာအိမ်တိုင်းတွင် ပုံတော်များ ကိုးကွယ်ထားလေ့မရှိပါ။ သို့သော် ပါဠိတော် ကျမ်းစာများအရ အချို့

www.dhammaransi.com

အိမ်များ၌ မြတ်စွာဘုရား ကြွလာလျှင် သီတင်းသုံးရန် ခေါင်းရင်းတွင် နေရာတော်များ ခင်းထားလေ့ရှိကြောင်း သိရပါသည်။

၂။ ၁၂ နာရီဟုဆိုသည်မှာ ဤခေတ်တွင် မွန်းတည့်ချိန်ကို လွယ်လွယ်သိနိုင်ရန် အမှတ်အသားသဘောမျှသာဖြစ်ပါသည်။ ဝိကာလဘောဇန သိက္ခာပုဒ်အရ မွန်းတည့်ပြီးနောက် ဆွမ်းမစားရန် ပညတ်ထားသည်မှာ မှန်ပါသည်။ ၁၂ နာရီထိုးပြီးသော်လည်း နေက မွန်းမတည့်သေးလျှင် ဆွမ်းတော် ကပ်လှူနိုင်ပါသေးသည်။ နာရီက ပမာဏမဟုတ်၊ အမှန်အကန် နေမွန်းတည့်ခြင်းသာ ပမာဏ ဖြစ်ပါသည်။

*

## ကွန့် ဆွံ့ တွန့် ပြန့်

**မေး**။ ။အရှင်ဘုရား၊

သဒ္ဓါလွန်လျှင် ကွန့်သည်၊ ပညာလွန်လျှင် ဆွံ့သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ ဝီရိယလွန်လျှင် ပြန့်သည်ဟုဆိုရာဝယ် ယင်း ကွန့်ဆွံ့တွန့်ပြန့်တို့၏ အဓိပ္ပာယ်ကို ကောင်းစွာနားမလည်သဖြင့် ရှင်းပြပေးတော်မူပါဘုရား။

ရှင်ဝိစာရိန္ဒ (ဥဿာ)

**ဖြေ**။ ။ ကွန့်သည်ဟူသည်မှာ ဖြစ်သင့်သည်ထက် ပိုလွန်ပြုလုပ်မှုကို ဆိုပါသည်။ ဆွံ့သည်ဟုဆိုရာ၌ ပညာလွန်နှင့်စပ်လျှင် ဆွန့်ဟုဖြစ်သင့်သည်။ ဆွန့်မှာ 'သဒ္ဓါနဲ့ ဆွန့်၊ တွန့်၍ ဉာဏ်ကွန်၊ ပညာလွန်သော်' (မဃ ၁၃၉) 'အကြောင်း မဖန့်၊ ဆွန့်ဆွန့်ရှားရှား၊ ချမ်းသာပါး၏။' (ဌင်း ၁၉၃)တို့အရ ဖြစ်သင့်သလိုမဖြစ်ဘဲ ဆုံးရှုံးပျက်စီးတတ်သည်ဟု ဆိုလို၏။ တွန့်သည်ဟူသည်မှာ တွန့်လိပ်သည်။ တွန့်လိမ်သည် ဆိုသကဲ့သို့ နောက်တွန့်တိမ်းဖည်တတ်ခြင်းကို ဆိုလို၏။ 'မတင်မြှုခန့်၊ ဘုန်းတော် ကန့်သည်၊ နောက်တွန့်ရန်မျိုး ခွါရှောင်တည်း' (နာရဒ ၁၀)။

ပြန့်ဟူသည်မှာ ပျံ့လွင့်သည်။ ပြန့်ကားသည်ဟူသကဲ့သို့ စည်းစည်း ရုံးရုံး တစ်လုံးတစ်ခဲတည်း မဖြစ်ဘဲ တဖျင့်တစ်ပါး ပြန့်ကားပျက်စီး၍ သွားတတ်သည်ဟု ဆိုလိုပါသည်။ ထို့ကြောင့် သဒ္ဓါ၊ ပညာ၊ သမာဓိ၊ ဝီရိယ တို့ကို မပို မလွန်စေရဟု ရှေးပညာရှိများက သတိပေးတော်မူကြလေ့ရှိသည်။

(သဒ္ဓါ ပညာ၊ သမာ ဝီရိ၊ စောင်းနှယ်ညှိ)။

*

## ပိဋကတ်သုံးပုံ

**မေး။** ။အရှင်ဘုရား၊

ပိဋကတ်သုံးပုံ ရှူသည် ဆိုရာ၌ မည်သည့်ကျမ်းစာအုပ်များ ပါဝင်သည်ကို ကျမ်းအမည်စာရင်း ပြုစုဖော်ပြပေးတော်မူပါဘုရား။

ဒေါ်ခင်မြ၊ နတ်တလင်း။

**ဖြေ။** ။ ပိဋကတ်သုံးပုံ (ပါဠိတော်) ဆိုရာ၌ သင်ရိုးပိဋကတ်၊ နိကာယ်ငါးရပ် ပိဋကတ်ဟု နှစ်မျိုးရှိပါသည်။

၁။ သင်ရိုးပိဋကတ်၌ သုတ်သုံးကျမ်း ၃ အုပ်၊ ဝိနည်းငါးကျမ်း ၅ အုပ်နှင့် အဘိဓမ္မာ ၇ ကျမ်း ၁၂ အုပ် ပေါင်း= အုပ်ရေ ၂၀ ရှိပါသည်။

၂။ နိကာယ်ငါးရပ် ပိဋကတ်၌ ဒီဃနိကာယ်သုံးကျမ်း ၃ အုပ်၊ မဇ္ဈိမနိကာယ်သုံးကျမ်း ၃ အုပ်၊ သံယုတ္တနိကာယ်ငါးကျမ်း ၃ အုပ်၊ အင်္ဂုတ္တရနိကာယ် တစ်ဆယ့်တစ်ကျမ်း ၃ အုပ်၊ ခုဒ္ဒကနိကာယ် (ဝိနည်း ၅ ကျမ်း)၊ အဘိဓမ္မာ ၇ ကျမ်း၊ သုတ္တန် ၁၆ ကျမ်း) အုပ်ရေ ၂၈ အုပ်။ စုစုပေါင်း အုပ်ရေ ၄၀ ရှိပါသည်။ ဤကျမ်းဦးရေမှာ ပါဠိတော်ကျမ်းများကိုသာ ဖော်ပြခြင်းဖြစ်သည်။ အဋ္ဌကထာနှင့် ဋီကာပါဠိများ မပါသေးပါ။ (အဋ္ဌကထာကျမ်း ၄၁၊ ဋီကာကျမ်း ၂၀ ခန့် ရှိပါသေးသည်။) အများအားဖြင့်

ပိဋကတ်သုံးပုံ လှူဒါန်းသူများမှာ သင်ရိုးပိဋကတ် အုပ် ၂၀ ကို လှူဒါန်းလေ့ရှိပါသည်။

*

## ပိလိန္ဒဝစ္ဆဂါထာ

**မေး**။ ။အရှင်ဘုရား၊

ပိလိန္ဒဝစ္ဆ သမဏော၊ ဒေဝတာနံ ပိယော အဟု။ ဠပိတော အဂ္ဂဠာနမှိ၊ သေတ္တျာရောဂျံ ဒဒါတု နော။ ဤဂါထာကို အဓိပ္ပာယ်ပြန်ပေးစေလိုပါသည်ဘုရား။

စိုးနိုင်၊ ကမာရွတ်မြို့နယ်။

**ဖြေ**။ ။အရှင်ပိလိန္ဒဝစ္ဆရဟန်းသည် နတ်တို့ချစ်အပ်၏။ နတ်ချစ်သောသူတို့တွင် ဧတဒဂ်အရာ၌ တင်ထားအပ်၏။ ထိုပိလိန္ဒဝစ္ဆမထေရ်သည် အကျွန်ုပ်တို့အား စီးပွားချမ်းသာခြင်း၊ အနာကင်းခြင်း(ဆု)ကို ပေးတော်မူပါဘုရား။

ဤင်းဂါထာမှာ ဥပ္ပါတသန္တိကျမ်းလာ ဂါထာဖြစ်ပါသည်။ အစဉ်အမြဲရွတ်ဆိုသူအား နတ်တို့ချစ်ခြင်း၊ စီးပွားဥစ္စာတိုးတက်ခြင်း၊ အန္တရာယ်ကင်းခြင်း စသော ကောင်းကျိုးချမ်းသာတို့ကို ရနိုင်သည်ဟု ဆရာမြတ်တို့ဆိုကုန်၏။

*

## ကောသလမင်းကြီးအကြောင်း

**မေး**။ ။အရှင်ဘုရား၊

ဘုရားလက်ထက်တော်က ကောသလမင်းကြီးကို အချို့က အဇာတသတ်မင်းနှင့် စစ်ရှုံးလို့ပြေးရင်း ဇရပ်မှာ ခွေးသေသလို သေရတယ်လို့ ပြောကြတယ်။ အချို့က အဇာတသတ်မင်းဆီ စစ်ကူတောင်းလာရင်း မိုးချုပ်သွားတာနဲ့ မြို့ပြင်ဇရပ်မှာ ပင်ပန်းတဲ့ဒဏ်နဲ့ သေရတယ်လို့ ပြောကြတယ်။ ဘယ်စကားက အမှန်ပါလဲဘုရား။

ခင်မိုးဝေ၊ တန့်ဆည်မြို့နယ်။

11A

www.dhammaransi.com

ဖြေ။ ။ ကောသလမင်းကြီးသည် မြတ်စွာဘုရားရှင် သာကီဝင်မင်းတို့ နယ်မြေ မေဒါဠုပ နိဂုံးမှာ သီတင်းသုံးခိုက် သွားရောက်ဖူးမြော်ရာ ဘုရားထံဝင်ရာတွင် ပါလာသော မင်းမြောက်တန်ဆာတို့ကို စစ်သူကြီး ဒီဃကာရာယနအား ပေးအပ်ထားခဲ့သည်။ ဒီဃကာရာယနသည် ကောသလမင်းကြီး အပြစ်ရှာ၍သတ်ပစ်လိုက်သော ဗန္ဓုလစစ်သူကြီး၏ တူဖြစ်သည်။ ၎င်းသည် အချက်ရ၍ ဝါဦးရီးတော်ကို သတ်သော မင်းအား လက်စားချေအံ့ဟု ကြံစည်ကာ အတူပါလာသော မင်းသားဝိဋူဍဘအား မင်းမြောက်တန်ဆာများကို အပ်နှင်း၍ အနိုင်အထက်မင်းပြုစေပြီး မြင်းတစ်စီးနှင့် မောင်းမတစ်ယောက်ကိုသာထားခဲ့၍ သာဝတ္ထိပြည်သို့ ပြန်သွားလေသည်။ ကောသလမင်းကြီး လာသောအခါ မြင်းနှင့်မောင်းမငယ်ကို သာတွေ့ရ၍ အကြောင်းကိုသိလျှင် တူတော် အဇာတသတ်မင်းကို အကူအညီတောင်း၍ သာဝတ္ထိပြည်ကို ပြန်ယူအံ့ဟု ရာဇဂြိုဟ်သို့သွားရာ မိုးချုပ်သွားသဖြင့် မြို့ပြင်ဇရပ်တွင် အိပ်ရန်ပြင်ရသည်။ ထိုအခါ ကောသလမင်းမှာ အသက်ကြီးခြင်း၊ ခရီးပန်းခြင်း၊ အစာအာဟာရ မရှိခြင်းတို့ကြောင့် ညတွင်းချင်းပင် လေရောဂါနှိပ်စက်၍ နံနက်လင်းအားကြီးတွင် နတ်ရွာစံသွားလေသည်။ ထိုအကြောင်း အကျယ်ကို မဟာဗုဒ္ဓဝင်ပဥ္စမတွဲ၊ စာမျက်နှာ ၃၅၊ ၃၆ တို့တွင် ကြည့်ရှုနိုင်ပါသည်။

*

## လှူဒါန်းပြီးမှ စားသောက် သုံးဆောင်ခြင်း

**မေး။** ။ အရှင်ဘုရား၊

တပည့်တော်တို့ မိသားစုသည် နေ့စဉ် ထမင်းဟင်းနှင့် ရလာသမျှသောခဲဖွယ်ဘောဇဉ်တို့ကို ဦးဦးဖျားဖျား ဆွမ်းတော်တင်ပြီးမှ စွန့်သည့်အခါ စားသောက်ခဲ့ကြသည်မှာ နှစ်များစွာပင် ရှိပါပြီ။ ဗုဒ္ဓဝေယျာဝစ္စပြုကြသူများမှာ ဇနီးနှင့် သမီးများသာ ဖြစ်ကြ၍ ကျန်လူများ အပြစ်ဖြစ်နေ

ကြောင်း သိရှိရသဖြင့် များစွာတုန်လှုပ်မိပါသည်။ မည်သည့်အကြောင်းကြောင့် အပြစ်ဖြစ်ရသည်ကိုလည်းကောင်း၊ ထိုအပြစ်များ ပပျောက်အောင် မည်သို့ဆောင်ရွက်ရမည်ကိုလည်းကောင်း ရှင်းလင်းညွှန်ကြားပေးပါဘုရား။

ဦးအောင်သက်၊ အင်းစိန်မြို့။

**ဖြေ။** ။ ရာဇဝင်တွင် ပုဂံပြည် အနော်ရထာမင်းက မနူဟာမင်းအား ဘုန်းကံနိမ့်စေရန် သင်ပုတ်ပလ္လင်တွင် စွန့်ပြီးသော ဆွမ်းတော်တင်ကို မနောလင်ပန်း၌ထည့်၍ ကျွေးသည်ဟူသော စကားမှစ၍ ဆွမ်းတော်တင် စားလျှင်ဘုန်းကံနိမ့်သည်ဟု ပြောစဉ် ဖြစ်နေရပါသည်။ ဝေယျာဝစ္စလုပ်မှု ဆွမ်းတော်တင် စားကောင်းသည်ဟူသော စကားမှာလည်း ဘုရားစေတီတို့တွင် တင်လှူထားသော ဆွမ်းတော်တင်ကို ခရီးသွား၊ စားရမဲ့၊ သောက်ရမဲ့ ပုဂ္ဂိုလ်များ စားသောက်လိုလျှင် ဤအတိုင်းစားသည်ထက် ဝေယျာဝစ္စလုပ်ကိုင်ပြီးမှ စားသင့်ကြောင်း ပြောဆိုခြင်းဖြစ်ပါသည်။ ဦးအောင်သက်တို့လို မိမိတို့ တစ်အိမ်လုံးစားသောက်မည့် ထမင်းဟင်းကို အားလုံး ဘုရားကိုလှူပြီးမှ စားသောက်ခြင်းမျိုးကား ရှားမှရှားသော စေတနာသဒ္ဓါမျိုးဖြစ်ပါသည်။ မည်သို့မျှ အပြစ်မဖြစ်ပါ။ အများအားဖြင့် စတိသဘောမျိုးသာ ပန်းကန်ငယ်၊ ခွက်ငယ်တို့ဖြင့် ဆွမ်းတော်တင်လေ့ ရှိကြသည်။ ရှိသမျှ ထမင်းအားလုံးကို လှူဒါန်းပြီးမှ စားသောက်ကြသည်ဟု သိရသဖြင့် သာဓုခေါ်မိပါသည်။

ဘုရားလက်ထက်က ပဏ္ဍိတသာမဏေအလောင်း ပဋိသန္ဓေယူသောအခါ မိခင်က ဘုရား၊ ရဟန္တာတို့အား လှူဒါန်းပြီးမှ ဆွမ်းကြွင်းဆွမ်းကျန်ကို စားလိုသော ချင်ခြင်းဖြစ်ကြောင်း၊ တန်ခိုးကြီးသော ရဟန္တာဖွားမြင်မည့် အတိတ်ဖြစ်၍ အလွန်ကောင်းမွန်ကြောင်း ဓမ္မပဒ အဋ္ဌကထာတွင် ပါပါသည်။ ရှေးဆရာတော်ကြီးများသည် ရသမျှ ဆွမ်းတော်တင်

www.dhammaransi.com

ဘုရားလှူပြီးမှ စားသောက်သောအလေ့ရှိပါသည်။ မန္တလေးတွင် စာသင်သားဘဝ စာသင်စဉ်က ဆွမ်းခံအပြန်သပိတ်ရော ဆွမ်းဟင်းအားလုံး မဟာမြတ်မုနိဘုရားတွင် တင်လှူပြီး အချိန်ရသမျှ တရားထိုင်ခဲ့၍ နောက်မှ သပိတ်ကို ပြန်စွန့်ယူပြီး စားသုံးခဲ့သော ဆရာတော်ကြီးများ ယခုအခါ သာသနာတော်တွင် ရှေ့တန်းရောက် ပုဂ္ဂိုလ်ကြီးများ ဖြစ်၍ နေကြပေပြီ။ ထို့ကြောင့် စားသောက်ဖွယ်အားလုံး လှူဒါန်းပြီးမှ စားခြင်း၊ မွေးကြိုင်လှပသော ပန်းများကို ဘုရားလှူပြီးမှ ပန်ဆင်ခြင်းတို့မှာ ကဲ့ရဲ့ဖွယ် မဟုတ်၊ ချီးမွမ်းဖွယ်၊ အတုယူဖွယ်သာဖြစ်ကြောင်း ဖြေကြားလိုက်ပါသည်။

*

## သိကြားမင်းနှစ်ဦး

**မေး။** ။ အရှင်ဘုရား၊

ဇာတက ကေနိပါတ် ကုလာဝကဇာတ်လာ မဃလုလင်မှ ဖြစ်လာသူ သိကြားမင်းမှာ ဘုရားလောင်းဖြစ်ကြောင်း ဆိုပါသည်။ ယခုလက်ရှိ တာဝတိံသာနတ်ပြည်ရှိ သိကြားမင်းလည်း မဃလုလင်မှ ဖြစ်လာသူဖြစ်၍ နာမည်တူ၊ အဖြစ်တူ ဖြစ်နေပါသည်။ ရှင်းပြစေလိုပါသည် ဘုရား။

ဒေါက်တာမြင့်စိုး၊ ရန်ကုန်မြို့။

**ဖြေ။** ။ ကုလာဝကဇာတ် (ဇာ-ဋ္ဌ ၁၊ ၂၁၄)တွင် မဂဓတိုင်း၊ ရာဇဂြိုဟ်အနီး

မစလရွာ မဃလုလင်အဖြစ်နှင့် သက္ကပဥှသုတ်အဖွင့် (ဒီ-ဋ္ဌ ၂၊ ၃၀၂)မဃမာဏဝ ဝတ္ထု (ယခုလက်ရှိ သိကြားမင်းအဖြစ်)မှာ အလုံးစုံတူနေပါသည်။ အမည်နှင့် ဖြစ်စဉ်သာမက သုဇာတာ၊ သုဓမ္မာ၊ သုစိတ္တာ၊ သုနန္ဒာ မိဖုရားကြီး လေးဦးအကြောင်း၊ သုဇာတာ ဗျိုင်းမကလေးဖြစ်သွားသည်တို့ပါ တူပါသည်။ သို့သော် ကုလာဝကဇာတ်လာ မဃလုလင်က ဂေါတမဘုရားလောင်းဖြစ်၍ ဘုရားဖြစ်ကာ နိဗ္ဗာန်စံဝင်သွားပါပြီ။ သက္ကပဥှသုတ်လာ မဃလုလင်က ယခု တာဝတိံသာနတ်ပြည်ရှိ သိကြားမင်း

ဖြစ်နေပါသေးသည်။ အဘယ်ကြောင့် ဤနှစ်ဦးဘဝမှာ တစ်ထပ်တည်း တူညီနေပါသနည်းဟု အမြဲပင် အမေးခံနေရပါသည်။ ၎င်းအတွက် ဖြေဆိုရန်မှာ မိဘလုပ်ကျွေးခြင်း၊ ကြီးမြင့်သူများ၌ ရိုသေခြင်း၊ မှန်ကန်စွာပြောဆိုခြင်း စသည့် သိကြားဖြစ်ကြောင်း ကျင့်ဝတ်ကောင်းများကို ကျင့်သုံးပုံ တူညီခြင်း၊ ကျေးရွာသန့်ရှင်းရေးပြုလုပ်ပုံ တူညီခြင်း စသည် သိကြားဖြစ်ကြောင်း ကုသိုလ်ကောင်းမှုများ ပြုလုပ်ပုံ မကွဲမပြား ဖြစ်နေမှု၊ တာဝတိံသာနတ်ပြည်တွင် ယင်းကုသိုလ်များ၏ အကျိုးကြောင့် ဥယျာဉ်၊ ဗိမာန်၊ ရေကန် စသည် ရရှိပုံတူညီမှု စသည်များနှင့် ရေးသားမှတ်တမ်းတင်ခဲ့သူ အဋ္ဌကထာဆရာမှာလည်း အရှင်မဟာဗုဒ္ဓဃောသ တစ်ပါးတည်းဖြစ်၍ အကြောင်းတူ၊ အကျိုးတူ သိကြားမင်းနှစ်ဦး၏ အဖြစ်ကို တစ်ထပ်တည်း မှတ်တမ်းပြုခဲ့ဟန်တူကြောင်း၊ ပါဠိတော်များ၊ အဋ္ဌကထာများ၏ ထုံးစံမှာလည်း အကြောင်းအရာတစ်ခု တူညီလျှင် ရှေးရှေးပါဠိအတိုင်း နောက်နောက်ပါဠိတွင် တစ်သဝေမတိမ်း အတူမှတ်တမ်းတင်တတ်ကြောင်း၊ ဘာဏကဆောင် (နှုတ်တက်ရွတ်ဆိုသူ) အရှင်မြတ်တို့ တူညီလျှင်လည်း တစ်ထပ်တည်းတူတတ်ကြောင်း ဖြေဆိုရပါသည်။

*

## ဘုန်းကြီးနှင့် အလုပ်အကိုင်

**မေး**။ ။အရှင်ဘုရား၊

ကျောင်းထိုင်ရဟန်းတော် တစ်ပါးသည် ဘုန်းကြီးကျောင်း တံတားပျက်စီးရာတွင် လက်သမားအလုပ်၊ ပန်းရန်အလုပ် ဝင်ရောက်လုပ်ကိုင်ရာ ဝိနည်းတော်အရ လုပ်သင့်၊ မလုပ်သင့် သိလိုပါသည်။ ဖြေကြားတော်မူပါဘုရား။

စိုးလွင်လွင်၊
ဝါးခယ်မမြို့။

ဖြေ။ ။ ရဟန်းတော်များ၌ အပ်စပ်သော နဝကမ္မ (အမှုသစ်၊ အလုပ်ကိစ္စသစ်)များရှိပါသည်။ ကျောင်းပြင်ခြင်း၊ ခြံစည်းရိုးကာခြင်း၊ ကျောင်းသွားတံတားခင်းခြင်း၊ ပြုပြင်ခြင်းများမှာ လုပ်သင့်သော နဝကမ္မများဖြစ်ပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးစ ရာဇဂြိုဟ်ပြည်တွင် ပထမသံဂါယနာတင်ရန် ကျောင်းကြီး ၁၈ရပ်ကို ရဟန်းတော်များ ပြင်ဆင်ကြရကြောင်း ဝိနည်းပါဠိတော်များတွင် ပါရှိပါသည်။ ကိုယ်တိုင်ငွေကြေးအလှူခံ၍ တည်ဆောက်လုပ်ကိုင်ခြင်းမျိုးသာ ဝိနည်းတော်အရ မအပ်စပ် မလျော်ကန်ဖြစ်ရလေသည်။

*

## ပဟေဠိကဗျာ

မေး။ ။ အရှင်ဘုရား၊

"ထောင်တန်တစ်ဆယ်၊ ရာတန်တစ်ဆယ်၊ ဝယ်သူကရှား၊ ဘယ်မင်းဘုရား ဈေးဆိုင်နည်း"ဟူသော ပထမရွှေကျင် ဆရာတော်ကြီး၏ သြဝါဒကထာ အဓိပ္ပာယ်ကို သိလိုပါသည်။

ဦးသိန်းမြင့်၊ ကျောက်ပန်းတောင်း။

ဖြေ။ ။ ထောင်တန်ပစ္စည်းနှင့်တူသော ဘုရားပစ္စေကဗုဒ္ဓါဆု၊ ရာတန်ပစ္စည်းနှင့်တူသော အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကဆုတို့ကို ပါရမီ ၁၀ ပါး၊ တရားတော်များကို ကျင့်သုံး၍ အရယူရမည်ကို ကျင့်သုံးရယူသူရှားသည်ဟု ဆိုလိုဟန်တူပါသည်။ ဒကာဦးသိန်းမြင့်မေးသော ပဟေဠိကဗျာကဲ့သို့ပင် "ထောင်တန်တစ်ဆယ်၊ ရာတန်တစ်ဆယ်၊ တွေ့တိုင်းဝယ်သည်၊ ဘယ်ပြည်ဘယ်ရွာ ဈေးနှုန်းနည်း။ ။ ဖိုးတစ်ဆယ်နှင့်၊ ဝယ်သူသာရှား၊ ရောင်းသူများသည်၊ တိုင်းကားဘယ်ပြည်ဘယ်ရွာနည်း"ဟု တွေ့ဖူးပါသေးသည်။ ဖော်ပြပါအဓိပ္ပာယ်ပင် ဖြစ်ပါသည်။ ဤခေတ်၊ ဤပြည်၊ ဤရွာတို့တွင် ရောင်းသူပမာ ဟောကြားပြသ

သော ဆရာသမားများ ပေါများသော်လည်း ဝယ်သူပမာ ကျင့်သုံးလိုက်နာ သူ ရှားလှသည်ဟု ဆိုလိုရိပ်ပေါ်ပါသည်။

*

## ငါးပါးသီလ တစ်နေ့တာကိစ္စ

**မေး။** ။အရှင်ဘုရား၊

နံနက်အိပ်ရာထတွင် ငါးပါးသီလကို မခံယူမိ။ သို့သော်လည်း ညအိပ်ရာဝင်သော် ငါးပါးသီလ မကျူးလွန် မဖောက်ဖျက်မိခြင်းကို စစ်ဆေးမိ၏။ ထိုနေ့သည် ငါးပါးသီလစောင့်ထိန်းခြင်းကိစ္စ ပြီးမြောက်ပါသလား ဘုရား။

ကိုလေး၊ ပုသိမ်။

**ဖြေ။** ။ သရဏဂုံဖြစ်စေ၊ ငါးပါးသီလဖြစ်စေ တစ်ကြိမ်ခံယူထားပြီး မပျက်စီးမကျူးလွန်ပါက အမြဲတမ်း သရဏဂုံငါးပါးသီလနှင့် ပြည့်စုံနေသူဖြစ်ပါသည်။ မပျက်စီး မလွန်ကျူးသော်လည်း ကုသိုလ်ပွားရန် အကြိမ်ကြိမ်နေ့စဉ်နေ့တိုင်း ခံယူဆောက်တည်နေခြင်းဖြစ်၍ ခံယူမိသောနေ့ပင်ဖြစ်စေကာမူ ကျူးလွန်ဖောက်ဖျက်မိခြင်းမရှိက သီလဗ္ဗဲ တည်သူသာဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

*

## စိတ်ရိုင်းကို ယဉ်ကျေးစေရန်

**မေး။** ။အရှင်ဘုရား၊

ရိုသေစွာ စာရေးမေးလျှောက်ပါသည် ဘုရား။ တပည့်တော်သည် ဘုရားရှိခိုးသည့်အခါတွင် ဘုရားကို အာရုံပြု၍ မရပါ။ ဖွတ်အတင်း အာရုံပြုကြည့်ပါသည်။ ခဏသာရပါသည်။ စိတ်ကိုတင်းပြီး ပြုလုပ်ပါသည်။ ဘုရားစာများကို ဆိုသာဆိုသွားပါသည်။ စိတ်က ဟိုရောက်လိုက်၊ သည်ရောက်လိုက် ဖြစ်နေပါသည်။ စိတ်ကိုအတတ်နိုင်ဆုံး ငြိမ်အောင်ထား

ပါသည်။ ပုတီးစိပ်သည့်အခါတွင် ဘုရားကိုအာရုံပြုသော ပြုနေရသည်။ ဂုဏ်တော်များသာ ရွတ်၍ ပြီးသွားသည်။ ဘာမျှသိပ်မသိလိုက်။ တပည့်တော် ဝိပဿနာအလုပ်ကို မဝင်ဖူးပါ။ မဝင်တာလည်း အဲသည်လိုဖြစ်မှာ စိုးရိမ်လို့ပါ။ အရှင်ဘုရားမှ သနားကြင်နာစွာဖြင့် ဖြေကြားပေးတော်မူပါ။

မှိုင်း၊ ရန်ကုန်။

**ဖြေ။** ။ စိတ်ကိုအမြဲလွှတ်ထားသဖြင့် ရိုင်းချင်တိုင်း ရိုင်းနေခြင်းဖြစ်သည်။

ထိန်းသိမ်းမရသော နွားဆိုးနွားမိုက်အား ကြိုးဖြင့် ချည်တိုင်တွင် ချည်နှောင်၍ ဆုံးမရသကဲ့သို့ ရိုင်းနေသော စိတ်ကို ဝိပဿနာဖြင့်သာ ဆုံးမပေးသင့်သည်။ ဝိပဿနာအားထုတ်လျှင် မည်မျှထိန်းသိမ်းမရသော စိတ်ပင်ဖြစ်စေ သုံးလေးရက်အတွင်း ထိန်းသိမ်း၍ ရသွားသည်။ ငြိမ်သက်၍ သမာဓိရသွားသည်။ ထိုအခါတွင် ဖြစ်မှုပျက်မှုများပါ မြင်လာသည်အထိ သူ့အလိုအလျောက် ယဉ်ကျေး၍ သွားလိမ့်မည်။ မည်သည့်ဝိပဿနာနည်းပဲဖြစ်ဖြစ် ဝင်ရောက်အားထုတ်ကြည့်သင့်ကြောင်း အကြံပေး ဖြေကြားအပ်ပါသည်။

*

## သံဃာဒိသေသ်အာပတ်

**မေး။** ။ အရှင်ဘုရား၊

သံဃာဒိသေသ် အာပတ်သင့်သော ရဟန်းသည် ပရိဝါသ်မာနတ်ဆောက်တည်ခြင်း စသောကျင့်ဝတ်တို့ကိုမပြုဘဲ လူဝတ်လဲသိက္ခာချပြီး နောက်တစ်ဖန် ရဟန်းခံသော် ပထမသင့်ခဲ့သော အာပတ်တို့ပြန်ပြီး ပါမပါ၊ သင့် မသင့် ဖြေကြားပေးတော်မူပါ ဘုရား။

အရိယဝံသ၊ ဥတ္တမသာရ၊
ပန်းတောင်းမြို့။

www.dhammaransi.com

**ဖြေ**။ ။ "ရဟန်းခံ၍ ရဟန်းဖြစ်သောအခါ သင့်သောအာပတ်ကို မကုစားဘဲ သိက္ခာချ၍ လူထွက်ပြီးမှ တစ်ဖန်ရဟန်း ပြန်ခံသော ပုဂ္ဂိုလ်မှာ ပထမရဟန်းဖြစ်စဉ်က သင့်သောအာပတ်သည် သိက္ခာချ၍ လူထွက်နေခိုက် သီလမရှိ၍ ကင်းနေပါသည်။ သို့သော်လည်း တစ်ဖန် ရဟန်းခံသဖြင့် ရဟန်းသီလ တည်သောအခါ၌ သင့်ပြီးခဲ့သော အာပတ်သည် ဒေသနာ မကြားသမျှ မထဘဲ တည်မြဲတည်ပြန်သည်။ ထို့ကြောင့် ပထမရဟန်းခံတုန်းက သံဃာဒိသေသ် သင့်ခဲ့လျှင် လူထွက်၍ ရဟန်းခံပြန်သောအခါ သင့်မြဲသင့်နေသဖြင့် ပရိဝါသ်မာနတ်ဝုဋ္ဌာနကံဖြင့်ကုမှ စင်ကြယ်နိုင်သည်။ "ပုဗ္ဗေ အာပန္နာပတ္တိကော ဥပ္ပဗ္ဗဇိ္ဇ တဿပိ န ပဋိပ္ပဿမ္ဘတိ ဟူ၍လည်းကောင်း၊ ဥပသမ္ပန္နော ဘိက္ခု အန္တိမသော ဒုက္ကဋသိတမ္ပိ အာပဇ္ဇိတွာ အပရဘာဂေ ဝိဗ္ဘမိတွာ အာဂတော ဥပသမ္ပဇ္ဇတိ၊ တံ အာပတ္တိံ ဒေသေတွာဝ သုဇ္ဈတိ၊ နညထာတိ" ဟူ၍လည်းကောင်း ဝဇိရဗုဒ္ဓိဋီကာ၌ ဆိုထားပေသည်။

*

## မာတုဂါမ

**မေး**။ ။ အရှင်ဘုရား၊

ဒါယိကာ၊ ဥပါသိကာများ၌ မ ထည့်၍ ဒါယိကာမ၊ ဥပါသိကာမ ဟု ခေါ်ဆိုသကဲ့သို့ မာတုဂါမ၌လည်း မာတုဂါသဒ္ဒါ၌ မိန်းမဖြစ်၍ မ ထည့်ကာ မာတုဂါမဟု ခေါ်ဆိုခြင်း ဖြစ်ပါသလား။ မူလရင်းကပင် မာတုဂါမသဒ္ဒါ ဖြစ်ပါသလား။ ဖြေကြားရှင်းလင်းစေလိုပါသည် ဘုရား။

ရှင်သုဇာတ၊ လားရှိုးမြို့။

**ဖြေ**။ ။ မာတုဂါမသဒ္ဒါသည် ဒါယိကာ၊ ဥပါသိကာသဒ္ဒါများတွင် မ ထည့်၍ ခေါ်သကဲ့သို့မဟုတ်။ မူလရင်းကပင် မာတုဂါမသဒ္ဒါဖြစ်ပါသည်။ "တီဟိ ဘိက္ခဝေ သမန္နာဂတော မာတုဂါမော" စသည်ဖြင့် မာတု

www.dhammaransi.com

ဂါမသံယုတ် ပါဠိတော်၌ တိုက်ရိုက်ရှိပါသည်။ မာတုဂါမော၊ မာတုဂါမ သည်ဟု သဒ္ဒါအားဖြင့် ပုလ္လိင်ဖြစ်သည်။ မိခင်ကဲ့သို့ အလားတူသော၊ မိခင်နှင့် အနွယ်တူဖြစ်သောဟု အဓိပ္ပာယ်ရှိသဖြင့် ရဟန်းတော်များအဖို့ မာတုဂါမဟု သုံးနှုန်းခြင်းဖြင့် ဗြဟ္မစရိယ မညစ်နွမ်းသော အကျိုးရှိပါ သည်။

*

## ဇီဝိတဒါနကုသိုလ်

**မေး။** ။ အရှင်ဘုရား၊

မီးအလင်းရောင်ဖြင့် စာကျက်နေစဉ် မီးရောင်အတွင်းသို့ ပိုးကောင် ငယ်များ လာရောက်ကြရာ ပိုးကောင်စား သတ္တဝါတစ်ကောင် စားရန် အလာ မစားရန်တားမြစ်မိပါသည်။ ထိုအတွက် အဘယ်အကုသိုလ် အပြစ် ထိုက်ပါသနည်း။ အဘယ်ကုသိုလ်အကျိုး ရရှိပါသနည်း။ ဖြေကြားစေလို ပါသည် ဘုရား။

ဦးပညာဒီပ

ကျောက်ပန်းတောင်းမြို့။

**ဖြေ။** ။ ကျားစားမည့်ဆဲဆဲ သမင်အား ကယ်ဆယ်ခြင်း၊ ကြွက်ခုတ်မည့် ကြောင်အား မောင်းနှင်ပစ်ကာ ကြွက်ကိုကယ်ဆယ်ခြင်း၊ မြွေကိုက် နေသောဖားကို လွတ်စေခြင်း စသည်တို့မှာ ဇီဝိတဒါနဖြစ်သဖြင့် လွန်စွာ ကုသိုလ်ဖြစ်သည်။ တောလမ်းခရီးတွင် ထောင်ထားသော ပိုက်ကွန်၊ ရေတွင်မြှုပ်ထားသော (ငါးထောင်သည့်) မြှုံး၊ ငှက်မိနေသော လှောင်ချိုင့် တို့ကိုတွေ့လျှင် ဖျက်ဆီးဖော်ထုတ် ဖွင့်လွှတ်ခြင်းတို့ကို လုပ်သင့်ကြောင်း ကျမ်းစာ (အဘိ-ဋ္ဌ ၁၊ ၁၂၂)တို့တွင် ဆိုထားပေသည်။ ဇာတ်တော်တို့တွင် ဂဠုန်လိုက်၍ ပြေးလာသောနဂါးလုလင်အား ဘုရားလောင်းရသေ့ ကယ် တင်ခြင်း၊ ဒုကနိပါတ ဥရဂဇာတ် (ခု ၅၊ ၃၇)၊ ဓမ္မပဒ ဝတ္ထုတွင် အဝရုဒ္ဓက

ဘီလူးစားတော့မည့် သူငယ်အား ဘုရားကိုယ်တိုင် ကယ်တင်သော အာယု ဝမုန သတို့သားဝတ္ထု စသည်တို့ကို သာဓကယူသင့်၏။

ထို့ကြောင့် ပိုးကောင်တို့အား စားရန်လာသည့် အိမ်မြှောင် စသော သတ္တဝါတို့အား "သင်တို့အား ပါဏာတိပါတ မဖြစ်ရန် ငါတားမြစ်သည်။ ပိုးကောင်ငယ်တို့အားလည်း သင်တို့အသက်ကို ငါကယ်ဆယ်သည်"ဟုဆို၍ တားမြစ်ခြင်း၊ အသက်မသေစေခြင်းတို့အတွက် အကုသိုလ်ပြစ်မဖြစ်။ လွန်စွာ ကုသိုလ်ဖြစ်သည်ဟု မှတ်သားသင့်ပါသည်။

*

## စတီးသပိတ်

**မေး။** ။အရှင်ဘုရား၊

သပိတ်အရောင်နှင့် ပတ်သက်သော ဝိနည်းပညတ်ချက် ရှိပါသလားဘုရား။ ယခုခေတ်ပေါ်နေသော (မည်သည့် အရောင်မျှ မဆိုးသော) စတီးသပိတ်ကို ကိုင်ဆောင်သင့်ပါသလား ဘုရား။

ရှင်ဝိသုဒ္ဓ၊ မန္တလေး။

**ဖြေ။** ။ ခုဒ္ဒသိက္ခာတွင် "ဒါရု ရူပိယ သောဝဏ္ဏာ၊ မဏိဝေဠု ရိယာ

မယာ"စသော အကပ္ပိယ သပိတ်များဆိုင်ရာဂါထာရှိရာ သစ်သား၊ ငွေ၊ ရွှေ၊ ပတ္တမြား၊ ကြောင်မျက်ရွဲ၊ ကြေးဖြူ၊ စဥ့်၊ သလွဲဖြူ၊ သလွဲမည်း၊ ဖန်၊ ကြေးနီ စသည်မအပ်သော သပိတ်တို့ကို ပြထားသည်။ စားသောက်ခွက် (ထာလက) နေရာ၌ "တမ္ဗာယော မတ္တိကာမယာ"စသည်ဖြင့် ကြေးနီခွက်၊ သံခွက်၊ မြေခွက်တို့ အပ်ကြောင်းဆိုသည်။ သပိတ်၌ မြေသံတို့အပ်သည်ဆိုရာ၌ မီးဖုတ်၍ သုံးဆောင်ရကြောင်း၊ သံသပိတ်၌ပင် အနည်းဆုံး နစ်ကြိမ်ဖုတ်ရကြောင်း ဆိုသဖြင့် မည်းနက်သော အရောင်ရှိမှ သပိတ်အင်္ဂါမြောက်သည်ဟု ဆိုသင့်ပါသည်။ အထက်ပါတို့ကိုထောက်ဆ၍ စတီးသပိတ်မှာ သံခွက်အနေဖြင့် ဆွမ်းဘောဇဉ်များထည့်၍ စား

www.dhammaransi.com

သောက်နိုင်သော်လည်း သပိတ်အဖြစ် အဓိဋ္ဌာန်တင်၍ သုံးဆောင်ခြင်း၊ ဆွမ်းခံခြင်း စသည်တို့၌ ယင်းစတီးသပိတ် ဖြစ်နိုင်၊ မဖြစ်နိုင် စဉ်းစားဆင်ခြင်စရာပင် ဖြစ်ပါသည်။

*

## ပန်းစသည် လှူဒါန်းခြင်း

**မေး**။ ။အရှင်ဘုရား၊

မြတ်စွာဘုရားအား ရည်မှန်း၍ သောက်တော်ရေချမ်းနှင့် ဆွမ်း, သစ်သီး စသော ဘောဇဉ်များ လှူဒါန်းကြသည်ကို လွယ်ကူစွာ သဘောပေါက်နိုင်သော်လည်း ပန်း,ဆီမီး,အမွှေးတိုင်ကဲ့သို့ (ပစ္စည်းလေးပါးတွင်လည်း မဝင်၊ ပရိက္ခရာလည်း မဟုတ်သော) ပစ္စည်းများဖြင့် ပူဇော်ခြင်းများကို သဘောမပေါက်ပါသဖြင့် သိလွယ်အောင် ရှင်းပြပေးပါရန်နှင့် အဆိုပါဓလေ့များ မည်သည့်ကာလလောက်က စတင်ပေါ်ထွန်းခဲ့ကြောင်း ဖြေကြားပေးပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

ဦးလှမြင့်၊ ရန်ကုန်။

**ဖြေ**။ ။ ဒါနဝတ္ထုသည် ဝိနည်းအလို ဆွမ်းသင်္ကန်းကျောင်းဆေးဟူ၍ လေးမျိုး။ အဘိဓမ္မာအလို ရူပ–အဆင်း၊ သဒ္ဒ–အသံ၊ ဂန္ဓ–အနံ့၊ ရသ–အရသာ၊ ဖောဋ္ဌဗ္ဗ–အတွေ့၊ ဓမ္မ–တရားတော် (ဓမ္မဒါန)ဟူ၍ ခြောက်မျိုး သုတ္တန်အလို အန္န–ထမင်း(ဆွမ်း)၊ ပါန–အဖျော်၊ ဃရ–ကျောင်း၊ ဝတ္ထ–အဝတ်၊ ယာန–ယာဉ်၊ မာလာ–ပန်း၊ ဝိလေပန–နံ့သာ၊ ဂန္ဓ–အမွှေး၊ သေယျ–အိပ်ရာနေရာ၊ ပဒီပ–ဆီမီးဟူ၍ ၁၀ မျိုးရှိပါသည်။ (အန္န ပါန ဃရ ဝတ္ထ စသည်ဖြင့် အလှူဝတ္ထု ၁၀ မျိုး ပါဠိဂါထာ သီးခြားဟောတော်မူချက် ရှိပါသည်။) ပန်းဆီမီးစသည်တို့ကို မြတ်စွာဘုရားလက်ထက်ကပင် လှူဒါန်းသော အလေ့ရှိကြောင်းကို ဓမ္မပဒဝတ္ထုများ၌ အနာထပိဏ်သူဌေးကြီး၊ ဝိသာခါကျောင်းအမကြီးတို့သည် နံနက်ပိုင်းတွင် ဆွမ်း စသည်

လှူဒါန်း၍ ညနေပိုင်းတွင် ပန်း၊ ဆီမီး စသည် လက်တွင် ကိုင်ငင်၍ ကျောင်းတော်သို့ သွားရောက်လှူဒါန်းလျက် တရားတော်ကို နာယူကြကြောင်း များစွာပါရှိပါသည်။ ထို့ထက်ရှေးကျစွာ သုမေဓာရှင်ရသေ့ နိယတဗျာဒိတ်ပန်း ဆင်မြန်းစဉ်က ဒီပင်္ကရာမြတ်စွာဘုရားအား ကြာငါးခိုင် လှူဒါန်းကြောင်းလည်း ဗုဒ္ဓဝင်တွင် ထင်ရှားပါသည်။ ထို့ကြောင့် ပန်း စသည် လှူဒါန်းခြင်းမှာ ဗုဒ္ဓသာသနာတော်၏ဓလေ့ထုံးစံပင် ဖြစ်ကြောင်း မှတ်သားသင့်ပါသည်။

*

## ရဟန်းလောင်းခွင့် တောင်းခြင်း

**မေး**။ ။အရှင်ဘုရား၊

တပည့်တော် ဒုလ္လဘရဟန်းခံမည်ပြုရာ ဥပဇ္ဈာယ်ပြုမည့် ဆရာတော်က ခွင့်တောင်းရန် မိဘရှိသေးသလားဟုမေး၍ ဇာတိအရပ်မှာ အမေရှိသေးကြောင်း၊ ခရီးအလှမ်းဝေးကွာကြောင်း အတူနေ သားမယားများက အခွင့်ပေးလျှင် မဖြစ်နိုင်ဘူးလားဟု မေးလျှောက်ရာ မဖြစ်နိုင်။ မိခင်ထံမှ အခွင့်ရမှ ရဟန်းပြုရမည်ဟု မိန့်ကြားပါသည်။ ထိုအတိုင်း ဟုတ်မှန်ပါသလား၊ ဖြေရှင်းဆုံးဖြတ်ပေးတော်မူပါ အရှင်ဘုရား။

မောင်မောင်စိန်

ဒုလ္လဘအသင်း၊ ရန်ကုန်။

**ဖြေ**။ ။ မိဘတို့အား ရဟန်းသာမဏေပြုလိုသူတို့ ခွင့်ပန်ရန် အဆုံးအဖြတ်ကို ဝိ– ၄၊ ၃၊ ၂၄၂ ၌ ပြဆိုရာ မိဘနှစ်ဦးရှိလျှင် နှစ်ဦးလုံးတို့ကို၊ တစ်ဦးသာရှိလျှင် တစ်ဦးကို ပန်ကြားရကြောင်း၊ နှစ်ဦးစလုံးမရှိလျှင် မိထွေး ဘထွေးစသည်တို့အား မပန်ကြားမူ၍ ရဟန်းသာမဏေပြုလျှင် အာပတ်မသင့်သော်လည်း ပြဿနာမပွားစေရန် ပန်ကြားအပ်ကြောင်း စသည်ပြဆို၏။ ဇနီးမယား စသည်ကိုကား ပန်ကြားဖွယ်မလို။ ဓမ္မပဒ

စက္ခုပါလဝတ္ထုတွင် 'သင့်မှာ ပန်ကြားစရာ တစ်စုံတစ်ယောက် ရှိပါ သလော'ဟု မြတ်စွာဘုရားကမေး၍ ညီငယ်တစ်ဦးရှိကြောင်း လျှောက် လျှင် 'သွား၍ပန်ကြားဦးလော့'ဟု မိန့်တော်မူကြောင်း ဆို၏။ ဤအလို ရဟန်းလောင်းသည် ညီအစ်ကိုသာ ရှိလျှင်လည်း ဉာတိဖြစ်၍ ပန်ကြားအပ် ကြောင်းကို ပြဆိုပါသည်။ ထို့ကြောင့် နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ မိဘရှိလျှင် ပန်ကြားရမည်သာဖြစ်ကြောင်း သိစေအပ်ပါသည်။

*

## သိမ်ပျက်ခြင်း မပျက်ခြင်း

**မေး**။ ။ အရှင်ဘုရား၊

နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သော သိမ်ပျက်ကြီး၏ဘေးတွင် ပန္နက်တိုင်(သိမ်တိုင်)များ ရှိနေသေးလျှင် ထိုသိမ်ဆောက်ထားသော မြေ နေရာသည် သိမ်မြေဟူ၍ တည်နေပါမည်လား၊ ထိုနေရာသို့ ဖိနပ်စီးသွား လျှင် မည်သို့အပြစ်သင့်ပါသနည်း။ သိသာအောင် ဖြေကြားပေးစေလိုပါ သည် ဘုရား။

မောင်မင်းနိုင်

သံတွဲခရိုင်၊ ရခိုင်။

**ဖြေ**။ ။ သိမ်ဟူ၍ သမုတ်လိုက်လျှင် သိမ်သမုတ် ကမ္မဝါစာအဆုံး၌ နိမိတ် သိမ်တိုင်များအတွင်း မြေသည် မြေအဆုံး၊ ရေအဆုံးတိုင် သိမ် အဖြစ် တည်၍သွားကြောင်း၊ ယင်းသိမ်သည် ကမ္မဝါစာဖြင့် မနုတ်မချင်း သာသနာတော်တည်သရွေ့ မပျက်မစီးတည်နေကြောင်း (ဝိ၊ ၃ ၂၇၀)၌ ဖွင့်ဆိုထားသဖြင့် သိမ်တိုင်အတွင်းမြေနေရာသည် သာသနာတော် မကွယ် မချင်း သိမ်မြေပင်ဖြစ်နေပါသည်။ ဖိနပ်စီးမှု မစီးမှုမှာ သိမ်ကို ရိုသေမှု၊ မရိုသေမှုပေါ်မှာ တည်နေသဖြင့် အပြစ်ရှိ မရှိ မှန်းဆသိသာနိုင်ပါသည်။

*

## လူလိမ္မာ သူတော်ကောင်းဖြစ်ရန်

**မေး။** ။ အရှင်ဘုရား၊

လူတစ်ယောက်အဖို့ အလိမ္မာနှင့် ပြည့်စုံသော သူတော်ကောင်း ဖြစ်ဖို့ရန်အတွက် ပတိရူပဒေသဝါသနှင့် သပ္ပုရိသ သံသေဝ ဤနှစ်မျိုး တွင် မည်သည်ကပို၍ အရေးကြီးပါသလဲဘုရား၊ ဘုရားတပည့်တော်နှင့် လူအများ သိထင်ရှားအောင် ဖြေကြားမိန့်တော်မူပါဘုရား။

ပြည့်တိုးအောင်၊ နွယ်အေး၊ ဒေါပုံ။

**ဖြေ။** ။ လူတစ်ယောက်အဖို့ လူလိမ္မာသူတော်ကောင်းဖြစ်ဖို့ရန် ဖော်ပြပါ အချက်နှစ်ချက်လုံးပင် အရေးကြီးပါသည်။ ပတိရူပဒေသဝါသ ဟူသော သူတော်ကောင်းတရားထွန်းကားရာအရပ်နှင့် သပ္ပုရိသသံသေဝ ဟူသော သူတော်ကောင်းတို့နှင့် ပေါင်းသင်းရေးတို့မှာ လွန်စွာလိုအပ်လှပါ သည်။ လောကတွင် စက်လေးပါးဟူ၍ ရှိပါသည်။ (၁) ပုဗ္ဗေစကတပုည တာ ရှေး၌ပြုဖူးသော ကောင်းမှုရှိသူသည်၊ (၂) ပဋိရူပဒေသာဝါသ မိမိနှင့် သင့်တင့်လျောက်ပတ်သော သူတော်ကောင်းတရား ထွန်းကားရာ၊ ဖွံ့ဖြိုးတိုးတက်ရာ မြို့ရွာဒေသတို့၌နေလျက်၊ (၃) သပ္ပုရိသူပနိဿယ ပညာရှိသူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ကာ၊ (၄) အတ္တသမ္မာပဏိဓိ မကောင်းသောအမှုကို ပယ်စွန့်၍ ကောင်းသောအမှုကို ပြုလုပ်ခြင်း၌ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ပါမှ လူလိမ္မာ သူတော်ကောင်း ဖြစ်နိုင် ကြောင်း ကျမ်းဂန်တို့၌ လာရှိပါသည်။

*

## ဥပုသ်သည်နှင့် ပန်းနံ့သာ

**မေး။** ။ အရှင်ဘုရား၊

ဗုဒ္ဓဘာသာ အမျိုးကောင်းသမီး တစ်ဦးအနေဖြင့် ဥပုသ်နေ့တွင် ဥပုသ်သီလမခံယူမီ ကြိုတင်၍ ပန်းပန်ခြင်း၊ မိတ်ကပ်လိမ်းခြယ်ခြင်း၊

www.dhammaransi.com

နှုတ်ခမ်းနီဆိုးခြင်း စသည်ပြုပြီးထားပြီးမှ ဥပုသ်သီလအပြည့်အစုံကို ခံယူဆောက်တည်ပါက အပြစ် ဖြစ်နိုင်ပါသလားဘုရား။

မောင်အန်းကူ၊ ရန်ကုန်။

**ဖြေ။ ။** 'မာလာဂန္ဓ ဝိလေပန ဓာရဏမဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ'ဟူသော သိက္ခာပုဒ်၌ ဋ္ဌာနသဒ္ဒါပါရှိရာ ထိုဋ္ဌာနသဒ္ဒါသည်အကြောင်းတရားကိုဟောသဖြင့်လှပခြင်း၏အကြောင်းဖြစ်သော ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း စသည်တို့ကိုသာ ရှောင်ကြဉ်ရမည်ဖြစ်၍ သီလမခံယူမီက ပန်းပန်ခြင်းစသည်ပြုလုပ်လာမှုကို မတားမြစ်ပါ။ သီလခံယူပြီးမှသာ ပန်းပန်ခြင်း စသည်ကို တားမြစ်သဖြင့် ကြိုတင်၍ အိမ်ကပြုပြင်လာမှုမှာ အပြစ်မရှိ။ သီလခံယူခါနီးတွင် ဖျက်ပစ်ရန်မလို၊ ခံယူပြီးလျှင်သာ လုံးဝ မပြုလုပ်ရန်လိုပါသည်။

*

## အန္တရာယ်ကင်းဂါထာနှင့် တန်ခိုး

**မေး။ ။** အရှင်ဘုရား၊

အန္တရာယ်ကင်းဂါထာများကို ရွတ်ဆို၍ အန္တရာယ်ကင်းရခြင်းသည် ဂါထာပါ စာလုံး အက္ခရာများက တန်ခိုးရှိနေ၍လော၊ ဂါထာ၏ အဓိပ္ပာယ် (ဘုရား၊ တရား၊ သံဃာ)တို့က တန်ခိုးရှိနေ၍လော သိလိုပါသည်ဘုရား။

ဦးဘမောင်၊ သာကေတ။

**ဖြေ။ ။** အန္တရာယ်ကင်းဂါထာ (ဥပမာ သမ္ဗုဒ္ဓေဂါထာ)၌ သမ္ဗုဒ္ဓဘုရားပေါင်း ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူတို့နှင့် ထိုဘုရားရှင်များ ဟောကြားသော တရား၊ ထိုဘုရားရှင်တို့၏ တပည့်သံဃာ ရဟန္တာတို့၏ တန်ခိုးတေဇော်အာနုဘော်၊ ထို့မျှမက ဂင်္ဂါဝါဠုသဲစုမက များပြားလှသော ဘုရားရှင်များနှင့် ထိုဘုရားရှင်တို့၏ တရားသံဃာ

www.dhammaransi.com

ရတနာတို့၏ အာနုဘော်၊ မေတ္တာတော်၊ တန်ခိုးတော်တို့ကြောင့် အန္တရာယ် ဟူသမျှ ကင်းပကွယ်ပျောက်ပါစေဟု ဆိုလိုရာ ဘုရားတစ်ဆူကို ရှိခိုးရ၊ ကြည်ညိုရခြင်းသည်ပင် မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတို့ကို မျက်မှောက်ပြုနိုင်သဖြင့် (အသောကမင်းကြီး၏ မိဖုရားကြီး အသန္ဓိမိတ္တာသည် ကရဝိက်ငှက်အသံကို နားထောင်၍ တိရစ္ဆာန်ငှက်အသံပင် ဤမျှသာယာလျှင် မြတ်စွာဘုရားအသံတော်ဆိုက ပြောဖွယ်ရာမရှိဟု အသံတော်ကို မှန်းဆကြည်ညို၍ သောတာပန် ဖြစ်ရသည်ကို ထောက်ဆ၍) သာမည မျက်မှောက် ဘေးအန္တရာယ်ကင်းရုံမျှ ဆုတောင်းခြင်းကြောင့် ဘေးကင်းရခြင်းမှာ နည်းပင် နည်းပါသေးသည်။ စကြာမင်းအဖြစ်၊ ဧကရာဇ်မင်းအဖြစ် ရနိုင်ပါလျက်နှင့် မပြောပလောက်သော အသပြာတစ်ထောင်မျှလောက်၊ နိဗ္ဗာန်တိုင်အောင် အကျိုးရနိုင်ပါလျက် မျက်မှောက် အန္တရာယ်ကင်းရုံမျှလောက် ဆုတောင်း၍ အန္တရာယ်ကင်းရသည်မှာ မထူးဆန်းတော့ပါ။ ဤသည်ကို ထောက်၍ အန္တရာယ်ကင်းဂါထာတို့ကြောင့် အန္တရာယ်ကင်းရပုံကို သိသာနိုင်လောက်ပါသည်။

*

## သေရည်သောက်သူနှင့် ရောင်းသူ

**မေး။** ။ အရှင်ဘုရား၊

တပည့်တော်သည် သေရည်သေရက် သောက်သူများနှင့် သေရည်သေရက်ဆိုင်များ အများအပြား တွေ့ခဲ့ဖူးပါသည်။ သေရည်သေရက်သောက်သူများ သုရာမေရယကံ ထိုက်သည်ဆိုတာကတော့ စာပေများ၌ တွေ့ဖူးပါသည် ဘုရား။ သေရည်သေရက် ရောင်းသူများမှာမူ အဘယ်ကံ ထိုက်၍ အဘယ်အပြစ်များ ရပါသလဲဘုရား။ တပည့်တော် မရှင်းမလင်း ဖြစ်နေပါ၍ ဖြေကြားပေးစေချင်ပါသည်ဘုရား။

ရဲဝင်းနိုင်၊ မလှိုင်မြို့နယ်။

**ဖြေ**။ ။ ဗုဒ္ဓစာပေများတွင် ဥပါသကာတို့မရောင်းရသော ကုန်ငါးပါးဟူ၍ ရှိပါသည်။ ယင်းမှာ (၁) သတ္တဝါဏိဇ္ဇ–လက်နက်ရောင်းခြင်း၊ (၂) သတ္တဝါဏိဇ္ဇ–လူကို ရောင်းခြင်း၊ (၃) မံသဝါဏိဇ္ဇ–ကြက်၊ ဝက် စသော အသားရောင်းခြင်း၊ (၄) မဇ္ဇဝါဏိဇ္ဇ–အရက်စသော ယစ်မျိုးရောင်းခြင်း၊ (၅) ဝိသဝါဏိဇ္ဇ–အဆိပ်ဆေးရောင်းခြင်း။ ဤကုန် ၅ မျိုးကို ရောင်းချ၍ စီးပွားရှာသူများမှာ ဥပါသကာဂုဏ် ပျက်ယွင်း၍ အကုသိုလ် အမြဲ တိုးပွားနေသူများ ဖြစ်ကြသည်။ သူတော်ကောင်းစာရင်းမှ ပယ်ဖျက်ခံရသူများဖြစ်၍ ထိုကုန်ငါးမျိုး ရောင်းချ စီးပွားရှာသူများအား ဘုရားဂေါပက ဘဏ္ဍာတော်ထိန်းလူကြီး စသော ရွေးကောက်ပွဲများမှပင် အပယ်ခံကြရပါသည်။

❋

## ဒက္ခိဏသာခါ ဘုရား

**မေး**။ ။ အရှင်ဘုရား၊

ဒက္ခိဏသာခါဘုရားသည် မည်သည့် အချိန်က ပွင့်တော်မူသော ဘုရားပါလဲဘုရား။ ဤရုပ်ပွားတော်ကို ကိုးကွယ်သူများက မီးကွင်းသည်၊ လာဘ်ပေါ်များသည်ဟု ပြောကြပါသည်။ ဤသည်မှာ အမှန်ပါပဲလားဘုရား။ ဘာကြောင့် ဤသို့ မီးကွင်းရပါသလဲ။ ဂေါတမဘုရားကဲ့သို့ သဗ္ဗညုဘုရားရှင်ကော ဟုတ်ပါသလား။ ဤဒက္ခိဏသာခါရုပ်ပွားတော်များကို အိမ်အများစုမှာ ကိုးကွယ်၍ စေတီပုထိုးများတွင် မတွေ့ရခြင်းမှာ ဘာကြောင့်ပါလဲဘုရား။ ဤဒက္ခိဏသာခါ ဘုရားရုပ်ပွားတော်များကို ကိုးကွယ်ကြသူများက တပည့်တော်မတို့၏ ဂေါတမရှင်တော်မြတ်ဘုရားက တန်ခိုးမရှိသယောင် ပြောဆို၍ ဒက္ခိဏသာခါ ရုပ်ပွားတော်များကသာ တန်ခိုးရှိကြောင်း ပြောဆိုနေပါ၍ ဤပြဿနာကို ဖြေရှင်းပေးတော်မူပါဘုရား။

မလဲ့လဲ့ဝင်း၊ တောင်ဥက္ကလာ။

www.dhammaransi.com

ဖြေ။ ။ ဒက္ခိဏာသာခါ ဟူသည်မှာ သီးခြား ဘုရားတစ်ဆူမဟုတ်။ ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားကိုပင် ပုံတော်ရုပ်တုပြုလုပ်၍ ကိုးကွယ်ကြခြင်း ပင်ဖြစ်သည်။ ဒက္ခိဏာသာခါ ဆိုသည်မှာ တောင်ဘက်အကိုင်းဟု ဆိုလို သည်။ ဗောဓိညောင်ပင်၏ တောင်ကိုင်းကို ဖြတ်ယူ၍ သီရိလင်္ကာ၌ စိုက်ပျိုးပူဇော်ရာ ထိုညောင်ပင်မှ အကိုင်းအခက် အလက်တို့ကို ထုလုပ်၍ လည်းကောင်း၊ သားရိုးပြုလုပ်၍လည်းကောင်း ဘုရားရုပ်ပွားတော်အဖြစ် ကိုးကွယ်ကြသည်ကို ဒက္ခိဏာသာခါ ခေါ်သည်။ ထိုဘုရားပုံတော်များကို တု၍ နောက်ခေတ်၌ ထုလုပ်ကိုးကွယ်ကြသမျှပင် ဒက္ခိဏာသာခါရုပ်ပွား တော်များဟုဆိုပါသည်။ စင်စစ် ဂေါတမ ဗုဒ္ဓ၏ ဥဒ္ဒိဿစေတီများပင်ဖြစ် သည်။ မီးကွင်းသည်၊ စီးပွားတက်သည် ဆိုသည်မှာလည်း ပူဇော်ကိုးကွယ် သူတို့၏ စေတနာအရ ဖြစ်သဖြင့် ရုပ်ပွားတော်၏ တန်ခိုးဣဒ္ဓိပါဒ်ဟု ဆိုရန် မသင့်ပါ။ ကိုးကွယ်သူ စေတနာကောင်းလျှင် ကောင်းသလောက် အကျိုး ကြီးမည်မှာ ဓမ္မတာသာ ဖြစ်ပါသည်။ အိမ်များမှာသာ ဤရုပ်ပွားတော် များကို တွေ့ရ၍ ဘုရားစေတီတော်များမှာ မတွေ့ရခြင်းမှာ ရုပ်ပွားတော် များမှာ သေးငယ်၍ စေတီတော်များ၌ ပူဇော်ထားရှိခြင်း မပြုကြခြင်းဟု မှတ်သားသင့်ပါသည်။ အလားတူ မေးထားသော မောင်ရွှေညို (မိတ္ထီလာ မြို့)လည်း ဤအဖြေအတိုင်း မှတ်သားထားစေလိုပါသည်။

*

## မဏိမေခလာ နတ်သမီး

**မေး။** ။ အရှင်ဘုရား၊

ဘုရားအလောင်း ဇနကမင်းသားကို ကယ်တင်ခဲ့သော မဏိမေခ လာ နတ်သမီးသည် အလောင်းတော်၏ ယခင်ဘဝများနှင့် တွေ့ဆုံ၍ ပါရမီဖြည့်ခြင်း ရှိခဲ့ပါသလား၊ အလောင်းတော် ဇနကမင်းသား ဘုရားဖြစ် ချိန်တွင် မဏိမေခလာနတ်သမီးသည် အဘယ်သူဖြစ်ပါသနည်း။ သမုဒ္ဒရာ

၌ပင် အစောင့်အဖြစ် ရှိနေပါသလား။ မဏိမေခလာနတ်သမီး၏ ဘဝ ကြောင်းရာကို သိလိုပါသည်ဘုရား။

ကျိုက္ကဘာစန္ဒ၊ ဖျာပုံမြို့။

**ဖြေ။ ။** "တဒါ သမုဒ္ဒရက္ခိကာ ဒေဝဓီတာ ဥပ္ပလဝဏ္ဏာ အဟောသိ" ဟု ဇာတ် အဋ္ဌကထာ (ဇာ–ဋ္ဌ ၆၊ ၈၄)၌ ပါရှိ၍ မဏိမေခလာမည်သော သမုဒ္ဒရာစောင့် နတ်သမီးသည် ဥပ္ပလဝဏ္ဏာထေရီမ (တန်ခိုးအရာ၌ ဧတဒဂ်ရ လက်ဝဲတော်ရံ ရဟန္တာမ)ဖြစ်ပါသည်။ ဥပ္ပလဝဏ္ဏာထေရီမသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းက ပဒုမုတ္တရ မြတ်စွာဘုရားအထံတွင် ဆုတောင်းခဲ့ပြီး ငါးရာ့ငါးဆယ် ဇာတ်တော်တို့တွင် ဘုရားလောင်းနှင့် ထပ်ခါတလဲလဲတွေ့ဆုံ၍ အကူအညီပေးခဲ့ပုံတို့ကို တွေ့နိုင်ပါသည်။

*

## ကောလာဟလ

**မေး။ ။** အရှင်ဘုရား၊

ဘုရားပွင့်ပေါ်ခါနီး၌သော် လည်းကောင်း၊ မင်္ဂလာတရား ပေါ်ပေါက်ခါနီး၌သော် လည်းကောင်း၊ ကမ္ဘာကြီးပျက်စီးခါနီး၌သော်လည်းကောင်း ကောလာဟလ သတင်းထွက်ပေါ်ပြီးမှ ၎င်းတရားတို့ ပေါ်ပေါက်လာသည်ဟု သိရပါသည်။ ဟုတ်သည် မဟုတ်သည်ကိုလည်းကောင်း၊ မည်မျှကြာသည်ကိုလည်းကောင်း သိလိုပါ၍ မေတ္တာရှေ့ထား ဖြေကြားပေးပါဘုရား။

အရှင်ဇနက၊ သိရိမင်္ဂလာရုံကျောင်း။

**ဖြေ။ ။** ကောလာဟလသည် (၁) ကမ္ဘာပျက်မည်ကို အနှစ်တစ်သိန်းက၊ (၂) ဘုရားပွင့်မည်ကို အနှစ်တစ်ထောင်က၊ (၃) စကြာမင်းဖြစ်မည်ကို အနှစ်တစ်ရာက၊ (၄) မင်္ဂလာတရားဟောမည်ကို တစ်ဆယ့်နှစ်နှစ်က (၅) မောနေယျပဋိပဒါကျင့်မည်ကို ခုနစ်နှစ်က ကြိုတင်၍ အုတ်အုတ်

www.dhammaransi.com

ကျက်ကျက် ပြောဆိုကြသည်။ ထူးထူးခြားခြား ဖြစ်မည်ကို အတိတ်ကြီး နိမိတ်ကြီးများအနေဖြင့် အုတ်အုတ်ကျက်ကျက် ပြောဆိုခြင်းများ ကြုံတင် ဖြစ်ပေါ်ခြင်းကို ကောလာဟလဟု ဆိုသည်။ အမှန်တကယ်ဖြစ်ပေါ်ခဲ့သည် ကို ကျမ်းဂန်များ၌ ဖော်ပြထားခြင်းဖြစ်၍ ဟုတ်မှန်ပါသည်။ ဤခေတ်တွင် လည်း ထင်ရှားသော သမိုင်းဖြစ်စဉ်ကြီးများ၊ ဘုန်းတန်ခိုးကြီးမားသော ပုဂ္ဂိုလ်ကြီးများဆိုင်ရာ၌ ထိုကဲ့သို့သော အတိတ်ကြီး နိမိတ်ကြီးများ ဖြစ် ပေါ်လေ့ရှိကြောင်း သိနိုင်ပါသည်။

*

## အကျင့်နှင့် ပါရမီ

**မေး။** ။ အရှင်ဘုရား၊

အကျင့်နှင့် ပါရမီ မည်ကဲ့သို့ ကွာခြားသည်ကို အမိန့်ရှိစေလိုပါ သည် ဘုရား။

မောင်မြင့်ကြည်၊ မိတ္ထီလာ။

**ဖြေ။** ။ အကျင့်ဟူသည် မည်သည်ကိုမျှ ဆုတောင်း ဆုယူမပြုဘဲ ဒါန၊ သီလ၊ ဘာဝနာတို့ကို ကျင့်သုံးခြင်းဖြစ်၍ ပါရမီဟူသည်မှာ သမ္မာ သမ္ဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိဟူသော ဗောဓိဆုတစ်မျိုးမျိုးကို တောင်းဆို၍ ဒါန၊ သီလ စသော တရားတို့ကို ကျင့်သုံးခြင်းဖြစ်ပါသည်။

*

## အောင်ဂါထာ

**မေး။** ။ အရှင်ဘုရား၊

တစ်ပုဒ်တည်းနှင့် သောတာပတ္တိမဂ်ကို ရစေနိုင်သော အောင် ဂါထာဟူ၍

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊

တေသံ ဟေတုံ တထာဂတော အာဟ။

www.dhammaransi.com

တေသဥ္စ ယော နိရောဓော၊
ဓဝံဝါဒီ မဟာသမဏော

ဟုဆိုပါသည်။ ဤဂါထာသည် ဘုရားဟောဖြစ်ပါသလား။ အစအဆုံး ဖြစ်ပါသလား။ အဓိပ္ပာယ် ဖော်ပြပေးပါရန် လျှောက်ထားပါသည်ဘုရား။

ဦးစံအောင်၊ ရန်ကုန်။

**ဖြေ**။ ။ ယေ ဓမ္မာ စသော ဂါထာမှာ ဘုရားဟော မဟုတ်ပါ။ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်အား ပဉ္စဝဂ္ဂီငါးဦးအပါအဝင် အရှင်အဿဇိရဟန္တာမြတ် ဟောကြားသောဂါထာဖြစ်၍ ဖော်ပြပါအတိုင်း လေးပါဒမှာ အစအဆုံးပင် ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ "အကြင် (ဒုက္ခသစ္စာ)တရားတို့သည် အကြောင်း 'သမုဒယသစ္စာ'ကြောင့် ဖြစ်ကုန်၏။ ထို(ဒုက္ခသစ္စာ)တို့၏ အကြောင်း 'သမုဒယသစ္စာ'ဖြစ်သော တရားကိုလည်းကောင်း၊ ထိုအကျိုး(ဒုက္ခသစ္စာ)၊ အကြောင်း'သမုဒယသစ္စာ'တရားတို့၏ ချုပ်ငြိမ်းရာ 'နိရောဓသစ္စာ'၊ ချုပ်ငြိမ်းကြောင်း 'မဂ္ဂသစ္စာ' တရားကိုလည်းကောင်း မြတ်စွာဘုရားသည် ဟောတော်မူ၏။ ရဟန်းမြတ်ဖြစ်သော မြတ်စွာဘုရားသည် ဤသို့ အယူရှိ၏ "ဟူ၍ ဖြစ်ပါသည်။

*

## ဒေါင်းမြီးဘုရားလှူ

**မေး**။ ။ အရှင်ဘုရား၊

ပြဿနာဖြေစေကြောင်း၊ ကျမ်းပေါင်းသိ ထေရ်အရှင်။
နောင်လာသူ သိစေမေးပါရ၊ ရေးဖြေစေချင်။
ဒေါင်းမြီးပ ဘုရားတွင်၊ တင်လှူသည့်အရေး။
ရငြားကုသိုလ်နှင့်၊ အကုသိုလ် ဖြစ်မည်လား။
ခွဲ၍ ဖြေပေး။

ဦးစိုးမြင့်၊ အမှတ်(၁)၊ သံနှင့် သံမဏိစက်ရုံ၊
အနီးစခန်း၊ ပြင်ဦးလွင်မြို့။

**ဖြေ**။ ။ ပြဿနာမေးကာထား၊ ဖြေကြားရထေရ်အရှင်။
ဗုဒ္ဓစာပေရေးဟာမို့၊ မေးက ဖြေတင်။
ဒေါင်းမြီးနှင့်တူအင်၊ ဘုရင်တို့အသုံး။
သားမြီးယပ်၊ အမြတ်ယူသလိုပ၊
ဒေါင်းမြီးကို ယပ်ပုံမှန်းလို့၊
လူဒါန်းလျှင် ကုသိုလ်ပွားမယ်၊
ခြားရှဲဖြေကုံး။

*

## ဇိနိနှင့် အဇိနိ

**မေး**။ ။ အရှင်ဘုရား၊

ဤမြတ်မင်္ဂလာစာစောင် အတွဲ ၁၁ ၊ အမှတ် ၆၊ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလစာစောင်တွင် ဆောင်းပါးရှင်တစ်ဦး တင်ပြသော အောင်ခြင်း ရှစ်ပါးဂါထာနှင့် အနက်ဖော်ပြထားပုံတို့ကို ဖတ်ရှုရသည်မှာ လွန်စွာ နှစ်သက် ကြည်ညိုဖွယ်ပင် ဖြစ်ပါသည်ဘုရား။ သို့ရာတွင် ပါဠိဂါထာမှာ ဇိနိဖြစ်ပါလျက် အနက်ဖော်ပြရာတွင် အဇိနိဟု အ သဒ္ဒါထည့်၍ အနက် ဖော်ပြထားခြင်းကို နားမလည် ဖြစ်ရပါသည်ဘုရား။ ဂါထာပုဒ်ရင်းတွင် ဇိနောဇိနိသည် သန္ဓိပုဒ်စပ်၊ ပုဒ်ဖြတ်မရှိဟု မှတ်ယူပါသည်ဘုရား။ အသဒ္ဒါ နသဒ္ဒါသည် ပါဠိပုဒ်၏ အနက်အဓိပ္ပာယ်ကို တားမြစ်ခြင်းဟု မှတ်ယူပါ သည်ဘုရား။ န သမဏော၊ အ သမဏော၊ န ဗြာဟ္မဏော၊ အ ဗြာဟ္မဏော ဖြစ်သလို န ဇိနိ အဇိနိ ဖြစ်နိုင်သည်ဟု မှတ်ယူသဖြင့် ဖြေရှင်းပေးစေလိုပါသည်ဘုရား။

ဦးကျော်၊ ဆင်တဲကုန်းရွာ၊ မင်းလှမြို့၊ ပဲခူးတိုင်း။

**ဖြေ**။ ။ ဇိနောဇိနိမှာ ဇိနော၊ အဇိနိပုဒ်ဖြတ်ရသော သန္ဓိပုဒ်ပင် ဖြစ်ပါသည်။ ဇိနော၊ မြတ်စွာဘုရားသည်။ အဇိနိ၊ အောင်ပြီဟု အနက်ပေးရပါ

www.dhammaransi.com

သည်။ ဤကဲ့သို့ ကိရိယာပုဒ်များ ပါဠိတော်၌ များပြားပါသည်။ ဓမ္မပဒ ပါဠိတော်ဂါထာ တစ်ပုဒ်တွင် "အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိ မေ"စသည်ဖြင့်ရှိ၍ အက္ကောစ္ဆိ၊ အဝဓိ၊ အဇိနိ၊ အဟာသိ ဟူသော ကိရိယာ ပုဒ်များကို ထောက်ဆနိုင်ပါသည်။

*

## မုက္ခပါဠ် နှုက္ခပါဠ်

**မေး။** ။အရှင်ဘုရား၊

ဘုရားရှင်၏ မုက္ခပါဠ်တော် ဖြစ်တော်မူသောဟူ၍ လည်းကောင်း၊ နှုက္ခပါဠ်တော်ဖြစ်တော်မူသော ဟူ၍လည်းကောင်း ဖတ်ရှုမိဖူးပါသည်။ ဘယ်အရာက မှန်သည်ကို သနားသဖြင့် အဓိပ္ပာယ်နှင့် တကွ ဖြေကြားပေး တော်မူပါ ဘုရား။

ရှင်ဥတ္တမ၊ ညောင်ရွှေ။

**ဖြေ။** ။ မုက္ခပါဠ်ဟူသည်မှာ 'မုခ ပါဠ'ဖြစ်၍ နှုတ်တော်ဖြင့် ရွတ်ဆိုဟော ကြားခြင်းဟု အဓိပ္ပာယ်ရှိပါသည်။ မုခကို မြန်မာဘာသာ နှုတ်ဟု ပြန်သဖြင့် နှုတ်ခပါဠ်ဟု မြန်မာတစ်ဝက်နှင့် ပါဠိတစ်ဝက် ခေါ်ဆိုထား သော စကားကို မမှတ်သားထိုက်ပါ။

*

## ကမ္မဝါစာကို ကြည့်၍ဖတ်ခြင်း

**မေး။** ။အရှင်ဘုရား၊

ရဟန်း သံဃာတော် အရှင်သူမြတ်များသည် ပိဋက သုံးပုံကိုသော် မှ အာဂုံဆောင်နိုင်သူများ ဖြစ်ကြပါလျက် ကမ္မဝါစာ ရွတ်ဆိုရာတွင် ကမ္မဝါစာကြီးများ ကိုင်ဆောင်၍ ဖတ်ကြားနေကြသည်မှာ မစဉ်းစားတတ် ပါသဖြင့် သနားသည်းခံ၍ ဖြေကြားပေးတော်မူပါဘုရား။

ဦးစိန်မှို၊ ဆင်တဲကျေးရွာ၊ ပန်းတောင်းမြို့နယ်။

www.dhammaransi.com

**ဖြေ**။ ။ ရဟန်းသံဃာတော် အရှင်မြတ်များသည် ကမ္မဝါစာကို ဖတ်ရွတ်ရာတွင် ကမ္မဝါစာကို ကိုင်ငင်ကြည့်ရှု၍ ဖတ်ကြခြင်းမှာ အာဂုံမရ၍မဟုတ်။ စာလုံးအက္ခရာတိုင်း၏ ဌာန်ကရိုဏ်း၊ ပယတ်၊ နိဂ္ဂဟိတ်၊ နိဂ္ဂဟိတ ဝိမုတ် စသည် အသံလွဲမှားမသွားရန်အတွက် ဖြစ်ပါသည်။ တစ်စုံတစ်ရာ လွဲမှားသွားလျှင် ပြုလုပ်နေသော ဝိနည်းကံ ပျက်စီးသွားနိုင်ပါသည်။ ဥပမာ တနှင့် ဋ၊ ထနှင့် ဌ မတူပါ။ တ ကိုဖတ်လျှင် ဒန္တဇ အက္ခရာ ဖြစ်၍ လျှာက သွားကို ထိရပါမည်။ ဋ ကိုဖတ်လျှင် မုဒ္ဓဇ အက္ခရာဖြစ်၍ လျှာက လျှာထိပ် (အာခေါင်)ကို ထိရပါမည်။ သံဃံက သံနှင့် သမ္မတိက သမ်သည် အသံချင်း တူသော်လည်း နိဂ္ဂဟိတနှင့် နိဂ္ဂဟိတ ဝိမုတ္တဖြစ်၍ ရွတ်ဆိုပုံကွဲပြားပါသည်။ ထို့အတူ အက္ခရာတိုင်းကို မမှားမယွင်းရအောင် ကြည့်ရှု၍ ဂရုစိုက်ရွတ်ဆိုဖတ်ကြားရသဖြင့် အလွတ်မရွတ်ဘဲ ကမ္မဝါစာကို ကြည့်ရှု၍ ရွတ်ဆိုရသည်ကို မှတ်သားကြည်ညိုကြရမည် ဖြစ်ပါသည်။

*

## စကျင်ကျောက်ဆင်းတု

**မေး**။ ။ အရှင်ဘုရား၊

တပည့်တော်မ အိမ်တွင် စကျင်ကျောက်ဖြင့် ထုလုပ်ကိုးကွယ်ထားသော ဘုရားဆင်းတုတော်တစ်ဆူ ရှိပါသည်။ မိဘလက်ထက်က ကိုးကွယ်ခဲ့သော ဘုရားဆင်းတုတော် ဖြစ်ပါသည် ဘုရား။

(၁) စကျင်ကျောက်ဖြင့် ထုလုပ်ထားသော ဆင်းတုတော်ကို ဆက်လက်ကိုးကွယ်ရန် သင့် မသင့်၊ အကယ်၍ မသင့်တော်ပါက မည်ကဲ့သို့၊ မည်သည့်နေရာသို့ လှူဒါန်းရမည်ကို ဖြေကြားပေးတော်မူပါဘုရား။

(၂) စကျင်ကျောက်ဖြင့် ထုလုပ်ထားသော ဆင်းတုတော်ကို အိမ်၌ ကိုးကွယ်ပါက စီးပွားရေး၊ ကျန်းမာရေးညံ့တတ်သည်ဟု ဆိုသည်မှာ

မှန်၊ မမှန် သိလိုပါသည်။ ဖြေကြားပေးပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

မခင်ဝင်းမြင့်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

**ဖြေ။** ။ ဥဒ္ဒိဿစေတီဟူသော ရုပ်ပွားဆင်းတုများကို အုတ်၊ ကျောက်၊ အင်္ဂတေ၊ သစ်သား၊ သံ၊ ကြေး၊ ပန်းပေါင်း၊ သားရိုး စသည်တို့ဖြင့် အရွယ်အစားစား ထုလုပ်ကိုးကွယ်ကြသည်မှာ ဗုဒ္ဓဘာသာ သမ္မာနှယ်ဝင် သူတော်စင်တို့၏ ထုံးတမ်းဓလေ့ပင် ဖြစ်ပါသည်။ အိမ်ဦးဘုရားခန်း၌ ကြီးမားသော အုတ်၊ အင်္ဂတေတို့ဖြင့် မထုလုပ်၊ မတည်ထားဘဲ ကျောက် (စကျင်ကျောက်)၊ သံ၊ ကြေး၊ သစ်သား စသည်တို့ဖြင့် ကိုးကွယ်ကြမြဲ ဖြစ်ပါသည်။ ကျောက်ဖြင့် ထုလုပ်ကိုးကွယ်ခြင်းမှာလည်း အလွန်ရှေးကျ သော ခေတ်ကပင် ကိုးကွယ်ခဲ့သော အစဉ်အလာဖြစ်ခဲ့ပါသည်။ သာဓက အားဖြင့် ယခု 'ပန်းတောင်း ပေါ်တော်မူ ရုပ်ရှင်တော်မြတ်'မှာ ကျောက် သား ဆင်းတုတော်ဖြစ်၍ မူလအလောင်းစည်သူမင်းမြတ် တိုင်းခန်းလှည့် လည်ရာ မဟာသမုဒ္ဒရာ ဇမ္ဗူ့သပြေပင်ရှိရာအရပ်မှ ပင့်ဆောင်လာသော ရှင်ဖြူဘုရားဖြစ်၍ စစ်ကိုင်းချောက်မ အရပ်၌ ဂူတည်၍ ကိုးကွယ်ခဲ့ ကြောင်း၊ နောက် မဏိပူရသို့ ရောက်သွားခဲ့ရာ အလောင်းမင်းတရားကြီး လက်ထက်၌ ပြန်လည်ပင့်ဆောင်လာပြီး နန်းဦး၌ ကိုးကွယ်ခဲ့သော သား ကော်ဆင်ဖြူရှင် လက်ထက်အထိ အင်းဝနန်းဦး၌ ကိုးကွယ်ခဲ့ကြောင်း၊ ၁၁၂၆ ခုနှစ်တွင် သူရဲဓိုးမြို့စား ဦးငြိမ်းက တောင်းပန်၍ ပန်းတောင်းသို့ ပင့်ဆောင်လာကြောင်း စသည့် သမိုင်းကြောင်းရှိလေသည်။ ထိုသို့ နန်း တော်အတွင်း၌ပင် ကျောက်ဆင်းတု ဥဒ္ဒိဿ စေတီတော်များကို ကိုးကွယ် ခဲ့သော ထုံးတမ်းစဉ်လာကို ကြည့်၍ 'အိမ်၌ ကျောက်ဆင်းတု မကိုးကွယ် ကောင်း၊ ကိုးကွယ်လျှင် စီးပွားရေး၊ ကျန်းမာရေး၊ ညံ့တတ်သည်'ဟု ယူဆနေသည်မှာပင် ဗုဒ္ဓဘာသာ မပီသရာ ကျလေသည်။ ဤခေတ် လူချမ်းသာ အိမ်တော်တော်များများမှာပင် ကျောက်ဆင်းတု ဥဒ္ဒိဿစေတီ

တော်များကို ကိုးကွယ်၍ ပူဇော်ထားသည်ကို တွေ့ရသည်။ မိမိ၏ သဒ္ဓါ စေတနာသာလျှင် ပမာဏဖြစ်ကြောင်း ဖြေကြားလိုပါသည်။

*

## ကာရက သံဃာနှင့် ထဘီနေရာထိုင်

**မေး**။ ။အရှင်ဘုရား၊

(၁) ရဟန်းခံရာတွင် ကာရကသံဃာ ရေတွက်ရာ၌ ဥပဇ္ဈာယ် ဆရာ၊ ကမ္မဝါဆရာများ ထည့်သွင်း၍ ရေတွက် ရ၊ မရေတွက်ရ။

(၂) အမျိုးသမီးများ ဝတ်ဆင်သော ထဘီများသည် ရဟန်းတော်များ၌ အမျိုးသမီး အသက်ရှင်စဉ် မအပ်စပ်ဘဲ အသက်သေသွားချိန်မှာ နေရာထိုင် စသည်ချုပ်လှူက အဘယ်ကြောင့် အပ်စပ်ပါသလဲ ဘုရား။

အရှင်ဝိဇယ၊

စွယ်ကွေ့ကျေးရွာ၊ စစ်ကိုင်းတိုင်း။

**ဖြေ**။ ။ (၁) ကာရကသံဃာဟူသည်မှာ ဥပသမ္ပဒကံဆောင်ရာ၌ ပါဝင် သော ရဟန်းအားလုံးကိုပင် ခေါ်ပါသည်။ ကာရက၊ ရဟန်းဖြစ် အောင် ပြုလုပ်ဆောင်ရွက်ပေးသော။ သံဃာ၊ သံဃာတော်အပေါင်း ဖြစ်ပါ သည်။ သို့သော် ရဟန်းခံ၊ ရက်ချုပ်ရေးရာ၌ ဥပဇ္ဈာယ်အမည်၊ ကမ္မဝါစာ ဆရာအမည်များကို ဖော်ပြပြီးဖြစ်နေ၍ ကျန်သံဃာများကိုသာ ကာရက သံဃာဟု ရေးသားလေ့ရှိနေကြပါသည်။

(၂) အမျိုးသမီးထဘီများကို ကွယ်လွန်မှသာ နေရာထိုင်၊ ကန့်လန့် ကာ စသည် ချုပ်လှူလေ့ရှိသဖြင့် ကွယ်လွန်မှကိုင်ကောင်း၊ အလှူခံကောင်း သကဲ့သို့ ထင်မှတ်နေကြပါသည်။ အမှန်မှာ အသက်ထင်ရှားရှိစဉ်ကပင် ချုပ်လုပ်လှူဒါန်းလျှင်လည်း အလှူခံကောင်းပါသည်။ အမျိုးသမီးကိုယ်၌ ဝတ်ဆင်ထားစဉ်သာ ထိုထဘီ (အဝတ်)ကို မကိုင်ကောင်းပါ။ အကယ်၍ ခရီးသွားစဉ် ရဟန်း၏သင်္ကန်းတို့ကို ခိုးယူလုယူသွားလျှင် 'ရဟန်းသည်

ဝတ်လစ်စားလစ် မနေကောင်း၊ တွေ့ရာ ထဘီကိုသော်လည်းကောင်း ဝတ်ဆင်ရမည်။ သို့မဟုတ် သစ်ကိုင်း၊ သစ်ခက်တို့ကို ကိုယ်တိုင်ချိုး၍ သော်လည်းကောင်း ဝတ်ဆင်ရမည်'ဟု စာရှိပါသည်။ (ဤအမှတ် ၂၊ ဖြေဆိုချက်ကို ဒေါ်ဏီဏီအောင်၊ ရန်ကုန်လည်း အတူမှတ်သားနိုင်ပါသည်။)

*

## အလှူခံခ ယူခြင်း

**မေး။** ။အရှင်ဘုရား၊

ဘုရားတည် ကျောင်းဆောက်၊ လှူခံကောက်သူ၊ ခိုင်ထောက်နှုန်းစား၊ ယူခြင်းများမှာ၊ ဘုရားကျောင်းငွေ၊ စားသောက်လေ၍၊ ပြစ်နေ ရှိမရှိ၊ သိလိုဘိ၏။ ဖြေညှိရှင်းတော်မူပါဘုရား။

ကိုကျော်မြင့် (ရွှေ)၊ နတ်တလင်းမြို့။

**ဖြေ။** ။ ကျောင်း ဘုရားကို၊ တည်ဆောက်လို၍၊ ထိုထိုဆောက်ဦး၊ ဆည်းပူးယူနှင့်၊ ပြုသူလက်ခ၊ ကုန်အကျပါ၊ ဘယ်မျှသိန်းသန်း၊ ကိန်းဂဏန်းဟု၊ တွက်မှန်းပြောကြ၊ မှတ်သားရသို့၊ မူလလှူခံ၊ လုပ်အားမှန်ကို၊ ထိုက်တန်သမျှ၊ ကုန်အကျဝယ်၊ မှတ်ရစာရင်း၊ ခိုင်နှုန်းရှင်း၍၊ ပေးခြင်းကိုပါ၊ တူမှတ်ရာ၏၊ ကောင်းစွာနားလည်ပါလေသေး။

*

## မဟာစေတီနှင့် ကောင်းမှုတော်

**မေး။** ။အရှင်ဘုရား၊

သီရိလင်္ကာနိုင်ငံတွင် အကြီးဆုံးဖြစ်သော မဟာစေတီကြီးသည် တပည့်တော်တို့နိုင်ငံမှ ကောင်းမှုတော်ကြီးနှင့်စာလျှင် မည်သည်က ကြီးပါသနည်းဘုရား။ တတ်နိုင်ပါက အရွယ်ပမာဏတို့ကိုပါ နှိုင်းယှဉ်ဖော်ပြ၍ ဖြေကြားစေလိုပါသည် ဘုရား။

ဦးတင့်ဆွေ၊ ညောင်ပင်သာရပ်၊ ကလေးမြို့။

www.dhammaransi.com

**ဖြေ**။ ။ သီရိလင်္ကာနိုင်ငံရှိ မဟာစေတီကြီးမှာ အမြင့်ဥာဏ်တော် ၁၂၀၊ လုံးပတ်တော် ၃၆၀ ရှိကြောင်း“သော ဣမံ မဟာစေတိယံ ဝီသရ တနေန သတာယာမံ၊ တိသတသဋ္ဌိရတနပရိဏာဟံ ဟောတိ”ဟုသာရတ္ထ ဒီပနီ ဋီကာကို ကိုး၍ သတပဒိကပုစ္ဆာကျမ်း၌မင်းကွန်းဆရာတော် ဖြေဆို ပါသည်။ မြန်မာနိုင်ငံမှ ကောင်းမှုတော်ကြီးမှာ အမြင့်ဥာဏ်တော် ၁၀၁ တောင်၊ လုံးပတ်တော် ၅၀၂ တောင်၊ ၂ မိုက်၊ ၄ သစ်ရှိကြောင်း စွယ်စုံ ကျမ်း၌ ဖော်ပြထားသဖြင့် သီရိလင်္ကာ မဟာစေတီကြီးက ဥာဏ်တော် မြင့်၍ ကောင်းမှုတော်က လုံးပတ်ကြီးကြောင်း သိရပါသည်။ (မဟာ စေတီပွဲကြွ သံဃာစာရင်းနှင့် စပ်၍ မေးသည်ကို မဖြေလိုက်ပါ။ ရာဇဝင် ကျမ်း၊ သာသနာဝင်ကျမ်းတို့၌ သင်္ချာစာရင်းများကို မြောက်မြားစွာ ဂုဏ် ယူဖော်ပြလေ့ရှိကြပါသည်။)

❋

## ဖားမြွေကိုက် တုတ်ဖြင့်ရိုက်

**မေး**။ ။ အရှင်ဘုရား၊

တပည့်တော်သည် ဖားတစ်ကောင်အား မြွေကိုက်နေသည်ကို တွေ့ သဖြင့် ဖားအသက်ကို ကယ်လိုသော စေတနာကြောင့် တုတ်ဖြင့်ခြောက် လှန့်လိုက်ရာ ဖားမှာအသက်ဘေးမှ လွတ်ခဲ့ရသည် မှန်ပါသော်လည်း တပည့်တော်ကြောင့် မြွေသည် အစာငတ်ခဲ့ရပါသည်ဘုရား။ သို့အတွက် တပည့်တော်၌ အပြစ်ရှိ မရှိ ဖြေကြားပေးတော်မူပါဘုရား။

သန်းဇော်

မန်ကျည်းကုန်းရွာ၊ ဝန်းသိုမြို့နယ်။

**ဖြေ**။ ။ မြတ်စွာဘုရား လက်ထက်က ခုနစ်ရက်ကြာလျှင် အဝရုဒ္ဓကဘီလူး စား၍ သေရမည့် အာယုဝမ္မနသူငယ်အား မြတ်စွာဘုရား ကိုယ် တော်တိုင်စီမံ၍ ရဟန္တာ ၈ ပါးနှင့် ခုနစ်ရက်ဝန်းရံ ပရိတ်ရွတ်ပြီး

www.dhammaransi.com

ကယ်ဆယ်ခဲ့ပါသည်။ ထို့ပြင် အာရမ္မဏာဒါန ခြောက်ပါးတွင် ဓမ္မဒါန အဝင်ဖြစ်သော ဧိဝိတဒါနကို ပြဆိုရာ၌ "ဖာလံ ဖာလေတိ ကုမိန် ဝိဒ္ဓံသာ ပေတိ သကုဏာပဥ္စရံ ဘိ`သာပေတိ ဗန္ဓနမောက္ခံ ကာရေတိ" စသည်ဖြင့် "ပိုက်ကွန်ကို ဆုတ်ဖျက်စေ၏။ မြှုံးကို ဖျက်ဆီးစေ၏။ ငှက်လှောင်ချိုင့်ကို ဖျက်ဆီးစေ၏။ အနှောင်အဖွဲ့မှလွတ်ခြင်းကိုပြုစေ၏" စသည် ဓမ္မသင်္ဂဏီ အဋ္ဌကထာတွင် ဖွင့်ဆို၏။ ဝိနည်းအဋ္ဌကထာတွင် "သပ္ပေန ဂိဋ္ဌိတံ မဏ္ဍူကိ`န် အပရာမသေတွာ ဒဏ္ဍကေန ပိဋ္ဌေတွာ မောစာပေတုံ ဝဋ္ဋတိ"ဟူ၍ မြွေသည် မျိုအပ်သော ဖားမကို လက်ဖြင့် မထိစေမူ၍ တုတ်တံဖြင့် ညှပ်၍ လွတ်စေခြင်းငှာ အပ်၏။ အာပတ်မသင့်။ ဖားမဖြစ်၍ လက်ဖြင့် မကိုင်ကောင်းလျှင်ပင် တုတ်ဖြင့် ခြောက်လှန့်၍ လွတ်စေသင့်ကြောင်း ဆိုပါသည်။ ထို့ကြောင့် ဖားမြွေကိုက်သည်ကိုတွေ့လျှင် ကယ်ဆယ်ကောင်း ရုံမျှမက မြွေအား 'ပါဏာတိပါတကံ မသင့်ပါစေလင့်'ဟု နှလုံးသွင်း၍ ကုသိုလ်ပွားခြင်းပင် ဖြစ်ပါသေးသည်။ ကြိုးစား၍ ဧိဝိတဒါနဖြစ်ရန် ပြုလုပ်သင့်ပါသည်။

*

## မဟာသမှ ဘူရိဒတ္တသို့

**မေး**။ ။အရှင်ဘုရား၊

ဘုရားအလောင်းတော်များသည် နစဉ်ကာလဘဝမှ ရင့်မာသည့် ကာလဘဝသို့တိုင် ပါရမီတော်များ တဖြည်းဖြည်း တစ်ဘဝထက် တစ်ဘဝ ပြည့်စုံလာရသည်ဟု ဆိုပါသည်။ သို့သော် ဉာဏ်ပညာနှင့် လွန်စွာ ပြည့်စုံသည့် ပညာရှိသုခမိန် မဟောသဓ ဘဝ ဖြစ်ပြီးနောက် အဘယ် ကြောင့် အဟိတ် တိရစ္ဆာန် ဘူရိဒတ်နဂါးမင်း ဖြစ်ရပါသနည်း။ ရှင်းလင်း ဖြေကြားပေးတော်မူပါ အရှင်ဘုရား။

ခင်မောင်စိုး၊ ရခိုင်ပြည်နယ်။

www.dhammaransi.com

**ဖြေ**။ ။ ငါးရာ့ငါးဆယ် ဇာတ်တော်များမှာ တစ်ဘဝပြီး တစ်ဘဝ ဖြစ်စဉ် အတိုင်း စဉ်ထားသည် မဟုတ်ပါ။ မြတ်စွာဘုရား ဟောကြားစဉ်က ပါရှိသော ဂါထာအနည်းအများအလိုက် စဉ်ထားခြင်းသာ ဖြစ်ပါသည်။ တစ်ဂါထာဖြင့် ဟောကြားသော ဇာတ်တော်များကို ဧကနိပါတ်များ၌လည်းကောင်း၊ နှစ်ဂါထာဖြင့် ဟောကြားသော ဇာတ်တော်များကို ဒုကနိပါတ်၌ လည်းကောင်း၊ ထိုနည်းအတိုင်း ဂါထာရှစ်ဆယ်ကို အသီတိနိပါတ်၌လည်းကောင်း ထားရှိ၍ အသီတိမှနောက် ဂါထာ ၁၀၀ ကျော် ဇာတ်များကို မဟာနိပါတ်ဟူ၍ 'တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ'အစဉ်အတိုင်း ထားရှိခဲ့ပါသည်။ ထိုအစဉ်အားဖြင့် တေမိ (မူဂပက္ခ) ဇာတ်ဂါထာ ၁၂၂။ မဟာဇနကဇာတ်ဂါထာ ၁၇၄။ သုဝဏ္ဏသာမဇာတ်ဂါထာ ၂၂၅ စသည်ဖြင့် နောက်ဆုံး ဝေဿန္တရာဇာတ်၌ ဂါထာ ၁၀၀၀ ဖြင့် ဟောကြားထားသဖြင့် ဂါထာအနည်းအများ ရှေ့နောက်စဉ်ကာ 'တေ ဇ သု နေ မ ဘူ စံ နာ ဝိ ဝေ'ဟူသော ဇာတ်ကြီးဆယ်ဖွဲ့ကို ရှေ့နောက်စဉ်၍ ထားခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မဟောသဓ ပညာရှိ သုခမိန် ဘဝပြီးမှ ဘူရိဒတ်နဂါးမင်းဖြစ်သည် မဟုတ်ကြောင်း မှတ်သားစေလိုပါသည်။

*

## ပုဂ္ဂိုလ်လေးမျိုး

**မေး**။ ။အရှင်ဘုရား၊

တမော တမပရာယဏော၊ တမော ဇောတိပရာယဏော၊ ဇောတိ တမ–ပရာယဏော၊ ဇောတိ ဇောတိပရာယဏော။ ဤပါဠိစာများသည် ပုဂ္ဂိုလ်လေးမျိုးဟု အကျဉ်းမျှ တပည့်တော်မှတ်သားထားမိပါသည်။ ၎င်းပုဂ္ဂိုလ်

လေးမျိုးကို မှတ်သားရလွယ်အောင် အဓိပ္ပာယ်နှင့်တကွ လင်္ကာဆောင်ပုဒ် သီကုံးပေးသနားပါရန် လျှောက်ထားပါသည်ဘုရား။

မောင်ဟန်ဆွေ၊
ကန့်ဘလူမြို့နယ်။

ဖြေ။ ။ တမော တမပရာယဏ စသော ပုဂ္ဂိုလ်လေးမျိုးမှာ အင်္ဂုတ္တရ နိကာယ်၊ စတုက္ကနိပါတ်၊ (အံ-၁၊ ၃၇၉)နှင့် အဘိဓမ္မပိဋက၊ ပုဂ္ဂလပညတ်ပါဠိတော် (အဘိ-၃၊ ၁၅၉)တွင် လာရှိပါသည်။ အဓိပ္ပာယ်မှာ
(၁) တမော တမပရာယဏ= ယခုဘဝ၌ ကိုယ်အင်္ဂါချို့ယွင်းဆင်းရဲမွဲတေ လူခြေမလှ အောက်တန်းကျသော အမှောင်ဘဝ၌ ဖြစ်ရသော်လည်း မကောင်းမှုထပ်မံပြုသဖြင့် မကောင်းသော ဒုဂ္ဂတိ (အမှောင်)သို့ သွားမည့်သူ။
(၂) တမော ဇောတိပရာယဏ=အထက်ပါအတိုင်း ယခုဘဝ အမှောင်ကျသော်လည်း သတိတရားရကာ ကောင်းမှုပြုသဖြင့် ကောင်းသောသုဂတိ (အလင်း)သို့ သွားမည့်သူ။
(၃) ဇောတိတမပရာယဏ= ယခုဘဝစည်းစိမ်ဥစ္စာ လိုရာပြည့်စုံ ရုပ်ပါ ဆင်းလှ အထက်တန်း အလင်းဘဝ၌ ဖြစ်ရသော်လည်း ပျော်ပါးသောက်စား ဒုစရိုက်ပြုမှားမိ၍ မကောင်းသော ဒုဂ္ဂတိ (အမှောင်)သို့ သွားမည့်သူ။
(၄) ဇောတိ ဇောတိပရာယဏ=ယခုဘဝ အလင်းရခဲ့သည်အားလျော်စွာ ကုသိုလ်ကောင်းမှု မပြတ်ပြုသဖြင့် ကောင်းသော သုဂတိ (အလင်း)သို့ သွားမည့်သူ။

(၁) အမှောင်ဖြစ်ပြန် မှောင်ကြောင်းကြံ သွားပြန်အမှောင်သို့။
(၂) အမှောင်ဖြစ်ပြန် လင်းကြောင်းကြံ သွားပြန်အလင်းသို့။
(၃) အလင်းဖြစ်ပြန် မှောင်ကြောင်းကြံ သွားပြန်အမှောင်သို့။
(၄) အလင်းဖြစ်ပြန် လင်းကြောင်းကြံ သွားပြန်အလင်းသို့။

*

## ဗောဓိပင်များ

**မေး**။ ။ အရှင်ဘုရား၊

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ပြုစုတော်မူသော မဟာဗုဒ္ဓဝင်တွင် ဗောဓိပင် ၂၁ မျိုးကို ဖော်ပြထားပါသည်။ ၂၁ မျိုးထက် ပို၍ ရှိပါသေးသလား ဘုရား။ ထို ၂၁ မျိုးတွင် မျက်နှာပန်းပင်နှင့် မဟာလှေကားပန်းပင်ဟု တွေ့ရရာ ထိုအပင် ၂ မျိုးသည် မည်သည့်အပင် မျိုးဖြစ်၍ မည်သည့်အရပ်၌ ရှိတတ်သည်ဆိုသည်ကို ဖြေကြားတော်မူပါ ဘုရား။

မောင်ညွန့်ရှင်
ချောင်းဆုံရွာ၊ တန့်ဆည်မြို့နယ်။

**ဖြေ**။ ။ ဒီပင်္ကရာအစ ဂေါတမမြတ်စွာဘုရားအဆုံး ၂၅ ဆူသော မြတ်စွာ ဘုရားတို့၏ ဗောဓိပင်များမှာ ဗုဒ္ဓဝင်တွင် ဖော်ပြပါ ၂၁ မျိုးသော ဗောဓိပင်များကိုသာ တွေ့ရပါသည်။ ထိုတွင် အချို့ဗောဓိပင်များ အခေါ် အဝေါ်လွဲသည်ကို အခြားဗုဒ္ဓဝင်များနှင့် ညှိကြည့်မှ သိနိုင်ပါသည်။ ဓမ္မ ဒဿီမြတ်စွာဘုရား၏ ဗောဓိပင်ကို မျက်နှာပန်းပင်ဟုလည်း ခေါ်သော သံသတ်ပင်ဟု ပြပါသည်။ သိဒ္ဓတ္ထမြတ်စွာဘုရား၏ ဗောဓိပင်ကို မဟာ လှေကားပင်ဟု ဆိုပါ၏။ သံသတ်ပင်၊ မဟာလှေကားပင်များမှာ ထင်ရှား ကြပါသည်။ ၎င်းဗောဓိပင်များကို ကမ္ဘာအေး ဆဋ္ဌသံဂါယနာတင်ရာ မဟာပါသာဏလိုဏ်ဂူတော်ကြီးပတ်လည်တွင် မြန်မာနိုင်ငံအရပ်ရပ်မှ ရှာဖွေ စိုက်ပျိုးထားရာ အချို့အပင်ကြီးများမှာ အတော်ပင်ကြီးပွား၍ နေပါသည်။ အချို့အပင်များမှာ နယ်မြေဒေသ ရာသီဥတုနှင့် မကိုက်ညီ၍ စိုက်ပျိုးမရပါ။ သံသတ်ပင်၊ မဟာလှေကားပင်များမှာ ဖြစ်ထွန်းပါသည်။ ဥပမာ ပဒုမုတ္တရမြတ်စွာဘုရားပွင့်သော ထင်းရှူးပင်ကို ရှမ်းပြည်နယ်မှ ယူ၍ အကြိမ်ကြိမ် စိုက်သော်လည်း မရှင်သန် မဖြစ်ထွန်းပါ။

*

13A

www.dhammaransi.com

# အရိပ်သုံးပါး

**မေး။** ။ အရှင်ဘုရား၊

'အရိပ်သုံးပါး နားမလည် ဂျီ(ချေ)သူငယ် ကျားစာဖြစ်'ဆိုရာဝယ် ဂျီသူငယ် နားမလည်သော အရိပ်သုံးပါးနှင့် နှိုင်းယှဉ်စရာ ဓမ္မကြောင်း အရိပ်သုံးပါးကို တပည့်တော် သိပါရစေဘုရား။

အေးမိ၊ အင်းစိန်မြို့သစ်။

**ဖြေ။** ။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာနမှ ထုတ်ဝေထားသော မြန်မာစကားပုံ စာအုပ်တွင် ဤသို့ပါရှိပါသည်။ **"အရိပ်သုံးပါးနားမလည် ချေသူငယ် ကျားစာဖြစ်ရ" ကျား၏အရိပ်အရောင်၊ အသံဗလံ၊ အနံ့အသက် ဟူသော အရိပ်အခြည်သုံးပါးကို မရိပ်စားမိသော ချေသူငယ်သည် ကျား၏အစာ ဖြစ်ရသကဲ့သို့ အခါကာလ၊ ဝန်းကျင်အနေအထား၊ အတိုင်းအဆကို မချင့်ချိန် နားမလည်သူသည် ဒုက္ခဖြစ်ရသည်။** (၎င်းကျမ်း ၂၈၃)

ဖော်ပြပါ စကားပုံအဖြေတွင် ရှင်းလင်းချက်နှင့်ဆိုလိုရင်းကို ဖော်ပြပါရှိပြီးပင် ဖြစ်ပါသည်။ သို့သော် ဓမ္မကြောင်းအားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့ သည် အပါယ်လေးပါးရောက်ရာရောက်ကြောင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ အရိပ်များကို လိမ္မာပါးနပ်စွာ ရှောင်ရှားနိုင်ရမည်။ အာရုံ ငါးပါးကို အများဆုံးပေးရာ ပွဲလမ်းသဘင် အပျော်အရွှင်တို့သည် လောဘ၊ ဒေါသ၊ မောဟ တရားတို့ကို အထူးဖြစ်စေသဖြင့် ရှစ်ပါးသီလ စသည်တို့ တွင် နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက ဒဿနတို့အား ရှောင်ကြဉ်ရသော သိက္ခာပုဒ်ကိုပင် ထည့်သွင်းပေးထားရပါသည်။

*

www.dhammaransi.com

# ဆွမ်းအကပ်ခံခြင်း

**မေး။** ။အရှင်ဘုရား၊

သံဃာတော်များအား ဆွမ်းဆက်ကပ်ရာတွင် အင်္ဂါဘယ်နှပါးနှင့် ပြည့်စုံမှသာလျှင် အထမြောက်ပါသနည်း။ မှတ်သားဖွယ်ရာ ဖြေကြားတော်မူပါဘုရား။

မိုလ်ကြီးတင်ညွန့်(ငြိမ်း)၊ သာကေတမြို့။

**ဖြေ။** ။ အကပ်မြောက်ခြင်း အင်္ဂါ ၅ ပါးရှိပါသည်။ ၎င်းအင်္ဂါ ၅ ပါး ညီညွတ် ပြည့်စုံမှ အထမြောက်ပါသည်။ အင်္ဂါ ၅ ပါးမှာ **"၁။ ရှေးရှုလည်း ဆောင်၊ ၂။ နှစ်တောင့်ထွာ ရောက်၊ ၃။ မြောက်နိုင်ဝတ္ထု၊ ၄။ သုံးခုပေးခြင်း၊ ၅။ ခံခြင်းနှစ်လျောက်၊ ကျမ်းလာထောက်၊ ကပ်မြောက် အင်္ဂါ ငါးပါးတည်း"** လင်္ကာအရ အင်္ဂါ ၅ ပါး ညီညွတ်ပြည့်စုံဖို့ လိုပါသည်။ အခြားအင်္ဂါများ သိသာသည်။ ၄။ သုံးခုပေးခြင်း၌ ကာယ–ကိုယ် (လက်အင်္ဂါ)နှင့် ပေးဆက်ခြင်း၊ ကာယပဋိဗဒ္ဓ–ကိုယ်နှင့်တစ်စပ်တည်း ရှိသော (လင်ပန်းစသည့်) ဝတ္ထုဖြင့်ထည့်၍ ပေးဆက်ခြင်းနှင့် နိဿဂ္ဂိ–မမှီတမိဖြစ်နေ၍ ပစ်လွှတ် ပေးဆက်ခြင်း သုံးမျိုးဖြစ်၍၊ ၅။ ခံခြင်းနှစ်လျောက် ဟူသည်မှာ ကာယ–ကိုယ်(လက်အင်္ဂါ)နှင့် ခံယူခြင်း၊ ကာယပဋိ ဗဒ္ဓ–ကိုယ်နှင့်တစ်စပ်တည်းရှိသော ဝတ္ထုဖြင့် ခံယူခြင်းနှစ်ပါး ဖြစ်သည်။ (အထူးမှတ်ရန်) အကပ်ခံပြီးသော ဝတ္ထုကို မကိုင်ကောင်း၊ မထိကောင်း၊ မကိုင်နှင့်ဟု ပြောလေ့ရှိကြသည်။ အမှန်မှာ အကပ်ခံပြီး ရဟန်းသံဃာက မစွန့်သေးသမျှ အကပ်မပျက်၊ ဆွမ်းစားနေဆဲ အသစ်ထည့်ခြင်းမဟုတ်ဘဲ ဟင်းပန်းကန်များကို နေရာရွှေ့ပေးခြင်း၊ ကပ်ပြီးဟင်းပန်းကန်မှ ဟင်းများကို ဆွမ်းပန်းကန်တွင်းသို့ ထည့်ပေးခြင်း၊ ကပ်ပြီးဟင်းများကို ယူ၍ အရိုးထွင်ပေးခြင်းစသော လုပ်ကျွေးမှုများကို လုပ်ကိုင်နိုင်ပါသည်။

*

www.dhammaransi.com

## အရက်ကို ဆေးအဖြစ် သောက်သုံးခြင်း

**မေး**။ ။အရှင်ဘုရား၊

တပည့်တော်တို့သည် ငါးပါး၊ ရှစ်ပါးသီလများကို ခံယူဆောက်တည်ရာ၌ သုရာမေရယ အရက်သောက်စားခြင်းမှ ရှောင်ကြဉ်ပါမည်ဟု ပါရှိပါသည်။ သို့သော် သီလခံယူပြီးနှင့် မခံယူသော်လည်း ကျန်းမာရေးအရ ဆေးဖြစ် ဝါးဖြစ် အရက်သောက်ပြီး အခြားဒုစရိုက်မှုများကို မပြုပါက သီလပျက်မပျက်နှင့် အကုသိုလ်ဖြစ်၊ မဖြစ် ရှင်းလင်းဖြေကြားပေးတော်မူပါရန် လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

ဦးခင်မောင်လွင်၊ တောင်ကုတ်မြို့။

**ဖြေ**။ ။ အရက်ကို အရက်အတိုင်း ဆေးဖြစ်ဝါးဖြစ်ဟူ၍ မသောက်အပ်ပါ။

အရက်ကို အနည်းငယ်မျှပင်ဖြစ်စေ သောက်လျှင်၊ မျိုလျှင် သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ ဟူသော သိက္ခာပုဒ်ပျက်၍ အပြစ်ရှိပါသည်။ အရက်ကို ဆေး၌ အနည်းငယ်ရောစွက်၍ အရက်နံ့ပျောက်လျှင် ဆေးဟူသောအမှတ်ဖြင့် သောက်၍ အပြစ်မရှိ။ ဆီ စသည်တို့နှင့် ရော၍ချက်ကာ အရက်၏အဆင်းအနံ့မရှိလျှင် ရဟန်းတော်များအတွက်ပင် အပ်ပါသည်။ ထို့ကြောင့် အရက်ကို အရက်အတိုင်း ဆေးအဖြစ်သောက်၍ အခြားဒုစရိုက်မှုများကို မပြုသော်လည်း သုရာမေရယသိက္ခာပုဒ်ပျက်၍ အကုသိုလ်ဖြစ်သည်ကို မှတ်သားထားရန် လိုအပ် ပေသည်။ (ဝိ– ၄ ၃၊ ၁၂၇)

*

## ငါးပါးသီလနှင့် ဥပုသ်သီလ

**မေး**။ ။အရှင်ဘုရား၊

အချို့ပုဂ္ဂိုလ်များက 'ငါတို့ဟာ ပါဏာတိပါတစတဲ့ ကာယကံမှု၊ ဝစီကံမှု ဒုစရိုက်တွေကို မကျူးလွန်တဲ့အတွက်ကြောင့် အလိုလိုနေရင်း

www.dhammaransi.com

ကုသိုလ်ရနေတာပဲ။ ကျောင်းသွားပြီး ဥပုသ်စောင့်နေစရာ မလိုပါဘူး'ဟု ပြောဆိုနေကြပါသည်။ မှန်ပါသလားဘုရား။

မောင်ဘုန်းဝေ၊ သမ္မာရိုး၊ ဝက်လက်

**ဖြေ**။ ။ လောကတွင် ဝါရိတ္တသီလ၊ စာရိတ္တသီလဟု နှစ်မျိုးရှိရာ ပါဏာတိပါတာ စသော ငါးပါးသီလသည် ဝါရိတ္တသီလမျိုးဖြစ်ပါသည်။ မကျင့်မနေရ ကျင့်ရသော သီလမျိုးဖြစ်၍ မကျင့်လျှင် အပြစ်ရှိ၍ ကျင့်လျှင် လွန်စွာ အကျိုးရှိသော သီလဖြစ်ပါသည်။ ဥပုသ်စောင့်ခြင်းမှာ စာရိတ္တသီလမျိုးဖြစ်၍ မကျင့်လျှင် အပြစ်မရှိ။ ကျင့်လျှင်ကား အထူးအကျိုးရှိ၍ ကုသိုလ်ရသော သီလဖြစ်သည်။ ပစ္စည်းဥစ္စာရှိ၍ ရုပ်အဆင်းလှပသော အမျိုးသမီးသည် လုံချည်၊ အင်္ကျီ စသော အဝတ်တန်ဆာ ဝတ်ဆင်၍ လှပနေပါသည်။ ထိုတွင် လက်ဝတ်တန်ဆာဖြစ်သော ရွှေငွေရတနာများ မဆင်ဘဲနေ၍လည်း အရုပ်ဆိုး မသွားပါ။ သို့သော် လုံချည်၊ အင်္ကျီများဖြင့်သာ အားမရဘဲ လက်ဝတ်တန်ဆာ ရတနာရွှေငွေများ ထပ်မံဆင်ယင်လိုက်လျှင် ပိုမို၍လှပ ဂုဏ်တက်လာရပါသည်။ ထို့အတူ ငါးပါးသီလဟူသော ဝါရိတ္တသီလမျှဖြင့် အားမရ၊ ဥပုသ်သီလဟူသော စာရိတ္တသီလ ထပ်ဆင့်ဆောက်တည်လိုက်က ကုသိုလ်အထူးပိုမို၍ အကုသိုလ်များ ကြားဝင်ခွင့် နည်းပါးသွားရပါသည်။ ၂၂၇ သွယ်သော ပါတိမောက်သိက္ခာပုဒ်များကို စောင့်ရှောက်လုံခြုံနေသော ဆရာတော်ဘုရားကြီးများသည် ပါတိမောက်သိက္ခာပုဒ်မျှနှင့် အားမရ၍ ဓုတင်အကျင့်များကို ထပ်ဆင့်ကျင့်သုံးတော်မူကြသကဲ့သို့ လူတို့သည်လည်း ငါးပါးသီလမျှဖြင့် အားမရ၍ ဥပုသ်သီလ စောင့်သုံးကြရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ငါးပါးသီလတည်းဟူသော ဝတ်စားတန်ဆာများနှင့်သာ အားမရသင့်ဘဲ ဥပုသ်သီလ တည်းဟူသော အဆင်တန်ဆာ စိန်ရွှေရတနာတို့ကိုပါ ဆင်မြန်းနိုင်ရန် လိုအပ်လှပါသည်။

*

www.dhammaransi.com

## သေက္ခပုဂ္ဂိုလ်နှင့် အန္ဓပုထုဇဉ်

**မေး။** ။အရှင်ဘုရား၊

(၁) သေက္ခပုဂ္ဂိုလ်၊ (၂) အန္ဓပုထုဇဉ်နှင့် ကလျာဏပုထုဇဉ်တို့ကို ရှင်းလင်းဖြေကြားပေးစေလိုပါသည် ဘုရား။

ဦးမောင်ဦး၊ လက်ပံတန်းမြို့။

**ဖြေ။** ။(၁) ကျင့်သုံးဆဲ (ရဟန္တာမဖြစ်သေးသော) သောတာပန်၊ သကဒါဂါမ်နှင့် အနာဂါမ်ပုဂ္ဂိုလ်များကို သေက္ခပုဂ္ဂိုလ်ဟု ခေါ်သည်။

(၂) ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားတို့ကို မသိသော ပုထုဇဉ်ကို အန္ဓပုထုဇဉ်ခေါ်၍ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားတို့ကို သိသော ပုထုဇဉ်ကို ကလျာဏပုထုဇဉ်ဟု ခေါ်ပါသည်။

*

## ကောမာရဗြဟ္မစရိယသီလ

**မေး။** ။အရှင်ဘုရား၊

တပည့်တော်၏ မိတ်ဆွေတစ်ဦးမှာ နေ့စဉ်ငါးပါးသီလ ခံယူရာ၌ 'ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ' ဟုဆိုရမည့်အစား 'အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ' ဟု ဆိုပါသည်။ ထိုသို့ နေ့စဉ်ဆိုနေသော်လည်း ၎င်းမှာ အိမ်ထောင်ပြုပြီးသည်မှာ မကြာသေးပါ။ တပည့်တော် သိရှိနားလည်သည်မှာ ဗြဟ္မာများသည် အဗြဟ္မစရိယ အမှုကို မပြု။ ထိုသို့ ဗြဟ္မာတို့၏ အကျင့်သိက္ခာပုဒ်ကို စောင့်ထိန်းပါမည်ဟုဆို၍ သီလခံယူခြင်းမှာ ထိုပုဂ္ဂိုလ်အနေဖြင့် အိမ်ထောင်ရှိနေသောကြောင့် ဖောက်ဖျက်ကျူးလွန်ပါလျှင် အပြစ်ရှိ မရှိ ဖြေကြားပေးစေလိုပါသည် ဘုရား။

ဦးခင်မောင်ဝင်း၊ ပခုက္ကူမြို့။

**ဖြေ။** ။ငါးပါးသီလ၌ ကာမေသုမိစ္ဆာစာရနေရာ၌ အဗြဟ္မစရိယာ သိက္ခာပုဒ်ကို ထည့်၍ ဆောက်တည်ခြင်းမှာ ကောမာရဗြဟ္မစရိယသီလ

ဟု ခေါ်ပါသည်။ အိမ်ထောင်မပြု(မရှိ) ယောက်ျားပျို၊ မိန်းမပျို၊ 'ကာမ ဂုဏ်ကို ရာသက်ပန်ရှောင်ကြဉ်တော့မည်'ဟု အဓိဋ္ဌာန်ပြုသူ၊ မုဆိုးဖို၊ မုဆိုးမ၊ တစ်ခုလပ် ကျားမတို့အတွက်သာ ဖြစ်ပါသည်။ ယခုခေတ်တွင် အချို့ဆရာတော် သံဃာတော်များက အမျိုးသမီး(အပျို)ဝတ်အသင်းသူ များ၊ မုဆိုးမ၊ တစ်ခုလပ် အမျိုးသမီးများအား ဆောက်တည်စေကြသည် ကို တွေ့ရပါသည်။ အိမ်ထောင်သည် ကျား၊ မများ ဆောက်တည်ရသော သီလမဟုတ်ပါ။ ဆောက်တည်၍ အိမ်ထောင်ပြုသောကြောင့် ဖောက်ဖျက် ကျူးလွန်က ပါဏာတိပါတ စသည်တို့ကဲ့သို့ အပြစ်ကြီးသည်ဟု မဆိုရ သော်လည်း သီလကျိုးပျက်မှုကြောင့် အပြစ်ရှိသည်ဟုကား ဆိုရပါမည်။ ဤသီလကို ကဿပမြတ်စွာဘုရားလက်ထက်က ဗာရာဏသီမင်းကြီး သမီးတော် ၇ ဦး (ဤဘုရားလက်ထက် ခေမာဘိက္ခုနီ စသည် ဘိက္ခုနီ လောင်းများ) ရာသက်ပန် အိမ်ထောင်မပြုဘဲ ဆောက်တည်ကြကြောင်း၊ ၎င်းတို့အား အတုယူ၍ အပျိုကြီး၊ တစ်ခုလပ်၊ မုဆိုးမများ အစောင့်အသုံး များကြောင်း၊ ထို့ကြောင့် ကောမာရီဗြဟ္မစရိယ (အပျို ဗြဟ္မစာရီ) သီလ ဟုခေါ်ကြောင်း မှတ်သားရပါသည်။

*

## ဝိနယရဇာတ်ကြွေအန်

**မေး။** ။ အရှင်ဘုရား၊

ဝိဓုရဇာတ်တော်၌ ကြွေအန်ကစားရာတွင် သေ၊ အန်ရွဲ၊ ရှစ်ခု။ သံ၊ အန်ရွဲ၊ ခြောက်ခု။ အိမ်စေ၊ အန်ရွဲ၊ လေး။ ငုံ၊ အန်ရွဲ၊ နှစ် စသည်ဖြစ် ကြောင်း ဘုရားဟောရှိသည်ဟု ဆိုပါသည်။ မည်သည့်ကျမ်းဂန်တွင် ဖွင့်ဆိုကြောင်း သိလိုပါသည်။ ကြွေအန်နည်းတူ ပဆစ်၊ သုံးပုံ၊ စစ်တုရင်၊ လေးကွက်ကျား စသည်များ ဘုရားလက်ထက်တော်တွင် ရှိမရှိလည်း သိလိုပါသည်။

ကိုကိုကြီး၊ မန္တလေးမြို့။

www.dhammaransi.com

**ဖြေ**။ ။ ဝိနယရဇာတ် အဋ္ဌကထာ ပါဠိတွင် ထိုအမည်များ မပါပါ။ 'မာလိကာ၊ သာဝဋ္ဋေ၊ ဗဟုလံ၊ သန္တိဘဒြာဒယော စတုဝီသတိ"ဟုသာ ဆိုပါသည်။ ဘာသာပြန်ဆိုသော မင်းဘူး ဦးသြဘာသက ခေတ်နှင့်ဆီလျော်အောင် ပြန်ဆိုသွားဟန်တူပါသည်။ ထို့ကြောင့် ထိုသော၊ သံ စသည့် အမည်များမှာ သူတို့ (အမရပူရ)ခေတ် အမည်များ ဖြစ်စရာရှိပါသည်။ လောင်းကစားနည်းများတွင် ကြွေ၊ ပဆစ်၊ လေးကွက်ကျား၊ ရှစ်ကွက်ကျားစသော ကစားနည်းများ ဘုရားလက်ထက်က ရှိကြောင်း ဝိနည်းကျမ်းဂန် (ဝိ-၁၊ ၂၇၅)တို့တွင် ရှိပါသည်။ ပစ်နည်း၊ ထိုးနည်း၊ တက်နည်းတို့မှာမူ ခေတ်အားလျော်စွာ ပြောင်းလဲမှု ရှိကောင်းရှိမည် ဖြစ်သော်လည်း ဤခေတ်ကစားနည်းအချို့မှာ ရှေးရှေးခေတ်မှ ဆင်းသက်လာသော နည်းများပင် ဖြစ်ပါသည်။

*

## ကောဋ္ဌာသနှင့် ဝါယောဓာတ်

**မေး**။ ။ အရှင်ဘုရား၊

တပည့်တော်တွင် နားတွင်း၌ လူ၏ သွေးခုန်သည့်အချိန်တိုင်း 'ဝေါ ဝေါ'ဟု မြည်ကာ နေပါသည်။ ပြင်ပအသံများလည်း ကောင်းစွာ မကြားရပါ။ ယင်းရောဂါအတွက် ၁၉၉၃ ခု၊ ဒီဇင်ဘာလထုတ် မြတ်မင်္ဂလာ စာစောင်ပါ 'ဘုရားဆေး၊ တရားဆေး' ဆောင်းပါးအရ ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ပဉ္စက (ငါးမျိုးတစ်စု)နည်းဖြင့် ပွားများကုသလိုပါ၍ မည်သို့ဆိုနိုင် ဆိုရမည်ကို ရှင်းလင်းညွှန်ပြရန်ပါ ဘုရား။

မောင်မောင်ခိုင်၊ ဂန့်ဂေါမြို့။

**ဖြေ**။ ။ နားတွင်း၌ 'ဝေါ ဝေါ'ဟုမြည်နေသည်မှာ ၃၂ မျိုးသော ကောဋ္ဌာသအတွင်း မပါသော ဝါယောဓာတ် (လေဓာတ်) ဖြစ်ပါသည်။ ထို့ကြောင့် ထိုဝါယောဓာတ်အတွက် ဒွတ္တိံသကောဋ္ဌာသ ပဉ္စကနည်းဖြင့်

www.dhammaransi.com

ရွတ်ပွားရန် အကျုံးမဝင်ပါ။ ဝါယောဓာတ် ၆ ပါးကိုသာ ဘုရားဆေး၊ တရားဆေးလာ နည်းကို မှီ၍ ပွားများသင့်ပါသည်။ ဝါယောဓာတ် ၆ ပါးမှာ (၁) အဿာသ–ထွက်သက်လေ၊ (၂) ပဿာသ–ဝင်သက်လေ၊ (၃) ဥဒ္ဓံဂါမ–အထက်သို့ဆန်သောလေ၊ (၄) အဓောဂါမ–အောက်သို့ စုန်သောလေ၊ (၅) ကောဋ္ဌာသယ–တစ်ကိုယ်လုံး ကိန်းသောလေ၊ (၆) အန္တောနုသာရီ–အူတွင်း၌ တည်သောလေ ဟူ၍ ဖြစ်ပါသည်။ ယင်း ၆ ပါးကို ၁ မှ ၆ အထိ အနုလုံနှင့် ၆ မှ ၁ အထိ ပဋိလုံ (ပါဠိမြန်မာ) အပြန်ပြန် အလှန်လှန် အကြိမ်များစွာ ရွတ်ဆိုပွားများလျှင် သင့်လျော် လိမ့်မည် ထင်ပါကြောင်း ညွှန်ပြရပါသည်။

(နားရောဂါအတွက် အောက်ပါဂါထာကိုလည်း ညစဉ် ဘုရားရှိခိုး ခါနီးတိုင်း ရွတ်ဆိုနိုင်ပါသည်။

ဗုဒ္ဓေါ သီသေ မကုဋ္ဌော၀၊
ဓမ္မော ဒက္ခိဏသောတကေ။
သံဃော ဝါမေ ဋ္ဌိတော နိစ္စံ၊
တေနမှိ နိရုပဒ္ဒဝေါ။

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မေ၊ တပည့်တော်၏။ သီသေ၊ ဦးထိပ်၌။ မကုဋ္ဌော၀၊ မကိုဋ်ပမာ။ နိစ္စံ၊ အမြဲ။ ဋ္ဌိတော၊ တည်တော်မူ၏။ ဓမ္မော၊ တရားတော်သည်။ ဒက္ခိဏ သောတကေ၊ လက်ယာနား၌။ နိစ္စံ၊ အမြဲ။ ဋ္ဌိတော၊ တည်တော်မူ၏။ သံဃော၊ သံဃာတော်သည်။ ဝါမေ၊ လက်ဝဲ နား၌။ နိစ္စံ၊ အမြဲ။ ဋ္ဌိတော၊ တည်တော်မူ၏။ တေန၊ ထိုရတနာသုံးပါး တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ မေ၊ တပည့်တော်၏။ နိရုပဒ္ဒဝေါ၊ နားလေထွက်ခြင်း, နားအူခြင်းနှင့် နားပင်းဆွံ့အ အ၀၀ရောဂါ ကင်းကွာလွတ်ကင်း ကျန်းမာချမ်းသာခြင်းသည်။ အမှိ၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

*

www.dhammaransi.com

## နှလုံးအစားထိုးသော်

**မေး။** ။ အရှင်ဘုရား၊ လူတို့၏စိတ် (ဘဝင်စိတ်)သည် ဟဒယ ဝတ္ထုခေါ်ဆိုသော နှလုံး၌ တည်သည်ဟု ဆိုပါသည်။ ဤခေတ်တွင် နှလုံးအစားထိုးကုသရာ၌ ထိုစိတ်၏တည်ရာ နှလုံးကို ထုတ်ယူ၍ လဲလှယ်စဉ် စိတ်သည် မည်သို့တည်၍ အသက်ရှင်နိုင်သည်ကို ကြံဆမိပါသည်။ ရှင်းလင်း၍ ပြတော်မူပါဘုရား။ (အမေးကို ချုံးထားသည်။)

ဝင်းမောင်ဖြူ၊ မြေထဲမြို့။

**ဖြေ။** ။ အဘိဓမ္မာ၌ စိတ် စေတသိက်တို့၏ တည်ရာဝတ္ထု (ဟဒယဝတ္ထု) ဆိုသည်မှာ နှလုံးကိုမဆို "ရင်ချိုင့်၏ အတွင်းသားကိုမှီလျက် မျောက်လုပ်သီးပွင့်ကဲ့သို့ တွဲလျားတည်သော နှလုံးသား၏ အတွင်းပုန်းညက်စေ့ ဆံ့ရုံမျှသော ကျင်း၌ အဆင်းခြောက်ပါးဖြင့်တည်သော သွေးသည် ဟဒယ ဝတ္ထုမည်၏"ဟုဆိုပါသည်။ နှလုံးကို အစားထိုးရန် ထုတ်ရာ၌ နှလုံးသွေး အသွားမပျက်ရန် ယာယီနှလုံးသွေးတည်ရာ တစ်ခုခု အစားထားခဲ့စရာ ရှိရပေလိမ့်မည်။ ဤခေတ်တွင် လောကဓာတ်ပညာဖြင့် ပလတ်စတစ် နှလုံးတုများပင် ကြံစည်ပြုလုပ်ကြကြောင်း ဖတ်ရှုရပေသည်။ လိုရင်းမှာ နှလုံးသွေးအသွားအလာ မပျက်စီးသေးက စိတ်စေတသိက်တို့ တည်နိုင်(အသက်ရှင်နိုင်)ဖွယ်ရှိသဖြင့် နှလုံးကို အစားထိုး၍ ဖြစ်နိုင်ကြောင်း ကြံဆနိုင်ပါသည်။ ဤအဘိဓမ္မာဆိုင်ရာ ပြဿနာမျိုးတွင် အပြင်အပ စာပေများထက် အဘိဓမ္မာအဋ္ဌကထာကြီးများ၏ အဆိုကို လေးလေးနက်နက် ဆင်ခြင်ရန် လိုအပ်ပါသည်။ နီးစပ်ရာ ပညာရှင် ဆရာတော်ဘုရားကြီးများနှင့် ဆွေးနွေးကြရန် လိုအပ်ကြောင်း အကြံပြုလိုပါသည်။

*

www.dhammaransi.com

## နိယာမတရား

**မေး။** ။အရှင်ဘုရား၊

'နိယာမ'ဆိုသည်မှာ အဓိပ္ပာယ်မည်သို့ဖြစ်ပါသနည်း။ နိယာမ မည်မျှရှိပါသနည်း။ အဓိပ္ပာယ်ဖွင့်ဆိုမှုတို့နှင့်တကွ ပြည့်စုံစွာသိနိုင်ရန် မေတ္တာကရုဏာတရားရှေ့ထား၍ ဖြေကြားပေးပါရန် ရိုသေလေးစားစွာ လျှောက်ထားပါသည် ဘုရား။

ငြိမ်း (ရန်ကုန်)

**ဖြေ။** ။ နိယာမဟူသည် စွဲမြဲစွာဖြစ်လေ့ရှိသော သဘောတရားများကို ခေါ်ပါသည်။ ၎င်းတို့မှာ (၁) ဗီဇနိယာမ၊ (၂) ဥတုနိယာမ၊ (၃) ကမ္မနိယာမ၊ (၄) ဓမ္မနိယာမ၊ (၅) စိတ္တနိယာမဟူ၍ ငါးမျိုးဖြစ်သည်။ (၁) ဗီဇနိယာမဟူသည် သစ်စေ့၊ သစ်ညွန့် စသည်တို့၏ မူလမျိုးရိုးပင်ရင်းနှင့် အလားတူစွာ ပေါက်ခြင်းသဘော။ (၂) ဥတုနိယာမဟူသည် ဆောင်းနွေမိုးဥတုတို့၌ နှင်းကျခြင်း၊ ပူအိုက်ခြင်း၊ မိုးရွာခြင်း စသော အစဉ်မပြတ် အလားတူ ဖြစ်ခြင်းသဘော၊ (၃) ကမ္မနိယာမဟူသည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အလားတူစွာ ကမ္မဝိပါက်တရားဖြစ်ပွားခြင်းသဘော။ (၄) ဓမ္မနိယာမ ဟူသည် တရားဓမ္မကို အစွဲပြု၍ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ခြင်း စသောအဖြစ်မြဲသော သဘော။ (၅) စိတ္တနိယာမဟူသည် စိတ်တို့၏ ရှေ့စိတ်၊ နောက်စိတ်ဖြစ်ပွားသော သဘောတရား။ ဤနိယာမတရားကိုပြရာ၌ အချို့ကျမ်းတို့တွင် ၁၅ ပါးဟူ၍ ရှိ၏။ မူရင်း မှာနိဒါနဝဂ္ဂသံယုတ် ပါဠိတော်လာဟူ၍ မှတ်ရပါမည်။

*

www.dhammaransi.com

## အသံထွက်၍ ရွတ်ဆိုခြင်း မဆိုခြင်း

**မေး။** ။ အရှင်ဘုရား၊

တပည့်တော်မသည် ဂါထာများ၊ ဘုရားရှိခိုးနှင့် ပရိတ်တော်များကို အသံထွက်၍ မရွတ်ဆိုဘဲ စိတ်ထဲကသာ ရွတ်ဆိုပါသည်။ ဤသို့ပြုသဖြင့် အကျိုးသက်ရောက်မှု ရှိ၊ မရှိ ရှင်းလင်းမိန့်ကြားတော်မူပါဘုရား။

ဥမ္မာကျော်၊ တိုက်ကြီးမြို့နယ်။

**ဖြေ။** ။ ဘုရားရှိခိုးခြင်းစသည်၌ ကာယေန ဝန္ဒတိ၊ ဝစသာ ဝန္ဒတိ၊ မနသာ ဝန္ဒတိ ဟူ၍ ၃ မျိုးရှိရာ ကာယေန ဝန္ဒတိ၊ ကိုယ်ဖြင့် ရှိခိုးခြင်းမှာ အကျိုးအကြီးဆုံးပင် ဖြစ်ပါသည်။ ဝစသာ ဝန္ဒတိ၊ နှုတ်ဖြင့် အသံထွက်၍ ရှိခိုးခြင်းမှာ အလယ်အလတ်ဖြစ်သည်။ မနသာ ဝန္ဒတိ၊ စိတ်ဖြင့်ရှိခိုးခြင်းမှာ အားအနည်းဆုံးဖြစ်သည်။ ကိုယ်နှုတ်စိတ် သုံးမျိုးလုံးဖြင့် ရှိခိုးခြင်းက အကျိုးအရှိဆုံးဖြစ်ကြောင်း သတိပြုစေချင်ပါသည်။ ဘုရားရှိခိုးရာ၌ ဘုရားရှေ့တွင် ကာယကံ၊ ဝစီကံ၊ မနောကံ ၃ မျိုးလုံးပါအောင် ရိုသေစွာထိုင်၍ အသံအနည်းငယ်ထုတ်ကာ စိတ်ပါလက်ပါ ဘုရားရှိခိုးရန် လိုအပ်ပါသည်။ ဂါထာ၊ ပရိတ်တော်များမှာ အသံထွက်၍ ရွတ်ဆိုမှသာလျှင် အန္တရာယ်ကင်းရှင်း အကျိုးပေးခြင်းရှိ၍ အသံထွက်မှန်မှန်ကန်ကန်ဖြင့် ရွတ်ဆိုရန် သင့်ပါကြောင်း ပြောလိုပါသည်။

*

## ဘုရားမဟောသော ကျမ်းများနှင့် အဟံ ဘန္တေ

**မေး။** ။ အရှင်ဘုရား

(က) အောက်ပါကျမ်းစာများ ဘုရားဟောမဟုတ်ဆိုတာ မှန်ပါသလားဘုရား၊ (၁) ဇင်းမယ်ပဏ္ဏာသ၊ (၂) အဋ္ဌကထာနှင့် ဋီကာများ။

www.dhammaransi.com

(ခ) သီလခံယူရာ၌ တစ်ယောက်တည်းဖြစ်မှသာလျှင် အဟံ ဘန္တေဆိုရသည်။ နှစ်ယောက်ကစပြီး အများဖြစ်က မယံဘန္တေ ဆိုရမည်ဟု ပြောကြပါသည်။ မှန်ပါသလား ဘုရား။

မောင်ဖြိုးဝေ (သမားရိုး)၊ ဝက်လက်။

**ဖြေ**။ ။ ဇင်းမယ်ပဏ္ဏာသ ယခု ယိုးဒယားနိုင်ငံမြောက်ပိုင်း ဇင်းမယ်မြို့မှ ပါဠိဘာသာဖြင့်ပြုသော ကျမ်းစာ၊ ဘုရားဟောဇာတ်တော်များကဲ့သို့ ဇာတ်ဝတ္ထုပေါင်း ၅၀ ကို ဘုရားဟောပမာ ရေးသားစီရင်သည်။ ဘုရားဟော မဟုတ်ပါ။ အဋ္ဌကထာမှာ ပါဠိတော်၏ခက်ခဲသော အဓိပ္ပာယ်များကို ဗုဒ္ဓမတ္တညူ (ဘုရားအလိုတော်သိသော)ဆရာများ ပြုစုသည်။ သို့သော် ဘုရားဟောစကားတော်များ ပါဝင်သည်။ ထို့ကြောင့် ပကိဏ္ဏကဒေသနာဆိုသည်။ ဋီကာများမှာ အဋ္ဌကထာတွင် ခဲခက်သော အဓိပ္ပာယ်များကို ထပ်ဆင့်၍ ဖွင့်ပြသော၊ နောက်ဆရာများ ပြုစုသော ကျမ်းများဖြစ်သည်။

သီလခံယူရာ၌ အများပင် ဖြစ်သော်လည်း အသီးသီး ပြိုင်တူဆိုသဖြင့် အဟံ ဘန္တေဟုပင် ကေဝုစ်ဖြင့်သာ ဆိုရပါသည်။ မယံ ဘန္တေ စသည် ဗဟုဝုစ်ဆိုရိုး မရှိသဖြင့် ဆိုရန်မသင့်ပါ။ ထို့အတူ သရဏဂုံသီလဆောက်တည်ခံယူရာ တစ်လျှောက်လုံးမှာပင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်၊ သမာဒိယာမိ စသည် ကေဝုစ်ဖြင့်သာ ရှိသည်ဟု သတိမူဖွယ်ပင် ဖြစ်ပါသည်။

*

## ဘုရားရှိခိုး စိတ်လွင့်သူ ရှိမခိုးသူနှင့်တူ မတူ

**မေး**။ ။ အရှင်ဘုရား၊

တပည့်တော်မသည် ဝန်ထမ်းတစ်ဦးဖြစ်ပါသည် ဘုရား။ တပည့်တော်မ ညဲ၊ မနက် ဘုရားရှိခိုးလျှင် ဖြစ်စေ၊ အားလပ်သည့်အချိန်၌

www.dhammaransi.com

ဂုဏ်တော်ကိုးပါးတို့ကို ရွတ်ဆိုနေလျှင်ဖြစ်စေ ပါးစပ်က ရွတ်ဆိုနေပေမယ့် စိတ်ကတော့ အပြင်ထွက်နေပါသည်ဘုရား။ အဲဒါ ဘုရားရှိမခိုးတဲ့သူတွေနှင့် တူနေပါသလားဘုရား။ ဘာမျှအကျိုးအာနိသင်မရ ဖြစ်နေပါသလားဘုရား။ ဖြေရှင်းပေးတော်မူပါဘုရား။

ဦးမှာကြည် (သံဖြူဇရပ်)

**ဖြေ။** ။ ဘုရားလက်ထက်က မိစ္ဆာဒိဋ္ဌိသူငယ်ကလေး ခြေထောက် ဘီလူးဆွဲသဖြင့် အိပ်ရာမှ ယောင်ယမ်း၍ 'နမော ဗုဒ္ဓါယ'ဟုရွတ်ဆိုသဖြင့် ဘီလူးမစားဝံ့ဘဲ စားစရာများ ပူဇော်သွားရပုံ၊ အလမ္ဗာယ်ပုဏ္ဏားနဂါးနှင့်တွေ့၍ အဓိပ္ပာယ်မသိသော်လည်း သူတစ်ပါးရွတ်ဆိုသံကြားဖူး၍ နမော ဗုဒ္ဓါယ ရွတ်ဆိုသဖြင့် နဂါးက ရွှေရတနာပန်းခိုင်ဖြင့် ပူဇော်သွားပုံတို့ကို သာဓကပြု၍ ပါးစပ်က ဂုဏ်တော်တို့ကို အသံထုတ်၍ ရွတ်ဆိုပူဇော်နေက ရတနာသုံးပါး၌ စိတ်ညွှတ်နေမှု၊ အသံထုတ်၍ ကြည်ညိုပူဇော်နေမှု၊ နေ့စဉ် နိဗဒ္ဓ နိစ္စရူဝ ပူဇော်နေမှုတို့ကြောင့် ရှိမခိုး၊ ဝတ်မပြုသူတို့ထက် များစွာ သာလွန်နေပါသည်။ သို့သော် စိတ်အပြင်မထွက်အောင် အာရုံပြု၍ ဘုရာရှိခိုးစာတို့ကို မိမိနားလည်သော (ပါဠိဘာသာဖြစ်က) အနက်ပါဆိုမှု၊ မြန်မာဘာသာ ဘုရားရှိခိုးဖြင့် ရွတ်ဆိုမှု၊ နေ့စဉ် ဆိုနေကျအစဉ်ကို ပြောင်း၍ ဆိုမှု၊ စိတ်ပျံ့လွင့်သွားက ထပ်ခါထပ်ခါ ပြန်လည်ရွတ်ဆိုမှု၊ ဖြည်းဖြည်းအသံထုတ်၍ စဉ်းစားရွတ်ဆိုမှုတို့ကို လေကျင့်ပြုလုပ်က အသံနှင့်စိတ်အာရုံ ညီမျှလာနိုင်ပါသည်။ ထို့ထက် စိတ်ကို နိုင်နင်းရန် ဝိပဿနာဘာဝနာပွားမှုကို အလေ့အကျက် ပြုပေးရန် လိုအပ်ပါသည်။ အနည်းဆုံး မည်သည့်ရိပ်သာနည်းဖြင့်မဆို ၁၀ ရက် စခန်းခန့် ဝင်ရောက်ကျင့်သုံးကြည့်လျှင် စိတ်လွင့်မှုများကို ထိန်းသိမ်းနိုင်ပါလိမ့်မည်။ လက်တွေ့ကျင့်သုံးကြည့်စေလိုပါသည်။

*

www.dhammaransi.com

## လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း

**မေး။** ။အရှင်ဘုရား၊

(၁) လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတွင် 'တစ်သင်္ချေ'သည် ကမ္ဘာပေါင်း မည်မျှရှိပါသနည်း။

(၂) 'ကမ္ဘာတစ်သိန်း'သည် ကမ္ဘာတစ်ခုပြီးတစ်ခု တစ်သိန်းကို ဆိုလိုပါသလား၊ ရှင်းပြစေလိုပါသည် ဘုရား။

မသက်နွယ်၊

ကရင်သောင်ရွာ၊ သံဖြူဇရပ်မြို့နယ်။

**ဖြေ။** ။ တစ်သင်္ချေဟူသည် ၁ နောက် သုညပေါင်း ၁၄၀ ရှိသော ဂဏန်းဖြစ်၍ ကမ္ဘာပေါင်း ၁ နောက် သုည ၁၄၀ ရှိသည့် ကမ္ဘာပေါင်းဖြစ်သည်။ ဂေါတမမြတ်စွာဘုရားအလောင်း သုမေဓာရှင်ရသေ့ နိယတဗျာဒိတ်ခံယူပြီး ထိုကမ္ဘာနောက် ကမ္ဘာတစ်သင်္ချေ၊ (ဘုရားမပွင့်၊ သုညကမ္ဘာဖြစ်၍) ထို့အတူ ကောဏ္ဍည ဘုရားနောက် ကမ္ဘာတစ်သင်္ချေ၊ သောဘိတ ဘုရားနောက် ကမ္ဘာတစ်သင်္ချေ၊ နာရဒဘုရားနောက် ကမ္ဘာတစ်သင်္ချေ၊ ထိုလေးသင်္ချေတို့တွင် ဘုရားမပွင့်။ သုညကမ္ဘာများ ခံပြီးမှ ပဒုမုတ္တရာဘုရားပွင့်ကာ ထိုမှနောက် ဤဂေါတမဘုရားပွင့်သော ကမ္ဘာအထိ ကမ္ဘာပေါင်း တစ်သိန်းတိုင်တိုင် ကြာပါသည်။ ကမ္ဘာတစ်ခုဖြစ်၊ တစ်ခုပျက်နှင့် တစ်သိန်းဖြစ်ပါသည်။ စင်စစ် ဤကမ္ဘာတစ်သိန်းသည် သုည ကမ္ဘာလေးအသင်္ချေ၏ အစွန်းထွက်သာ ဖြစ်ပါသည်။

"ဒီပင်္ကရာ၊ မြတ်ဗုဒ္ဓါ၊ ခေမာကြွပြီး၊ တစ်သင်္ချေ။

ကောဏ္ဍညရှင်၊ မြတ်သခင်၊ ကြွဝင်နိဗ္ဗာန်တစ်သင်္ချေ။

မြတ်သောဘိတ၊ သုဂတ၊ အမတဝင်၊ တစ်သင်္ချေ။

နာရဒထင်ရှား၊ မြတ်ဘုရား၊ ကြွသွားနိဗ္ဗာန်တစ်သင်္ချေ။

www.dhammaransi.com

ပဒုမုတ္တရမှ၊ ဤဘဒ္ဒ၊ ရောက်ကတစ်သိန်းနေ။
သချေၤလေး၀၊ တစ်သိန်းပ၊ မှတ်ကြ မြဲမသွေ။'

*

## သရဏဂုံဆောက်တည်ရာတွင်

**မေး။** ။အရှင်ဘုရား၊

သရဏဂုံ ဆောက်တည်ရာတွင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဂစ္ဆာမိ သရဏံ ဗုဒ္ဓံ၊ ဂစ္ဆာမိ သရဏံ ဓမ္မံ၊ ဂစ္ဆာမိ သရဏံ သံဃံ။ ဒုတိယမ္ပိ၊ တတိယမ္ပိ စသည်ဖြင့် အပြန်အလှန် ရွတ်ဆို၍ ရပါသလားဘုရား၊ မည်ကဲ့သို့ အကျိုး ထူးနိုင်သည်ကို သိလိုပါသဖြင့် ဖြေကြားပေးတော်မူပါဘုရား။

ဒေါ်ကြည်ကြည်ဝေ၊
အ ထက (၂) မင်္ဂလာဒုံ။

**ဖြေ။** ။သရဏဂုံ ခံယူဆောက်တည်ရာ၌ ပထမဆုံး သရဏဂုံ ခံယူဆောက်တည်သူ တပုဿနှင့် ဘလ္လိကတို့ ဒွေဝါစိက သရဏဂုံတွင် "ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ ဓမ္မဉ္စ"ဟုဆို၍ ယသသူဌေးသား၏ မိခင်၊ ဖခင်တို့ တေဝါစိက သရဏဂုံတွင် "ဧသာဟံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ"ဟုဆိုပါသည်။ ထို့နောက် သရဏဂုံဖြင့် ရဟန်းခံခြင်းနှင့် လူပုဂ္ဂိုလ်တို့ သရဏဂုံ ဆောက်တည်ရာတို့တွင် ပုံမှန် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ" ဟူ၍သာ သာသနာတော်တစ်လျှောက်လုံး အသုံးပြုခဲ့ပါသည်။ ဒေါ်ကြည်ကြည်ဝေ ဖော်ပြသလို အနုလုံ ပဋိလုံ အပြန်အလှန် ရွတ်ဆိုခြင်းမျိုး မရှိခဲ့ပါ။ ထိုသို့ ရွတ်ဆိုသဖြင့်လည်း အကျိုးထူးမည် မထင်ပါ။ အချို့ဆရာတို့ အဆန်းထွင်၍ နည်းပေးခြင်းသာ ဖြစ်နိုင်ပါသည်။ ဖြစ်နိုင်လျှင် လယ်တီဆရာတော်ဘုရားကြီး စီစဉ်ခဲ့သော မဟာသရဏဂုံတော်ကြီးကဲ့သို့ "အဇ္ဇတဂ္ဂေ ပါဏု

www.dhammaransi.com

ပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ” စသည်ဖြင့် ကျယ်ကျယ်ဝန်းဝန်း ကြည်ညိုဖွယ်ရာ ရွတ်ပွားနိုင်လျှင်ကား အကျိုးကျေးဇူး အထူးများလှပါသည်။

*

## မဟာသရဏဂုံတော်ကြီး

**မေး**။ ။အရှင်ဘုရား၊

လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့သော မဟာသရဏဂုံတော်ကြီးတွင် ပါဝင်သည့် ဓာတုဒုက္ခပရိညာအပိုင်းတွင် “အဋ္ဌရသဓာတုဒုက္ခပရိညာ”ဟု ပါရှိပါသည်။ တပည့်တော်အထင် ဓာတ် ၁၈ ပါးဟု သိရသဖြင့် အဋ္ဌဒသဖြစ်မည်ထင်ပါသည်။ တစ်ဖန် နိဗ္ဗာန ဝဏ္ဏနာတွင် “အမတတ ဓာတုသစ္ဆိကရဏ”ဟု ပါပြန်သည်။ ၎င်းမှာ အမတဓာတု သစ္ဆိကရဏ ဖြစ်မည်ထင်ပါသည်။ ဖြေရှင်းပေးတော်မူပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည် ဘုရား။

ကိုအေးကြူ၊ မြောင်းမြို့။

**ဖြေ**။ ။၁၈ သချာကို ပါဠိဘာသာတွင် အဋ္ဌဒသဟု မဆို။ အဋ္ဌာရသဟုသာ ဆိုရပါသဖြင့် အဋ္ဌာရသပင် မှန်ပါသည်။ နိဗ္ဗာနဝဏ္ဏနာတွင် ဦးအေးကြူ ယူဆသကဲ့သို့ပင် အမတဓာတုသစ္ဆိကရဏပင် မှန်ပါသည်။ ‘အမတဓာတု သစ္ဆိကရဏ ပရိယန္တံ၊ အမတဓာတ် မြတ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းလျှင် အဆုံးရှိသည့်တိုင်အောင်’ဟု အနက်ပေးရပါမည်။ ကြိုးစား၍ ရွတ်ဆိုပွားများနိုင်ပါစေ။

*

## နမော တဿအနက်

**မေး**။ ။အရှင်ဘုရား၊

“နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ”ဟူသော ဘုရားရှိခိုး ပါဠိတော်အနက်ကို တပည့်တော်ကောင်းစွာ မသိပါ၍

ဘုရားရှိခိုးရာတွင် အခက်အခဲ ဖြစ်နေပါသဖြင့် ပါဠိတော်အနက်ကို ရေးသား ချီးမြှင့်တော်မူပါဘုရား။

မောင်သက်ခိုင်ထွန်း၊
ပုသိမ်၊ ဧရာဝတီတိုင်း။

**ဖြေ။** ။ "အရဟတော–အာရကာသ၊ ကိလေသာတို့မှ ဝေးကွာတော်မူသော။ အရ+ဟတော အရိ+ဟတသ၊ ကိလေသာရန်သူတို့ကို သတ်တော်မူသော။ အရ+ဟတော အရ+ဟတသ၊ သံသရာစက်၏ အကန့်တို့ကို ဖျက်ဆီးတော်မူသော။ အရဟတော–အရဟတ္တ သ၊ ပူဇော် အထူးကို ခံတော်မူထိုက်သော။ အ+ရဟတော အ+ရဟာသ၊ မကောင်းမှု ပြုစရာ ဆိတ်ကွယ်ရာမရှိသော။ (အရဟံဂါးနက်( သမ္မာ+သံ+ဗုဒ္ဓသ၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူသော။ ဘဂ+ဝတော–ဘာဂျ+ဝန္တ သ၊ အထွတ်အထိပ်သို့ရောက်သော ဒါန စသော ပါရမီဘုန်းကံရှိတော်မူသော။ ဘဂ+ဝတော ဘဂ္ဂ+ဝန္တ သ၊ အသိန်းမကသော ကိလေသာ၊ အကျဉ်းအားဖြင့် မာရ်ငါးဖြာကို ချိုးဖဲ့ ဖျက်ဆီးတော်မူသော။ ဘဂ+ဝတော–ဘဂ+ဝန္တ သ၊ ဣဿရိယ စသား တရားခြောက်ပါးရှိတော်မူသော။ ဘဂ+ဝတော–ဝိဘတ္တ+ဝန္တ သ၊ ကုသိုလ် စသော အပြား၊ ခန္ဓာ စသောအပြားတို့ဖြင့် တရားတို့ကို ဝေဖန် ဟောကြားတော်မူသော။ ဘဂ+ဝတော–ဘတ္တ+ဝန္တ သ၊ ဈာန်မဂ်ဖိုလ် နိဗ္ဗာန်တို့ကို အကြိမ်ကြိမ် မှီဝဲဆည်းကပ်တော်မူသော။ ဘ+ဂ+ဝတော– ဘဝ+ဂမန+ဝန္တ သ၊ ဘဝတို့၌ ပြေးသွားတတ်သော တဏှာကို ထွေးအန် တော်မူသော။ (ဘဂဝါခြောက်နက်) တသ၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။ အဟံ၊ အကျွန်ုပ်သည်။ နမော၊ ရှိခိုးခြင်းကို။ ကရောမိ၊ ပြုပါ၏။ မယှံ၊ အကျွန်ုပ်၏။ နမော၊ ဦးနှိမ်ညွတ်ကျိုး ရှိခိုးခြင်းသည်။ သမိဇ္ဈတု၊ ပြည့်စုံအောင်မြင်ပါစေသတည်း။(နမော သုံးနက်)။ ဆောင်လေး

www.dhammaransi.com

ပင်ဆရာတော်ဘုရားကြီး၏ နမော တဿ ဘုရားရှိခိုးအနက်)၊ နမော တဿ ဘုရားရှိခိုးမှာ သိကြားမင်း စသော သောတာပန်ပုဂ္ဂိုလ်ကြီးများ အမြဲရှိခိုးသော မဟာနမက္ကာရကြီးဖြစ်ကြောင်း ကျမ်းဂန်များမှာ အဆိုရှိ၍ အမြဲမပြတ် ကြိုးစား ရှိခိုးကြရန် အရေးကြီးပါသည်။

*

## ဝိကပ်

**မေး။** ။ အရှင်ဘုရား၊

အ ရဟံ၊ အရ ဟံ၊ အရဟံ 'ဎင်း ဝိကပ်ဂုဏ်တော်ကို တစ်ဝိကပ် လျှင် တစ်ည တစ်ထောင်စေ့အောင် ပုတီးစိပ်ရမည်'ဟုဆိုရာ (၁) ဝိကပ် ဂုဏ်တော်ဟု အဘယ်ကြောင့်ခေါ်ကြောင်း၊ (၂) တစ်ဝိကပ်ဟူသည် မည်မျှ အရေအတွက်ရှိကြောင်း သိလိုပါသဖြင့် ရှင်းလင်းမိန့်ကြားပေးပါရန် လျှောက်ထားပါသည်ဘုရား။

ဦးစိုးမြင့်၊ ဦးသိမ်းဆောင်၊ (၁) ရပ်ကွက်၊ သာကေတ။

**ဖြေ။** ။ ဝိကပ်ဟူသည် ဝိကပ္ပ– အထူးကြံခြင်း၊ အထူးထူး ကွဲပြားခြင်း၊ အထူးစီရင်ခြင်းအနက်ရှိသည် ဆိုသရွေ့ အနက်များတွင် တစ်ပါး ပါးကိုသာ ယူရခြင်း အဓိပ္ပာယ်ရသဖြင့် အ ရဟံ၊ အရ ဟံ၊ အရဟံ သုံးမျိုးတွင် တစ်မျိုးမျိုးကိုသာယူရမည်ဟု ဆိုလိုပါသည်။ ထိုသို့ ဂုဏ်တော် အနက်တစ်မျိုးမျိုးအား တစ်ထောင်စိပ်ရမည်ကို သိရှိရန် တစ်ဝိကပ် ဂုဏ် တော်တစ်ခုဟု ဆိုခြင်းဖြစ်ကြောင်း သိရန် လိုပါသည်။ ထို့ကြောင့် ကျမ်းဂန် တို့တွင် "သံဃဿ ဝါ၊ ဂဏဿ ဝါ၊ ပုဂ္ဂလဿ ဝါ" ဤသို့ သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တစ်ပါးပါးကိုသာ ယူရသောကြောင့် သံဃဿ ဝါသည် တစ်ဝိကပ်၊ ဂဏဿ ဝါသည် တစ်ဝိကပ်၊ ပုဂ္ဂလဿ ဝါသည် တစ်ဝိကပ် ဖြစ်ကြောင်း မှတ်သားရန် လိုအပ်ပါသည်။

*

www.dhammaransi.com

## ဝါဆိုခြင်း

**မေး။** ။ အရှင်ဘုရား၊

၄၅ ဝါရ မထေရ်ကြီးတစ်ပါးသည် ဘုရားဝါတော်ထက် ကြီးမည် စိုး၍ဟု အကြောင်းပြကာ ဝါမဆိုပါ။ ထိုအကြောင်းနှင့် ပတ်သက်၍ ဝါမကပ်ဘဲနေ၍ ရ၊ မရ၊ ဝါမဆိုသောသူသည် အကျိုးအပြစ်၊ ဝါကျိုးသော သူနှင့် ဝါမကပ်သောသူ မည်သူက ပို၍ အပြစ်ကြီးသည် မကြီးသည်ကို ကျမ်းဂန်အထောက်အထားနှင့် ဖြေဆိုပေးပါရန် လျှောက်ထားအပ်ပါ သည် ဘုရား။

သောတုဇနဘိက္ခု၊
သာသနရက္ခိတကျောင်း၊ ကြည့်မြင်တိုင်မြို့နယ်။

**ဖြေ။** ။ ဝါဆိုလပြည့်ကျော် ၁ ရက် သို့မဟုတ် ၎င်းရက်ကို အကြောင်း အမျိုးမျိုးကြောင့် မမီလျှင် ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့ (တစ်နေ့နေ့)၌ ဝါဆိုရ၏။ ဝါမဆိုလျှင် ဒုက္ကဋ်အာပတ်သင့်၏။ (ဝိ-၃၊ ၁၉၄)၊ အရှင်အာနန္ဒာ၊ အရှင်မဟာကဿပ စသည်တို့သည် သက်တော် ၁၂၀ ရှည်ကြာ၍ ဝါတော်လည်း ကြီးရင့်ကြ၏။ ဘုရားထက် ဝါတော်ကြီးကြမည်ကို စိုးရိမ်၍ ဝါမဆိုဘဲ မနေကြပါ။ မည်သည့် ရဟန္တာ အရှင်မြတ်ကြီးများမှ ဘုရားထက် ဝါကြီးမည် စိုး၍ ဝါမဆိုဘဲ မနေကြပါ။ ဝါဆိုချိန်ကျလျှင် ဝါဆိုကြရမြဲပင် ဖြစ်သည်။ ဝါမဆိုလျှင် ဒုက္ကဋ်အာပတ် သင့်သကဲ့သို့ ဝါကျိုးသောရဟန်းသည်လည်း ဒုက္ကဋ်အာပတ်သင့်ပါသည်။ ဝါမကပ်သူနှင့် ဝါကျိုးသောသူသည် ဒုက္ကဋ်အာပတ်သင့်ခြင်း၊ ပဝါရဏာ မပြုရခြင်းနှင့် ကထိန်သင်္ကန်း မခံယူရခြင်း၊ ကထိန်အကျိုး (အာနိသင်) မရခြင်းတို့အတူတူပင် ဖြစ်ပါသည်။ ဝိ-၃၊ ၁၉၅ စသည်တွင် အကျယ် ကြည့်နိုင်ပါသည်။

*

www.dhammaransi.com

# ပင့်ကူမျှင်

**မေး**။ ။ အရှင်ဘုရား၊

အိမ်ဘုရားခန်း အဆောက်အအုံများတွင် တွေ့ရသော ပင့်ကူမျှင်များကို သန့်ရှင်းရေးအရ ဖယ်ရှားပစ်မည်ဆိုပါက ဝဋ် (သို့မဟုတ်) ငရဲကြီးနိုင်ပါသလားဘုရား။ ယခု အိမ်ရွှေ့ပြောင်းရန် ရှိနေပါသဖြင့် ယင်း ပင့်ကူအိမ်များ သန့်ရှင်းရေးလုပ်ရမည်ကို ကြောက်ရွံ့လာမိပါသည် ဘုရား။ သို့ပါ၍ မည်ကဲ့သို့ စိတ်ထား၍ ရှင်းလင်းရမည်ကို သိလိုပါသည် ဘုရား။

ရေနံမြေ 'ဌေး'။

**ဖြေ**။ ။ ဘုရားခန်းစသည်များ၌ ပင့်ကူအိမ်များမှာ အရုပ်ဆိုးသော အမှိုက်သရိုက်များပင်ဖြစ်၍ မလွဲမရှောင်သာ ရှင်းလင်းရမည် ဖြစ်သည်။ ကုသိုလ်ကောင်းမှုပြုရာ၌ ရံခါ အပြစ်အနည်းငယ် ပြုလုပ်မိသော်လည်း မပြောပလောက်ဟု သဘောထားရပါသည်။ လူတစ်ဦးတစ်ယောက် အသက်ကို ကယ်ရာ၌ ရောဂါပိုးများ သေကျေပျက်စီးရမည်ကို မရှုသာပါ။ စေတီရင်ပြင်ပေါ်၌ ခွေးလေခွေးလွင့်များကို နှင်ထုတ်ရာတွင် စေတီရင်ပြင် သန့်ရှင်းရေးဟူသော ကုသိုလ်ကောင်းမှုအတွက် ခွေးများကို သနား၍ နေရာမပေးသင့်ပါ။

ကျမ်းဂန်တို့တွင် ဗောဓိပင် အကိုင်းအခက်တို့ကို ချိုးဖဲ့ဖျက်ဆီးလျှင် မြတ်စွာဘုရားအား သွေးစိမ်းတည်အောင် ပြုသည့် လောဟိတုပ္ပါဒ ကံကဲ့သို့ ကံကြီးသင့်သည်ဟု ဆိုပါသည်။ ထိုသို့ဆိုသော်လည်း ဓာတ်တော် ဌာပနာရာ စေတီတော်ကို ဗောဓိညောင်ကိုင်းတို့က ထိခိုက်ပျက်စီးမည့် အခြေအနေရောက်နေပါက ဗောဓိကိုင်းတို့ကို ခုတ်ပယ်ပစ်သင့်ကြောင်း ဆိုပါသည်။ ထိုကဲ့သို့ပင် သန့်ရှင်းရေး ကုသိုလ်ပြုရာ၌ ပင့်ကူအိမ်ဟူသော အမှိုက်သရိုက်တို့ကို ဖယ်ရှားရမည်သာဖြစ်ကြောင်း သဘောပေါက်သင့်ပါ

www.dhammaransi.com

သည်။ ထိုအကြောင်းကို မေးထားသော မောင်မြင့်ကြည် (မိတ္ထီလာ)သည် ဤအဖြေအတိုင်း မှတ်သားစေလိုပါသည်။

*

## လူနှင့် သာမဏေ ဆယ်ပါးသီလအနေ

**မေး**။ ။ လူ့ဒကာ၊ ယူပါဆယ်သီလမှာတော့၊ ကေသိက္ခာ ပျက်လျှင်လ၊ တစ်ချက်သာ သိက္ခာလျော့သတဲ့၊ ပေါ့ပေါ့ကလေး။
သာမဏေ၊ တစ်ပါဒေ သိက္ခာပျက်လျှင်တော့၊ ဆယ်ချက်အကုန် ပြယ်သတဲ့၊ အကြောင်းဘယ် ယူကာမှတ်ရမယ်၊ ဘုန်းမြတ်ဖြေရေး။

အရှင်သုတ၊ ရွှေမန်းမြေ။

**ဖြေ**။ ။ လူ့ဒကာ၊ ယူပါဆယ်သီမှာတော့၊ ပါဒ ပါဒါစီပ၊ အလီလီပြား။
သာမဏေ၊ ယူလေ သီလ၌၊ သရဏ ပိပြင်ပါက၊ ဆယ်သိက္ခာ တူပြိုင်ထွန်းတာမို့၊ တစ်ခုယိုင် စုပြိုင်ယွန်းရတယ်၊ ညွှန်းပြဖြေကြား။ (ညွှန်း ခုဒ္ဒကပါဠ၊ ဋ္ဌ ၁၅။)

*

## သရဏာနိ ဥပါသကာ

**မေး**။ ။ အရှင်ဘုရား၊
မြတ်စွာဘုရားလက်ထက်က သရဏာနိ ဥပါသကာသည် သေရည် သေရက် သောက်သုံးသူ တစ်ယောက်ဖြစ်သော်လည်း သရဏဂုံတည်သောကြောင့် အထက်ဘုံမှာ စံမြန်းရသည်ဟု ဖတ်ရပါသည်။ ကျန် လေးပါးသီလ ချိုးဖောက်မိသူများသည်လည်း သရဏဂုံတည်ပါက အထက်ဘုံနှင့် ကောင်းမြတ်ရာဘုံများတွင် စံမြန်းနိုင်ပါသလား ဘုရား။

မောင်ခင်မောင်မြင့်၊ သုံးဆယ်မြို့။

**ဖြေ**။ ။ သရဏာနိဥပါသကာသည် သရဏဂုံတည်ရုံမဟုတ်၊ သောတာပန် အဖြစ်သို့ပင် ရောက်သူဖြစ်ကြောင်း မြတ်စွာဘုရားဟောပါသည်။

(သံ-၃၊ ၃၂၆။) သေခါနီးတွင် သောတာပန်ဖြစ်၍ အရက်သောက်သော မကောင်းမှုများ အကျိုးမပေးနိုင်တော့ပါ။ ကျန်လေးပါး (သူ့အသက်သတ်ခြင်း စသည်များ) ရှိလျှင်လည်း သောတာပတ္တိမဂ် စသော မဂ်တရား၊ ဖိုလ်တရားများကို ရရှိထားပါလျှင် အပါယ်ဒုဂ္ဂတိဘေးမှ ကင်းဝေး၍ သုဂတိဘဝ စသည်သို့ ရရှိရောက်ရှိနိုင်ပါသည်။ အင်္ဂုလိမာလ ခိုးသားကြီးသည် လူပေါင်းတစ်ထောင်ခန့် သတ်ဖြတ်ခဲ့သော်လည်း နောက်ဆုံးတွင် မြတ်စွာဘုရားနှင့် တွေ့ဆုံ၍ ရဟန္တာဘဝသို့ ရောက်ရှိကာ ပါဏာတိပါတ စသော အကုသလကမ္မပထတရားများ အဟောသိကံ ဖြစ်သွားရပါသည်။

*

## ဆွမ်းတော်တင်နှင့် စားခြင်း စွန့်ခြင်း

**မေး**။ ။အရှင်ဘုရား၊

တပည့်တော်သည် ဘုရားအား နေ့စဉ်နံနက်တိုင်း ဆွမ်းကပ်လှူပါသည်။ သစ်သီးဆွမ်းလည်း ကပ်လှူပါသည်။ ကပ်လှူပြီး စွန့်သောအခါ တပည့်တော်နှင့် ကလေးများ စားကြပါသည်။ အပြင်သို့လည်း စွန့်ပစ်ပါသည်။ ထိုဆွမ်းတော်တင်ကို စားကောင်းပါသလား၊ (သို့) အပြင်သို့သာ စွန့်ပစ်ရပါမည်လား၊ ဖြေကြားပေးပါဘုရား။

မောင်မြင့်နိုင်၊ သဃ်န်းကျွန်း။

**ဖြေ**။ ။ ဘုရားဝေယျာဝစ္စ အမြဲပြုလုပ်နေသူအဖို့ ဆွမ်းတော်တင်သော ဆွမ်းသစ်သီးများ စားသောက်ခြင်း၌ အပြစ်ရှိသည်ဟု မဆိုသာပါ။ သို့သော် ဆွမ်းတော်တင်ရာ၌ မိမိစိတ်က မငြိမတွယ် လွတ်လွတ်စွန့်လှူရန် လိုအပ်ပါသည်။ လှူဒါန်းပြီးစွန့်၍ စားလေ့ရှိလျှင် စားမည်ဟူသော စိတ်က အမျှင်တန်းနေသဖြင့် လှူဆဲတွင် လွတ်လွတ်လှူဒါန်းလိုသော စိတ်လျော့နည်းနေတတ်သည်။ ထို့ကြောင့် ဆွမ်းတော်တင်သော ဆွမ်း၊ သစ်သီးတို့ကို မစားဘဲ အပြင်သို့ စွန့်ပစ်ခြင်းသာ ကောင်းပါသည်။

www.dhammaransi.com

စိုးစိုးဦး (ညောင်လေးပင်) လည်း ဤအဖြေအတိုင်းပင် မှတ်သားစေလိုပါသည်။

*

## ငါးပါးသီလ ရှစ်ပါးသီလတို့ကို တစ်ပါးစီ ခံယူနည်း

**မေး။** ။ အရှင်ဘုရား၊

ငါးပါးသီလ၊ ရှစ်ပါးသီလတို့ကို ခံယူရာ၌ တစ်ပါးစီ မယူဘဲ ပေါင်း၍ ပဉ္စသီလံ သမာဒိယာမိ၊ အဋ္ဌင်္ဂသီလံ သမာဒိယာမိဟူ၍ တစ်ပေါင်းတည်း ခံယူဆောက်တည်၏။ ထိုကဲ့သို့ ဆောက်တည်လျှင် သိက္ခာပုဒ်တစ်ပါး ပျက်ပြားခဲ့သည်ရှိသော် အားလုံးပင် ပျက်ကုန်တော့သည်ဟု မြတ်မင်္ဂလာ အတွဲ ၁၁၊ အမှတ် ၄ စာစောင်တွင် 'သီလ တစ်ပါး ပျက်ခဲ့သော်' ပြဿနာအဖြေ၌ ဖြေကြားထားပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်ပေါင်းတည်း ဆောက်တည်ထား၍ ဖြစ်သည်ဆိုပါသည်။ တစ်ပါးစီ ခံယူဆောက်တည်ခြင်းသာ အကောင်းဆုံးဖြစ်သည်ဟု ဆိုထားပါသည်။ သို့ပါ၍ တစ်ပါးစီ ခံယူနည်းကို သိလိုပါသည်။ ဖြေကြားပေးပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

ဦးဖေဟန်၊ ရန်ကင်း၊ ရန်ကုန်မြို့။

**ဖြေ။** ။ ငါးပါးသီလ၊ ရှစ်ပါးသီလတို့ကို တစ်ပေါင်းတည်း မခံယူဘဲ

တစ်ပါးစီ ခံယူနည်းမှာ ယခုလက်ရှိဆရာတော်၊ သံဃာတော်များ သီလပေးသည့်အတိုင်း လိုက်ဆိုရန်သာ ဖြစ်ပါသည်။ အထူးသီးခြား ဖော်ပြနေဖွယ် မရှိပါ။

*

www.dhammaransi.com

# ဘုရားအလောင်းမယ်တော်

**မေး**။ ။ အရှင်ဘုရား၊

ဘုရားအလောင်း၏ မယ်တော်များသည် ဘုရားအလောင်းကို ဖွားတော်မူပြီးနောက် သေသည်ဟု ကြားဖူးပါသည်။ အဘယ်ကြောင့် သေရသလဲဆိုတာ ရှင်းလင်းဖြေကြားပေးတော်မူပါဘုရား။

မအေးအေးဝင်း၊

ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်း။

**ဖြေ**။ ။ ဤ၌ ဘုရားလောင်းမယ်တော်ဆိုသည်မှာ နောက်ဆုံးဘဝ ပွင့်တော်မူခါနီးဆဲဆဲ ဘုရားလောင်း၏ မယ်တော်သာ ဖြစ်သည်။ ဤ ပွင့်တော်မူမည့်ဆဲဆဲဖြစ်သော ဘုရားအလောင်းတော်ကို ဖွားတော်မူရသည့် မယ်တော်သည် လူနတ်ဦးခိုက် ပူဇော်ထိုက်သော စေတီသဖွယ် ဖြစ်သည်။ ဘုရားလောင်း မယ်တော်အား ယောကျ်ားတစ်ပါးတို့ စိတ်ဖြင့် ပြစ်မှားလျှင်ပင် အပြစ်ကြီးလှပေသည်။ ထို့ကြောင့် ဘုရားလောင်း ပဋိသန္ဓေမနေမီဘဝ (တုသိတာနတ်ဘဝ)ကပင် ဘုရားလောင်းကို ဖွားမြင်ပြီးနောက် ခုနစ်ရက်မျှ အသက်ကြွင်းရှိနေရမည့် မယ်တော်၏ အာယုပရိစ္ဆေဒကို ကြည့်ရှုစောင့်ဆိုင်းပြီးမှ ပဋိသန္ဓေနေခြင်း ဖြစ်သည်။ သိမှတ်ရန်မှာ မယ်တော်သည် ဘုရားလောင်းကို ဖွားမြင်၍ ကွယ်လွန်ရသည် မဟုတ်။ ကွယ်လွန်မည့်နှစ် ဆယ်လနှင့် ခုနစ်ရက်အလိုရောက်မှသာ ဘုရားလောင်း နတ်ပြည်မှ စုတေခဲ့ပြီး မယ်တော်ဝမ်း၌ ပဋိသန္ဓေနေသဖြင့် ဖွားပြီး ခုနစ်ရက် အကြာတွင် ကွယ်လွန်သည်ဟု မှတ်သားရန် ဖြစ်ပါသည်။

*

www.dhammaransi.com

# အပရာဇိတ ပလ္လင်

**မေး။** ။ အရှင်ဘုရား၊

အပရာဇိတပလ္လင်ဆိုသည်မှာ မည်ကဲ့သို့ ဖြစ်ပေါ်လာသည်၊ မည်သည့် ပုံသဏ္ဍာန်ရှိသည်နှင့် ၎င်း၏ ဝိသေသ ထူးခြားချက်များကို ဖော်ပြပေးပါဘုရား။ ယနေ့ခေတ်အသုံးပြုနေသော ပလ္လင်ပုံတော်များနှင့် မည်ကဲ့သို့ ခြားနား၍ လူများအနေနှင့် အပရာဇိတပလ္လင်ပုံတော်ကို ထုလုပ်ပြီး နေအိမ်တွင် ဘုရားရှင်အား တင်လှူပူဇော်၍ ရပါသလားဘုရား။

မောင်အန်းကူ၊ တာမွေ၊ ရန်ကုန်။

**ဖြေ။** ။ သူတစ်ပါးမအောင်နိုင်သော သို့မဟုတ် မြတ်စွာဘုရားသည် ဘုရားအဖြစ်ရောက်စဉ် (ဝါ) ရောက်ခါနီး၌ မာရ်ငါးပါးကို အောင်မြင်တော်မူသောနေရာ၊ (ဝါ) ထိုင်နေတော်မူရာကို အပရာဇိတပလ္လင်ဟု ခေါ်ပါသည်။ ဗုဒ္ဓဝင်လာ ကဆုန်လပြည့်နေ့တွင် သောတ္ထိယ မြက်ထမ်းသမား လှူလိုက်သော မြက်ရှစ်ဆုပ်ကို ဗောဓိပင်၏ အရှေ့ (မြောက်ယွန်း) အရပ်၌ ကြဲဖြန့်လိုက်လျှင် ပေါ်ပေါက်လာသော အလျား ၁၄ တောင်ရှိ နေရာတော်ဖြစ်ကြောင်း၊ အချို့ဆရာတို့အလို အမြင့်မရှိ အချို့ဆရာတို့အလို သင့်လျော်သော အမြင့်ရှိ၍ ရတနာခုနစ်ပါးတို့ဖြင့် စီခြယ်အပ်သော ပလ္လင်ဟု ဆိုကြောင်း၊ မြတ်စွာဘုရားတို့သာ ထိုက်တန်၍ အခြားပုဂ္ဂိုလ်တို့နှင့် မည်သို့မျှ မအပ်စပ်သော နေရာတော်ဖြစ်ကြောင်း ဆိုပါသည်။ မင်းတို့ရာဇပလ္လင်များမှာ မြတ်စွာဘုရား၏ပလ္လင် (ဓမ္မာသန)ကို တု၍ လုပ်ဆောင်သည်ဟု အဆိုရှိသဖြင့် ယခုခေတ် ပလ္လင်များကဲ့သို့ ထုလုပ်၍ မိမိနေအိမ်ရှိ ဘုရားရှင်အား တင်လှူပူဇော်နိုင်ကြပါသည်။

*

www.dhammaransi.com

## ဓာတ်တော်စေတီနှင့် ရိုးရိုးစေတီ

**မေး။** ။အရှင်ဘုရား၊

ဗုဒ္ဓဆံတော်၊ ဓာတ်တော်များ ဌာပနာထားသော စေတီများနှင့် ရိုးရိုးသာမန်ထုံးစေတီများကို ရှိခိုးပူဇော်ရာ၌ ကုသိုလ်အတူတူပဲ ရပါသလား။ ဆံတော်၊ ဓာတ်တော် ဌာပနာထားသော စေတီက ပို၍ ကုသိုလ်ရပါသလား။ ရှင်းလင်းဖြေကြားပေးတော်မူပါဘုရား။

စိမ့်မောင်မောင်၊ ဟိုပင်မြို့။

**ဖြေ။** ။ စေတီတော်တည်ရာ၌ ဘာမျှဌာပနာမှု မပြုဘဲ ရိုးရိုးထုံးစေတီဟု တည်သည် မရှိ။ အနည်းဆုံး ရုပ်ပွားတော်၊ ဥဒ္ဒိဿရုပ်တုတော်များကို ဌာပနာ၍ တည်မည်သာ ဖြစ်သည်။ ရှိခိုးပူဇော်သူ၏ စေတနာအရ ကုသိုလ်ဖြစ်မှု၊ မဖြစ်မှုကို တိုင်းတာနိုင်ပါသည်။ ဘုရားလောင်း ရသေ့သည် မိမိက အကြီးဖြစ်၍ အများ၏ ရှိခိုးပူဇော်မှုကိုသာ ခံနေရ၍ မိမိက ရှိခိုးပူဇော်နိုင်ရန် ကျောက်ခဲများကို စုပုံ၍ စေတီပုံလုပ်ကာ နေ့စဉ် ရှိခိုးပူဇော်ကြောင်း ဓာတ်တော်ရှိပါသည်။ ထို့ကြောင့် စေတီတော်တိုင်းပင် ပူဇော်ထိုက်သဖြင့် စေတနာသဒ္ဒါပွားကာ ဘုရားစေတီတော်များအား ရှိခိုးပူဇော်သင့်ပါကြောင်း ဖြေကြားအပ်ပါသည်။

*

## စကြဝဠာတစ်ပါး ဘုရားကြွ၊ မကြွ

**မေး။** ။အရှင်ဘုရား၊

ယခု ဆရာတော်ကြီးများ ကမ္ဘာလှည့် သာသနာပြုခြင်းဖြင့် နိုင်ငံရပ်ခြားသို့ ရောက်ရှိကြပါသည် ဘုရား။ အတုလ်၊ အတူမရှိသော မြတ်စွာဘုရားရှင်သည် စကြဝဠာကမ္ဘာမြေဆုံး သွားလာနိုင်ပါ၍ ဘုရားရှင်သည် နိုင်ငံခြား တိုင်းပြည်များသို့ ရောက်ခဲ့ပါသလားဘုရား၊ ရောက်ခဲ့ပါက

သာဓကပြ၍ မရောက်ခဲ့ပါက အဘယ်ကြောင့်ဟု ဖြေကြားစေလိုပါသည် ဘုရား။

ချောယဉ်မင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

**ဖြေ။** ။ မြတ်စွာဘုရားသည် ကျွတ်ထိုက်သောသတ္တဝါကို ဉာဏ်တော်ဖြင့် မြင်တော်မူက စကြဝဠာတစ်ပါးသို့ပင် ကြွသွား၍ တရားဟော တော်မူကြောင်း၊ အချို့စကြဝဠာ (မြို့ရွာ)များမှာ ဘုရားရဟန္တာအသွင် တော်ကို မြင်ဖူးသူမရှိကြသဖြင့် ၎င်းတို့၏ မင်း၊ မင်းသားအသွင်ဖြင့် ဟောပြော၍ အနည်းဆုံး ငါးပါးသီလမျှပင်ဖြစ်စေ တည်တော်မူစေခဲ့ ကြောင်း စာများတွင် ပါရှိပါသည်။ တိုက်ရိုက်အားဖြင့်မူ ထိုစဉ်က သီဟိုဠ် ကျွန်း(သီရိလင်္ကာ)သို့ မြတ်စွာဘုရား ၃ ခေါက်တိုင်တိုင် ကြွကြောင်း ဆိုပါသည်။ မြန်မာစာပေသမိုင်းများ၌ ကျောင်းတော်ရာ၊ ပုဂံ စသည်တို့သို့ ကြွရောက်တော်မူပုံများကို ဖတ်ရှုနိုင်ပါသည်။ ဘုရားလက်ထက်က နိုင်ငံ ရပ်ခြားဖြစ်သော အရှေ့၊ အနောက်နိုင်ငံများသို့ ကြွရောက်ကြောင်းကား စာပေတွင် ခတွေ့ရပါ။ သို့သော် ထိုစဉ်က ထိုနိုင်ငံများတွင် ကျွတ်ထိုက် သော သတ္တဝါမရှိသောကြောင့် မကြွခြင်းဖြစ်သည်ဟုကား မပြောနိုင် ပါ။ စာပေမှတ်တမ်းမရှိ၍ မသိရခြင်း ဖြစ်သည်ဟုသာ ပြောစရာ ရှိပါ သည်။

*

## ကျွန်၊ နွား အလှူ

**မေး။** ။ အရှင်ဘုရား

ပုဂံခေတ် မိဖုရားဖွားစော ကျောက်စာတွင် "ဘုရား၊ တရား သင်ပုတ်၊ ဆွမ်း၊ ပန်း မပြတ်ဝတ်လုပ်ကျွေးတင် စိမ့်သောငှာ ကျွန်လည်း ငါလှူ၏။ နို့သစ်၊ နို့ခမ်း၊ ရက်တက်၊ ထောပေး။ ထောပတ် အရသာငါးပါး စားစိမ့်သောငှာ နွားလည်း ငါလှူ၏"ဟု မှတ်တမ်းတင် ဖော်ပြထားပါ

သည်။ အဆိုပါ ကျောက်စာ၌ပါဝင်သော ကျွန်များ၊ နွားများမှာ ဗုဒ္ဓအလို တော်အရ လှူဒါန်းအပ်သော ပစ္စည်းများ ဖြစ်ပါသလား ဘုရား။

နိုင် (ဝေသာလီ)၊ မာန်အောင်မြို့။

**ဖြေ။** ။ ဗုဒ္ဓအလိုတော်အရ အလှူဝတ္ထုဆိုင်ရာ၌ အဘိဓမ္မာနည်းတွင် ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗဟူ၍ ၅ မျိုး၊ ဝိနည်းတော်တွင် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူ၍ ၄ မျိုးနှင့် သုတ္တန်နည်းတွင် ဆွမ်း၊ အဖျော် စသည် ၁၀ မျိုးမျှသာ ရှိခဲ့သော်လည်း ဝေဿန္တရာမင်း စသော ဘုရား အလောင်းများ လှူဒါန်းရာ၌ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း စသည်များပါ လှူဒါန်းလေ့ရှိကြောင်း ဇာတ်တော်များ၌ ထင်ရှား ပါသည်။ ပုဂံခေတ်၌ ထိုဘုရားလောင်းအလှူများကို တုပ၍ ကျွန်၊ နွား စသည်များကို လှူဒါန်းသော အလေ့အထရှိကြောင်း ကျောက်စာများ၌ တွေ့ရပါသည်။ ကျွန်၊ နွား စသည်သာမက လယ်ယာ ဥယျာဉ်များပါ လှူဒါန်းလေ့ရှိကြောင်း သိရပါသည်။

*

## ဝေရမဏိနှင့် ဝေရမဏီ

**မေး။** ။ အရှင်ဘုရား၊

ဆရာတော်များ သီလပေးကြသည့်အခါ ပါဏာတိပါတာ ဝေရ မဏိဟု ပေးကြပါသည်။ အချို့ဆရာတော်များက ပါဏာတိပါတာ ဝေရ မဏီဟု ပေးကြပါသည်။ ဘယ်အရာက မှန်ပါသလဲ ဘုရား၊ တပည့်တော် အား သနားသဖြင့် ဖြေကြားတော်မူပါဘုရား။

သလွန်မြေမှ ကိုလွမ်း။

**ဖြေ။** ။ ငါးပါးသီလဖြစ်စေ၊ ရှစ်ပါးသီလဖြစ်စေ ခံယူကြရာ၌ "ပါဏာတိ ပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" (သိက္ခာပုဒ်တော်ကို

www.dhammaransi.com

ခံယူပါ၏)ဟု အပြည့်အစုံ ဆိုရပါသည်။ ဤကဲ့သို့ ခံယူမှ သီလခံယူခြင်း ပြီးမြောက်ပါသည်။ ပါဏာတိပါတာ ဝေရမဏိ (ဝေရမဏီ)မျှ ဆိုလျှင် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဒိန္နာဒါနာ ဝေရမဏိ သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း စသည်ဖြင့် တစ်ခု၊ နှစ်ခု ရေတွက်ပြောဆိုခြင်းမျှ အဓိပ္ပာယ်သက်ရောက်ပါသည်။ သာမဏေဝတ်ရာ၌ ရှင်လောင်းသည် သရဏဂုံသုံးပါးကို ဆရာနှင့်အတူ ဥဘတောသုဒ္ဓိ နှစ်ဦးလုံး ပီပီသသ ဆိုလျှင်ပင် သာမဏေဖြစ်၍ ဆယ်ပါးသီလ အလိုလိုတည်သဖြင့် ဆယ်ပါး သီလ အစဉ်ကိုသိရုံ 'ဝေရမဏိ' မျှဆို၍ ပြီးနိုင်သော်လည်း လူပုဂ္ဂိုလ်များ သီလခံယူရာ၌ အသံထွက်၍ သမာဒိယာမိ (ဆောက်တည်ပါ၏)အထိ ဆိုမှ မှန်ကန်ကြောင်း မှတ်သားရ၍ ငါးပါး၊ ရှစ်ပါး စသည် သီလခံယူရာ၌ ဝေရမဏိ၊ ဝေရမဏီတို့ကို အမှားဟု သိထားစေလိုပါသည်။

*

## နတ်ကြီးလေးပါးနှင့် နဂါး၊ ဂဠုန် စသည်

**မေး**။ ။ အရှင်ဘုရား၊

အရှေ့အရပ်တွင် ဓတရဋ္ဌ၊ တောင်အရပ်တွင် ဝိရူဠှက၊ အနောက် အရပ်တွင် ဝိရူပက္ခ၊ မြောက်အရပ်တွင် ကုဝေရဟု အရပ်လေးမျက်နှာတွင် နတ်မင်းကြီးလေးပါး ရှိကြပြီး နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ဘီလူး ထိုလေးဦး (လေးမျိုး)တို့အား နတ်မင်းကြီးတစ်ပါးချင်း အုပ်စိုးကြသည်ကို တပည့် တော် မသိပါသဖြင့် နတ်မင်းကြီးလေးပါးအမည်နှင့် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ဘီလူးတို့ကို တွဲစပ်ဖြေကြားပေးပါရန် ရိုသေစွာ တောင်းပန်လျှောက်ထား အပ်ပါသည် ဘုရား။

(အရာခံဗိုလ်အငြိမ်းစား) ဦးခင်မောင်၊ ညောင်ဦးမြို့။

**ဖြေ**။ ။ ဓတရဋ္ဌစသော နတ်မင်းကြီးလေးပါးနှင့် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ (ဘီလူး) လေးမျိုးတို့မှာ သက်ဆိုင်မှု မရှိပါ။ မြင်းမိုရ်တောင်

၏ အာလိန်ငါးဆင့်တို့တွင်သာ အောက်ဆုံးမှ နဂါး၊ ထိုအထက် ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခနှင့် ထိုအပေါ်မှ နတ်မင်းကြီးများ စောင့်နေကြောင်း ဆိုပါသည်။ အရပ်မျက်နှာနှင့် လောကပါလ နတ်မင်းကြီးလေးပါး၏ အမည်ကို အာဋာနာဋိယသုတ်၌ အရှေ့၊ တောင်၊ အနောက်၊ မြောက် အစဉ်အတိုင်း ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ နတ်မင်းကြီးလေးပါးနှင့် ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ္ဍနတ်၊ နဂါးနှင့် ဘီလူးတို့ ရှိနေကြကြောင်း ဆိုပါသည်။ ပရိတ်ကြီး အာဋာနာဋိယသုတ် "ပုရတ္ထိမသ္မိံ ဒိသာဘာဂေ"စသော ဂါထာမှ "ပုရတ္ထိမေန ဓတရဋ္ဌော" စသော ဂါထာတိုင်အောင် ရွတ်ဆို၍ အစဉ်အတိုင်း တွဲစပ်ကြည့်ပါ။ (ဤတွင်အထူးမှာကြားလိုသည်မှာ ဓတရဋ္ဌောကို ဓာတ်တရတ်ထော အသံထွက်တတ်ပါသည်။ ဓတ–ရတ်ထောဟု အသံထွက်၍ အမည်မှန် ဓတ၊ ရဋ္ဌနတ်ဟု မှတ်သားစေလိုပါသည်။ အဓိပ္ပာယ်မှာ ဓတ၊ ဆောင်ယူသည်။ ရဋ္ဌ၊ တိုင်းနိုင်ငံဟု ဖြစ်သဖြင့် တိုင်းနိုင်ငံကိုဆောင်သော၊ ပိုင်စိုးသော နတ်မင်းကြီးဟု ဆိုလိုပါသည်။ ပရိတ်ကြီး သင်တန်းဆရာကိုယ်တိုင် ဓတ်တရတ်ထဟု အသံထွက်ဆိုနေသည်ကို ကြားရပါသည်။)

*

## ၇၅ နှစ်တမ်း

**မေး။** ။ အရှင်ဘုရား၊

ယခု လူတို့ပျမ်းမျှ သက်တမ်း ၇၅ နှစ်ဝန်းကျင်ရှိသည်ဟု ဗုဒ္ဓဘာသာနည်းအရ သတ်မှတ်သော်လည်း 'အသက် ၁၀၀ ကျော်ရှည်သူ ဂျပန်၌ ခုနစ်ထောင်ကျော်ရှိကြောင်း' သတင်းစာများတွင် ဖတ်ရပါသည်။ ထိုကိစ္စနှင့် ပတ်သက်၍ တပည့်တော်များ မည်ကဲ့သို့ နှလုံးသွင်းသင့်ကြောင်း ဖြေကြားပေးတော်မူပါ အရှင်ဘုရား။

အရှင်ပညာသီရိ၊ မိတ္ထီလာမြို့။

**ဖြေ။** ။ အနှစ်တစ်ရာလျှင် တစ်နှစ်လျော့၍ ဘုရားသက်တော်ထင်ရှားရှိသည့် အနှစ်တစ်ရာတမ်း 'နှစ်ထောင့်ငါးရာကျော် ဤကာလတွင် ၂၅ နှစ်လျော့ကာ ယခု ၇၅ နှစ်တမ်းဖြစ်နေပြီ'ဟု အများပြောကြ၏။

www.dhammaransi.com

ထိုစကားမှာ ၎င်းတို့ ထင်မြင်ယူဆချက်သာ ဖြစ်ပါသည်။ ဘုရားမပွင့်မီ နှစ် ရာပေါင်းများစွာဖြစ်သော ဝေဿန္တရာမင်းဖြစ်စဉ်ကပင် အသက် တစ်ရာတမ်းဖြစ်ပါသည်။ သက်တမ်းဟူသည်မှာ ကမ္ဘာလူသားတို့ တရား စောင့်မှု၊ မစောင့်မှုပေါ်တည်၍ အတိုး၊ အဆုတ် ရှိနေပါသည်။ ကမ္ဘာ သက်တမ်းကိုတွက်လျှင် တိုင်းပြည်တစ်ပြည်အနေဖြင့် မကြည့်ဘဲ တစ် ကမ္ဘာလုံးလူတို့အသက်ကို ကြည့်၍ ပျမ်းမျှတွက်ချက်ရမည် ဖြစ်ပါသည်။ ဂျပန်ပြည်၌ တစ်ရာကျော်ရှည်သူ ခုနစ်ထောင်ကျော်ရှိသော်လည်း တစ်တိုင်းပြည်လုံး ပျမ်းမျှတွက်လျှင် တစ်ရာအောက် ကျရောက်သွား စရာ ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း အသက်တစ်ရာကျော်ရှည်သူ တစ်ရာအောက် မလျော့ရှိကြောင်း သိရပါသည်။

*

ရဝေထွန်း